
တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့
လှေကားထစ်များ
သန့်ရှင်းသောဝိညာဉ်တော်နှင့်
ပြည့်ဝသောသူ
HELMUT HAUBEIL
ဟဲလ်မု ဟောင်ဘိုး(လ်)

Publisher:
Original: „Schritte zur persönlichen Erweckung“
TOP Life Wegweiser-Verlag GmbH, Wien
Austrian Publishing House
Verlagsarchivnummer: 040 415
ISBN: 978-3-903002-14-2

First Edition in English March 2015

Conception: Simon Eitzenberger, www.desim.de
Producer: Konrad Print & Medien, www.konrad-medien.de
Project management: Christian Stroeck
Photography: Henry Stober
Translation from 6th German edition: Holly Tarita

Contact and order in foreign languages:
© Helmut Haubeil, Rosenheimer Str. 49
D-83043 Bad Aibling / Oberbayern – Germany
E-Mail: helmut@haubeil.net or if returned
helmut.haubeil@gmail.com
Phone: +49 (0)8061 4900 712

တစ်ကို့ယ်ရေ့ပြန်လည်နို့းကြားခြင်းသို့
လှေကားထစ်များ

သန့်ရှင်းသောဝိညာဉ်တော်နှင့်
ပြည့်ဝသောသူ

HELMUT HAUBEIL

ဟဲလ်မှု ဟောင်ဘီး(လ်)

မာတိကာ

(စာမျက်နှာ ၇)

နိဒါန်း

တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လေ့ကားထစ်များ

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူ

(စာမျက်နှာ ၁၁)

ခေါင်းဆောင်များနှင့်အနာဂတ်ခေါင်းဆောင်များအတွက်စကားချီး

အကျိုးရလဒ်များတိုးပွားစေခြင်း။

(စာမျက်နှာ ၂၂)

အခန်း ၁

ယေရှု၏အဖိုးထိုက်တန်ဆုံးသောဆုလက်ဆောင်

သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကိုယေရှုမည်သို့သွန်သင်ခဲ့သနည်း။

သင်သည်ယေရှု၏တန်ခိုးအပါဆုံးသတင်းစကားနှင့်အကျမ်းဝင်ပါသလား။

(စာမျက်နှာ ၄၀)

အခန်း ၂

ကျွန်ုပ်တို့၏ပြဿနာများ၏ဗဟိုချက်သည်မည်သည့်အရာဖြစ်သနည်း။

ကျွန်ုပ်တို့၏ပြဿနာများဖြစ်ရန်ဝိညာဉ်ရေးအကြောင်းရင်းတစ်ခုရှိပါသလား။

အကြောင်းရင်းသည်၊ ဝိညာဉ်တော်ချို့တဲ့ခြင်းတစ်ခုကြောင့်ဖြစ်ပါသလား။

(စာမျက်နှာ ၈၄)

အခန်း ၃

ကျွန်ုပ်တို့၏ပြဿနာများ။ ၎င်းတို့ကိုဖြေရှင်းနိုင်ပါသလား။ မည်ကဲ့သို့နည်း။

ပျော်ရွှင်၍ကြိုဆိုခံသောခရစ်ယာန်များဖြစ်ရန် ကျွန်ုပ်တို့မည်ကဲ့သို့ကြီးထွားလာနိုင်သနည်း။

ကျွန်ုပ်တို့၏အသက်တာများကို သန့်ရှင်းသောဝိညာဉ်တော်နှင့်မည်ကဲ့သို့ဖြည့်ပေးနိုင်သနည်း။

(စာမျက်နှာ ၁၁၄)

အခန်း ၄

မည်သည့်ကွာခြားချက်များကို ကျွန်ုပ်တို့မျှော်လင့်နိုင်သနည်း။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာအားဖြင့် ကျွန်ုပ်တို့မည်သည့်အကျိုးကျေးဇူးကိုရရှိနိုင်သနည်း။

သန့်ရှင်းသောဝိညာဉ်တော်ကို မတောင်းခံသည့်အခါမည့်သည့်အရာကို ကျွန်ုပ်တို့ဆုံးရှုံးရသနည်း။

(စာမျက်နှာ ၁၅၄)

အခန်း ၅

လက်တွေ့အတွေ့အကြုံအတွက်သော့ချက်

ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ဖြေရှင်းနည်းကို ကျွန်ုပ်တို့သည်မည်ကဲ့သို့တွေ့ကြုံခံစားရ၍ မည်ကဲ့သို့အကြံထမြောက်စေနိုင်သနည်း။

ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အဖြည့်ခံရပြီဟုသေချာသိရန် မည်သို့ကျွန်ုပ်ဆုတောင်းသင့်သနည်း။

(စာမျက်နှာ ၁၈၂)
အခန်း ၆
ကျွန်ုပ်တို့ရွေ့တွင် မည်သည့်အတွေ့အကြုံများတည်ရှိသနည်း။
တစ်ကိုယ်ရေအတွေ့အကြုံများနှင့်အတူ အသင်းတော်များမှ အတွေ့အကြုံများ၊ နယ်အသင်းတော်တစ်ခုနှင့်ယူနီယံအသင်းတော်တစ်ခုမှ

(စာမျက်နှာ ၂၀၃)
အခန်း ၇
စိတ်ဝင်စားမှုနှင့်ဝေမျှခြင်း
ကျွန်ုပ်တို့ပေးသောဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးများထံသို့ ပြန်လာပါမည်။ (ဂျာမန်စကားပုံ)။
ကျွန်ုပ်သည် "အသက်နှင့်ပြည့်စုံစေခြင်းငှါ" (ယောဟန် ၁၀း၁၀) အခြားသူများအားကိုယ်တွေ့သိရှိရန်မည်ကဲ့သို့ကူညီနိုင်သနည်း။

(စာမျက်နှာ ၂၂၃)
နောက်ဆုံးပိတ်စဉ်းစားရန်ထောက်ခံချက်

(စာမျက်နှာ ၂၂၅)
နောက်ဆက်တွဲ
ရွေ့ဆက်လေ့လာရန်ထောက်ခံချက်။
ရက် (၄၀) သင်ကြားပို့ချမှုလက်စွဲစာစောင်။
သန့်ရှင်းသောဝိညာဉ်တော်ဖြင့်အသက်ရှင်ခြင်းနှင့်
အသစ်သောအတွေ့အကြုံများ။
ရသစာပေ။

ကျွန်ုပ်တို့၏သခင်ကိုယ်တိုင်အမိန့်ပေးခဲ့ပြီ။

Mount of Blessing, MB 20.3

သင်တို့ကိုယ်တိုင်
ဝိညာဉ်တော်ဖြင့်အမြဲနှင့်
ထပ်ခါတလဲလဲ အသစ်သော
ဖြည့်ဆည်းခြင်းကိုခံယူကြပါ။

Johannes Mager, Auf den Spuren des Heiligen Geistes (Luneburg, 1999), Seite 101

နိဒါန်း

တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှုံ့ကားထစ်များ

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူ

အဘယ်ကြောင့်ကျန်ပ်တို့စိတ်ထဲတွင် ''သန့်ရှင်းသော ဝိညာဉ်တော်၌ အသက်တာ'' နှင့်ပတ်သက်သော အကြောင်း အရာသည် ရုတ်တရက်စူး စိုက်စွာနေရာယူခဲ့ပါသနည်း။

ဩဂုတ်လ ၁၄ ရက် ၂၀၁၁ ခု၊ ဆွစ်ဇာလန်ပြည်၊ ဘားနစ်ကုန်းမြင့်ဒေသရှိ ခန်ဒါဂရွန်းတွင် ကျွန်ုပ်ရှိစဉ်၊ အရေးကြီးသောဆက်နွယ်မှုတစ်ခုကိုကျွန်ုပ်ထင်ရှားစွာသိမြင်ခဲ့ရသည်။ လူငယ်လူရွယ်အချို့ကို အဘယ်ကြောင့် ဆုံးရှုံးနေရသည့်ဝိညာဉ်ရေးရာအကြောင်းတစ်ခုကို ကျွန်ုပ်သတိထားမိလာခဲ့သည်။ ကျွန်ုပ်အလွန်တုန်လှုပ်ခဲ့ပါသည်။ ကျွန်ုပ်၏သားသမီးများနှင့်မြေးများကိုစဉ်းစားမိခဲ့သည်။ ထိုအချိန်မှစ၍ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်တွင်စူးစိုက်စွာနေရာယူခဲ့ပါသည်။

ယခုကျွန်ုပ်တို့၏ပြဿနာများ၏နောက်ကွယ်တွင် တူညီသောဘာသာရေးအကြောင်းတရားတစ်ခုရှိနေသည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ ဒေသခံရှိအသင်းတော်များနှင့်ကမ္ဘာ့ဆိုင်ရာအသင်းတော်တွင်၊ အထူးသဖြင့်တစ်ကိုယ်ရေပြဿများတွင် တူညီသောဘာရေးအကြောင်းတရားတစ်ခုရှိနေပါသည်။ ၎င်းမှာ သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့ခြင်းပင်ဖြစ်သည်။

ဤအကြောင်းတရားကြောင့်သာဖြစ်ခဲ့လျှင် ဤကိစ္စအတွက်အရေးတကြီးလုပ်ဆောင်ရန်သင့်လှပါသည်။ ဤအကြောင်းတရားကိုဖယ်ထုတ်နိုင်ခဲ့လျှင်

သို့မဟုတ် အတော်အတန်လျှော့ချနိုင်ခဲ့လျှင် မလိုလားအပ်သောပြဿနာများကို ဖြေရှင်းပေးနိုင်ခဲ့လိမ့်မည်။

ဤလိုအပ်ချက်နှင့်ပတ်သက်၍အခြားသူများ၏ ပြောကြားချက်

➢**Emil Brunner**– *အီမီးလ်ဘရာနာ၊ ပြုပြင်ပြောင်းလဲခြင်းခံရ၍ ဘာသာရေးကိုစွန့်စမ်းလေ့လာသူတရားဟောဆရာက သန့်ရှင်းသောဝိညာဉ် တော်သည်၊ "ပို၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ဘာသာရေးလေ့လာမှုပညာကို အလေးအနက်မထားခြင်းကြောင့် ကောင်းမွန်စွာနားလည်သဘောပေါက်ဖို့ရန် အတွက် အမြဲပင်အားနည်းမှုဖြစ်ခဲ့သည်။"* ဟု Johannes Mager, Auf den Spuren des Heiligen Geistes, (Luneburg, 1999), Cover *တွင်ရေးသားခဲ့ သည်။*

➢**D. Martin Lloyd- Jones**– *ဒီမာတင်လွိုက်ဂျန်း(စ်)ကလည်း "ကျွန်ုပ် ၏ခံယူချက်ကို ရိုးသားစွာတင်ပြရမည်ဆိုပါလျှင်၊ ကျမ်းစာမှယုံကြည်ခြင်း အကြောင်းအရာနှင့်ပတ်သက်၍၊ အတိတ် သို့မဟုတ် ပစ္စုပ္ပန်အချိန်များ၌ သန့်ရှင်းသောဝိညာဉ်တော်ကို လျစ်လျူရှုသောအကြောင်းအရာမှတစ်ပါး မည်သည့် အကြောင်းအရာမျှမရှိပါ။.... ကျွန်ုပ်အတွက်သေချာသည်မှာ၊ ဘာသာရေး၌ ယုံကြည်ခြင်း၏အားနည်းချက်သည်၊ ဤအကြောင်းကြောင့်ပင်ဖြစ်သည်။"* D. Martin Lloyd-jones, Vollmacht, Telos-Taschenbuch Nr. 385, Marburg 1984, p.72 *ဟု ပြောခဲ့သည်။*

➢**LeRoy E. Froom**– *လီရွိုင်းအီးဖရွန်းကလည်း၊ "ကျွန်ုပ်တို့၏အဆိုး ဆုံးသောပြဿနာသည်၊ သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့ခြင်းပင်ဖြစ်သည်ဟု ကျွန်ုပ်အခိုင်အမာယုံကြည်မိပါသည်"* ဟု E.G. White, The Coming of the Comforter (Hagerstown, 1949), p. 94 *တွင်ပြောခဲ့ပါသည်။*

➢**Dwight Nelson**– *ဒွိုက်နယ်လ်ဆင်က– "ကျွန်ုပ်တို့၏အသင်းတော်သည် ခြေကုန်လက်ပန်းကျသည့်အထိနှစ်လိုဖွယ်ပုံသဏ္ဌာန်၊ စီမံချက်များနှင့်ညွှန်ကြား ချက်များကိုတည်ဆောက်ခဲ့သော်လည်း၊ တရားဟောဆရာများနှင့်ခေါင်းဆောင်*

များကို အနိုင်ယူကျော်တက်ခဲ့သောကျွန်ုပ်တို့၏ဝိညာဉ်ရေးရွတ်ခြင်းကျမှ (ဝိညာဉ်တော်ကင်းမဲ့မှ) ရှိကြောင်းကို ကျွန်ုပ်တို့ဝန်မခံခဲ့လျှင် အလျင်ကခရစ်ယာန်ဘဝမှာယ်သောအခါမျှ ရုန်းထွက်၍ရမည်မဟုတ်ပါ" Editor Helmut Haubeil, Missionsbrief Nr. 34 (Bad Aibling, 2011), Seite 3 *ဟု ပြောခဲ့ပါသည်။*

ပထမဦးစွာ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် လှုံ့ဆော်ခြင်းခံရ၍အဆင့်ဆင့်တိုးတက်သောအကျိုးရလဒ်ရရှိနိုင်ခြင်းကို ကျွန်ုပ်တို့လိုအပ်ပါသည်။

ထို့နောက် ကျွန်ုပ်တို့၏သခင်ယေရှုခရစ်က သန့်ရှင်းသောဝိညာဉ်တော်အကြောင်းနှင့်ပတ်သက်၍ မေတ္တာရပ်ခံချက်တစ်ခုကိုကျွန်ုပ်တို့ဆင်ခြင်ကြည့်ကြပါစို့။

ခေါင်းဆောင်များနှင့်အနာဂတ်ခေါင်းဆောင်များအတွက်စကားချီး

အကျိုးရလဒ်များကိုတိုးပွားစေခြင်း

ချစ်သောခေါင်းဆောင်များခင်ဗျား၊

သင်၏နယ်မြေဒေသတွင် ဝိညာဉ်ပိုင်းဆိုင်ရာနှင့်လူဦးရေတိုးတက်ကြီးပွားစေချင်ပါသလား။ သို့သော် ယနေ့အချိန်အခါတွင် ဤကဲ့သို့အမှန်တကယ်ဖြစ်နိုင်ပါသလား။ ဟုတ်ကဲ့– အသေအချာကိုဖြစ်နိုင်ပါသည်။ မည်ကဲ့သို့အားဖြင့်နည်း။

"ဤအမှုသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏" ဇာခရိ၊ ၄:၆။

ဤကဲ့သို့ဖြစ်ပျက်ရန်မည်ကဲ့သို့ထင်မြင်ယူဆပါသနည်း။ သည်မှာကျွန်ုပ်တို့အားလုံးလေ့လာသင်ကြားရန် လိုပါသေးသည်ဟု ကျွန်ုပ်ထင်မြင်ပါသည်။ အခြားသူများ၏အတွေ့အကြုံများအားဖြင့်လည်း ကျွန်ုပ်တို့လေ့လာသင်ယူချင်သောစိတ်ရှိပါသလား။ ၎င်းအတွက် ကျွန်ုပ်လက်ခံယုံကြည်ပါသည်။ ဘုရားသခင်သည်၊ သူ၏ဝိညာဉ်တော်အားဖြင့်သွားရမည့်လမ်းခရီးတစ်လျှောက်လုံးကို ကျွန်ုပ်တို့အားလမ်းပြပို့ဆောင်ပေးတော်မူပါစေ။

"တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" အားဖြင့် ဝေငှသောအတွေ့အကြုံများသည် ဤစာအုပ်ကတန်ဖိုးရှိသောအထောက်အပံ့ဖြစ်နိုင်ကြောင်း ဖေါ်ပြထားသည်။ သို့သော် စာအုပ်တစ်အုပ်ကိုတစ်ကြိမ်ဖတ်ရုံ သို့မဟုတ် ဖြန့်ဖြူးရုံနှင့်ဝိညာဉ်ရေးနှင့်လူဦးရေတိုးတက်ကြီးပွားရန် မလုံလောက်ပါ။ ထိုထက်လိုအပ်ပါသည်။ ပြန်လည်နိုးကြားရန်အတွက်ပေးထားသော

လိုအပ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်လိုအပ်ပါသည်။ သင်၏စိတ်နှလုံးတွင် ပါဝင်ပတ်သက်မှုလိုအပ်ပါသည်။ သင်၏နယ်မြေဧရိယာတွင် သင်လုပ်ဆောင်သည့်အထိသာတိုးတက်မှုရှိမည်ဟု ကျွန်ုပ်ပြောရဲပါသည်။ လူတစ်ဦးသည် ကိုယ်တိုင်အလျင်ကမသွားဘူးသောလမ်းကို အခြားသူအားလမ်းမပြပေးနိုင်ပါ။ ကျွန်ုပ်တို့၏အသက်တာများ၊ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများ၊ ကျွန်ုပ်တို့၏သက်သေခံခြင်းများ၊ ကျွန်ုပ်တို့၏စကားစမြည်ပြောဆိုခြင်းများ၊ ကျွန်ုပ်တို့၏အရှိန်အဝါများနှင့် ကျွန်ုပ်တို့၏တရားဟောချက်များကို ဘုရားသခင်အားဖြင့် အသုံးတော်ခံစေရပါမည်။ အချက်အလက်အရ စာကိုတိုး၍ဖတ်ခြင်းသည်၊ သော့ချက်တစ်ခုအလားမြင်နေရသည်။ ပညာရေးသုတေသနက၊ ကျွန်ုပ်တို့အသက်တာအတွက် အရေးပါသောအကြောင်းအရာတစ်ခုကို စေ့စေ့စပ်စပ်နားလည်ရန်၊ (၆) ကြိမ်မှ (၁၀) ကြိမ်အထိဖတ်ရန် လိုအပ်သည်ဟုဖော်ပြထားပါသည်။ ထိုသို့ တစ်ခါမျှစမ်းကြည့်ပါ။ အကျိုးရလဒ်က သင့်ကိုယုံကြည်စိတ်ချစေပါမည်။

အမေရိကန်ပြည်ထောင်စုမှ တရားဟောဆရာတစ်ဦးနှင့် ယူနိယံဌာနဆိုင်ရာအငြိမ်းစားခေါင်းဆောင်တစ်ဦးတို့၏ သက်သေခံချက်များ။

၁။ သက်သေခံချက်– “တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ” စာအုပ်ကိုသုံးခါဖတ်ခဲ့ပါသည်။ ဆုတောင်းခြင်းအကြောင်းနှင့်ပတ်သက်၍ အသစ်သောထိုးထွင်းအမြင်ကိုရရှိလိမ့်မည်ဟုကျွန်ုပ်တစ်ခါမျှမစဉ်းစားမိခဲ့ပါ။ သင်ရှင်းပြခဲ့သောဘုရားသခင်၏ကတိတော်များအပေါ် အခြေခိုက်သည့်ဆုတောင်းခြင်းမျိုးကို ဆိုလိုပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်၏အသက်တာတွင် ဘယ်သောအခါမျှ ဖြစ်လာနိုင်သည်ဟုမထင်ထားသောအရာများကို ဘုရားသခင်ကအောင်မြင်ခြင်းများဖြစ်လာရန် စွမ်းဆောင်ပေးခဲ့ပါသည်။ စခန်းတစ်ခုတွင်တရားဟောပေးရန် ဖိတ်ခေါ်ခြင်းခံခဲ့ရသည်။ သင်၏စာအုပ်သည်

ကျွန်ုပ်အားဟောပြောရန် အကြောင်းအရာပေးခဲ့ပါသည်။ ဇွန် ၂၆.၂၀၁၇။ အကျဉ်းချုံးထားသည်။

၂။ သက်သေခံချက်– သင်၏စာအုပ်ကိုစတင်ဖတ်ကတည်းက (စာအုပ်ထဲမှ အကြံပေးသည့်အတိုင်း (၆) ခါဖတ်ခဲ့သည်။) ကတိတော်များနှင့် ဆုတောင်းရန်သင်ယူမိခဲ့၍ ကျွန်ုပ်၏အသက်တာပြောင်းလဲသွားခဲ့ပါသည်။ စခန်းတစ်ခု၏အစည်းအဝေးကြီးတွင်၊ ကျွန်ုပ်တို့၏အကြီးမားဆုံးသောလိုအပ်ချက်၊ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် အားသစ်လောင်းပေးသောမိုးအကြောင်းကိုဟောပြောရန် တရားဟောချက်တစ်ခုကိုပြင်ဆင်ရာတွင်၊ ဘုရားသခင်လမ်းပြပေးခဲ့ပါသည်။ အမှုတော်မြတ်၌ ဆက်ကပ်အပ်နှံသောနှစ်များအားလုံးတွင် ထိုရုံကြီးအတွင်းတရားနာလူ (၃၀၀၀) အား သန့်ရှင်းသောဝိညာဉ်တော်လှုံ့ဆော်ပေးသောတန်ခိုးမျိုးကို ကျွန်ုပ်တစ်ခါမျှတွေ့ကြုံခံစားခဲ့ရခြင်းမရှိခဲ့ပါ။ ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်၌လုံးလုံးပြောင်းလဲသွားခြင်းကိုသတိထားမိခဲ့ပါသည်။ ကိုယ်ကိုကိုယ်ပင် ပြန်၍အံ့အားသင့်ခဲ့ရပါသည်။ ဇူလိုင် ၂၅.၂၀၁၇။ အကျဉ်းချုံးထားသည်။

ရက် (၄၀) အယူအဆ– (၁၇) ယောက်မှ အသင်းဝင် (၆၅) ယောက်။

ဂျာမနီပြည်ခိုလုံခေါ်ဆိုသည့်သေးငယ်သောအသင်းတော်တွင် ဂျာမန်၊ စပိန်နှင့်ပေါ်တူကီအသင်းသား (၁၇) ယောက်ရှိခဲ့သည်။ ပါစတာဂျေ၊ လော့(ဇ)က သူတို့ကို ရက် (၄၀) အယူအဆမှာပါဝင်ဆင်နွှဲရန်ခေါ်ဖိတ်ခဲ့သည်။ နှစ်ယောက်တစ်တွဲနှင့်ရက် (၄၀) စာအုပ်ကိုလေ့လာ၍ တစ်ယောက်စီကလက်လှမ်းမမီသောလူ (၅) ယောက်အတွက်နေ့စဉ်ဆုတောင်းပေး၍ သူတို့နှင့်ကိုယ်တိုင်ဆက်သွယ်မှုရရန် အားထုတ်ခြင်းကိုပြုခဲ့ကြသည်။ ရက် (၄၀) မြောက်နေ့မှာ ဧည့်သည်များနေ့ကျင်းပခဲ့ပြီးနောက် (၁၄) ရက် တရားဟောရန်

လှည့်လည် လည်ပတ်ခဲ့ကြသည်။ အချိန်တိုအတွင်း လူ (၁၃) ဦး ကိုရေနှစ်ခြင်းပေးနိုင်ခဲ့သည်။ ရက် (၄၀) အယူအဆကို ထပ်ခါအဖန်တလဲလဲ ပြုလုပ်၍ (၄) နှစ်အတွင်း ယုံကြည်သူအသင်းဝင် (၆၅) ယောက်သို့ကြီး ထွားလာခဲ့ပါသည်။ [ရက် (၄၀) အယူအဆကို ရက် (၄၀) စာအုပ်များတွင် ကြည့်ပြီး၊ ခိုလုံမှု အတွေ့အကြုံအကြောင်းပိုသိရန် နံပါတ် (၁၉) ရှိ "အတွေ့ အကြုံများ" ကိုကြည့်ပါ။]

Lugano, လူဂါနို၊ ဆွစ်ဇာလန်ရှိ အီတာလျံစကားပြော သောနယ်မြေဒေသ– အလွန်လောကီဆန်သောနေရာ။

ပါစတာမက်သီးယားစ်မက်သည်၊ တောင်အာဖရိကတွင် အမှုဆောင်ခဲ့စဉ်က၊ ဒဲနစ်စမစ်ရေးသားခဲ့သော ရက် (၄၀) စာအုပ်များအား ဖြင့် အလွန်ကောင်းသောအတွေ့အကြုံများစွာရရှိခဲ့သည်။ ဆွစ်ဇာလန်သို့ပြန်လာခဲ့သောအခါ၊ ဤရက် (၄၀)– အယူအဆကို ချက်ချင်းအကောင်အထည် ဖော်ခဲ့သည်။ ပထမနှစ်တွင် လူ (၁၅) ဦးနှစ်ခြင်းခံခဲ့သည်။ (ဤဒေသနယ်မြေ တွင် အလွန်ဖြစ်တောင့်ဖြစ်ခဲသောအရာဖြစ်သည်။) အမျိုးသမီးကြီးတစ်ဦး သည် (၁၅) နှစ်တာမျှ ဘုရားကျောင်းသို့မှန်မှန်တက်ရောက်ခဲ့သည်။ ရက် (၄၀) အတောအတွင်းမှာမှသာ နှစ်ခြင်းခံရန်ဆုံးဖြတ်ချက်ချခဲ့သည်။

လူငယ်လူရွယ်– ကျွန်မ၏နာမည်မှာ အယ်လင်းနာဗန်ရင်းစဗတ် ဖြစ်၍ တောင်ခွင်းစလန်းကွန်ဖရင့် (ဩစတြေးလျှတွင်အသင်းဝင် ၁၂,၂၀၀ရှိ) ၏ လူလားမြောက်သော လူငယ်လူရွယ်တို့၏ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ ဤနှစ်စတွင် အမျိုးသမီးငယ်တစ်ဦးက ကျွန်မအား "တစ်ကိုယ်ရေပြန်လည်နိုး ကြားခြင်းသို့လှေကားထစ်များ" စာအုပ်ကိုဝေငှခဲ့ရာ၊ ကျွန်မ၏စိတ်ကိုလုံးဝ ထိစေခဲ့ပါသည်။ ကျွန်မနှင့်ကျွန်မခင်ပွန်းတို့၏စိတ်တွင် စူးစမ်းရှာဖွေခဲ့သော အဓိကအကြောင်းအရာဖြစ်သောကြောင့် ကျွန်မတို့၏အသက်တာကို သန့်ရှင်း

သောဝိညာဉ်တော်အားဖြင့် နိုးကြားလာစေခဲ့ပါသည်။ အဖြစ်အပျက်များစွာကို ကျွန်မပြောပြနိုင်သော်လည်း အနှစ်သာရအချုပ်မှာ ဤစာအုပ်ကလေးအားဖြင့် ကျွန်မတို့အလွန်ကောင်းချီးမင်္ဂလာခံစားရသည်။ ဂရက်ဖရက်(ထ) (တပည့်တော်နှင့်ဝိညာဉ်ရေးတည်ဆောက်မှုဒါရိုက်တာ SQC) ထံမှာ အပို စာအုပ် (၃၀၀) ရှိ၍ ဤနှစ်စဉ်းပိုင်း၌ပြုလုပ်သော ခေါင်းဆောင်မှုအစည်းအဝေး၌ ကျွန်မ၏လူလားမြောက်လူငယ်ခေါင်းဆောင်များအားဝေငှပေးခဲ့၍ အလွန်ကောင်းသောတုံ့ပြန်မှုကိုရရှိခဲ့သည်။ ယခုအချိန်မှာ နောက်ထပ် (၁၅၀) ကို ယခုနှစ်ပြုလုပ်မည့်တောစခန်းကြီးတွင် "အသက်ရှင်သောအဖွဲ့အစည်းအဝေး" ၌ သင်ကြားလေ့လာရန် ကျွန်မ၏အရွယ်ရောက်လူငယ်များအား ပေးဝေချင်ပါသည်။

(၃၆၆) ယောက်နှစ်ခြင်းခံ + (၃၅) ယောက်နှစ်ခြင်းခံရန် ကျမ်းစာသင်ယူ

ဘူရွန်ဒီယူနိယံအတွင်းရေးမှူးဖြစ်သူ ပေါ(လ်)အီရာခိုင်(ဇ်) [အသင်းသား (၁၃၀,၀၀၀) ရှိ၍ ခီရွန်ဒီမှာ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" (၁၀၀,၀၀၀) ရှိ] က ခြုံငုံ၍ပြောပြခဲ့သည်မှာ–

ယခင်အသင်းဝင်ဖြစ်ခဲ့သောအသင်းသားဟောင်း (၃၂၀) ယောက်သည်၊ ဤစာစောင်၏လွှမ်းမိုးမှုကြောင့် အသင်းတော်သို့ပြန်လာခဲ့၍ မတ်လ ၂၀၁၇ ခုနှစ်မှာ နှစ်ခြင်းတစ်ဖန်ထပ်ခံခြင်းအားဖြင့် သူတို့အားအသင်းတော်အတွင်းသို့ပြန်လည်လက်ခံခဲ့ပါသည်။

နားမကြားသောသူများသည် ဤစာအုပ်ကိုဖတ်ပြီးသည့်နောက် သူတို့ရရှိသောဗဟုသုတများကို အကြားအာရုံထိခိုက်သောအခြားသူများအားဝေမျှခဲ့ကြရာ၊ မတ်လ ၂၀၁၇ နှစ်မှာ နားမကြားသူ (၂၅) ယောက်အားနှစ်ခြင်းပေးခဲ့ရသောအကျိုးရလဒ်ကို ရရှိခဲ့ကြသည်။

အကျဉ်းသားများ– ပင်းဘား (Mpimba) အကျဉ်းထောင်ရှိ ကျွန်ုပ်တို့၏အသင်းသားများကို ဤစာအုပ်များဝေငှပေးခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏လှုံ့ဆော်မှုကိုခံရ၍ သူတို့၏ယုံကြည်ခြင်းကိုစတင်၍ ဝေမျှခဲ့ကြသည်။ ဤလွန်ခဲ့သောဥပုသ်နေ့မှာ အကျဉ်းသား (၂၁) ယောက်နှစ်ခြင်းခံခဲ့ကြပြီး (၃၅) ယောက်ကနှစ်ခြင်းခံရန် ပြင်ဆင်နေကြသည်။ ဤကား– "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်၏အသီးပင်ဖြစ်ပါသည်။ အကျဉ်းချုံးထားသည်။

သင်ကြားလေ့လာရန်အချိန်၊ ရက်သတ္တပတ်ဆုတောင်းစည်းဝေး

ဘူရွန်ဒီယူနီယံတွင်၊ ၎င်း၏အသင်းဝင် (၁၃၀,၀၀၀) အတွက် နိုဝင်ဘာ ၂၀၁၇ တွင် ရက်သတ္တပတ်ဆုတောင်းစည်းဝေးကျင်းပခဲ့ရာမှာ "တစ်ကိုရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်ကိုတစ်ဖန်အသုံးပြုခဲ့ကြသည်။ ဤအကြောင်းအရာအပေါ် ကျွန်ုပ်တို့၏အတွင်းရေးမှူး၏တရားဟောချက်များကို ညစဉ်မြော်လင့်ခြင်းရေဒီယိုလေလှိုင်းမှလွှင့်ပေးခဲ့သည်။

ကျောင်းသူ၊ ကျောင်းသားများ– အင်ဒရူးတက္ကသိုလ်မှခေါင်းဆောင်အသင်းအုပ်ပါစတာ ဒွိုက်နယ်လ်စင်က "ဤစာအုပ်သည်၊ ကျွန်ုပ်၏အတွင်းလူကိုပြောင်းလဲပေးခဲ့သည်။ အလားတူစွာသင်တို့အတွက် ကျွန်ုပ်ပြုလုပ်ပေးချင်ပါသည်" ဟု ပြောခဲ့သည်။ သူသည် စက်တင်ဘာ (၂) ရက်နေ့ ၂၀၁၇ တွင် တရားဒေသနာသုံးခုအတွဲတစ်တွဲကို စတင်ဟောကြားခဲ့သည်။ သုညမြေပြင်နှင့်အသစ်သောပြုပြင်ပြောင်းလဲရေး၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်မည်ကဲ့သို့ဗတ္တိဇံခံရန်ခေါင်းစဉ်များဖြင့် ဟောကြားခဲ့သည်။ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" မှ ကိုးကားချက်များကို သူအသုံးပြုခဲ့၍ ထိုစာအုပ်အားသူထောက်ခံခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် လေးထောင်

မျှဒေါင်းလုပ် (downloads) ခြင်းနှင့် ထောင်ပေါင်းများစွာသောစာအုပ်ကို မှာယူခဲ့ကြသည်။ ဤတရားဒေသနာများ လင့်(ခ်)လုပ်ပါ။ သူ၏ဘလော့(ဂ်) (blog) က https://www.pmchurch.tv/sermons ဖြစ်သည်။

အလွန်ကောင်းသောအတွေးအခေါ်တစ်ခု။– ယူအက်(စ်)အေမှ ဖြစ်သည်။ "ကျွန်ုပ်သည် ဒွိုက်နယ်လ်စင်၏တရားစီးရီးတွဲကို မနေ့ကနားထောင်ခဲ့သည်။ ဤဥပုသ်နေ့မှာ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်ကို လူများအားမိတ်ဆက်ပေးရင်း၊ ဒွိုက်နယ်လ်စင်၏ ဤစာအုပ်နှင့်ပတ်သက်သော သက်သေခံချက်များကိုပြောပြရာမှာ ပထမငါးမိနစ်အတွင်းသူတို့၏စိတ်ကို လောင်မြိုက်နိုင်စေရန် ကျွန်ုပ်မျှော်လင့်မိပါသည်။ ကြံရာစား၊ စားပွဲ (pot luck) ပြီးသည့်နောက် တရားဟောဆရာ၏ခွင့်ပြုချက်ကို တောင်းခံကာစိတ်ဝင်စားသောသူများအား ဒွိုက်နယ်လ်စင်၏ တရားဟောချက်ကို ဖွင့်ပေးပြီးနားထောင်စေမည်။" D.W.

တရားဒေသနာဟောကြားခြင်း– ဒွိုက်နယ်လ်ဆင်က သူ၏ ဘလော့(ဂ်) အောက်တိုဘာ ၁၁ ရက် ၂၀၁၇ ခုနှစ်တွင်ရေးသားချက်။ (အတိုချုံး၍တည်းဖြတ်ပြီး)။

"ဧည့်သည်" ၉၁ ယောက် (သူတို့ကိုခေါ်ဆိုသကဲ့သို့) သည်၊ ဇာဂရက်မြောက်လင့်ခြင်းအသင်းသားများနှင့် မိနစ် (၉၀) အစီအစဉ်တွင် ညစဉ်လာရောက်ပူးပေါင်းပါဝင်ခဲ့ကြသည်။ ကိုယ်တိုင်ရေးသောစာတစ်စောင်နှင့် သင်၏ကြားဝင်ဆုတောင်းပေးခြင်းများအတွက် တန်ဖိုးထားကျေးဇူးတင်စွာဖြင့် ကျွန်ုပ်သက်သေခံရန်လိုအပ်သည်မှာ၊ ကျွန်ုပ်၏ဧဝံဂေလိသတင်းဟောကြားခြင်းဌ ပါဝင်ခဲ့သမျှတွင်၊ ဇာဂရက်၌ရှိသောလူထုအား တရားဒေသနာဟောကြားခြင်းကဲ့သို့သောအတွေ့အကြုံမျိုးကို မရရှိခဲ့ဖူးပါ။ ဤမှာရှိသောပိုင်အော်နီယာရှေ့ဆောင်ခဲ့သောပါစတာများကို ကျွန်ုပ်ပြောခဲ့သကဲ့သို့

စီစဉ်ထားသည့် ဆုတောင်းခြင်း၏အဖြေကို ထိုမြို့မှာသန့်ရှင်းသောဝိညာဉ်တော်၏နေ့စဉ်ညဆက်အပြည့်အဝစောင့်ရှောက်ခြင်းနှင့် ၎င်းအသီးကိုဆက်လက်ပေးသည်ဟု သေချာပေါက်ခံစားယုံကြည်မိခဲ့ပါသည်။ သင့်အားကျွန်ုပ်ထပ်၍ သတိရစေချင်သည်မှာ များစွာသောလူများသည်၊ လွန်ခဲ့သောစက်တင်ဘာလမှစ၍ ဘုရားသခင်အားနေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံခြင်းကိုရှာဖွေခဲ့ကြပါသည်။ (လုကာ ၁၁း၁၃ မှ ခရစ်တော်၏ကျွန်ုပ်တို့အားပြုလုပ်ရန် ခေါ်ဖိတ်သည့်အတိုင်း)။ ထိုကြောင့်လည်း ဧာဂရက်တွင်သူ၏အမှုတော်ကိုဆောင်ရွက်ရန် ကျွန်ုပ်၏ကိုယ်ပိုင်အတွေ့အကြုံ၊ ဗဟုသုတများနှင့်သက်သေခံချက်များကို ဝေငှရာမှာ ကိုယ့်ကိုကိုယ်ယုံကြည်စိတ်ချနိုင်ခဲ့ခြင်းဖြစ်သည်။ ပြောခဲ့သမျှ၌ ကျွန်ုပ်၏အကြောင်းကိုပြောခဲ့ခြင်းမဟုတ်ဘဲ ယေရှု၏ကတိတော်၏မှန်ကန်ခြင်းအကြောင်းကိုသာ ပြောခဲ့ခြင်းဖြစ်သည်။ “ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ သင်တို့သည် တန်ခိုးကိုခံရ၍၊.... ငါ၏သက်သေဖြစ်ကြလိမ့်မည်။.....။” (တမန်တော် ၁း၈)။ ထို့ကြောင့် မည်သည့်အမှုကိုမဆိုပြုလုပ်သောအခါ၊ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် နံနက်တိုင်းလတ်ဆတ်သောဗတ္တိဇံတန်ခိုးကိုရရှိရန် နေ့စဉ်ရှာဖွေခြင်းကို ကျွန်ုပ်တို့မပျက်မကွက်လုပ်ဆောင်ကြပါစို့။

ပြန်လည်သင့်မြတ်စေခြင်း။ တစ်ဦးချင်းနှင့်မိသားစုများ၌ အလွန်ကောင်းသောအတွေ့အကြုံဗဟုသုတများရှိပါသည်။ (နံပါတ် ၂/၁၇၊ ၃/၃၁၊ ၃/၃၅၊ ၃/၄၀၊ ၄/၅၂၊ ၄/၅၆ ရှိအတွေ့အကြုံမှာကြည့်ပါ။) အသင်းတော်အားလုံးတွင်၊ တင်းမာမှုများ၊ ရန်ဖြစ်ခြင်းများ၊ ကွဲပြားခြင်းများ၊ နာကျင်ခြင်းများ၊ ခွင့်မလွှတ်ခြင်းများ၊ စိတ်ခံစားမှုပေါက်ကွဲခြင်းများနှင့် တစ်ဦးချင်းတိုက်ခိုက်မှုများမှ ချစ်ခြင်း၊ ခွင့်လွှတ်ခြင်း၏ငြိမ်သက်ခြင်းနှင့်ပြန်လည်

သင့်မြတ်ခြင်းသို့ရောက်ရှိသွားသော အတွေ့အကြုံများရှိပါသည်။ (နံပါတ် ၁/၁၀၊ ၇/၈၄ တွင်ရှိအတွေ့အကြုံများ။)

ငယ်ရွယ်သောမိခင်– ကလေးများ– ယူအက်(စ်)အေ၊ သားယောကျ်ားလေး (၃) ယောက်ကိုပြုစုပျိုးထောင်ရန် ကြီးမားသောတာဝန်ရှိသည်ဟု ကျွန်မအမှန်တကယ်ခံစားမိပါသည်။ ကျွန်မပိုင်ဆိုင်၍ မြင်နေရသည့်တစ်ခုတည်းသောမျှော်လင့်ခြင်းမှာ နေ့စဉ်ရက်တိုင်းကျွန်မအားကူညီမစရန်၊ သန့်ရှင်းသောဝိညာဉ်တော်ကိုပေးသနားတော်မူရန် နေ့စဉ်ဆုတောင်းခြင်းသာဖြစ်ပါသည်။ သင့်စာအုပ်ကိုဖတ်ရသည့်အခါမှစ၍ ကျွန်မ၏သားများ၏အပြုအမူများပြောင်းလဲသွားသည်ကို မြင်နေခဲ့ရသည်။ သာမန်အားဖြင့် ကျွန်မစိတ်မရှည်သောကိစ္စများ၌ ကျွန်မစိတ်ရှည်လာသည်။ ခံပြင်းခြင်း၊ အားမလိုအားမရဖြစ်မည့်အစား ချစ်ခြင်းနှင့်သနားခြင်းကရဏာစိတ်ရှိလာပါသည်။ သားများသည် အရှုံးမပေးသောစိတ်ထက် ယခုပို၍အရှုံးပေးသောစိတ်နာခံသောအဖြေကိုတုံ့ပြန်လာကြသည်။ အမှန်တကယ်ဝိညာဉ်ရေးမှာ ကျွန်မတို့ကြီးထွားလာပါသည်။ သို့သော် ယေရှုကျွန်မအထဲမှာရှင်သန်လာနိုင်သည့် ရိုးရှင်းသောအမှန်တရားကို ကျွန်မနားလည်လာရန်ပြုလုပ်ပေးသည့်အတွက် မည်မျှကျေးဇူးတင်မိပါကြောင်းကိုသိစေချင်ပါသည်။ D.W.

"စိတ်ဝင်စားမှုကိုမည်သို့မြှင့်တင်နိုင်သနည်း" ဤမီနူးဇယားအောက်၌ သင်သည် အဖိုးတန်သောအကြံပြုချက်များကိုတွေ့မြင်ရသည်။ အစပြုရန်အလွန်လွယ်ကူသောအရာတစ်ခုမှာ "ညှိနှိုင်းမှုပြုသည့်စာဖတ်ခြင်း" ဖြစ်ကြောင်းအကြံပြုပါသည်။ အားအပြင်းဆုံးဆွဲဆောင်မှုသည် ဆွေးနွေးနှီးနှောနိုင်သောသင်တန်းတစ်ခုပို့ချခြင်းအားဖြင့်ဖြစ်သည်။ သင်ကိုယ်တိုင် သင်တန်းကိုပို့ချနိုင်သကဲ့သို့၊ ဧည့်သည်ဆရာတစ်ဦးကိုပို့ချနိုင်ပါသည်။ ဗွီဒီယိုခွေကို အသုံးပြုခြင်းအားဖြင့်လည်းသင်တန်းပို့ချနိုင်ပါသည်။ သင်တန်းမစမီ

သို့မဟုတ် သင်တန်းပြီးနောက်မှာ "ညှိနှိုင်းမှုပြုသည့်စာဖတ်ခြင်း" ကိုအသုံးပြုခဲ့လျှင် သင်တန်းတစ်ခု၏အတွေ့အကြုံဗဟုသုတကို သင်မြှင့်တင်နိုင်ဦးမည်ဖြစ်သည်။

ကျွန်ုပ်၏မေတ္တာရပ်ခံချက်။ သင်၏အစ်ကိုတော်တစ်ယောက်အနေဖြင့် သင့်အားအကြံပြုထောက်ခံခွင့်တောင်းပါရစေ။ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်" စာအုပ်ကို တစ်စုံတစ်ယောက်နှင့်ဆုတောင်း၍ အကြိမ်ပေါင်းအနည်းငယ်ဖတ်ပါ။ သင်၏အဖွဲ့၊ အသင်းတော်သို့မဟုတ် ကွန်ဖရင့်တွင်ထူးထူးခြားခြားတိုးတက်မှုအရှိန်အဝါကို ဖြစ်စေပါလိမ့်မည်။

သင်၏ထိုးထွင်းအမြင်များနှင့်ဗဟုသုတများကို တရားဟောဆရာများ၊ အသင်းလူကြီးများနှင့် အသင်းဝင်အဓိကပုဂ္ဂိုလ်များနှင့် ဝေငှခြင်းသည်နောက်လှေကားထစ်တစ်ခုဖြစ်နိုင်ပါသလား။ အီသီယိုးပီယားမှာ ထိုကဲ့သို့စတင်ပြုလုပ်ခဲ့သည်။ ဇူလိုင်လ ၂၀၁၇ ခုနှစ်တွင် တရားဟောဆရာ (၅၀၀) သည် အမ်ဟာရိ(ခ်)ဘာသာဖြင့် စာအုပ်များကိုနိုးကြားခြင်းရက်သတ္တပတ်၏နောက်ဆုံးရက်တွင် လက်ခံရရှိခဲ့ကြသည်။ မြောက်ပိုင်းဖိလစ်ပိုင်ယူနီယံတွင်လည်း ဖိလစ်ပင်းနိဘာသာဖြင့်စာအုပ်များကို (၁၅၀၀) သောအသင်းလူကြီးများအား ဇွန်လ ၂၀၁၇ ခုနှစ် ဆုတောင်းစည်းဝေးပွဲကြီးတစ်ခုတွင်ပေးအပ်ခဲ့ကြသည်။

အတွေ့အကြုံများ။

သင်၏ကိုယ်တိုင်အတွေ့အကြုံများနှင့် ကျွန်ုပ်တို့၏စာပေများကိုသင်ဝေမျှပါမည်လား။ ၎င်းတို့မှာ ကြီးမားသောလှုံ့ဆော်မှုများရှိပါသည်။ လိုအပ်လျှင် www.steps-to-personal-revival.info-Testimonies မှ သက်သေခံချက်များကိုအသုံးပြုနိုင်ပါသည်။

ချစ်သောခေါင်းဆောင်များခင်ဗျား၊

သန့်ရှင်းသောဝိညာဉ်တော်၌ကြီးထွားလာကြပါစို့။ သခင်ဘုရားကိုယ်တိုင် အမိန့်ပေးခဲ့ပြီ။ (MB 20.3)

ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။ (ဧဖက်၊ ၅း၁၈)

ခရစ်တော်သည်ကျွန်ုပ်တို့အထဲ၌ရှိ၍ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အား "ဝမ်းမြောက်စရာသတင်းကို ဆောင်ခဲ့သောသူ" ဖြစ်စေသည်။ (ဟေရာယ ၄၀း၉)

ကမ္ဘာပေါ်ရှိစဉ်ယေရှု၏နောက်ဆုံးစကားများကို မမေ့ပါနှင့်။

"ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍... ငါ၏သက်သေ ဖြစ်ကြလိမ့်မည်။ (စွမ်းရည်၊ လက်နက်တပ်ဆင်ပေးခြင်း၊ သဘာဝလွန်တန်ခိုး) တမန်တော် ၁း၈။

ခရစ်တော်၌သင်တို့၏ညီအစ်ကိုတော်
ဟဲလ်မု၊ ဟောင်ဘီး(လ်)
Helmut Haubeil

အခန်း ၁

ယေရှု၏အဖိုးထိုက်တန်ဆုံးသောဆုလက်ဆောင်

သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ယေရှုမည်သို့သွန်သင်ခဲ့သနည်း။

သင်သည်ယေရှု၏တန်ခိုးအပါဆုံးသတင်းစကားနှင့် အကျွမ်းဝင်ပါသလား။

အချို့သောပထမဦးဆုံးသောတစ်ကိုယ်ရေသက်သေခံချက်များ

ကျွန်ုပ်တို့၏ "ရှေးဦးစွာသောချစ်ခြင်းမေတ္တာ" သို့ပြန်လှည့်ခြင်း။ ညီမတော်တစ်ဦးက ကျွန်ုပ်ထံသို့စာရေးခဲ့သည်။ ကျွန်မသူငယ်ချင်းနှင့် ကျွန်မတို့သည်၊ "ရက် (၄၀)" စာအုပ်နှင့် "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်များကို တလှည့်စီသုံးကြိမ်မြောက် ယခုလောလောလတ်လတ်ဖတ်ရှုလေ့လာနေကြသည်။ ဤစာအုပ်များကိုမတွေ့ရှိမီက ကျွန်မ၏ယုံကြည်ခြင်းအတွေ့အကြုံနှင့် ဆုတောင်းခြင်းအသက်တာသည် ယခင်အချိန်များနှင့်မတူခဲ့တော့ပါ။ ကျွန်မတို့၏ "ရှေးဦးစွာသောချစ်ခြင်းမေတ္တာ" ကို တစ်ဖန်ပြန်ရှာရန် လိုအင်ဆန္ဒရှိခဲ့ကြပါသည်။ ကျွန်မတို့ပြန်ရှာတွေ့ခဲ့ကြပြီ။ ဘုရားသခင်အားစိတ်နှလုံးအကြွင်းမဲ့ကျေးဇူးတင်မိပါသည်။ ကျွန်မတို့၏မေတ္တာရှင်ဘုရားသခင်သည်၊ ဆုတောင်းခြင်းများကို မည်ကဲ့သို့အဖြေပေးပြီး၊ ကျွန်မတို့နှင့်ကျွန်မတို့ဆုတောင်းပေးသောသူများအပေါ် သန့်ရှင်းသောဝိညာဉ်တော်က မည်ကဲ့သို့အလုပ်လုပ်နေသည်ကို ဘုရားသခင်၏ဖော်ပြပေးခြင်းသည် အလွန်အံ့သြဖွယ်ကောင်းလှပါသည်။ M.S.

ကျွန်ုပ်တို့၏ဘဝအသက်တာထဲသို့ ယေရှုဝင်ရောက်လာခဲ့သည်။ အခြားသူတစ်ဦးက ဤစာအုပ်များအကြောင်းကိုရေးသားခဲ့သည်။ "...ငင်းတို့သည် ကျွန်ုပ်၏အသက်တာတွင်ကြီးမား၍ ကြာမြင့်စွာစောင့်ဆိုင်းခဲ့သောကောင်းချီးမင်္ဂလာဖြစ်လာခဲ့ပြီ။ များစွာသောအခြားအသင်းဝင်များနှင့်ကျွန်ုပ်တို့၏အသင်းတော်မှ ညီမတစ်ဦးတွေ့ကြုံခံစားခဲ့ရသကဲ့သို့ ကျွန်ုပ်တို့၏ယုံကြည်ခြင်းဗဟုသုတမှာ တစ်စုံတစ်ခုအမြဲလိုအပ်နေလျက်ရှိခဲ့သည်။ ယခုမှာမူ ကျွန်ုပ်တို့၏အသက်တာထဲသို့ ယေရှုဝင်ရောက်လာသောအခါ ကျွန်ုပ်တို့ကိုပြောင်းလဲပစ်ရန် အစပြုပေးခဲ့သောအတွေ့အကြုံကို သိရှိလာရသောအခွင့်အရေးကို ကျွန်ုပ်တို့ရရှိခဲ့ပြီ။ ကျွန်ုပ်တို့တွင် ယခုထိအလုပ်လုပ်နေသေးသည်။ သူ့ထံသို့ ပို၍နီးလာအောင် တစ်ထစ်ပြီးတစ်ထစ် ကျွန်ုပ်တို့ကို ဆွဲယူလျက်ရှိနေသည်။" S.K.

ယေရှု၏တပည့်တော်များသည်၊ အချင်းချင်းမေးခဲ့ကြပါသလား။ ကြီးမားသောဩဇာလွှမ်းမိုးသည့်အလုပ်ကို ယေရှုမည်ကဲ့သို့လက်ကိုင်ထားနိုင်ပါသနည်း။ သူ၏ဆုတောင်းခြင်းအသက်တာနှင့်ဆက်နွယ်ပတ်သက်နေပါသလား။ ထို့ကြောင့် သူတို့က ယေရှုအား "သခင်၊ ဆုတောင်းစေခြင်းငှာ အကျွန်ုပ်တို့အားနည်းပေးတော်မူပါ" ဟုတောင်းဆိုခဲ့သည်။ သူတို့၏တောင်းဆိုချက်ကို ယေရှုပေးခဲ့ပါသည်။

လုကာ ၁၁း၁-၁၃ ရှိယေရှု၏ဆုတောင်းခြင်းသင်ခန်းစာတွင် အပိုင်း (၃) ပိုင်းရှိပါသည်။ သခင်ဆုတောင်းချက်၊ သန်းခေါင်အချိန်လာသောမိတ်ဆွေပုံပမာနှင့်သန့်ရှင်းသောဝိညာဉ်တော်ကို ထပ်ခါတလဲလဲတောင်းခံခြင်း၏အထွတ်အထိပ်တစ်ခုအကြောင်းတို့ဖြစ်ပါသည်။

ပုံပမာတွင် (အငယ် ၅-၈) လူတစ်ယောက်၏အိမ်သို့ညနက်မှည့်သည်များရောက်လာသည်။ သူ့မှာစည့်သည်များကို ကျွေးရန်ဘာမျှမရှိပါ။ ထိုကြောင့် အိမ်နီးချင်းဆီသို့ချက်ချင်းသွား၍ သူ့မှာဘာမျှမရှိကြောင်းရှင်းပြသည်။ မုန့်ပေးရန်တောင်းခံသည်။ နောက်ဆုံးမုန့်ရသည့်အထိထပ်ခါထပ်ခါတောင်း

သည်။ ယခုမှန့်ရရှိပြီ။ အသက်မှန့်ကို သူ့အတွက်ရော ဧည့်သည်များ အတွက်ပါရရှိသည်။ သူကိုယ်တိုင်ရသည်သာမက သူတစ်ပါးအားမျှဝေရန်ပင် ရှိသည့်အခြေအနေသို့သူရောက်ရှိနေပါသည်။

ယခုဤပုံပမာတွင် (ပြဿနာ–ကျွန်ုပ်မှာဘာမျှမရှိ) နှင့်သန့်ရှင်းသော ဝိညာဉ်တော်ကိုတောင်းခံခြင်းနှင့် ယေရှုကွင်းဆက်အဖြစ်တင်ပြနေပါသည်။ သူက "ငါဆိုသည်ကား၊ တောင်းကြလော့။ တောင်းလျှင်ရမည်။" ဟု (လုကာ ၁၁း၉) မှာပြောပါသည်။ ထို့နောက်အောက်ပါအတိုင်းမှာ–

ယေရှု၏အထူးတောင်းဆိုချက်။ ထို့ကြောင့်သန့်ရှင်းသော ဝိညာဉ်တော်ရရှိရန်ဆုတောင်းကြပါ။

သမ္မာကျမ်းစာအုပ်ထဲမှာ ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော် ကိုတောင်းခံရန် ယေရှုကအလေးအနက်မိန့်တော်မူခဲ့သောသီးသန့်ကျမ်းချက် များရှိပါသည်။ အခြားနေရာ၌ စိတ်နှလုံးကိုသူ၏မေတ္တာနှင့်ထိတွေ့စေသော ကျမ်းပိုဒ်ဖြင့် တိုက်တွန်းထားသည်ကို ကျွန်ုပ်မတွေ့မိပါ။ ထိုသီးသန့်ကျမ်း ချက်များကို လုကာအခန်းကြီး ၁၁ ရှိ ယေရှုသင်ကြားပေးသောဆုတောင်း ချက်မှာတွေ့ရပါသည်။ ထိုကျမ်းပိုဒ်များတွင် သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံရန် (၁၀) ကြိမ်မျှအလေးအနက်ထား၍ မိန့်မှာခဲ့သည်။ (လုကာ ၁၁း၉–၁၃)။

"တစ်ဖန် ငါဆိုသည်ကား၊ **တောင်း**ကြလော့။ တောင်းလျှင်ရမည်။ **ရှာ**ကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကို**ခေါက်**ကြလော့၊ ခေါက်လျှင် ဖွင့်မည်။ **တောင်း**သောသူမည်သည်ကားရော၏။ **ရှာ**သောသူလည်းတွေ့၏။ **ခေါက်**သောသူအားလည်း၊ တံခါးကိုဖွင့်၏။ သင်တို့တွင် အဘဖြစ်သောသူ၌ သားသည်မုန့်ကို**တောင်း**လျှင် အဘသည်ကျောက်ကိုပေးမည်လော။ ငါးကို **တောင်း**လျှင်ငါးအစား၌မြွေကိုပေးမည်လော။ ဥကို**တောင်း**လျှင်ကင်းမြီးကောက် ကိုပေးမည်လော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား

ကောင်းသောအရာကိုပေးတတ်လျှင်၊ ထိုမျှမကကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည်၊ ဆု**တောင်း**သောသူတို့အားသန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ပေးတော်မူမည်မဟုတ်လော။"

ဤအနည်းငယ်သောကျမ်းပိုဒ်များတွင်၊ ကြိယာဖြစ်သော "တောင်း" ဆိုသည့်စကားလုံးကို ယေရှု (၆) ခါသုံးခဲ့သည်။ တောင်းဆိုသည့်နေရာမှာ "ရှာ" ဆိုသည့်ပြုခြင်းပြစကားလုံးကို (၂) ခါအလေးထားပြောခဲ့၍ "ခေါက်" ဆိုသည့်ပြုခြင်းပြစကားလုံးကို (၂) ခါသုံးခဲ့သည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝစေရန် ကျွန်ုပ်တို့အလုပ်လုပ်ရသည်ဟု ထင်ရှားစွာကျွန်ုပ်တို့အား ယေရှုပြေပေးသည်မဟုတ်ပါလား။ နောက်ဆုံး "တောင်း" ဆိုသည့်စကားကို ဂရိဘာသာအားဖြင့်ဖြစ်ဆဲပြကြိယာကာလကို သုံးထားပါသည်။ အဓိပ္ပါယ်ကတစ်ခါတည်းတောင်းရန်မဟုတ်ဘဲ မရပ်မနားတောင်းရမည်ဖြစ်သည်။ ဤနေရာတွင် ယေရှုကတောင်းရန်ကိစ္စသာအရေးကြီးသည်ဟုပြောသည်သာမက အဆက်မပြတ်တောင်းရန်လည်းသူမျှော်လင့်နေပါသည်။ အမှန်စင်စစ်သူ၏စိတ်ခံစားချက်ဖြင့် ဖိတ်ခေါ်ခြင်းသည်၊ သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့လိုချင်သောဆန္ဒဖြစ်ပေါ်ရန်သူနှိုးဆွပေးခြင်းဖြစ်သည်။ ဤအရေးကြီးဖိတ်ခေါ်ခြင်းက၊ ကျွန်ုပ်တို့သည်ဝိညာဉ်တော်သွန်းလောင်းပေးခြင်းအတွက် အဆက်မပြတ်မတောင်းခံလျှင် သေရေးရှင်ရေးတမျှအရေးကြီးသောအရာကို ကျွန်ုပ်တို့လက်လွတ်ရနိုင်သည်ဟု ယေရှု၏ခံယူချက်ကို ကျွန်ုပ်တို့အားပြသနေပါသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အပြည့်အဝလိုအပ်ကြောင်းကို ကျွန်ုပ်တို့အာရုံစိုက်ခြင်းရှိရန် ယေရှုက ထင်ရှားစွာခေါ်ဖိတ်နေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ကြွယ်ဝသောကောင်းချီးများကို အဆက်မပြတ်ကျွန်ုပ်တို့ရရှိရန်သူအလိုတော်ရှိပါသည်။

ခရစ်တော်၏သရုပ်ပြစာအုပ်တွင်၊ "ဘုရားသခင်သည် တစ်ခါတောင်းပါ၊ သင်ရလိမ့်မည်ဟုမပြောပါ။ ကျွန်ုပ်တို့ကို တောင်းပါဟုပြောသည်။

မောပန်းခြင်းမရှိ၊ ဇွဲမလျှော့တမ်းဆုတောင်းပါ။ ဇွဲရှိသောဆုတောင်းခြင်းသည် တောင်းလျှောက်သူကို သာ၍စိတ်အားထက်သန်သောသဘောထားကိုပေး၍ သူတောင်းခံသောအရာများကိုရရှိရန် လိုအင်ဆန္ဒကိုတိုးပွားစေပါသည်။" E.G. White, Christ's Object Lessons (1900), p. 145.3

ထိုနောက်ယေရှုက အပြစ်ရှိသောလူသားဖခင်များ၌ပင် စိတ်ကူး၍ မရနိုင်သောအပြုအမူမျိုးကို ဥပမာ(၃)မျိုးဖြင့်ဖော်ပြပေးခဲ့သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုတောင်းခံသောအခါ သာ၍စိတ်ကူးကြွစည်၍မမိနိုင်အောင် ကျွန်ုပ်တို့အားမပေးဘဲမနေသည့်အကြောင်းကို ယေရှုကကျွန်ုပ်တို့ကို ပြသချင်ခဲ့ပါသည်။ သင့်လျော်သောနည်းလမ်းဖြင့် တောင်းလျှောက်လျှင် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိမည်ဟု ကျွန်ုပ်တို့အားစိတ်ချစေချင်ပါသည်။ ဤကတိတော်နှင့်အခြားသောကတိတော်များအားဖြင့် ယုံကြည်ခြင်း၌တောင်းလျှောက်နိုင်ပြီး၊ တောင်းခဲ့သည့်အတိုင်းရရှိခဲ့ပြီဟု ကျွန်ုပ်တို့သိရပါသည်။ (၁ယော၊ ၅း၁၄၊ ၁၅။ အခန်းကြီး ၅ တွင် အချက်အလက်ပို၍မြင်တွေ့ရပါမည်)

ဤအထူးခေါ်ဖိတ်ခြင်းသည်၊ ကျွန်ုပ်တို့က သန့်ရှင်းသောဝိညာဉ်တော်ကိုထပ်တလဲလဲမတောင်းခံသောအခါ၊ မုချလိုအပ်သောအရာကို ကျွန်ုပ်တို့လက်လွတ်ဆုံးရှုံးနေရသည်ဟု ယေရှုအားဖြင့် ကျွန်ုပ်တို့ကိုဖော်ပြပေးပါသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အသေအချာလိုအပ်ကြောင်းအာရုံစိုက်ခြင်းရှိရန်သူဆွဲဆောင်နေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်မှကြွယ်ဝသောကောင်းချီးမင်္ဂလာများကို အဆက်မပြတ်လက်တွေ့ကျွန်ုပ်တို့ရရှိရန်သူအလိုရှိပါသည်။

ဤဆုတောင်းခြင်းအပေါ် ယေရှုပေးသောသင်ခန်းစာအပိုင်းသည် တစ်မူထူးခြားပြီးအတုမရှိသောကိစ္စတစ်ခုဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်

သည် ဘုရား၏အကြီးမားဆုံးသောဆုလက်ဆောင်ဖြစ်သည်။ အခြားလက်ဆောင်များကို ယူလာပေးသောလက်ဆောင်ဖြစ်သည်။ သူ၏တပည့်တော်များကို ဂုဏ်ပြုသောလက်ဆောင်ဖြစ်၍ သူ့မေတ္တာ၏ထင်ရှားသောသက်သေလည်းဖြစ်ပါသည်။ တစ်စုံတစ်ယောက်အပေါ် ဤတန်ဖိုးကြီးသောလက်ဆောင်ကို အတင်းပေးရန်မလိုကြောင်း ကျွန်ုပ်တို့သိနိုင်သည်ဟု ကျွန်ုပ်ထင်ပါသည်။ ဤဆုလက်ဆောင်အတွက် သူတို့လိုအင်ဆန္ဒရှိကြောင်း ဖော်ပြသောသူများနှင့် ဤဆုအတွက်အသိအမှတ်ပြုကျေးဇူးတင်ရှိသောသူများကိုသာပေးခဲ့ပါသည်။

ယေရှုထံတော်သို့သူတို့၏အသက်တာကို ဆက်ကပ်သောသူများအား သန့်ရှင်းသောဝိညာဉ်တော်ကိုပေးမည်ဖြစ်၍ ကတိထားသည့်အတိုင်း အဆက်မပြတ်ပြုကျင့်သောသူများအား သန့်ရှင်းသောဝိညာဉ်တော်ကိုပေးမည်ဖြစ်သည်။ (ယောဟန် ၁၅း၄၊ ၅။) ကတိထားသည့်အတိုင်းလုပ်ဆောင်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ–

- ဘုရားသခင်အားလိုချင်တမ်းတခြင်း။ (“ရေငတ်သောသူတို့” ယောဟန် ၇း၃၇)
- ဘုရားသခင်အားစိတ်ချယုံကြည်ခြင်း။ (“ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း” ယောဟန် ၇း၃၈)
- ဘုရားသခင်အား ယုံကြည်သောရလဒ်အဖြစ် ပြည့်စုံသောဆက်ကပ်အပ်နှံမှု (“သင့်၏အသက်တာတစ်ခုလုံးကို ဘုရားသခင်လက်ထဲထည့်ခြင်း” ရောမ ၁၂း၁)။
- အရာရာတိုင်းမှာ ဘုရားသခင်နောက်တော်သို့လိုက်ခြင်း။ (“သူ့ကိုနားထောင်သောသူများ” တမန်တော် ၅း၃၂)

➢သူတို့၏အလိုကိုစွန့်ပစ်၍ ဘုရားသခင်၏အလိုတော်နှင့်အညီ ဘုရားသခင်၏လမ်းစဉ်အတိုင်း လိုက်လျှောက်ခြင်း။ ("နောင်တရ၍ ဗတ္တိဇံကို ခံကြလော့။" တမန်တော် ၂း၃၈)

➢မှားယွင်းသောအရာများကိုမကြိုစည်ပါ။ ("ငါသည်စိတ်နှလုံးထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားရှင်သည် နားထောင်တော်မမူ" ဆာလံ ၆၆း၁၈)။

➢ကျွန်ုပ်တို့၏ကြီးမားသောလိုအပ်ချက်ကို သိမြင်၍ဝန်ခံခြင်း။ ("ကျွန်ုပ်မှာ ဘာမျှမရှိ" လုကာ ၁၁း၆)။

➢အဆက်မပြတ် သန့်ရှင်းသောဝိညာဉ်တော်ကိုတောင်းခံခြင်း။ (လုကာ ၁၁း၉–၁၃)

ဤမျှော်လင့်ချက်များတွင် ဘုရား၌ ကျွန်ုပ်တို့အတွက်မည်မျှတန်ဖိုးကြီးသောဆုလက်ဆောင်ရှိသည်ကို သင်သည်ထင်ရှားစွာမမြင်ရနိုင်ဘူးလား။ ဤမရှိမဖြစ်လိုအပ်ချက်များအကြောင်းကို သင်စဉ်းစားသောအခါ၊ သင်၌လျော့နည်းခြင်း၊ ချို့တဲ့ခြင်း၊ မပြည့်စုံခြင်းရှိသည်ကို သင်မြင်နိုင်ရန် အလားအလာရှိလိမ့်မည်။

ယောဟန် ၇း၃၇ နှင့်ဆက်စပ်၍ သန့်ရှင်းသောဝိညာဉ်တော်ကို လိုချင်သောစိတ်ဆန္ဒရှိရန် နေ့စဉ်ဆုတောင်းခြင်းအလေ့အထကို ကျွန်ုပ်ပြုလုပ်ခဲ့ပါသည်။ "ရေငတ်သောသူရှိလျှင်၊ ငါ့ထံသို့လာ၍သောက်လော့။" (ကတိတော်ဖြင့်ဆုတောင်းရန် လုပ်သင့်လုပ်ထိုက်သောအရာဖြစ်သည်။ ပို၍သိလိုပါက တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များစာအုပ်မှ အခန်း (၄) ကိုဖတ်ပါ။)

ကျွန်ုပ်တို့ဆုတောင်းနိုင်ပါသည်။ "ယေရှုသခင်၊ သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိရန် မရှိမဖြစ်လိုအပ်သောအရာများအတွက် ကျွန်ုပ်လုံးလုံးလျားလျားဝန်ခံပါ၏။ ယခုနှင့်ယနေ့တွင် လိုအပ်သောအရာများဖြင့်

ကျွန်ုပ်အားဖြည့်ပေးရန် စိတ်ရင်းအတိုင်း ဘုရားအားတောင်းဆိုပါ၏။" ကျွန်ုပ်တို့၏အံ့သြဖွယ်ဘုရားသခင်သည်၊ လိုအပ်သောအရာများကိုဖြည့်ပေးရန် ကျွန်ုပ်တို့အတွက်ပင်ရှိနေပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် အရည်အသွေးပြည့်မီသော အသက်တာတစ်ခု၏အရင်းအမြစ်ဖြစ်သည်။

ခရစ်တော်၏အဆိုအရအဘယ်ကြောင့် သူဤကမ္ဘာသို့ကြွဆင်းလာခဲ့ရသနည်း။ သူပြောခဲ့သည်မှာ၊

"ငါမူကား၊ သိုးတို့သည်အသက်လွတ်ရုံမျှမက အထူးသဖြင့်အသက်နှင့်ပြည့်စုံစေခြင်းငှာ လာသတည်း။" (ယောဟန် ၁၀း၁၀)

ခရစ်တော်၏ဒုတိယအကြိမ်ကြွလာပြီးနောက် ဘုရားသခင်၏နိုင်ငံတော်တွင် ဤအသစ်သောအသက်တာကို ယခုမှစ၍ပြီးပြည့်စုံသော၊ ခြားနားသောအတိုင်းအတာဖြင့်ဆက်လက်၍ အသက်ရှင်သောအတွေ့အကြုံကို ကျွန်ုပ်တို့ရရှိရန်ယေရှုအလိုရှိပါသည်။

သူသည် ကျွန်ုပ်တို့အား၊ သန့်ရှင်းသောဝိညာဉ်တော်သည်၊ အရည်အသွေးပြည့်မီသော အသက်တာတစ်ခု၏အရင်းအမြစ်ဖြစ်ကြောင်း ပြသပေးသည်။

"....ရေတတ်သောသူရှိလျှင်၊ ငါ့ထံသို့လာ၍သောက်လော့။ ငါ့ကိုယုံကြည်သောသူသည်၊ ကျမ်းစာလာသည်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတ္တံ့သောဝိညာဉ်တော်ကို ရည်မှတ်၍မိန့်တော်မူ၏။" (ယောဟန် ၇း၃၇-၃၉)

"အသက်ရေထွက်ရာစမ်းရေတွင်း"- အရည်အသွေးပြည့်မီသော အသက်တာအတွက် ကောင်းသောနှိုင်းယှဉ်ချက်မဟုတ်ပါလား။

ယေရှုသည်ဤကမ္ဘာလောကမှာအသက်ရှင်စဉ်အတောအတွင်း အလားတူလိုက်လျောညီထွေမှုရှိသောဥပမာကို ကျွန်ုပ်တို့အားပေးခဲ့ပါသလား။

မာရိသည်သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ယေရှုကိုပဋိသန္ဓေယူခဲ့ကြောင်း ကျွန်ုပ်တို့သိကြပါသည်။ (မဿဲ ၁း၁၈)။ ယေရှုဗတ္တိဇံခံပြီးနောက် ဆုတောင်းခဲ့သည်ကိုလည်း ကျွန်ုပ်တို့သိပါသည်။ "သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ကိုယ်ထင်ရှားလျက် ကိုယ်တော်အပေါ်၌ ဆင်းသက်တော်မူ၍....." (လုကား ၃း၂၂)။ ဤအခြေအနေများအောက်၌ ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိရန် နေ့စဉ်လိုအပ်၍ အရေးကြီးပါသလား။ အီးဂျီဝိုက်၏စကားကိုကိုးကားရလျှင်–

"နံနက်အစဉ်အတိုင်းကောင်းကင်ဘုံရှိ သူ၏ခမည်းတော်နှင့်စကားပြောဆက်သွယ်ကာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်သောဗတ္တိဇံကို နေ့စဉ်ခမည်းတော်ထံမှ ရရှိနေခဲ့သည်။" E.G. White, Signs of the Times, November 21, 1895, par.3

The Acts of the Apostles စာအုပ်မှရေးသားချက်တစ်ခုမှာ– "ဘုရား၌ဆက်ကပ်သောအမှုဆောင်တစ်ဦးအတွက် ယေရှုခရစ်ပင်လျှင် ဤလောကမှာအသက်ရှင်စဉ်၌ လိုအပ်သည့်ကျေးဇူးတော်၏အသစ်သောထောက်ပံ့ခြင်းကို ရရှိရန် နေ့စဉ်သူ၏ခမည်းတော်ကို ရှာဖွေခဲ့သည့်အသိပညာသည် အံ့ဖွယ်နှစ်သိမ့်မှုကိုပေးပါသည်။....." E.G. White, The Acts of the Apostles, (1911) p. 56.1

ဤနေရာတွင် ယေရှုသည် အမှန်တကယ်ကျွန်ုပ်တို့အတွက် ပုံသက်သေတစ်ခုဖြစ်ပါသည်။ ယေရှုသည်၊ သန့်ရှင်းသောဝိညာဉ်တော်မှ အားသစ်လောင်းရန် နေ့စဉ်လိုအပ်ခဲ့လျှင် သင်နှင့်ကျွန်ုပ်တို့အတွက် အဘယ်မျှသာ၍ အရေးကြီးသောအရာဖြစ်ပါသနည်းဟု ကိုယ့်ကိုကိုယ်မေးရန်လိုပါသည်။

တမန်တော်ပေါလုသည် ယေရှု၏ရည်မှန်းချက်ကို အမှန်တကယ် နားလည်ခဲ့သည်။ ဧဖက်အသင်းတော်သို့ရေးသားခဲ့သောစာမှာ ယုံကြည်သူများဖြစ်လာခဲ့သည့်အခါ သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံရပြီဟု ဧဖက် ၁း၁၃ မှာ ပေါလုအခိုင်အမာပြောခဲ့ပါသည်။ ဧဖက် ၃း၁၆– ၁၇ တွင် ပေါလုက သူတို့ကိုဝိညာဉ်တော်အားဖြင့် ခွန်အားနှင့်မြဲမြံစွာရှိရန်အားပေးခဲ့ပြီး ဧဖက် ၅း၁၈ တွင် ဧဖက်လူများနှင့်ကျွန်ုပ်တို့ကို "ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့" ဟု ပေါလုကပြောပိုင်ခွင့်ရှိတမန်တော်တစ်ဦးအဖြစ် တိုက်တွန်းနေသည်။ သို့မဟုတ် "သင်တို့ကိုယ်ကိုသင်တို့အဆက်မပြတ်ထပ်ခါတလဲလဲ သန့်ရှင်းသောဝိညာဉ်တော်ဖြင့်ပြည့်စေပါ။" Johannes Mager, Auf den Spuren des Heiligen Geistes, (Luneburg, 1999), Seite 101. အသစ်တစ်ဖန်မွေးဖွားပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခဲ့ပြီးဖြစ်သော်လည်း၊ နေ့စဉ်အားသစ်လောင်းရန် အထွေထွေလိုအပ်ချက်ရှိသည်ကို ကျွန်ုပ်တို့တွေ့ရပါသည်။ နေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဖြည့်ပေးရန် ခရစ်ယာန်တစ်ဦး၏ ဝိညာဉ်အသက်တာနှင့်ကြီးထွားမှုအတွက် အရေးကြီးပါသည်။

ကျွန်ုပ်တို့၏ဥပုသ်စာဖြေသင်ကြားခြင်းလမ်းညွှန်စာအုပ်က ဧဖက် ၅း၁၈ နှင့်ပတ်သက်၍ "သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်" ဗတ္တိဇံခံခြင်း၏အဓိပ္ပါယ်ကဘာလဲ။ ယေရှုကိုယ်တိုင် ဤအရာကိုအဓိပ္ပါယ်အနက်တူညီသောအကြောင်းတစ်ခုဖြင့် ရှင်းပြထားခဲ့သည်။ လူတစ်ဦးသည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် "ဗတ္တိဇံခံခြင်း" သည် (တမန်တော် ၁း၅) သန့်ရှင်းသောဝိညာဉ်တော်က သူတို့အပေါ်ဆင်းသက်လာသောအခါ၌ဖြစ်သည်။ (အငယ်၊ ၈) ဗတ္တိဇံခံခြင်း၏အနက်မှာ အရာတစ်ခုထဲသို့၊ များသောအားဖြင့် ရေထဲသို့လုံးလုံးနှစ်ခြင်းဖြစ်သည်။ လူတစ်ကိုယ်လုံးနှင့်ပတ်သက်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဗတ္တိဇံခံခြင်းသည်၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဩဇာလွှမ်းမိုးမှုအောက်သို့လုံးလုံးရှိခြင်း၊ သူ့အားဖြင့် အပြည့်အဝဖြည့်ခြင်းခံရခြင်း ဖြစ်သည်။ တစ်ကြိမ်တည်းအတွေ့အကြုံမျိုးမဟုတ်ဘဲ၊ ပေါလုက ဧဖက် ၅း၁၈ ၏နောက်ပိုင်းမှာ ပုံနှိုင်းထားသကဲ့သို့ ဝိညာဉ်တော်နှင့်အဆက်မပြတ် ထပ်တလဲလဲဖြည့်ခြင်းခံရ၍ ဝိညာဉ်တော်နှင့် "ပြည့်စုံလျက်" ရှိသည်။ ဂရိကြိယာက "ပြည့်ဝသည်" ဟု ဖေါ်ပြထားသည်။" Sabbath School Study Guide July 17, 2014

ယေရှု၏နှုတ်ဆက်စကားများနှင့်သန့်ရှင်းသောဝိညာဉ်တော်

ယေရှု၏နှုတ်ဆက်စကားများတွင် သူ့အစားသန့်ရှင်းသောဝိညာဉ်တော်လာလိမ့်မည်ဟု ပြောခြင်းအားဖြင့် သူတို့အားဝမ်းမြောက်ခြင်းနှင့်မျှော်လင့်ခြင်းပေးမည်ဟုအသိပေးခဲ့သည်။ ယောဟန် ၁၆း၇ မှာ တပည့်တော်များအံ့အားသင့်အောင်ပြောသည်မှာ–

"ငါအမှန်အကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် ဥပဇ္ဈာယ်ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီသို့ငါစေလွှတ်မည်။"

အကျိုးကျေးဇူးရှိသောဖြေရှင်းနည်းအသစ်တစ်ခု

ယေရှုသည်တပည့်တော်များအား အံ့အားသင့်စရာစကားတစ်ခုကိုပြောခဲ့ပါသည်။ "ငါသွားလျှင်သင်တို့အကျိုးရှိလိမ့်မည်။" ဤစကားသည်၊ ယေရှုကိုယ်တိုင်ကိုယ်ကျရှိနေသည်ထက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့နှင့်အတူရှိခြင်းသည် သာ၍အကျိုးကျေးဇူးရှိသော၊ အသစ်သောဖြေရှင်းနည်းဖြစ်သည်ဟုဆိုလိုပါသည်။ ဤနည်းအားဖြင့်သူသည် အကန့်အသတ်နှင့်လူများတွင်ရှိသည်မဟုတ်ဘဲ လူတစ်ဦးစီနှင့်လောလောလတ်လတ် သူရှိနေနိုင်သည်။

ဆရာမတစ်ဦးနှင့် သူ၏ကျောင်းသားများမှ ကိုယ်တွေ့သက်သေခံချက်တစ်ခု

လွန်ခဲ့သောတစ်နှစ်ခန့်က ကျွန်မ၏ဒေသရှိဘုရားကျောင်းတွင် အိတ်(ချ်)ဟောင်းဘီးလ် ရေးသားသော "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့ လှေကားထစ်များ" စာစောင်ကိုဖြန့်ဝေပေးသောအခါ၊ အလွန်လျင်မြန်စွာ ပြီးစီးအောင်ဖတ်ခဲ့သည်။ ဖတ်နေစဉ်တွင်ပင် အလျင်ကဘုရားနှင့်ရရှိခဲ့သော အတွေ့အကြုံများထက် ပိုများသောအတွေ့အကြုံကိုရရှိသောကြောင့် ဤစာစောင်က ကျွန်မကိုဆွဲဆောင်ခဲ့ပြီးအားတက်စေခဲ့ပါသည်။

စာစောင်၏နောက်ဆက်တွဲတွင် အောက်ပါအကြံပေးချက်ကို ကျွန်မတွေ့ခဲ့သည်။

"သင်ကြားနည်းနှင့်ဆိုင်သော သုတေသနက အရေးကြီးသောခေါင်းစဉ်တစ်ခုကို ၆ ခါမှ ၁၀ ခါအထိ ၎င်းအား စေ့စေ့စပ်စပ်နားလည်သည်အထိဖတ်ရန်၊ နားထောင်ရန် လိုအပ်သည်ဟုဖော်ပြထားခဲ့သည်။"

ဤအားပေးစကားများသည် ကျွန်မ၏အာရုံစိုက်ခြင်းကိုညှို့ယူဖမ်းစားခဲ့ပါသည်။

"တစ်ခါမျှအနည်းဆုံးစမ်းကြည့်ပါ။ သင့်အားယုံကြည်စိတ်ချရသော ရလဒ်အကျိုးဆက်ကိုပေးပါလိမ့်မည်။"

ထိုအတွေ့အကြုံကို ကျွန်မရချင်ခဲ့၍ သုံးကြိမ်မြောက်ဖတ်ပြီးခဲ့သောအခါ ၎င်းသည် ကျွန်မကိုကိုင်ဖမ်းထားခဲ့၍ ကျွန်မအသက်တာတစ်ခုလုံးမှာ တမ်းတခဲ့သောကျွန်မတို့၏ရွေးနုတ်ရှင်အား ကြီးမားသောချစ်ခြင်းဖြင့်ချစ်သည်ကို ကျွန်မခံစားခဲ့ရသည်။ နှစ်လအတွင်း ၎င်းကို (၆) ခါတိုင်ဖတ်ခဲ့ပြီး ထိုက်တန်သော ရလဒ်ကိုရရှိခဲ့ပါသည်။

ယေရှုသည် ကျွန်မတို့အနားသို့ရောက်လာသောအခါ၊ သူ၏ကြည်လင်သော၊ ကြင်နာသောမေတ္တာမျက်လုံးများထဲသို့ ကြည့်နေခိုင်သကဲ့သို့ဖြစ်လိမ့်

မည်ဟု ကျွန်မနားလည်နိုင်သလိုဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်မတို့၏ ကယ်တင်ရှင်၌ရရှိသော ဤဝမ်းမြောက်ခြင်းမှကင်းကွာလျက် ကျွန်မ မနေချင်ခဲ့တော့ပါ။

နံနက်ချိန်အိပ်ရာမှနိုးထလာခဲ့သောအခါ ကျွန်မ၏နံနက်ယံဝတ်ပြုခြင်းကိုတမ်းတကာ ဘုရားသခင်နှင့်ဆက်သွယ်သောအတွေ့အကြုံကို ကျွန်မတစ်ဖန်ရရှိရန်အတွက်နှင့် နေ့အချိန်အတောအတွင်း စာသင်စဉ်နှင့် သူတစ်ပါးနှင့်ပြောဆိုဆက်ဆံစဉ်ပြောဆိုသောစကား၊ ကျွန်မ၏ပုံစံနမူနာအတွက် ကျွန်မ၏အတွေးအခေါ်အပေါ် သန့်ရှင်းသောဝိညာဉ်တော်က ကူညီမစပါမည့်အကြောင်း တိုးညင်းစွာဆုတောင်းခဲ့ပါသည်။

ကလေးတစ်ယောက်ကဂရုစိုက်ခြင်းခံရရန် အာသာပြင်းပြသောအခါနှင့် လိုက်လျောညီထွေစွာပြုမူသောအခါ၊ ၎င်းနှင့်အပေးအယူလုပ်ရာတွင် ဘုရားကကျွန်မကိုခွန်အားနှင့်ဉာဏ်ပညာပေးခဲ့ပါသည်။

ထိုအချိန်မှစ၍ ကျွန်မ၏အလုပ်လုပ်သောရက်များတွင် ဖန်ဆင်းရှင်ပါရှိလျက်ရှိပါသည်။ ကျွန်မ၏နေ့စဉ်အသက်တာတွင် ကျွန်မအားတိုက်ရိုက်ကူညီပါသည်။ ထိုအချိန်မှစ၍ နံနက်အချိန်နှင့်အချိန်များအကြား၌ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းပေးရန်အတွက် ကျွန်မဆုတောင်းပါသည်။ ကောင်းကင်နိုင်ငံနှင့်သင်ပို၍နီးကပ်သကဲ့သို့နှင့် ကောင်းကင်နိုင်ငံမှာရှိနေသည့်အရာသာကို ခံစားရနိုင်သကဲ့သို့ဖြစ်နေပါသည်။

ဤစာစောင်ကိုဖတ်နေစဉ် ကျောင်းမှာရှိသောကျွန်မ၏ကျောင်းသားများလည်း ဤအတွေ့အကြုံကိုမျှဝေခံစားရသင့်သည်ဟု ကျွန်မအတွေးဝင်ခဲ့သည်။ ဩစတြီးယားပြည်၊ ဗိုရာဘတ်(ခ) (Vorarlberg, Austria) ရှိ ကျွန်မတို့၏ ဧလိယမြော်လင့်ခြင်းကျောင်းတွင် အသက် ၁၀ နှစ်မှ ၁၅ နှစ်ရှိ

ကျောင်းသားများကို ကျွန်မစာသင်ပေးရသည်။ ထိုကြောင့် ကျွန်မအား အခွင့်အရေးများပေးပါရန် ဘုရားသခင်အားဆုတောင်းခဲ့ပါသည်။

အဆောတလျင်ပင် လူငယ်လူရွယ်များ၏စိတ်နှလုံးများတွင် သန့်ရှင်းသောဝိညာဉ်တော်က မည်ကဲ့သို့အလုပ်လုပ်နိုင်ကြောင်းကို ကျွန်မ၏ အံ့သြဖွယ်ရာအကောင်းဆုံးသောဗဟုသုတများအဖြစ် ကျွန်မရရှိခဲ့ပါသည်။

(၁၃) နှစ်အရွယ်ရှိလူဆိုးလူမိုက်တစ်ယောက်နှင့် သန့်ရှင်းသောဝိညာဉ်တော်

သန့်ရှင်းသောဝိညာဉ်တော်အပေါ် ရေးသားသောစာစောင်ကို ကျွန်မ မဖတ်ရမီတစ်နှစ်တွင် ဖြစ်ပျက်ခဲ့သောအတွေ့အကြုံတစ်ခုဖြစ်ပါသည်။ ကျွန်မတို့၏ကျောင်းသို့ ကျောင်းသားသစ်တစ်ယောက်ရောက်လာခဲ့၍ ရက်အနည်းငယ်အတွင်းမှာပင် ကျွန်မတို့၏ငြိမ်းချမ်းသောအိုအေစစ်အရပ်သည်၊ ကြမ်းတမ်း၍လုံးထွေးသတ်ပုတ်သောအခန်းအဖြစ်သို့ပြောင်းလဲသွားခဲ့သည်။ ထိုအချိန်တွင် ယောကျ်ားကလေးသည် အသက် ၁၃ နှစ်ရှိပြီး ကလေးများအားလုံးတွင် အကြီးဆုံးဖြစ်၍ အရွယ်နှင့်လိုက်လျောညီထွေစွာအသန်မာဆုံးဖြစ်ခဲ့သည်။ ကျောင်းစာသင်နှစ်အတွင်း သင်ခဲ့ရသောအရာများစွာနှင့်ရရှိခဲ့သောအံ့ဖွယ်အသီးသည် တဒင်္ဂအတွင်းပျောက်ကွယ်သွားသကဲ့သို့ မြင်တွေ့ခဲ့ရသည်။

၎င်းအကြောင်းအရာကို သူကိုယ်တိုင်ပြောပြပါစေ။– “ကျွန်တော်သည် လက်ရှိကျောင်းကိုရောက်လာခဲ့သောအခါ ကျွန်တော့်ကိုမည်သည့်အရာက စောင့်ကြိုခဲ့သည်ကို မည်သည့်စိတ်ကူးမျှမရှိခဲ့ပါ။ ကျောင်း၏ဒုတိယနေ့တွင် ကျွန်တော်ကစပြီးရန်စခဲ့သည်။ ချိုးဖဲ့ဖျက်ဆီးခဲ့သည်။ အတန်းဖော်တစ်ယောက်ကိုစ၍ထိုးကြိတ်ခဲ့သည်။ ကျွန်တော်ထက်အတော်အတန်အားနည်းသော်လည်း ဒေါသဖြင့်ရိုက်ခဲ့သည်။ သူ့ကိုနောက်တစ်ဖန်မတွေ့ချင်တော့ပါ။

နောက်တော့မှ ကျွန်တော်မှားမှန်းသိခဲ့၍ အလျင်ကလုပ်ခဲ့သကဲ့သို့ ဝန်ချတောင်းပန်ခဲ့ပါသည်။ ကျောင်းအုပ်ကြီးနှင့်ထိုနောက်တွေ့ဆုံစကားပြောခဲ့သည်။ နောက်လများမှာ ကျွန်တော်ကိစ္စတစ်ခုဖြစ်လာခဲ့သည်။ ကျွန်တော်သည် ပါစတာတစ်ဦး၏သားဖြစ်သောကြောင့်၊ ဤကိစ္စကိုကျွန်တော်ယခုမှစတင်ခဲ့သည်ကို အံ့သြစရာဖြစ်ခဲ့ပါသည်။ ယေရှုနှင့်အချိန်ကိုပို၍ ကျွန်တော်အသုံးပြုလာခဲ့ပါသည်။"

ဤငယ်ရွယ်သောသူသည်၊ အထူးဂရုစိုက်ခြင်းခံရရန်ပို၍လိုအပ်လိမ့်မည်ဟု ကျွန်မထင်ခဲ့ပါသည်။ သူ၏ကျရှုံးခြင်းကို သူသတိထားမိ၍ နောင်တရပြီးတစ်ဖန်ကြိုးစားခဲ့သော်လည်း သူ၏ကိုယ်ပိုင်ခွန်အားနှင့်သူ၏အောင်မြင်ခြင်းသည်တာရှည်မခံခဲ့ပါ။ ပထမတွင် ရန်မဖြစ်ဘဲတစ်ရက်ပင်လွန်မသွားခဲ့ပါ။ သို့သော်လည်း တဖြည်းဖြည်းနှင့်မသိမသာအခြေအနေသာ၍ကောင်းလာခဲ့ပါသည်။

နောက် ၆ လအကြာမှာ သူ့အားဘုရားသခင်နှင့်သာ၍နီးကပ်အောင်ယူဆောင်လာပေးခဲ့သောအရာသည် ဆုတောင်းခြင်းများဖြစ်ခဲ့သည်ဟုသူထင်ခဲ့ကြောင်းသူပြောခဲ့သည်။ ထိုအချိန်အတောအတွင်းနံနက်ပိုင်း၌ ခွန်အားရရှိရန်အတွက် သူစ၍ဆုတောင်းခဲ့သည်။ သူ၏ဒေါသထွက်ခြင်းနှင့်တိုက်ခိုက်ခြင်းများသည် မကြာခဏလျော့နည်းသွားခဲ့ပါသည်။

ယခုကျောင်းသို့ရောက်လာခဲ့သည်မှာ (၁၁) လ လွန်မြောက်ခဲ့ပါပြီ။ သာ၍တိုးတက်မှုများကိုပင် ကျွန်မတို့တွေ့မြင်နိုင်ခဲ့ပါသည်။ သို့သော် သူ၏ဒေါသ၊ ပေါက်ကွဲထွက်သောဆဲဆိုခြင်းနှင့်သူ၏လက်သီးများသည် ထိန်းချုပ်မှုအောက်မှာအမြဲမရှိခဲ့သေးပါ။

အောင်မြင်ခြင်းရရန်၊ သူ၏ကိုယ်ပိုင်ခွန်အားနှင့်အသိပညာကို အသုံးပြုရန်ကြိုးစားခဲ့ရာ၊ တစ်ခါတစ်ရံအလုပ်ဖြစ်သော်လည်း အခြားအချိန်များမှာအလုပ်မဖြစ်ခဲ့ပါ။ ကျွန်မတို့၏ဆုတောင်းခြင်းများသည် အောင်မြင်မှုအချို့ကို

ပြုလုပ်ပေးနိုင်ခဲ့သော်လည်း သူ၏တွေးခေါ်မှုမမှန်ကန်ခဲ့ဘဲ ဝိညာဉ်တော်၏အသစ်ပြုပြင်ပေးသောတန်ခိုးမရှိနေခဲ့ပါ။

လူတစ်ဦးတစ်ယောက်သည် သူတို့၏အပြစ်ကိုတွေ့ရှိပြီး သူတို့၏ဒေါသစိတ်ကိုကြိုးစားထိန်းချုပ်သော်လည်း နောက်တစ်ခဏတွင်တစ်ဖန်ကျဆုံးလျှင် မည်သို့ကောင်းနိုင်မည်နည်း။ ကျွန်မ၏အသိဉာဏ်ကုန်ဆုံးပြီဟု ကျွန်မသိသောအချိန်မှာပင် အထက်ကပြောခဲ့သောစာစောင်ကို ကျွန်မလက်ခံရရှိခဲ့ပါသည်။ တိကျသောအချိန်မှာ ရောက်ရှိလာခဲ့ပါသည်။ ထိုနောက် ကျွန်မတို့မည်သည့်အရာကို လိုအပ်နေခဲ့သည်ကိုသတိထားမိလာခဲ့သည်။ ထိုအရာက သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးပင်ဖြစ်သည်။ ကျွန်မတို့အားကူညီမစရန်ကိုပင် ကျွန်မတို့မတောင်းလျှောက်ခဲ့မိပါ။

"တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာစောင်၏သတင်းစကားကို ကျွန်မရရှိတို့ထိခြင်းခံရပြီးဖြစ်သောကြောင့် ကျွန်မ၏သတ္တိကိုမြှင့်တင်လိုက်ပြီး ထိုယောကျ်ားလေးအား သန့်ရှင်းသောဝိညာဉ်တော်အတွက်တောင်းခံခဲ့ဘူးသလားဟုမေးလိုက်ပါသည်။ သူတစ်ခါမျှမတောင်းခံခဲ့ဘူးပါ။ ထိုနောက်စာစောင်၌သူ၏စိတ်ဝင်စားမှုကိုလှုပ်နှိုးရန် ကျွန်မကြိုးစားခဲ့သော်လည်း သူ့အားစာစောင်ကိုမပေးခဲ့ပါ။ သူအမှန်တကယ်လိုချင်ရန်သင့်ပါသည်။ မကြာမမြင့်မီမှာပင် စာအုပ်ကိုသူတောင်းခဲ့ပါသည်။"

တစ်ဖန်သူ၏ကိုယ်ပိုင်စကားလုံးဖြင့်၊ "နိဝင်ဘာလတွင် ကျွန်တော်၏ဆရာမက 'တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ' စာစောင်ကို ကျွန်တော်အားပေးခဲ့ပါသည်။ ၎င်းကိုကျွန်တော်စိတ်အားထက်သန်စွာစ၍ဖတ်ခဲ့ပါသည်။ ထိုအချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်နှင့်ကျွန်တော်တကယ်အကျွမ်းမဝင်ခဲ့ပါ။"

ပထမနေ့အတွင်းမှာပင် သူသည်အခန်း (၂) ခန်း ကိုဖတ်ရှုခဲ့ပြီးကျွန်မကိုဘယ်နှစ်ကြိမ်ဖတ်ခဲ့ပြီးပြီလဲဟုမေးခဲ့ပါသည်။ ချက်ချင်းပင်စာစောင်

ကအကြံပေးသည့်အတိုင်း (၆) ကြိမ်မှ (၁၀) ကြိမ်အထိဖတ်ရန်စာစောင်ရှိ အခန်းများကို စတင်၍တစ်ဖန်ထပ်ဖတ်ပြန်ပါသည်။

ထိုအချိန်မှစ၍ ပြောင်းလဲခြင်းအများအပြားဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ လက်သီးဖြင့်ထိုးခြင်း၊ လုံးထွေးသတ်ပုတ်ခြင်းမရှိတော့ပါ။ ကျွန်မကိုယ်တိုင်ပင်ယုံကြည်ရန်ခက်ခဲခဲ့ပါသည်။ နေ့စဉ်သူထိုးကြိတ်ခဲ့သော ယောကျ်ားလေးများသည် သူ၏သူငယ်ချင်းများဖြစ်လာခဲ့ပြီး သင့်မြတ်စွာအတူလက်တွဲသွားလာနိုင်ခဲ့ပါသည်။

သူသည် လုံးလုံးပြောင်းလဲသွားခဲ့ပြီ။ သူသည် ယဉ်ကျေး၍သူ၏ ကြမ်းကြုတ်သောသဘာဝအပေါ် ကူညီလိုသောစိတ်၊ ငြိမ်းချမ်းရေးလိုလားသောစိတ်ကအနိုင်ယူနိုင်ခဲ့ပြီ။ သူ၏အတန်းဖော်များက ဘုရားသခင်အလုပ်လုပ်ခဲ့သည်ဟုအတည်ပြုနိုင်ခဲ့သည်။ နေ့စဉ်အသီးများကို သင်တွေ့မြင်နိုင်ပါသည်။ ကျွန်မထုတ်ဖော်ပြောလိုသည်မှာ ထိုယောက်ကျ်ားလေးသည် ဇွန်လ ၂၀၁၃ ခုနှစ်မှာ နှစ်ခြင်းခံယူရန်ဆုံးဖြတ်ချက်ချခဲ့သည်။ ဘုရားသခင်၏ဘုန်းတော်ကြောင့်ပင်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာမဟုတ်ခဲ့လျှင်....

ကျွန်မသည် ကလေးတစ်ယောက်ကို ကောင်းကောင်းကိုင်တွယ်နိုင်ခဲ့ပြီးအကျိုးအကြောင်းကိုဖေါ်ပြအသိညာဏ်ပေးနိုင်ခဲ့မည်ဟု ကျွန်မအမြဲထင်မြင်ခဲ့သည်။ စိတ်ရှည်ခြင်း၊ ဂရုစိုက်ခြင်းနှင့်များစွာဆိုဆုံးမခြင်းများအားဖြင့် အလုပ်ဖြစ်မည်ဟုထင်ခဲ့သည်။ သို့သော်တာရှည်အလုပ်မဖြစ်ခဲ့ပါ။ ဘုရားသခင်သည် ကြားဝင်၍ကျွန်မကိုသွန်သင်ခဲ့သည်မှာ၊ သူ၏ဝိညာဉ်တော်သည် မဖြစ်နိုင်သည့်အရာကို ဖြစ်လာနိုင်စေသည်ဟု သိစေခဲ့ပါသည်။

တစ်နေ့ထိုကလေးကိုကောင်းကင်မှာတွေ့သောအခါ၊ ဘုရားသခင်၏သယ်ဆောင်လာခဲ့ခြင်းပဲဖြစ်သည်ဟု ကျွန်မသိရပါလိမ့်မည်။ ကျွန်မ၏အသိပညာကမတတ်နိုင်၊ အဆုံးသို့ရောက်၍သူ့ကိုမထိန်းနိုင်လမ်းမပြနိုင်တော့ဟု သိလာခဲ့သောအခါ၊ ဘုရားသခင်က သူ့အပေါ်လုံးလုံးလျားလျား

အလုပ်လုပ်ပေးခဲ့သည်။ ဘုရားသခင်အတွက် မျှော်လင့်ခြင်းကင်းသောအမှု တစ်ခုမျှမရှိသည်ကို ကျွန်မမြင်တွေ့ရ၍ ခွန်အားရရှိစေပါသည်။ C.P.

ဆုတောင်းချက်။ ကောင်းကင်ဘုံရှင်အဖဘုရား၊ သန့်ရှင်းသော ဝိညာဉ်တော်ကိုတောင်းခံရန် ခရစ်တော်၏အရေးတကြီးခေါ်ဖိတ်ခြင်းအတွက် ဖဘုရားအားကျေးဇူးတင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်လိုအပ်သောကြောင့် ဆုံးရှုံးမှုများကိုတွေ့ကြုံခံစားခဲ့ရသည့်အတွက် ကျွန်ုပ်ဝမ်းနည်းမိပါသည်။ ယေရှု သည် ကျွန်ုပ်အထဲမှာသာ၍ကြီးမားစွာတည်ရှိနိုင်ရန် မွန်မြတ်သောအထောက်အပံ့ ကို ကျွန်ုပ်လိုအပ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ကူညီမှုကို ကျွန်ုပ်၏ အသက်တာနေရာတိုင်းမှာလိုအပ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်၏အကျင့်စာရိတ္တကိုပြုပြင်ပြောင်းလဲပေးနိုင်ပြီး၊ ဘုရားသခင်၏နိုင်ငံ တော်အတွက် သင့်လျော်သောသူဖြစ်အောင်ပြုလုပ်ပေးနိုင်သောကြောင့် ဖဘုရား အားကျေးဇူးတင်ပါ၏။ ကျွန်ုပ်မှာဖြစ်သမျှနှင့်ရှိသမျှကို ဖဘုရားအား လုံးလုံးဆက်ကပ်အပ်နှံပါ၏။ ကျွန်ုပ်ကိုလက်ခံ၍ကောင်းချီးများချပေး သောကြောင့်ကျေးဇူးတင်ပါ၏။ သန့်ရှင်းသောဝိညာဉ်တော်ကို သိကျွမ်းခြင်း ၌ကြီးထွားလာရန် ကျွန်ုပ်ကိုကူညီပါ။ အာမင်။

–o–

အခန်း ၂

ကျွန်ုပ်တို့၏ပြဿနာများ၏ဗဟိုချက်သည် မည်သည့်အရာဖြစ်သနည်း

ကျွန်ုပ်တို့၏ပြဿနာများဖြစ်ရန်ဝိညာဉ်ရေး အကြောင်းရင်းတစ်ခုရှိပါသလား။
အကြောင်းရင်းသည်၊ ဝိညာဉ်တော်ချုပ်တုံ့ခြင်းတစ်ခု ကြောင့်ဖြစ်ပါသလား။

လိုအပ်ချက်အတွက်အကြောင်းအရင်းများ

ကျမ်းစာတော်မြတ်၏အဖြေက၊ "..... အကြောင်းမူကားဆုမတောင်းဘဲနေကြ၏။ ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာဖို့ရှိစေခြင်းငှာ၊ အလွဲ (ဇာတိပကတိနှင့်စပ်ဆိုင်သောအရာတို့ကိုစွဲလမ်းသောစိတ်သဘော ရောမ၊ ၈း၅–၇) တောင်းသောကြောင့်မရကြ။ (ယာကုပ် ၄း၂၊၃)။

ကျွန်ုပ်တို့၏သခင်ယေရှုက ကျွန်ုပ်တို့ကိုသန့်ရှင်းသောဝိညာဉ်တော်ကိုတောင်းခံရန် မေတ္တာဖြင့်မရမကခေါ်ဖိတ်ခဲ့သည်။ (လုကာ၊ ၁၁း၉–၁၃)။ အဆက်မပြတ်တောင်းခံရန်သင့်ကြောင်းကို ကျွန်ုပ်တို့နားလည်ပါသည်။ တတိယအခန်းတွင် ဤအကြောင်းအရာကို ကျွန်ုပ်တို့သာ၍သေချာစွာလေ့လာကြည့်ကြမည်။

"သူတို့သည် ခရစ်တော်အကြောင်းနှင့်သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကိုပြောကြသည်။ သို့သော် မည်သည့်အကျိုးအမြတ်မျှမရရှိကြ။

မွန်မြတ်သောကိုယ်စားလှယ်တို့၏လမ်းပြခြင်းနှင့်ထိန်းချုပ်ခြင်းသို့ သူတို့ဝိညာဉ်ကို သူတို့မအပ်နှံကြပါ။" E.G. White, The Desire of Ages, (1898), p. 672.

အချိန်အနည်းငယ်ယူ၍ ပြန်လည်နိုးကြားခြင်းတစ်ခုအတွက် ကျွန်ုပ်တို့ဆုတောင်းခဲ့ကြသည်။ ဤသို့ပြုခြင်းသည် အလွန်တန်ဖိုးကြီးပါသည်။ အီးဂျီဝိုက်က "ယနေ့အသင်းတော်များလိုအပ်သောအရာသည် ဤသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံခြင်းပင်ဖြစ်သည်။" E.G. White, Manuscript Releases Vol. 7 p. 267.

"ဤအရာသည် ကျွန်ုပ်တို့တန်ခိုးကိုရရှိရန်ဟုအဓိပ္ပါယ်ရလျှင် အဘယ်ကြောင့်ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးကို ဆာငတ်ခင်မွတ်ခြင်းမရှိပါသနည်း။ အဘယ်ကြောင့် ၎င်းနှင့်ပတ်သက်၍မပြော၊ ဆုမတောင်း၊ မဟောကြားကြပါသနည်း။" E.G. White, Testimonies for the Church Vol. 8, p. 22.

ပြန်လည်နိုးကြားခြင်းအတွက် ဆုတောင်းခြင်းသည်၊ ကောင်းပါသည်။ သို့သော်ဆုတောင်းရုံမဟုတ်ဘဲ မတ်(ခ်)ဖင်းလီ (Mark Finley) ပြောသကဲ့သို့ "ပြန်လည်နိုးကြားခြင်း၏ ကျမ်းစာ၌ပါသောလိုအပ်ချက်များကို ကျွန်ုပ်တို့လက်တွေ့လုပ်ဆောင်ရန်" ဖြစ်သည်။ Mark A. Finley, Revive us again, p.25. "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" ကိုတက်လှမ်းရန် သင့်အား ကျွန်ုပ်ဖိတ်ခေါ်ပါရစေ။ ဤအရာသည် များစွာသောလူတို့အား သာ၍တန်ခိုးပါသော၊ ပြည့်စုံသောအသက်တာသို့ ပို့ဆောင်ပါလိမ့်မည်။

အစပြုသောအားဖြင့် ကျွန်ုပ်တို့သည်ဤပုစ္ဆာကို ပိုင်းခြားစိတ်ဖြာရန် အလိုရှိပါသည်။ ဤအရာကိုပြုလုပ်ရာမှာ စေ့စေ့စပ်စပ်ပြုလုပ်လိုပါသည်။ သို့မဟုတ်ပါက ပြောင်းလဲခြင်းတစ်ခုသည်မလိုအပ်၊ သို့မဟုတ် အရေးမကြီးပါဟု ကျွန်ုပ်တို့သုံးသပ်မိပါလျှင် အန္တရာယ်ရှိပါသည်။ ထို့နောက် ကျွန်ုပ်တို့အားကြီးမားသောကောင်းချီးမင်္ဂလာကိုပေးသော ဘုရားသခင်၏ဖြေရှင်းနည်း

ကိုကြည့်ရှုရန် ကျွန်ုပ်တို့အလိုရှိပါသည်။ နောက်ဆုံး၌ ဤအရာကိုမည်ကဲ့သို့ထမြောက်အောင်ပြုလုပ်နိုင်ခြင်းနှင့် မည်ကဲ့သို့အတွေ့အကြုံရယူနိုင်ခြင်းကိုကြည့်ရှုရန် ကျွန်ုပ်တို့အလိုရှိပါသည်။

သန့်ရှင်းသောဝိညာဉ်တော်လိုအပ်ခြင်းသည်၊ ကျွန်ုပ်တို့ပြုလုပ်ခဲ့သမျှနှင့်ပြုလုပ်နေသောအရာများသည် အချည်းနှီးဖြစ်သည်ဟုအဓိပ္ပါယ်မသက်ရောက်ပါ။ အလွန်ကောင်းသောစီမံချက်များနှင့် အစီအစဉ်များရှိခဲ့၍ရှိနေဆဲဖြစ်သည်။ လူတို့၏လုပ်ဆောင်ချက်များကို ဘုရားသခင်သည် အမှန်တကယ်ကောင်းချီးပေးခဲ့ပြီ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်နှင့် အကယ်စင်စစ်နေ၍၊ သာ၍နီးကပ်စွာကျွန်ုပ်တို့နေလျှင် သာ၍ကြီးမားသောရလဒ်နှင့်သာ၍ကောင်းမွန်သောအခြေအနေတွင် ကျွန်ုပ်တို့ရှိနေနိုင်မည်။ ထိုအရာကို ဘုရားသာလျှင်သိပါသည်။

ဟင်နရီတီဘလက်ခဘီ (Henry T. Blackaby) ဖေါ်ပြခဲ့သည့်အတိုင်း၊ ဤဦးတည်ချက်အတိုင်း လွန်ခဲ့သောအချိန်၌သွားခဲ့ပြီးဖြစ်၍ အနာဂတ်တွင်လည်း ဤဦးတည်ချက်အတိုင်းသွားလိမ့်ဦးမည်။

"ဘုရားမပါဘဲ နှစ် (၆၀) မျှ ကျွန်ုပ်တို့လုပ်နိုင်ခဲ့သည့်အလုပ်ကို ဘုရားသခင်သည် သူ့၌သစ္စာခံသောသူများအားဖြင့် (၆) လအတွင်းသာ၍ အလုပ်လုပ်နိုင်ခဲ့သည်။" Henry T. Blackaby, Den Willen Gottes erkennen und tun (Experiencing God: Knowing and Doing the Will of God), (Kassel, 2002), p. 31.

ဘုရားသခင်၏ဦးဆောင်မှုအောက်မှာ မှန်ကန်သောလမ်းအတိုင်းချက်ချင်းသွားခြင်းနှင့် ထိုသို့လုပ်ခြင်းအားဖြင့် သာ၍ကြီးမားသောအကျိုးထိရောက်မှုရှိသောကြောင့် မေးခွန်းထုတ်နိုင်ပါသည်။ ထိုအရာသည်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောအခါ ဖြစ်ပျက်သည့်အခြေအနေဖြစ်ပါသည်။

ဥပမာ၊ လူတစ်ဦးသည် တရားဒေသနာတစ်ခုကိုကျင်းပ၍ဟော နေသည်။ ဟောပြောပြီးသောအခါ မည်သူမျှသူ့တရားကိုလက်မခံဘဲရှိနေ နိုင်သည်။ သို့မဟုတ်လည်း၊ လူအနည်းငယ်၊ လူအများ သို့မဟုတ် လူအား လုံးကလက်ခံနေနိုင်သည်။ သူ၏သတင်းစကားကို လူအများစု သို့မဟုတ် အားလုံးကလက်ခံခဲ့၍ လက်တွေ့ကျင့်သုံးခဲ့ကြလျှင်၊ ဤတရားသည်ကြီးမား သောအကျိုးထိရောက်မှုရှိသည်။ ဤအရာသည် သန့်ရှင်းသောဝိညာဉ်တော်ပေး သောအရာဖြစ်သည်။

လူသုံးအုပ်စုနှင့်သူတို့၏ဘုရားသခင်နှင့်တစ်ကိုယ်ရေဆက်ဆံရေး

ဘုရားသခင်၏နှုတ်ကပတ်တော်က ဘုရားသခင်နှင့်လူသားများ၏ တစ်ကိုယ်ရေဆက်ဆံရေးအကြောင်းကို အလေးထားသောအားဖြင့် အုပ်စု (၃) အုပ်စုဖြင့်ခွဲခြားပြထားသည်။ ဤအုပ်စု (၃) အုပ်စုအထဲတွင်ရှိသောတစ် အုပ်စုစီတွင် ကွဲပြားခြားနားသောပုံရိပ်များစွာရှိသည်။ မိဘတို့၏ပုံသွင်းခြင်း၊ အကျင့်စာရိတ္တ၊ မိမိကိုယ်မိမိလေ့ကျင့်ခြင်း၊ အသက်အပိုင်းအခြား၊ ယဉ်ကျေးမှု၊ ပညာရေးစသည်တို့အပေါ်မူတည်၍ ကွဲပြားခြားနားခြင်းရှိပါသည်။ သို့သော် ဤခြားနားခြင်းများရှိပင်ရှိငြားသော်လည်း ဘုရားသခင်အပေါ်ထားရှိသောစိတ်နေ သဘောထားသည် အခြေခံအားဖြင့် (၃) မျိုးသာရှိသည်။

- ဆက်ဆံရေးမရှိ– ကျမ်းစာက ဤလူကိုမူရင်းပကတိလူဟုခေါ်ဆိုသည်။ (ယုဒသန်ဘာသာပြန်မြန်မာကျမ်းမှာ ဇာတိပကတိလူဟုရေးထားသည်။)
- ပြည့်စုံမှန်ကန်သောဆက်ဆံရေး– ကျမ်းစာက ဤလူကိုဝိညာဉ်ပကတိ လူဟုခေါ်ဆိုသည်။
- ကွဲပြားသော သို့မဟုတ် ဟန်ဆောင်သောဆက်ဆံရေး– ကျမ်းစာက ဤလူကို ဇာတိပကတိလူဟုခေါ်ဆိုထားသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်မှာပါသော ဤဝေါဟာရများဖြစ်သည့် "မူရင်းပကတိ" "ဝိညာဉ်ပကတိ" နှင့် "ဇာတိပကတိ" တို့သည်၊ တန်ဖိုးဖြတ်၍ရသောအရာများမဟုတ်ပါ။ ၎င်းတို့သည် လူတစ်ဦးတစ်ယောက်က ဘုရားသခင်နှင့်တစ်ကိုယ်ရေဆက်ဆံရေးကို ဖော်ပြသောအရာများသာဖြစ်ပါသည်။

ဤအုပ်စုသုံးအုပ်စုအကြောင်းကို ၁ကော ၂း၁၄-၁၆ နှင့် ၁ကော ၃း၁-၄ တွင် ရှင်းပြထားပါသည်။ ယခုအချိန်မှာ မူရင်းပကတိလူအကြောင်းကို ကျွန်ုပ်တို့အနည်းအကျဉ်းသာပြောလိုပါသည်။ သူသည်လောကီဆန်ဆန်နေပါသည်။ ဘုရားကျောင်းထဲရှိလူအုပ်စုနှစ်စုကို လျင်မြန်စွာမျက်စိဖြင့်ဝေ့ကြည့်သောအခါ ပြဿနာကိုဖုံးကွယ်ထားသောအဓိကအရာကို ကျွန်ုပ်တို့သိမြင်ရန် အထောက်အကူဖြစ်လိမ့်မည်။ အရေးအကြီးဆုံးသောအရာမှာ သင်သည် မည်သည့်အုပ်စုတွင်ရှိနေသည်ကို သဘောပေါက်ရန်ပင်ဖြစ်သည်။ ဤကဲ့သို့ ကျွန်ုပ်တို့၏စမ်းသပ်ခြင်းသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်ချို့ယွင်းမှုကို ပြန်တွေ့ရန်လည်း အကူအညီဖြစ်ပါသည်။ သူတစ်ပါး၏အသက်တာကို မကြည့်ဘဲ ကိုယ့်အသက်တာကိုသာ ကျွန်ုပ်တို့ကြည့်ရန်ကျွန်ုပ်တို့အလိုရှိပါသည်။

အုပ်စုတစ်ခု သို့မဟုတ် အခြားအုပ်စုတွင်ဘွဲ့ထူးအတွက်စံ သို့မဟုတ် မှတ်ကျောက်သည် မည်သည့်အရာများဖြစ်သနည်း။ သန့်ရှင်းသောဝိညာဉ်တော်နှင့် သူတို့၏တစ်ကိုယ်ရေဆက်ဆံရေးအပေါ်မှာ အုပ်စုသုံးစုလုံး၏ဘွဲ့ထူးများဖြစ်ပေါ်လာသည်ဟု ကျွန်ုပ်တို့အဆုံးအဖြတ်ပေးကြသည်။

မူရင်းပကတိလူ။ (The Natural Man)

"ဇာတိပကတိလူ (မူရင်းပကတိလူ) သည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကိုမခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာပိုင်းခြား၍နားလည်နိုင်

သောကြောင့်၊ ဇာတိပကတိလူ (မူရင်းပကတိလူ) သည် နားမလည်နိုင်" (၁ကော ၂း၁၄)။

မူရင်းပကတိလူသည်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လုံးဝဆက်ဆံရေးမရှိပါ။ လောကီဆန်စွာနေထိုင်၍ ဘုရားသခင်အကြောင်းကိုမေးမြန်းစုံစမ်းခြင်းမရှိပါ။ သို့မဟုတ်လျှင်လည်း ရံဖန်ရံခါမျှသာ ဘုရားအကြောင်းကိုစုံစမ်းမေးမြန်းတတ်ပါသည်။

ဝိညာဉ်ပကတိလူနှင့်ဇာတိပကတိလူများသည်အသင်းတော်တွင်ရှိသည်

ဤအုပ်စုနှစ်စုသည်၊ ၁ကော ၂ နှင့် ၃ တွင် အဓိကမိတ်ဆက်ပေးထားသကဲ့သို့ ရောမ ၈း၁-၁၇၊ ဂလာတိ ၄ နှင့် ၆ တွင်လည်း မိတ်ဆက်ပေးထားပါသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် သူတို့၏ဆက်ဆံရေးသည်၊ ဤအုပ်စုနှစ်စုအတွက် မှတ်ကျောက်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သတိထားမိရန်လိုအပ်ပါသည်။ ဤသို့အဘယ်ကြောင့်ပြုရသနည်းဆိုသော်၊ ကောင်းကင်သို့ဝင်စားရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏တစ်ခုတည်းသောဆက်သွယ်မှုဖြစ်သည်ဟု ဘုရားသခင်ပြဋ္ဌာန်းခဲ့ပြီ။ (The Desire of Ages, p. 322. မသဲ၊ ၁၂း၃၂) "စိတ်နှလုံးသည်၊ ဝိညာဉ်တော်၏လွှမ်းမိုးမှုအတွက်တံခါးကိုဖွင့်ထားပေးသည်။ သို့မဟုတ်လျှင် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို မရရှိနိုင်ပါ။" Steps to Christ, 95.1.

အသင်းတော်၏အသင်းဝင်ဖြစ်သောဝိညာဉ်ပကတိလူ

၁ကော၊ ၂း၁၅,၁၆ ကိုဖတ်ကြည့်ကြပါစို့။

"ဝိညာဉ်လူမူကား၊ ထိုအရာအလုံးစုံတို့ကို၊ ပိုင်းခြား၍နားလည်တတ်၏။ သို့သော်လည်း ထိုလူကိုအဘယ်သူမျှပိုင်းခြား၍မသိနိုင်။ ထိုလူကိုသွန်သင်နိုင်မည်အကြောင်း အဘယ်သူသည် ထာဝရဘုရား၏စိတ်တော်ကိုသိသနည်း။ ငါတို့မူကား ခရစ်တော်၏စိတ်ကိုခံရကြ၏။"

ဝိညာဉ်ပကတိလူသည်၊ စစ်မှန်သောခရစ်ယာန်ဖြစ်သည်။ "ဝိညာဉ်လူ" ဟုခေါ်ရခြင်းမှာ သူသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောကြောင့် ဖြစ်သည်။ သည်မှာလည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆက်ဆံရေးသည် ဝိညာဉ်ပကတိလူဟူသောဂုဏ်ထူးအတွက် မှတ်ကျောက်ဖြစ်ပါသည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ကောင်းသောကြီးထွားသောဆက်ဆံရေးရှိပါသည်။ ယေရှုသည် "သူ့အသက်တာ၏ဗဟိုချက်" တွင် တည်ရှိသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏စိတ်ပလ္လင်ပေါ်မှာ ယေရှုထိုင်နေသည်ဟုလည်း ကျွန်ုပ်တို့ပြောတတ်ပါသည်။ ဝိညာဉ်ပကတိလူသည်၊ မိမိကိုယ်ကိုယေရှုထံသို့လိုအပ်သမျှနှင့် ရှိရှိသမျှကိုဆက်ကပ်အပ်နှံ၍ အထွေထွေစည်းကမ်းတစ်ခုကဲ့သို့ယေရှုထံသို့ နံနက်တိုင်းကိုယ်၌ဖြစ်သမျှနှင့်ရှိသမျှကို ဆက်ကပ်ခြင်းအားဖြင့် နေ့စဉ်အတည်ပြုခဲ့ပါသည်။ လောဒိကိအသင်းတော်သတင်းစကားတွင် သူ့အား "ပူသည်" ဟုခေါ်ဆိုထား၍ သတို့သမီးဆယ်ဦးပုံပမာတွင် "ပညာရှိ" ဟုခေါ်ဆိုထားပါသည်။ ရောမ၊ ၈း၁–၁၇ နှင့် ဂလာတိ အခန်းကြီး (၅) တွင် သူ့အကြောင်းကိုပို၍ ပြောပြထားပါသည်။ သူ၏အသက်တာကို "အထူးသဖြင့်အသက်နှင့်ပြည့်စုံသည်" (ယောဟန် ၁၀း၁၀) ဟု ကိုယ်တော့်ခံစားရ၍ ပေါလုဖေါ်ပြသကဲ့သို့ "ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီပြည့်စုံကြမည်။" (ဧဖက်၊ ၃း၁၉။ ကောလောသဲ ၂း၉) ဟူ၍လည်းလက်တွေ့ခံစားရကြမည်။

အသင်းတော်၏အသင်းဝင်ဖြစ်သောဧာတိပကတိလူ

လူတစ်ယောက်သည်အချိန်တိုအတွင်း သို့မဟုတ် နှစ်ပေါင်းများစွာ အသင်းဝင်တစ်ယောက်ဖြစ်သော်လည်း၊ ဧာတိပကတိခရစ်ယာန်တစ်ယောက် ဖြစ်နေနိုင်သေးသည်။ ဤအချိန်တွင် သင်သည်ဧာတိပကတိခရစ်ယာန်တစ်ယောက်ဖြစ်သည်ဟု သင်သိရှိ၍အံ့သြနေမိလျှင်၊ ၎င်းကြောင့်စိတ်မပျက်ဘဲ ဝမ်းမြောက်ခြင်းရှိပါ။ အဘယ်ကြောင့်ဆိုသော် ချက်ချင်းပြောင်းလဲပစ်ရန်

သင့်မှာဖြစ်နိုင်ခြေအလားအလာရှိသောကြောင့်ဖြစ်သည်။ သင်သည်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာအားဖြင့် ကြီးမားသောဝမ်းမြောက်ခြင်းကို ကိုယ်တွေ့တွေ့ကြုံခံစားရမည်။ ဇာတိပကတိခရစ်ယာန်အများစုသည်၊ ဤအခြေအနေတွင်ရှိနေသည်ကိုမသိရှိဘဲ၊ သူတို့၏ယုံကြည်ခြင်းဒဏ်သာဓုများသောအတွေ့အကြုံများရရှိရန်ဆန္ဒရှိကြသည်ဟု ကျွန်ုပ်လက်ခံယုံကြည်မိပါသည်။ မကြာခဏသူတို့၏မသိခြင်းသည် သူတို့၏အမှားမဟုတ်ပါ။ သုံးသပ်ဆင်ခြင်ကြည့်ပါ။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သင်၏စိတ်နှလုံးထဲမှာ ခရစ်တော်တည်ရှိသောအသက်တာတစ်ခုကြောင့် ကြီးမားသောဝမ်းမြောက်ခြင်းကို သင်လက်တွေ့သိရှိခံစားရမည်။ (ယောဟန် ၁၅း၁၁ တွင်ယေရှုက "သင်တို့ဝမ်းမြောက်စရာအကြောင်းပြည့်စုံစေခြင်းငှါ" ဟုပြောခဲ့သည်။) ဤပြောင်းလဲခြင်းအားဖြင့် အထူးသဖြင့် အသက်နှင့်ပြည့်စုံသောအသက်တာသို့ တစ်ထစ်ပြီးတစ်ထစ်တက်လှမ်းနိုင်လိမ့်မည်။ (ယောဟန် ၁၀း၁၀ တွင် ယေရှုပြောခြင်း၊ ဤအကြောင်းကိုနောက်မှထပ်ပြောမည်။) ထာဝရအသက်အတွက် ကောင်းမွန်စွာအခြေစိုက်ထားသောမျှော်လင့်ခြင်းကို သင်ရရှိလိမ့်မည်။

ဆုတောင်းချက်။ ကောင်းကင်ဘုံ၌ရှိတော်မူသောအဘ၊ ဤမေးခွန်းကို ကျွန်ုပ်ကိုယ်ကျွန်ုပ်မေးရန်ကျေးဇူးပြု၍ဆန္ဒရှိရန်ကူညီမစပါ။ ကျွန်ုပ်သည်ဇာတိပကတိခရစ်ယာန်တစ်ယောက်ဖြစ်ခဲ့လျှင် ချက်ချင်းသဘောပေါက်သိရှိရန်ကျေးဇူးပြု၍ကူညီပေးပါ။ ဖဘုရားအလိုတော်ရှိသမျှကို လုပ်လိုသောစိတ်ရှိစေရန် ကျွန်ုပ်အားလိုအင်ဆန္ဒပေးသနားတော်မူပါ။ ပျော်ရွှင်သောခရစ်ယာန်အသက်တာ၊ ကတိတော်၏ အထူးသဖြင့်အသက်နှင့်ပြည့်စုံသောအသက်တာနှင့် ထာဝရအသက်သို့ ကျွန်ုပ်အားကျေးဇူးပြု၍ပို့ဆောင်တော်မူပါ။ ကျေးဇူးပြု၍ကျွန်ုပ်၏စိတ်နှလုံးကိုလည်း အသစ်ပြုပြင်ပေးတော်မူပါ။ ကျွန်ုပ်၏ဆုတောင်းသံကိုနားညောင်း၍ ပေးသနားသောကြောင့်ကျေးဇူးတင်ပါ၏။ အာမင်။

၁ကော ၃း၁–၄ တွင် အသင်းတော်ရှိအသင်းဝင်များအား မည်ကဲ့သို့ ပေါလုပြောရန်ရှိသည်ကို ဖတ်ကြည့်ကြပါစို့။ “ညီအစ်ကိုတို့၊ အထက်ကငါသည်၊ ဝိညာဉ်လူတို့အားဟောပြောသကဲ့သို့ သင်တို့အားဟောပြောရသောအခွင့်မရှိဘဲ၊ ဇာတိပကတိလူတို့အားလည်းကောင်း၊ ခရစ်တော်၌ သူငယ်ကလေးတို့အားလည်းကောင်း၊ ဟောပြောသကဲ့သို့ဟောပြောရ၏။ ယခုတိုင်အောင်သင်တို့သည် ခဲဖွယ်စားဖွယ်ကိုမကြေနိုင်သောကြောင့်၊ ငါမကျွေးရ။ နို့ကိုသာတိုက်ရ၏။ ယခုပင်လည်းသင်တို့သည် မကြေနိုင်ကြသေး။ ယခုပင်လည်းဇာတိပကတိလူဖြစ်ကြသေး၏။ ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း၊ အချင်းချင်းကွဲပြားခြင်းရှိသည်ဖြစ်၍ သင်တို့သည်၊ ဇာတိပကတိလူဖြစ်ကြသည်မဟုတ်လော။ လောကီထုံးစံအတိုင်း ကျင့်ဆောင်ကြသည်မဟုတ်လော။ တစ်ယောက်က၊ ငါသည်ပေါလုတပည့်ဖြစ်၏ဟူ၍လည်းကောင်း၊ တစ်ယောက်ကငါသည် အာပေါလု၏တပည့်ဖြစ်၏ဟူ၍လည်းကောင်း၊ အသီးသီးပြောကြလျှင်၊ ဇာတိပကတိလူဖြစ်ကြသည်မဟုတ်လော။”

ဤနေရာ၌၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် တစ်ကိုယ်ရေဆက်ဆံရေးသည်၊ ဤအုပ်စုတွင်ဂုဏ်ထူးအတွက် မှတ်ကျောက်တင်ထားသည်ကို သင်သည် ထင်းရှားစွာတွေ့မြင်နိုင်ပါသလား။ ဤကျမ်းပိုဒ်အနည်းငယ်တွင် တမန်တော်ပေါလုက သူတို့ကိုဇာတိပကတိလူဟု (၄) ကြိမ်ဖော်ပြခဲ့သည်။ ဇာတိပကတိ၏အဓိပ္ပါယ်ကဘာလဲ။ ဤလူသည် အသွေးအသား၏အင်အားနှင့်အသက်ရှင်ခြင်းဟု အဓိပ္ပါယ်ရပါသည်။ ထိုအင်အားသည် လူတစ်ဦးမှာရှိသော သာမန်ခွန်အားနှင့်စွမ်းရည်ဖြစ်သည်။ ထို့အပြင် သူသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းမရှိ သို့မဟုတ် လုံလောက်ခြင်းမရှိဟုအဓိပ္ပါယ်ရပါသည်။

လူအချို့က ဤအုပ်စုထဲမှာ ဇြောင်ကျကျအပြစ်ထဲမှာအသက်ရှင်သောသူများပါဝင်သည်ဟု ထင်ကြသည်။ သို့သော် ထိုအရာသည်၊ ဤအုပ်စုတွင်ရှိသောအရိပ်များထဲမှ တစ်ခုသာဖြစ်သည်။ ဤအုပ်စုများထဲမှ အုပ်စု

တစ်ခုစီတွင် ကွဲပြားခြားနားခြင်းများစွာရှိသည်ဟု နောက်တစ်ကြိမ်ကျွန်ုပ်အလေးထားပြောလိုပါသည်။

ရှင်ပေါလုသည် ဇာတိပကတိလူများကို "ညီအစ်ကိုတို့" ဟုခေါ်ဆိုခဲ့သည်။ ဤသည်မှာ သူသည်အသင်းဝင်များနှင့်ပေါင်းသင်းဆက်ဆံခြင်းရှိသည်ကို ဖော်ပြပါသည်။ ပေါလုသည် သူတို့ကို "ဝိညာဉ်ပကတိလူ" ကဲ့သို့စကားမပြောနိုင်ခဲ့ပါ။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသို့မဟုတ် လုံလောက်စွာအဖြည့်မခံခဲ့ရပါဟု အဓိပ္ပါယ်ရပါသည်။ သူတို့ကို "ခရစ်တော်၌သူငယ်ကလေး" ကဲ့သို့သူစကားပြောခဲ့ရသည်။ သူတို့ယုံကြည်ခြင်း၌ ကြီးထွားသင့်သမျှမကြီးထွားခဲ့ကြောင်း ဤအရာကဖော်ပြခဲ့ပါသည်။ လူတစ်ယောက်သည် ကျမ်းစာနှင့်ပတ်သက်သောပညာကြီးမားစွာရှိနိုင်သော်လည်း ဝိညာဉ်ရေးရာမှာ မကြီးထွားဘဲရှိနေနိုင်သေးသည်။ ဝိညာဉ်ရေးကြီးထွားခြင်းသည်၊ ခရစ်တော်ထံသို့ ကျွန်ုပ်တို့ကိုယ်ကိုလုံးလုံးလျားလျားဆက်ကပ်ခြင်းဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်နှင့် အဆက်မပြတ်တည်ရှိသောအသက်တာတစ်ခုဖြစ်သည်။

များစွာသောဇာတိပကတိခရစ်ယာန်များသည်၊ သူတို့၏ဝိညာဉ်ရေးအသက်တာတွင်ကျေနပ်အားရခြင်းမရှိပါ။ စိတ်ပျက်အားငယ်ခြင်းရှိ၍ ရည်ရွယ်ချက်ကင်းမဲ့သည်ဟု ခံစားကြရသည်။ သို့မဟုတ် သူတို့၏ဝိညာဉ်ရေးအသက်တာတွင်၊ အမြဲကြိုးပမ်းအားထုတ်မှုအောက်မှာရှိနေကြသည်။

အခြားသောဇာတိပကတိအသင်းဝင်များသည်၊ ဤအခြေအနေတွင်အကျင့်ဖြစ်နေ၍ ဤအခြေအနေမှာ ကျေနပ်ရောင့်ရဲလျက်ရှိနေသည်။ ကျွန်ုပ်တို့သည် အပြစ်သားများသာဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဘာမျှမတတ်နိုင်ပါဟု သူတို့ပြောနေနိုင်ပါသည်။

တစ်ဖန်အခြားဇာတိပကတိခရစ်ယာန်များက စိတ်အားထက်သန်သောသူများဖြစ်နေနိုင်သည်။ သမ္မာတရားကိုသိရသောကြောင့် သူတို့ဝမ်းသာကြသည်။ ထိုသို့ဇာတိပကတိအသင်းသားများသည် အလွန်တက်ကြွဖျတ်လတ်၍

ဒေသခံအသင်းတော်တွင် ဦးဆောင်သောရာထူးမှာပါဝင်နိုင်သည်။ သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့မှာပင် ပါဝင်နေနိုင်ပါသည်။ ဘုရားသခင်အတွက်များစွာ အလုပ်လုပ်ခဲ့သောသူများဖြစ်နိုင်ပါသည်။

မဿဲ၊ ၇း၂၂၊ ၂၃ တွင် "ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည်၊ ကိုယ်တော်အခွင့်နှင့်ဆုံးမသြဝါဒပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသောတန်ခိုးတို့ကိုပြပါပြီမဟုတ်လောဟု အများသောသူတို့သည်လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ၊ သင်တို့ကိုငါအလျှင်းမသိ၊ အဓမ္မအမှုကိုပြုသောသူတို့၊ ငါထံမှဖယ်ကြဟု ထိုသူတို့အားအတိအလင်းငါပြောမည်။"

ပြဿနာကအဘယ်မှာတည်ရှိနေသနည်း။ ယေရှုကသူတို့ကိုမသိဟုပြောခဲ့သည်။ ခရစ်တော်နှင့်စစ်မှန်သောဆက်ဆံရေးမရှိဘဲ၊ အယောင်အဆောင်ဆက်ဆံရေးသာရှိခဲ့သည်။ စစ်မှန်သောကတိပြုခြင်းမရှိခဲ့သကဲ့သို့ကတိကို မထိန်းသိမ်းနိုင်ခဲ့သည်လည်းဖြစ်နိုင်ပါသည်။ သူတို့၏စိတ်နှလုံးထဲတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယေရှုရှိမနေခြင်းဖြစ်သည်။ ထိုသို့ဖြင့် ခရစ်တော်နှင့်တစ်ကိုယ်ရေဆက်ဆံခြင်းမရှိခဲ့ပါ။ "ထို့ကြောင့် ယေရှုခရစ်တော်နှင့်ရှင်းလင်းစွာမြင်နိုင်သောဆက်သွယ်ရေးတစ်ခုရှိနိုင်ပါသည်။..." E.G. White, The Desire of Ages, (1898), p.,S.676. ကျွန်ုပ်တို့အထဲတွင် မည်သည့်အချိန်၌ ခရစ်တော်မရှိပါသနည်း။ ဤအကြောင်းနှင့်ပတ်သက်၍ လေးနက်သောစာများကိုဖတ်ခဲ့မိပါသည်။ ၎င်းတို့ကိုကျွန်ုပ်မဖေါ်ပြမီ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာမှာရှိနေလျှင်၊ အောက်ပါအရာများမှ ကင်းလွတ်နိုင်ကြောင်း ကျွန်ုပ်ညွှန်ပြပေးချင်ပါသည်။

"ခရစ်တော်၏ဝိညာဉ်နှင့် ဆန့်ကျင်သောဝိညာဉ်တစ်လုံးသည် မည်သည့်လုပ်ဆောင်မှုတွင်မဆို ဘုရားအားငြင်းပယ်လိမ့်မည်။ လူများသည်၊ ယုတ်ညံ့သောစကားအားဖြင့်၊ မိုက်မဲသောအပြောအဆိုအားဖြင့်၊ မမှန်ကန်သော

စကားနှင့် အကြင်နာကင်းသောစကားများအားဖြင့်၊ ခရစ်တော်ကိုငြင်းပယ်နိုင်သည်။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများကို ထမ်းရန်ရှောင်ခြင်းအားဖြင့်သော်လည်းကောင်း၊ အပြစ်၌ပျော်မွေ့ခြင်းနောက်သို့လိုက်ခြင်းအားဖြင့်သော်လည်းကောင်း၊ ခရစ်တော်ကိုငြင်းပယ်နိုင်ပါသည်။ လောကီအကျင့်နှင့်ကိုက်ညီအောင်နေခြင်းအားဖြင့်၊ ယဉ်ကျေးခြင်းမရှိသောအပြုအမူအားဖြင့်၊ သူတို့၏ကိုယ်ပိုင်ထင်မြင်ချက်ကိုသာနှစ်သက်ခြင်းအားဖြင့်၊ ကိုယ့်ကိုကိုယ်ဖြောင့်မတ်သည်ဟုယူဆခြင်းအားဖြင့်၊ မသက်သောစိတ်ကိုပွေ့ပိုက်ခြင်းအားဖြင့်၊ အန္တရာယ်အခက်ခဲများကိုဖိတ်ခေါ်ခြင်းအားဖြင့်၊ အမှောင်တွင်နေထိုင်ခြင်းအားဖြင့် ခရစ်တော်ကိုငြင်းပယ်နိုင်သည်။ ဤနည်းလမ်းများဖြင့် ခရစ်တော်သည် သူတို့အထဲတွင်မရှိကြောင်း ထုတ်ဖော်ကြေညာကြသည်။" E.G. White, The Desire of Ages, (1898) p.357.2.

ဤကဲ့သို့ ဘုရားကိုငြင်းပယ်ခြင်းမှ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် လျင်မြန်စွာပြောင်းလဲပစ်၍ရနိုင်ပါသည်။ တတိယနှင့်ပဉ္စမအခန်းများတွင် ကျွန်ုပ်တို့ထပ်၍လေ့လာကြမည်။

ဘုရားသခင်ထံတော်သို့ကျွန်ုပ်တို့၏အသက်တာကို ဆက်ကပ်အပ်နှံခြင်းနှင့်ဘုရားသခင်အားကတိကဝတ် ပြုခြင်းတစ်ခုသည်အဘယ်ကြောင့်အရေးကြီးပါသနည်း။

ဘုရားသခင်၏နှုတ်ကပတ်တော်က "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း၊ ဘုရားသခင်၏ကရုဏာတော်ကိုထောက်ထား၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပါ၏" ရောမ ၁၂း၁။

"ဘုရားသခင်သည် ကျွန်ုပ်တို့ကိုရောဂါကင်းငြိမ်းရန်၊ ကျွန်ုပ်တို့လွတ်မြောက်ခြင်းရရှိရန်အလိုတော်ရှိပါသည်။ (ကျွန်ုပ်တို့အတွက်စိုးမိုးမှုမှ၊ အပြစ်တရား၏အနှောင်အဖွဲ့မှ) သို့သော်လည်း ပြောင်းလဲခြင်းတစ်ခုလုံးလိုအပ်၍ ကျွန်ုပ်တို့သဘောသဘာဝတစ်ခုလုံးကို အသစ်တစ်ဖန်ပြုပြင်ပေးရန်လိုအပ်သောအချိန်မှစ၍ ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင့်အထံတော်သို့လုံးလုံးအလျှော့ပေးလိုက်လျောအပ်နှံကြရမည်။" E.G. White, Steps to Christ (1892), p. 43.2. ကျွန်ုပ်တို့၏အတွေ့စိတ်သည်၊ အပြစ်ကျူးလွန်ခြင်း၊ မနာလိုဝန်တိုခြင်း၊ စိတ်ကသိကအောက်ဖြစ်ခြင်း၊ နာကြည်းဒေါသဖြစ်ခြင်းစသည်တို့ဖြစ်သည်။ ဤစိတ်နေသဘောထားများမှ ကျွန်ုပ်တို့ကိုဘုရားသခင်ကလွတ်မြောက်စေချင်ပါသည်။

"ဘုရားသခင်သည် သူ့အားကျွန်ုပ်တို့ကိုယ်ကိုပေးအပ်ရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်ပါသည်။ ကျွန်ုပ်တို့တွင် သူ၏အလိုတော်အတိုင်းပြုနိုင်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်၏အချုပ်အနှောင်မှ လွတ်မြောက်မည်လား။ ဘုန်းကြီးသောလွတ်လပ်မှုကို ဘုရား၏သားများနှင့်မျှဝေခံစားမည်လား။ ဤသည်မှာ ကျွန်ုပ်တို့အတွက်ရွေးချယ်ရန်ကျန်နေသည်။" E.G. White, Steps to Christ (1892), p. 43.4.

ဘုရားသခင်သည် ကျွန်ုပ်တို့၏အခြေခံကတိကဝတ်ပြုခြင်းကို ပြန်လည်မွေးဖွားခြင်းနှင့်အဖြေပေးခဲ့သည်။ (ယောဟန် ၃း၁-၂၁)။ ထို့နောက် သူ့ထံဆက်ကပ်ခြင်း၌ တည်ရှိနေရန်ဖြစ်သည်။ (ယောဟန် ၁၅း၁-၁၇) တတိယအခန်းတွင် ဤအကြောင်းကိုပို၍ပြောကြမည်။

ဘုရားသခင်ထံတော်သို့ ကျွန်ုပ်တို့၏အသက်တာများကို ပေးအပ်ခြင်းအကြောင်းနှင့်ပတ်သက်၍ မောရစ်(စ)ဗန်ဒန် (Morris Venden) ပြောသည်မှာ၊ "တစ်ပိုင်းတစ်စဆက်ကပ်အပ်နှံခြင်းကဲ့သို့သောအရာမရှိပါ။ ကိုယ်ဝန်ဆောင်ရာတွင် အနည်းငယ်၊ တစ်ပိုင်းတစ်စဆောင်၍မရနိုင်သကဲ့သို့ ဆက်ကပ်အပ်နှံခြင်းသည်လည်း တစ်ပိုင်းတစ်စအပ်နှံ၍မရနိုင်ပါ။ သင်ဖြစ်သည်၊ သို့မဟုတ်

မဖြစ်ပါဟူ၍ရှိသည်။ အလယ်အလတ်မှာရှိ၍မရနိုင်ပါ။" Morris Venden, 95 Theses on Righteousness by Faith (Pacific Press, 1987), p. 63.

နေ့စဉ်ဆက်ကပ်ခြင်းအကြောင်းနှင့်ပတ်သက်၍ အယ်လင်ဝိုက်က အောက်ပါအတိုင်းပြောခဲ့သည်။

"ခရစ်တော်နှင့် လက်တွဲအမှုဆောင်ဖြစ်လာမည့်သူများနှင့်သခင်၊ ကျွန်ုပ်ဖြစ်သမျှနှင့်ရှိသမျှသည်၊ ဖဘုရား၏ဥစ္စာများဖြစ်သည်ဟု ပြောသောသူများမှသာ ဘုရားသခင်၏သားများနှင့်သမီးများအဖြစ် အသိအမှတ်ပြုခံရကြမည်။" E.G. White, The Desire of Ages,, p. 523.

ထို့ကြောင့် လူတစ်ယောက်သည် အသင်းတော်မှာရှိသော်လည်း ပျောက်ဆုံးနိုင်သေးသည်။ မည်မျှဝမ်းနည်းစရာကောင်းပါသနည်း။ [သတို့သမီး (၁၀) ဦးပုံပမာနှင့်လောဒိကိအသင်းတော်သို့ပေးစာတွင် ပုံခိုင်းထားပါသည်။]

အဘယ်ကြောင့်ဧဝတိပကတိခရစ်ယာန်များကိုခွဲခြားပြရန် အလွန်ခက်ခဲပါသနည်း။

ဧဝတိပကတိလူတစ်ယောက်၏အသက်တာသည် ဘာသာရေးအယူဝါဒနှင့်ပြည့်ဝသောကြောင့်၊ အသက်တမျှအရေးကြီးသည့် ဘုရားသခင်နှင့်ရင်းနှီးခြင်းနှင့် ကယ်တင်ခြင်းနှင့်ပတ်သက်သော ဆက်ဆံရေးများလိုအပ်သည်ဟု မိမိကိုယ်မိမိမယူဆမိပေ။ ကျွန်ုပ်တို့၏အသက်တာတစ်ခုလုံးကို အုပ်ချုပ်ရန် ခရစ်တော်အားအခွင့်မပေးခဲ့လျှင်၊ စိတ်နှလုံးတံခါးရှေ့မှာရပ်၍ သူသည်တံခါးကိုခေါက်နေပါသည်။ (ဗျာဒိတ် ၃း၂၀)။ အကယ်၍ ထိုသို့ပြောင်းလဲခြင်းမရှိလျှင်၊ သင့်ကိုငါထွေးထုတ်မည်ဟု ခရစ်တော်ပြောပါသည်။

အခြားသောအရာတစ်ခုသည်လည်း တစ်စိတ်တစ်ပိုင်းပါဝင်လျက်ရှိပါသည်။ သမ္မာကျမ်းစာအပေါ်အုတ်မြစ်ချထားသော ကျွန်ုပ်တို့၏ခိုင်မာ

သောအခြေခံဩဝါဒအားဖြင့် ကျွန်ုပ်တို့တွင်ခိုင်မာသောခံယူချက်များရှိပါသည်။ (တစ်ချိန်တည်းမှာပင် ထိုထက်ပိုသောထိုးထွင်းဉာဏ်၌ ပွင့်လင်းစွာရှိရန် ကျွန်ုပ်တို့လိုချင်ကြပါသည်။) ကျွန်ုပ်တို့သည်အမှန်တရားကို ယုံကြည်သည်ဟု ကျွန်ုပ်တို့သေချာလျက်ရှိသည်။ ထိုအသိသည် ကျွန်ုပ်တို့၏စိတ်ကို လှုပ်ခတ်စေပါသည်။ ကျွန်ုပ်တို့မှာ များစွာသောဇဟုသုတရှိပါသည်။ မှန်ကန်သောအရာများကို ကျွန်ုပ်တို့ပြောကြသည်။ ဇာတိပကတိလူအကြောင်းကို ထုတ်ဖော်ရန် ထိုအကြောင်းကြောင့်ခက်ခဲလှသည်။ ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အမှန်တကယ်အသက်ရှင်ခဲ့လျှင် ၎င်းကဘာမှာမပါဝင်နိုင်ဘူးမဟုတ်လား။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်သည်ခြားနားချက်ကိုမြင်နိုင်ပါ့မလား။

တရားဟောဆရာပါစတာတစ်ဦးကရေးခဲ့သည်။ "ရက် (၄၀) ဆုတောင်းချိန်တွင် ပါဝင်သောညီမတော်တစ်ဦးထံမှ ယခုပင်ဖုန်းလာခဲ့ပါသည်။ [အခန်း ၅ တွင် ရက် (၄၀) ဆုတောင်းချိန်အကြောင်းအထူးပါရှိသည်။] ထိုအရက် (၄၀) ဆုတောင်းချိန်သည် သူမ၏အသက်တာကို ပြောင်းလဲပစ်စေသည်ဟု သူပြောခဲ့သည်။ သူမ၏အသက်တာခရီးတစ်လျှောက်လုံးတွင် သူမ၏ဝိညာဉ်ရေးအသက်တာမှာ မည့်သည့်အရာလိုအပ်သည်ကို သိလိုစိတ်ရှိခဲ့သည်။ ယခုမှာတော့ သူမသိခဲ့ပြီ၊ သန့်ရှင်းသောဝိညာဉ်တော်ပဲဖြစ်ပါသည်။ သူမ၏သက်သေခံချက်ကိုသင်ကြားရရန် ကျွန်ုပ်အလိုရှိပါသည်။ ဘုရားသခင်နှင့်ဆက်ဆံရေးရှိသည်ကို သူမ၏အသက်တာမှာ ပထမဦးဆုံးအကြိမ်သတိထားမိခဲ့သည်ဟု သူမပြောခဲ့ပါသည်။ သူမ၏အသက်တာမှာ ပြောင်းလဲခြင်းရှိသည်ကို အခြားသူများလည်းသတိထားမိခဲ့ကြသည်ဟု သူမပြောခဲ့သည်။" Email an H. Haubeil-received on February 15, 2012. ဤတွင်လူတစ်ဦးတစ်ယောက်သည် သူ့မှာလိုအပ်ချက်ရှိသည်ကို သတိထားမိသော်လည်း ထိုလိုအပ်ချက်သည် မည်သည့်အရာဖြစ်သည်ကို မသိရှိဘဲရှိနေသည်ကို ကျွန်ုပ်တို့တွေ့ရှိနိုင်ပါသည်။ အများသောသူများသည်သာ၍ရရှိရန် ဆန္ဒရှိကြသော်လည်း၊ မည်သည့်

အရာကိုလိုချင်သည်ကိုမသိ၍သော်လည်းကောင်း၊ မည်ကဲ့သို့ရရှိနိုင်သည်ကို မသိ၍သော်လည်းကောင်း ဖြစ်နေတတ်သည်။

၁ကော ၃း၁-၄ တွင် "ယခုတိုင်အောင်" "ယခုပင်လည်း" ဆိုသည့် စကားစုကို ၃ ကြိမ်သုံးခဲ့သည်ကိုတွေ့သောကြောင့် ကျွန်ုပ်ကျေးဇူးတင်မိပါသည်။ "ယခုပင်လည်း ဧာတိပကတိလူဖြစ်ကြသေး၏။" ဤစကားသည် ဧာတိပကတိလူက ဝိညာဉ်ပကတိလူသို့ပြောင်းသွားနိုင်ကြောင်း ဖော်ပြထားပါသည်။ မည်သူမျှဧာတိပကတိလူအဖြစ်ရှိနေရန်မလိုပါ။ အသင်းတော်တွင် ရှိနေသောကြောင့် သူ့မှာသတိထားမိပြီး ပြုပြင်ပြောင်းလဲပစ်ရန် အခွင့်ကောင်းတစ်ခုရှိနေပါသည်။ ဝိညာဉ်ပကတိလူဖြစ်လာနိုင်သည့်အကြောင်းကို နောက်မှပြောကြမည်။

အခြားဆင်ခြင်စရာတစ်ခုမှာ မနာလိုခြင်းနှင့်ခိုက်ရန်ဖြစ်ပွားခြင်းသို့မဟုတ် ကျမ်းစာကပြောသည့်အတိုင်း "ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း၊ အချင်းချင်းကွဲပြားခြင်းရှိသည်ဖြစ်၍၊ သင်တို့သည် ဧာတိပကတိလူဖြစ်ကြသည်မဟုတ်လော" (၁ကော၊ ၃း၃)။ ပေါလုအတွက်ဤအပြုအမူများသည်၊ သန့်ရှင်းသောဝိညာဉ်တော်ဖြင့်အသင်းဝင်များ အသက်မရှင်ကြဘဲ၊ အခြားသူများ၊ ဧာတိပကတိလူများကဲ့သို့အသက်ရှင်ကြောင်း သက်သေပြခြင်းဖြစ်သည်။ သူတို့သည် ဘာသာရေးအဖွဲ့တွင်ပါဝင်သော်ငြားလည်း မူရင်းပကတိလူကဲ့သို့ပြုမူနေထိုင်နိုင်ပါသည်။ ဤသို့ဆိုရာတွင် အသင်းတော်ပင်စည်အတွက် တင်းမာခြင်းများသည် ဧာတိပကတိစိတ်ရှိသောအသင်းဝင်များကြောင့် အဓိကဖြစ်ပေါ်စေသည်ဟု ဆိုလိုပါသလား။ (ယုဒအငယ် ၁၉ တွင်ကြည့်ပါ။) ယေရှုအချိန်အခါတုန်းက ဖာရိရှဲများနှင့်ဒဿုကဲများသည် အချင်းချင်းပြိုင်ဘက်များဖြစ်ကြသည်မဟုတ်ပါလား။ ဤတွင်ထိုအချိန်ကပင် ကွန်ဆာဗေးတစ် (ပြောင်းလဲမှုကိုမလိုလားသောအဖွဲ့) နှင့် လစ်ဘရယ် (သဘောထားကြီးသောအဖွဲ့) အကြားတင်းမာမှုများရှိခဲ့သည်ဟုဆိုလိုပါသည်။ တစ်အုပ်စုကတိကျ၍ အခြားတစ်အုပ်စုက မည်သည့်အရာကိုမျှတိတိကျကျမပြုလုပ်ဘဲလျော့ရဲစွာ

ပြုလုပ်သည်။ သို့သော်လည်း နှစ်အုပ်စုလုံးကသူတို့မှာ မှန်ကန်သောကျမ်းစာအနက်နှင့်သဘောတရားရှိကြောင်း ယုံကြည်ကြသည်။ သို့သော်လည်း အုပ်စုနှစ်စုလုံးက ဇာတိပကတိဖြစ်ကြောင်းယေရှုပြသခဲ့သည်။ အဓိပ္ပါယ်မှာ နှစ်အုပ်စုလုံးက သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝကြဟုဆိုလိုပါသည်။ ယနေ့မှာ ဤကဲ့သို့ပင်ဖြစ်နိုင်သည်။ တိကျသောခရစ်ယာန်များလည်း ဇာတိပကတိခရစ်ယာန်များဖြစ်နိုင်ပါသည်။

ကံမကောင်းစွာ ယနေ့ခေတ်လူများသည် ရှေးရိုးစွဲသောသူများ၏မျက်မှန်မှ သို့မဟုတ် စိတ်နေသဘောထားကြီးသောသူတို့၏မျက်မှန်မှတစ်ဆင့်ကြည့်ရှုတတ်ကြသည်။ အကျိုးကျေးဇူးမှာ လေ့လာသူကောင်းကောင်းလေ့လာရသည်။ မည်သို့ပင်ဖြစ်စေ၊ ဇာတိနှင့်ဝိညာဉ်ပကတိအပေါ် သမ္မာကျမ်းစာ၏ခွဲခြားခြင်းတွင် ဝိညာဉ်ရေးဖန်တီးတည်ဆောက်ရန်အတွက် ကျွန်ုပ်တို့အားစိန်ခေါ်ထားပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ကောင်းရန်အတွက် ကျွန်ုပ်တို့ပြုလုပ်သင့်ပါသည်။ ဂလာတိ ၆း၇–၈ မှာ ကျွန်ုပ်တို့အား ဘုရားသခင်ကရှင်းလင်းစွာပြောပြသည်ကိုဆင်ခြင်ကြည့်ပါ။

“.....လူသည်မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည်၊ ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကိုရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည်၊ ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။”

ဇာတိပကတိလူသည် ယေရှုနောက်တော်သို့လိုက်ရန်နှင့် ယေရှု၏စိတ်တော်နှင့်တွေ့ရန်အလိုရှိပါသည်။ သို့သော် ယေရှုထံသို့သူ၏အသက်တာတစ်ခုလုံးကို မအပ်နှံခဲ့ပါ။ သို့မဟုတ် အပ်နှံခဲ့ပါကလည်း နောက်ပြန်လှည့်ခြင်း၊ ဖေါက်ပြန်ခြင်းပြန်ဖြစ်ခဲ့သည်။ (ဂလာတိ ၃း၃။ ဗျာဒိတ်၊ ၂း၄–၅) သူသည်သတိမထားမိဘဲ ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်ရှင်လို၍တစ်ပြိုင်နက်တည်းမှာ သူ၏ကိုယ်တိုင်အလိုဆန္ဒအတိုင်း အသက်ရှင်လိုသည်ဟုအဓိပ္ပါယ်ရပါသည်။ သို့သော် ထိုသို့အလုပ်မဖြစ်နိုင်ပါ။ နောက်ဆုံးတွင်

သူ့ဘဝကိုသူ့လက်ထဲမှာပင် သယ်ဆောင်ခြယ်လှယ်နေခြင်းသာဖြစ်ပါသည်။ ပြောစမှတ်ရှိသည့်အတိုင်း သူ၏ရင်ထဲမှာဝိညာဉ်နှစ်မျိုးတည်ရှိနေသည်။ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို ဤသို့သောအခြေအနေမျိုးတွင် စေလွှတ်ပေးနိုင်မည်လား။ ယာကုပ် ၄း၃ က အဖြေပေးထားပါသည်။ "ဆုတောင်းလျှင်လည်းကာမဂုဏ်ခံစားစရာဖို့ရှိစေခြင်းငှာ၊ အလွဲတောင်းသောကြောင့်မရကြ။" အဆုံးသတ်ပြောရသော် ၎င်းသည် ဇာတိပကတိသဘောထားဖြင့် တောင်းခံခြင်းဟု ကျွန်ုပ်သဘောပေါက်ပါသည်။ ထိုသို့သောတောင်းဆိုမှု၏အဖြေတစ်ခုသည်၊ အတ္တစိတ်ကိုသာတိုးပွားစေမှာမဟုတ်ပါလား။ အကျိုးဆက်က ဤအသင်းတော်၏အသင်းဝင်သည်၊ သာမန်လူ့တန်ခိုးနှင့် လူ့စွမ်းရည်အားဖြင့် အသက်ရှင်နေပါသည်။ ဗျာဒိတ် ၃း၁၆ တွင် ထိုသို့သောလူကို နွေးရုံရှိသောသူဟု ခေါ်ဆိုထား၍ မဿဲ ၂၅ မှာ မိုက်သောသူဟု ခေါ်ဆိုထားပါသည်။

အဘယ်ကြောင့်ယေရှုကဇာတိပကတိအသင်းဝင်များကို နွေးရုံရှိသောသူဟုခေါ်ဆိုပါသနည်း။

အဘယ်ကြောင့်များစွာသောခရစ်ယာန်များသည်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် အတွေ့အကြုံတစ်ခုကင်းမဲ့ရပါသနည်း။ ဤမေးခွန်းကိုဖြေဆိုနိုင်ရန်အတွက် လောဒိကိအသင်းတော်၏ဖြစ်ရပ်ဆန်းကို ကျွန်ုပ်တို့ပထမဦးစွာကြည့်ရန်လိုပါသည်။ ယေရှုသည် လောဒိကိအသင်းတော်ရှိယုံကြည်သူများကို အဘယ်ကြောင့် နွေးရုံရှိသောသူဟုခေါ်ဆိုရပါသနည်း။ သူသည် ကျွန်ုပ်တို့ကိုရှင်းလင်းသောညွှန်ပြချက်ကိုပေးထားခဲ့သည်။ "ငါသည်တံခါးရွေ့မှာရပ်၍ ခေါက်လျက်နေ၏" (ဗျာဒိတ် ၃း၂၀)။ ယေရှုသည် ယုံကြည်သူများ၏ အသက်တာ၏အလယ်ဗဟိုတွင်မရှိနေဘဲ အပြင်ဘက်မှာသာရှိနေသည်။ သူသည်တံခါးရွေ့ အပြင်ဘက်မှာရပ်နေသည်။ အဘယ်ကြောင့် အထဲသို့မဝင်လာပါသနည်း။ သူ့ကိုမခေါ်ဖိတ်သောကြောင့်ဖြစ်သည်။ အထဲသို့

သူအတင်းမဝင်ပါ။ သူသည် ကျွန်ုပ်တို့၏လွတ်လပ်စွာရွေးချယ်ဆုံးဖြတ်ခွင့်ကို လေးစားသောကြောင့်ဖြစ်သည်။

အဘယ်ကြောင့် ယုံကြည်သူများကတံခါးရှေ့မှာ ယေရှုကိုထားခဲ့ကြသနည်း။ ကွဲပြားခြားနားသောအကြောင်းအရာနှင့် အကြောင်းပြချက်များရှိပါသည်။ အချို့သောသူများသည် ကျမ်းတတ်နိကောဒင်ကဲ့သို့၊ သူတို့၏ဝိညာဉ်ရေးအသက်တာတွင်၊ အသိဉာဏ်နှင့် သိမြင်မှုအပေါ်သက်သက်သာသာလှုပ်ရှားသွားလာလျက်ရှိသည်။ ခရစ်ယာန်အသက်တာသည် မည်ကဲ့သို့သောအသက်တာဖြစ်သည်ကို သူတို့မသိကြ။ (ယောဟန် ၃း၁–၁၀ နှင့်နှိုင်းယှဉ်ကြည့်ပါ။) လူအချို့အတွက်တပည့်တော်ခံယူခြင်း၏တန်ဖိုးသည်၊ အလွန်မြင့်သည်။ ချမ်းသာကြွယ်ဝသောအရာရှိငယ်ကဲ့သို့ သူတို့အတွက်ပေးဆပ်ရမည့်အရာများ၊ များလှသည်။ (မဿဲ ၁၉း၁၆–၂၄ နှင့်နှိုင်းယှဉ်ကြည့်ပါ။) ယေရှုနောက်လိုက်ရန် မိမိကိုယ်မိမိငြင်းပယ်ရမည်။ မိမိအသက်တာကိုလည်းပြောင်းလဲပစ်ရန်ဆန္ဒရှိရမည်။ (မဿဲ ၁၆း၂၄–၂၅ နှင့်နှိုင်းယှဉ်ကြည့်ပါ။) ဘုရားထံတော်သို့မိမိကိုယ်ကိုလုံးလုံးလျားလျားအပ်နှံရမည်။ (ရောမ ၁၂း၁) သခင်ယေရှုကို အပြင်မှာထားခြင်းသည် လျစ်လျူရှုခြင်းကိုသက်သက်ဖြစ်ပေါ်စေပြီး၊ ယေရှုနှင့်တစ်ကိုယ်ရေပေါင်းသင်းဆက်ဆံခြင်းမှာ အချိန်လုံလောက်စွာမပေးခြင်းလည်းဖြစ်ပါသည်။

ကျွန်ုပ်တစ်ဖန်ထပ်၍ပြောပါမည်။ ဗျာဒိတ် ၃း၂၀ တွင်ရှိသောနွေးရုံရှိခြင်းအတွက် အကြောင်းပြချက်သည်၊ "ငါသည်တံခါးရှေ့မှာရပ်၍နေ၏" ဖြစ်ပါသည်။ ယေရှုသည် သူတို့အသက်တာ၏ဗဟိုချက်တွင်မရှိ။ အပြင်ဘက်မှာ သို့မဟုတ် အပြင်စည်းပေါ်မှာရှိနေသည်။ ထို့ကြောင့် နွေးရုံရှိခြင်းသည် ယေရှုခရစ်နှင့်တစ်ကိုယ်ရေဆက်ဆံရေးနှင့် ဆက်စပ်မှုရှိပါသည်။ အခြားသောနေရာများတွင်၊ သက်ဆိုင်ရာပုဂ္ဂိုလ်သည် တိကျစွာနွေးရုံသက်သက်ဖြစ်ရန်မလိုပါ။

ဥပမာတစ်ခု။ ယောကျ်ားတစ်ယောက်သည်၊ သူ့အလုပ်အတွက် များစွာရင်းနှီးမြှုပ်နှံနိုင်သော်လည်း၊ တစ်ချိန်တည်းမှာပင်သူ၏ဇနီးကို လျစ်လျူရှုထားနိုင်ပါသည်။ သူ့အလုပ်ပေါ်မှာ သစ္စာရှိသော်လည်း သူ၏အိမ်ထောင်ဆက်ဆံရေးသည် ပူနွေးရုံသာရှိသည်။ လူတစ်ဦးသည်၊ အသင်းတော်၌ဆက်ကပ်အပ်နှံသောအသင်းဝင်တစ်ဦး၊ လုံ့လဝီရိယရှိသောအသင်းတော်ခေါင်းဆောင်တစ်ဦး၊ သို့မဟုတ် ပါစတာ၊ သို့မဟုတ် ဥက္ကဋ္ဌပင်ဖြစ်နေနိုင်သော်လည်း၊ ခရစ်တော်နှင့်သူ၏ဆက်ဆံရေးသည်၊ နွေးရုံသာရှိနေနိုင်ပါသေးသည်။ အလုပ်များစွာကိုပြီးမြောက်အောင်မြင်ရန် အလွန်ဆက်ကပ်အပ်နှံထားသောလူတစ်ယောက်သည်၊ အလုပ်၌ပိနေ၍ ခရစ်တော်နှင့်တစ်ကိုယ်ရေဆက်ဆံရေးကို လျစ်လျူရှုထားသည်။ ဤနွေးရုံသာရှိခြင်းကို ယေရှုကဖယ်ရှားပစ်ရန် အလိုရှိပါသည်။ လူတစ်ဦးသည် ဘုရားသခင်အမှုတော်၌ (ဘုရားကျောင်းတွင်၊ သာသနာအမှုတွင်) အလွန်အလုပ်များသောကြောင့် အလုပ်၏သခင်အလုပ်ရှင်ကို လျစ်လျူရှုထားခြင်းအမှုသည် အလွန်ဝမ်းနည်းစရာကောင်းပါသည်။

သတို့သမီး (၁၀) ဦး၏ပုံပမာ

ယေရှု၏ အပျိုကညာဆယ်ဦးပုံပမာသည် ဝိညာဉ်ပကတိအသင်းသားများနှင့် ဇာတိပကတိအသင်းသားများမှ အလေးထားရန် ကျွန်ုပ်တို့အား မည်သို့ဖော်ပြထားပါသနည်း။

- (၁၀) ဦးလုံးသည်အပျိုကညာများဖြစ်ခဲ့ကြသည်။
- အားလုံးသည် သမ္မာကျမ်းစာ၏ယုံကြည်ချက်များကို လက်ခံခဲ့ကြသည်။
- အားလုံးမှာမီးခွက်များရှိခဲ့ကြသည်။
- အားလုံးမှာ သမ္မာကျမ်းစာရှိခဲ့ကြသည်။
- အားလုံးသည် သတို့သားကိုကြိုဆိုရန်သွားခဲ့ကြသည်။

- အားလုံးသည် ဒုတိယအကြိမ်ကြွလာခြင်းကိုမျှော်လင့်ခဲ့ကြသည်။
- အားလုံးအိပ်ပျော်ခဲ့ကြသည်။
- ခေါ်သံကြား၍ အားလုံးနိုးထခဲ့ကြသည်။
- အားလုံးတို့သည် မီးခွက်ကိုပြင်ဆင်ထားခဲ့ကြသည်။
- မီးခွက်အားလုံးလည်း မီးထွန်းထားခဲ့လျက်ရှိပါသည်။
- တစ်ဝက်သောသူတို့သည် သူတို့၏မီးခွက်များမီးသေသွားခဲ့သည်ကို သတိထားမိခဲ့သည်။

သူတို့အားလုံးသည် သူတို့၏မီးခွက်များကိုပြင်ဆင်ထားခဲ့၍ မီးခွက်တိုင်းလည်း ထွန်းလင်းလျက်ရှိနေသည်။ သို့သော်လည်း မီးခွက်များလင်းရန်ဆီလိုပါသည်။ စွမ်းအင်ကိုအသုံးပြုခဲ့သည်။ အချိန်အတန်ကြာပြီးနောက် ငါးယောက်သောသတို့သမီးများက သူတို့၏ဆီမီးခွက်သေသွားသည်ကို သတိထားမိခဲ့ကြသည်။ မိုက်မဲသောသတို့သမီးတို့၏မီးခွက်သည် တစ်ခဏတာမျှသာ ထွန်းလင်းခဲ့ခြင်းသည် သူတို့မှာသန့်ရှင်းသောဝိညာဉ်တော်မှ တစ်စုံတစ်ခုရရှိခဲ့ကြောင်း ကျွန်ုပ်တို့အားဖော်ပြသည်။ သို့သော် မလုံလောက်ခဲ့ပေ။ ဆီအနည်းငယ်မျှသာရှိသည်။ ဤအရာကတစ်ခုတည်းသောခြားနားချက်ပင်ဖြစ်သည်။

ထိုငါးယောက်သည် အထဲသို့ဝင်ခွင့်တောင်းသောအခါ၊ ယေရှုက "သင်တို့ကိုငါမသိ" ဟုပြောခဲ့သည်။ သူတို့အလွန်နောက်ကျသွားခဲ့ပြီ။ ဆီတည်းဟူသောသန့်ရှင်းသောဝိညာဉ်ကို ရှာဖွေနေရသောကြောင့်ဖြစ်သည်။ တံခါးကိုပိတ်ထားခဲ့ပြီ။

ယေရှု၏ဖော်ပြချက်တွင်၊ သူနှင့်ကျွန်ုပ်တို့၏တစ်ကိုယ်ရေဆက်ဆံရေးသည်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်သက်ဆိုင်သည်ဟု ကျွန်ုပ်တို့အားဖော်ပြလျက်ရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိကိုလမ်းပြရန်ခွင့်မပြုသောမည်သူကိုမဆို ယေရှုကအသိအမှတ်ပြုမည်မဟုတ်ပါ။ ရောမ ၈း၈-၉ တွင်၊ "ဓာတိပကတိ၌ကျင်လည်သောသူတို့သည် ဘုရားသခင်၏

စိတ်တော်နှင့်မတွေ့နိုင်ကြ။..... ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။"

အမှန်စင်စစ်ကျွန်ုပ်တို့သည် ယေရှုနှင့်မှန်ကန်သောတစ်ကိုယ်ရေဆက်ဆံရေးကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာရရှိကြပါသည်။ ၁ယော ၃း၂၄ တွင်၊ "..... ငါတို့အားပေးတော်မူသောဝိညာဉ်တော်ကို ငါတို့သည် အမှီပြု၍ ဘုရားသခင်သည် ငါတို့၌တည်တော်မူသည်ကိုသိရကြ၏" ဟုရေးသားထား၏။ ဤအရာ၏အဓိပ္ပါယ်မှာ၊ ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသည်ဟူသည့် ကျွန်ုပ်ရရှိသည့်အာမခံချက်သည်၊ တစ်ချိန်တည်းမှာ ကျွန်ုပ်သည် ယေရှု၌တည်ရှိ၍ ယေရှုသည်လည်း ကျွန်ုပ်၌တည်ရှိသည်ဟူသည့် အာမခံချက်ပင်ဖြစ်သည်။

ဤအတွေ့အကြုံသည်၊ ရက် (၄၀) ဆုတောင်းချိန်တွင်ပါဝင်ခဲ့သည့် ညီမတော်တစ်ဦး၏အတွေ့အကြုံအတိုင်း တိကျစွာဖြစ်ပါသည်။ သူ၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်ရှိနေခြင်းကြောင့်၊ ဘုရားသခင်နှင့်သူမ၏ဆက်ဆံရေးသည် လုံးဝကွဲပြားခြားနားသောနည်းလမ်းဖြင့် တွေ့ကြုံခံစားခဲ့ရပြီး၊ သူမ၏အသက်တာပြောင်းလဲမှုများကို အခြားသူများကသတိထားမိခဲ့ကြသည်။

တောင်ဂျာမနီမှ ညီမတော်တစ်ဦးကလည်း ဤစာအုပ်ငယ်ကိုလေ့လာဖတ်ရှုခဲ့ပြီးသည့်နောက် အောက်ပါအတိုင်းရေးသားခဲ့သည်။ "ဒဲနစ်စမစ်ရေးသားခဲ့သော ရက် (၄၀) စာအုပ်၊ 'ဒုတိယအကြိမ်ကြွလာခြင်းအတွက် ပြင်ဆင်ရန် ဆုတောင်းခြင်းနှင့်မှီဝဲဆည်းကပ်ခြင်း' စာအုပ်နှင့်အတူ ဤစာအုပ်ငယ်သည် ကျွန်မ၏ဘဝတွင်ကြီးမား၍ ကြာရှည်စွာစောင့်မျှော်ခဲ့ရသော ကောင်းချီးတစ်ခုဖြစ်လာခဲ့ပြီ။ အခြားသောအသင်းဝင်များနှင့် ကျွန်မတို့၏ဘုရားကျောင်းမှ ညီမတော်တစ်ဦးတွေ့ကြုံခံစားခဲ့ကြရသကဲ့သို့ ကျွန်မတို့၏ယုံကြည်ခြင်းအတွေ့အကြုံတွင် အရာတစ်စုံတစ်ခုကအမြဲလိုအပ်နေသည်ဟုခံစားခဲ့ရ၍ ယခုမှာ ကျွန်မတို့၏ဘဝထဲသို့ ယေရှုမည်ကဲ့သို့ဝင်ရောက်ခဲ့၍ မည်သို့ကျွန်မတို့ကို

စတင်၍ ပြုပြင်ပြောင်းလဲပေးသည့်အတွက်အကြံကိုသိရှိရန် အခွင့်အရေးရရှိပြီ။ ကျွန်မတို့၌ သူသည်အလုပ်လုပ်ဆဲရှိသေးသည်။ သူ့ထံသို့ပို၍ နီးကပ်စွာရှိစေရန် ကျွန်မတို့ကိုတစ်ထစ်ပြီးတစ်ထစ်ဆွဲယူနေလျက်ရှိသည်။" Email from March 31, 2013.

ညီအစ်ကိုတော်တစ်ဦးသည် အောက်ပါအတိုင်းရေးသားခဲ့သည်။ စာအုပ်ငယ် "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" သည် ကျွန်ုပ်ကိုနက်ရှိုင်းစွာတို့ထိခဲ့ပါသည်။ သတို့သမီး (၁၀) ဦးအကြောင်းပါသော အခန်းနှင့်အထူးသဖြင့် ရောမ ၈း၉ ၏နောက်ဆုံးပိုင်းဖြစ်သည့်၊ "ခရစ်တော်၏ဝိညာဉ်ကိုမရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။" ဆိုသည့် ကျမ်းပိုဒ်သည် ကျွန်ုပ်ကိုကြီးမားစွာတုန်လှုပ်စေခဲ့ပါသည်။ ရုတ်တရက်ကျွန်ုပ်မှာ သန့်ရှင်းသောဝိညာဉ်တော်ရရှိခဲ့ပါသလား၊ ကျွန်ုပ်အထဲမှာသူအလုပ်လုပ်ပါသလားဟူ၍ ကျွန်ုပ်မသေချာခဲ့တော့ပါ။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်နှင့်သက်ဆိုင်သောအသီးများ ကျွန်ုပ်မှာပျောက်ဆုံးနေသောကြောင့် နာကျင်စွာခံစားခဲ့ရသည်။ ဤဥပုသ်နေ့မွန်းလွဲပိုင်းတွင် စာအုပ်ကိုအပြီးသတ်ဖတ်ခဲ့၍ အဆုံးမဲ့နက်ရှိုင်းသောဝမ်းနည်းခြင်းသည် ကျွန်ုပ်အားလွှမ်းခြုံထားသကဲ့သို့ခံစားခဲ့ရသည်။ ထိုနောက်စာမျက်နှာ ၉၇၊ ၉၈ ရှိ ဆုတောင်းချက်ကိုဖတ်ခဲ့၍ သန့်ရှင်းသောဝိညာဉ်တော်လက်ခံရရှိရန် နက်ရှိုင်းသောဆန္ဒဖြစ်ပေါ်ခဲ့ပြီး ကျွန်ုပ်၏စိတ်နလုံးပြောင်းလဲပေးလိမ့်မည်နှင့် ခမည်းတော်ဘုရား၏အလိုတော်အတိုင်း ကျွန်ုပ်ကိုပြောင်းလဲပေးလိမ့်မည်ဟု စိတ်တွင်ဖြစ်ပေါ်လာပါသည်။ စာစောင်ငယ်အတွက်နှင့် ကျွန်ုပ်ကိုနက်ရှိုင်းစွာတုန်လှုပ်စေသောစာသားများအတွက် ကျေးဇူးတင်ပါသည်။ A.P.

ဓာတိပကတိခရစ်ယာန်သည် သူ၏အခြေအနေကိုမပြောင်းလဲခဲ့လျှင် သူ့အတွက် အကြီးမားဆုံးသောကြေကွဲဖွယ်အဖြစ်ဆိုးမှာ သူသည်ထာဝရအသက်ကိုမရရှိခြင်းပင်ဖြစ်သည်။ ရောမ ၈း၉ နောက်ဆုံးပိုင်း၊ "ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။"

ယခုအနှစ်ချုပ်ရသော်၊ ဝိညာဉ်ပကတိနှင့်ဇာတိပကတိအသင်းဝင်၏ အဓိကကွာခြားချက်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်ဆက်နွယ်လျက်ရှိသည်။ ဝိညာဉ်ပကတိခရစ်ယာန်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောသူဖြစ်သည်။ ဇာတိပကတိခရစ်ယာန်မှာ ဝိညာဉ်တော်မရှိ သို့မဟုတ် လုံလောက်စွာမရရှိသောသူဖြစ်သည်။

သင်သည် ဇာတိပကတိခရစ်ယာန်တစ်ဦးဖြစ်ကြောင်း သင်သတိထားမိလျှင် စိတ်မဆိုးပါနှင့်။ ဘုရားသခင်သည်သင့်ကိုကုသပေးရန် ဆေးတစ်ခုပေးထားပါသည်။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်သည်။

အချို့သောအသိုက်အဝန်းများတွင် သန့်ရှင်းသောဝိညာဉ်တော်၏ ဆုလက်ဆောင်များကို အလွန်အမင်းအလေးထားကြသည်။ သို့သော်ငြားလည်း အခြားအသိုက်အဝန်းတွင် သန့်ရှင်းသောဝိညာဉ်တော်ကို အလေးမထားဘဲ လျစ်လျူရှုထားကြသည်။ ကျွန်ုပ်တို့ချစ်သောသခင်သည်၊ သူ၏သန့်ရှင်းသောနှုတ်ကပတ်တော်အတိုင်းလိုက်နာရန် ကျွန်ုပ်တို့အားကူညီမစ၍ လက်ယာဘက်သို့လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း လမ်းလွဲခြင်းမရှိစေရန် ကူညီမစပါစေသော။

နှိုင်းယှဉ်ချက်။ ရှေးဦးအသင်းတော်နှင့်နောက်ဆုံး အချိန်တွင်ရှိသောအသင်းတော်

ရှေးဦးအသင်းတော်နှင့်ယနေ့လက်ရှိအသင်းတော်ကို ကျွန်ုပ်တို့ နှိုင်းယှဉ်ကြည့်သောအခါ ရှေးဦးအသင်းတော်တွင်လူအများစုသည် ဝိညာဉ်ပကတိလူများနှင့်ဖွဲ့စည်းထားသည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ တမန်တော်ဝတ္ထုက ထိုလူတို့၏လျင်မြန်၍ အပြုသဘောဆောင်သောတိုးတက်မှုရှိရသည့် အကြောင်းရင်းသည် ဤအကြောင်းဖြစ်သည်ဟုဖေါ်ပြထားသည်။ သူတို့မှာ အခြားသောအကူအညီမရှိပါ။ သို့သော် သူတို့မှာ သန့်ရှင်းသောဝိညာဉ်တော်

ရှိသည်။ ကျွန်ုပ်တို့မှာအလွန်ကောင်းသော အထောက်အပံ့အကူအညီများစွာ ရှိပါသည်။ သို့သော် ကျွန်ုပ်တို့မှာ သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့လျက် ရှိသည်။

အေ၊ ဒဗလျူ၊ တိုဇာ (A. W. Tozer) ပြောသည့်စကားကိုသတိရပါ။ "ကျွန်ုပ်တို့ယနေ့အသင်းတော်မှ သန့်ရှင်းသောဝိညာဉ်တော်ကိုရုပ်သိမ်းလျှင် ၉၅% သောကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် ဆက်လက်၍လုပ်ဆောင်နေပြီး မည်သူမျှခြားနားချက်ကို သတိထားမိမည်မဟုတ်ပါ။ ရှေးဦးအသင်းတော်မှ သန့်ရှင်းသောဝိညာဉ်တော်ကို ရုပ်သိမ်းခဲ့လျှင် ၉၅% (အားလုံးနီးပါး) သောသူတို့၏လုပ်ဆောင်မှုများ ရပ်တန့်သွားပြီး၊ လူတိုင်းကခြားနားချက်ကို သတိထားမိမည်ဖြစ်သည်။" Dr. S. Joseph Kidder, Anleitung zum geistlichen Leben (Andrews University), PPP Folie 2.

သန့်ရှင်းသောဝိညာဉ်တော်မပါဘဲကျွန်ုပ်တို့လျှောက်လှမ်းနိုင်ရန်သင်ယူခဲ့ကြပြီလား။ ယနေ့အသင်းတော်တွင် ဧာတိပကတိခရစ်ယာန်များအဓိကပါဝင်နေပါသလား။

အကျိုးဆက်အဖြစ်၊ ကျွန်ုပ်တို့သည်မကြာခဏခွန်အားမဲ့၍ ကြီးမားသောအတိုင်းအတာတစ်ခုအထိ အောင်မြင်ခြင်းများမရရှိဘဲဖြစ်နေပါသလား။ ကျွန်ုပ်တို့မှာ နေရာများစွာ၌ ကြီးထွားမှုအားနည်းသောအသင်းတော်ရှိနေခြင်းသည် ဧာတိပကတိသဘောတစ်ခုနှင့် ဆက်စပ်မှုရှိပါသလား။ များစွာသော လေးနက်သောပြဿနာများသည် ဧာတိပကတိသဘောထားကြောင့် နေရာများစွာတွင်ပေါ်ပေါက်လာရပါသလား။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်အပြန်အလှန်ပြဿနာ၏ဗဟိုချက်သည် သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့ခြင်းကြောင့်ဖြစ်သည်ကို ကျွန်ုပ်တို့သာ၍ သာ၍သတိထားမိကြပါလိမ့်မည်။ တစ်ကိုယ်ရေ

အတွက် ဤလိုအပ်ချက်ကို ဘုရားသခင်၏ကူညီမစခြင်းအားဖြင့် ကျွန်ုပ်တို့လျင်မြန်စွာပြောင်းလဲပစ်နိုင်ပါသည်။

အောက်ပါဖေါ်ပြချက်သည် တရားဟောဆရာများအတွက် ဖြစ်သော်လည်း ပင်ကိုအားဖြင့် လူတိုင်းနှင့်လည်းသက်ဆိုင်ပါသည်။

ဂျိုဟဲနစ်မေဂျာ (Johannes Mager) က "ပေါလုသည် ဝိညာဉ် ပကတိနှင့်ဇာတိပကတိခရစ်ယာန်များအကြားရှိ ကွဲပြားခြားနားခြင်းကို ခွဲပြထားသည်။ သူတို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသော သူများနှင့် သူတို့အထဲတွင် သန့်ရှင်းသောဝိညာဉ်တော်အတွက် အခန်းလုံးဝ မရှိသောသူများအကြားပြဿထား၍ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံယူခဲ့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်မပြည့်ဝသောလူဟူ၍ ခွဲခြားပြထားသည်။

တရားဟောဆရာတစ်ယောက်အတွက် ဤအရာ၏အဓိပ္ပါယ်မှာ၊ ကျွန်ုပ်သည် ကောင်းသောဘာသာရေးလေ့ကျင့်ခြင်း၊ ကျမ်းစာ၏အခြေခံသဘောတရားကို ကောင်းစွာတတ်မြောက်ခြင်း၊ အဖွင့်ကျမ်းအတိုင်းကျမ်းကျင်စွာလက်တွေ့လုပ်ဆောင်ခြင်းများကို ရရှိနိုင်ပါသည်။ ဉာဏ်ပညာပြည့်စုံစွာဖြင့် ကြီးမားသောသမ္မာကျမ်းစာ၏အမှန်တရားများကိုရရှိ၍ ၎င်းတို့အားနားလည်ခြင်း၊ ရာစုနှစ်များ၏ကွဲပြားခြားနားသောတစ်ယူသန်ဝါဒအကြောင်းကိုလည်း ကျွန်ုပ်ရရှိနိုင်ပါသည်။ ငြီးငွေ့ဖွယ်ကောင်း၍ ရှည်လျားသောအကြောင်းအရာကို ကျွန်ုပ်ကောင်းမွန်စွာဖမ်းဆုပ်ထားနိုင်ပြီး၊ လက်တွေ့နှင့်ဆက်စပ်သော တရားဒေသနာကိုလည်း ကောင်းမွန်စွာဟောပြောနိုင်သည်။ ဤပညာအားလုံးနှင့်အစွမ်းအစများ ကျွန်ုပ်မှာရှိသော်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝပါ။ စာအုပ်များ၊ ပညာရပ်၊ ကောင်းသောနည်းပညာဆိုင်ရာပစ္စည်းကိရိယာများနှင့် ထူးခြားသောအရည်အသွေးရှိဆွဲဆောင်မှုများပင် သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့သောနေရာကို အစားထိုးဝင်ရောက်ရန် ဖွဲ့စည်းပေးထားနိုင်ပါသည်။

တရားဟောခြင်း၊ လူအများရှေ့မှာဆုတောင်းခြင်း၊ ဘုရားကျောင်းအသက်ဝင်ရန်စည်းရုံးပေးခြင်း၊ ဧဝံဂေလိတရားဟောကြားရန်ပြင်ဆင်ခြင်း၊ တရားဟောဆရာအတွက်အကြံပေးခြင်း၊ စသည့်အရာများကို သန့်ရှင်းသောဝိညာဉ်တော်မပါဘဲသင်ယူနိုင်၊ လေ့ကျင့်ယူ၍ရနိုင်ပါသည်။ အယ်လင်ဂျီဝိုက်ကဏ္ဍအန္တရာယ်ဖြစ်နိုင်ခြေကို အောက်ပါအတိုင်းဖေါ်ပြထားပါသည်။ "ဘုရားသခင်၏ဝိညာဉ်တော်ထင်ရှားစွာ၊ ဤမျှနည်းပါးစွာရှိရခြင်း၏အကြောင်းရင်းမှာ တရားဟောဆရာများသည် သန့်ရှင်းသောဝိညာဉ်တော်မပါဘဲလုပ်ဆောင်ရန် သင်ယူသောကြောင့်ဖြစ်သည်။" E. G. White, Testimonies for the Church, Vol. 1 (1868), p. 383.1. အခြေခံပညာရေးနှင့် စနစ်တကျဆက်လက်၍လေ့ကျင့်ခြင်းသည် တရားဟောဆရာတစ်ယောက်အတွက်အရေးကြီးသကဲ့သို့ သူ့ကိုယ်သူ သန့်ရှင်းသောဝိညာဉ်တော်နှင့် အဆက်မပြတ်ဖြည့်ခြင်းသည် သူ့အတွက်ပို၍အရေးကြီးပါသည်။

ဂျိုဟဲနစ်မေဂျာသည် တရားဟောဆရာတစ်ယောက်၊ ဧဝံဂေလိဟောပြောသူနှင့် စနစ်တကျရှိသောဘာသာရေး၏ပါမောက္ခအဖြစ် နှစ်ပေါင်းများစွာအလုပ်လုပ်ခဲ့ပါသည်။ နောက်ဆုံးသူသည် ဓမ္မရေးရာဌာန၏အတွင်းရေးမှူးအဖြစ် ဥရောပအာဖရိကဒီဝီဇံတွင် (ယခု၊ ဥရောပအလယ်ပိုင်းဒီဝီဇံ) ရှိသောဆွစ်ဇာလန်ပြည် ဘန်းမြို့မှာတာဝန်ထမ်းဆောင်ခဲ့သည်။ ယခု သူသည် အငြိမ်းစားဖြစ်၍ ဂျာမနီရှိဖရီးဒင်းစောမြို့တွင်နေထိုင်ပါသည်။ Johannes Mager, Auf den Spuren des Heiligen Geistes (Following the Steps of the Holy Spirit). (Luneberg, 1999), pages 102-103.

အတိုချုပ်၊ ဇာတိပကတိဖြစ်ခြင်းသည်၊ သန့်ရှင်းသောဝိညာဉ်တော်မပါရှိဘဲ၊ သာမန်လူစွမ်းအားနှင့် လူစွမ်းရည်ဖြင့်အသက်ရှင်ခြင်းကိုဆိုလိုပါသည်။ သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော်မလုံလောက်သောအသက်ရှင်ခြင်းတစ်ခုဖြစ်ပါသည်။

ဇာတိပကတိခရစ်ယာန်အတွက်အဓိကအတားအဆီး

သမ္မာကျမ်းစာ၏ကြီးမားသောကျင့်ဝတ်၊ သင့်ရန်သူကိုချစ်ပါ။ သူတစ်ပါးကိုအရာခပ်သိမ်း၌ခွင့်လွှတ်ပါ။ အပြစ်အပေါ်အနိုင်ယူပါ၊ စသည့်အရာများကို လူ့ခွန်အားအားဖြင့်မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့်သာလျှင်အောင်မြင်ခြင်းရနိုင်သည်။ ဤတွင် ဇာတိပကတိခရစ်ယာန်တို့၏ အဓိကပြဿနာသည်၊ လူ့ခွန်အား၌လွန်စွာမှီခိုသောအသက်တာဖြစ်ကြောင်းပြသပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားတစ်ခုနှင့်သာ ဘုရားသခင်၏အလိုတော်အတိုင်းမပြုလုပ်နိုင်ပါ။ ဤခေါင်းစဉ်နှင့်ပတ်သက်သောကျမ်းပိုဒ်အနည်းငယ်ကိုဖတ်ရှုကြပါစို့။

ဟေရှာယ ၆၄း၆ "ပြုဖူးသမျှသောကုသိုလ်ကောင်းမှုတို့သည်၊ ညစ်သောအဝတ်နှင့်တူကြပါ၏။"

ယေရမိ ၁၃း၂၃ "အဲသယောပိလူသည် မိမိအရေ၏အဆင်းကိုလည်းကောင်း၊ ကျားသစ်သည် မိမိအကွက်အကျားတို့ကိုလည်းကောင်း၊ ပြောင်းလဲနိုင်သလော။ ပြောင်းလဲနိုင်လျှင်၊ ဒုစရိုက်ကိုပြုလေ့ရှိသောသူတို့သည်၊ သုစရိုက်ကိုပြုခြင်းငှာတတ်နိုင်ကြလိမ့်မည်။"

ယေဇကျေလ ခဖး၂၆၊၂၇။ "စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲကကျောက်နှလုံးကိုနုတ်၍အသားနှလုံးကိုးပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏တရားလမ်းသို့လိုက်၍၊ ငါစီရင်တော်မူချက်တို့ကိုစောင့်ရှောက်ကြလိမ့်မည်။"

ရောမ၊ ၈း၇ "အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလိုသို့မလိုက်တတ်။ ထိုမျှမကမလိုက်နိုင်။"

အယ်လင်ဝိုက်ကရှင်းလင်းစွာ တိကျမှန်ကန်စွာပြောသည်မှာ၊–

“ပညတ်တော်ကိုစောင့်ရှောက်ခြင်း၌ မိမိ၏အလုပ်များဖြင့် ကောင်းကင်နိုင်ငံတော်သို့ရောက်ရန် ကြိုးစားသောသူသည်၊ မဖြစ်နိုင်သည့်အရာတစ်ခုကို ကြိုးစားလုပ်ဆောင်နေခြင်းဖြစ်သည်။ လူသည်နာခံခြင်းမရှိဘဲ ကယ်တင်ခြင်းမရနိုင်ပါ။ သို့သော် မိမိကိုယ်ကိုအားကိုး၍ မိမိအလုပ်များကိုလုပ်ရန်မသင့်ပါ။ ခရစ်တော်သည် သူ၏အလိုတော်နှင့်အညီ လုပ်လိုသောဆန္ဒနှင့်လုပ်ရန် သူ၏အထဲ၌ လုပ်ပေးသင့်သည်။” E.G. White, Review and Herald, July 1, 1890.

ဤကိုးကားချက်များက ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်မပါဘဲ ဘုရားသခင်၏အလိုတော်အတိုင်းမလုပ်ဆောင်နိုင်သည်ကို လုံလောက်စွာပြသသည်ဟု ကျွန်ုပ်ထင်မြင်မိပါသည်။ ကျွန်ုပ်တို့၏အဓိကကိစ္စမှာ၊ ဘုရားသခင်၏အလိုတော်အတွက် ကျွန်ုပ်တို့ဆုံးဖြတ်ချက်ချရန်အမြဲလိုအပ်၍၊ ၎င်းကို အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့အား ဘုရားသခင်ခွန်အားပေးသည့် အကြောင်းကိစ္စပင်ဖြစ်သည်။ ဤယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်း၏ အယူဝါဒကို နားလည်ခြင်းသည် အလွန်အရေးကြီး၍လွတ်လပ်ခြင်းကိုပေးသည်။ သို့သော် ဤနေရာမှာ ကျွန်ုပ်တို့အသေးစိတ်မဆွေးနွေးနိုင်ပါ။

တစ်စုံတစ်ယောက်သည်သူတို့၏ခွန်အားထက်ကျော်လွန်သောအရာတစ်ခုကိုကြိုးစားလုပ်ဆောင်သောအခါ ဘာဖြစ်နိုင်သလဲ။

ကျွန်ုပ်မကြာခဏသဘောပေါက်သောအခါ ဖြစ်ပျက်သောအရာ။ ကျွန်ုပ်မလုပ်နိုင်ပါ။ ယခုကျွန်ုပ်တစ်ဖန်ထပ်၍ကျရှုံးပြန်ပြီး၊ စသည်ဖြင့် ကျွန်ုပ်တို့သည် စိတ်ပျက်ခြင်းကို အချို့သောအတိုင်းအတာအထိ တွေ့ကြုံခံစားရသည်ဟု ကျွန်ုပ်ထင်ပါသည်။

မျိုးဆက်သစ်တွင် မျိုးဆက်ဟောင်းများထက် ဤပြဿနာပို၍ ထင်ရှားစွာရှိသည်ဟု ကျွန်ုပ်ထင်ပါသည်။ အသက်ပို၍ကြီးသူများသည်၊ တာဝန်သိစိတ်ပိုအားကောင်းသည်။ မိသားစု၌၊ ကျောင်း၌၊ လုပ်ငန်း၌နာခံလိုက်နာမှုရှိသည်။ ထို့ကြောင့် သူတို့သည်စိတ်ပျက်ခြင်းတစ်ခုကြောင့် လူငယ်လူရွယ်များကဲ့သို့ လွယ်ကူစွာစိတ်အနှောင့်အယှက်မဖြစ်ကြပါ။ သို့သော်လည်း ပြဿနာသည် ညီတူညီမျှစွာသက်ကြီးရွယ်အိုနှင့် လူငယ်များတွင်ရှိနေသည်။ ၎င်းအရာကိုသာ၍ငယ်သောသူသာ ပို၍ထင်ရှားစွာသတိထားမိပါသည်။ သူတို့သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ယုံကြည်ခြင်းလမ်းကြောင်းကို ကိုယ့်ခွန်အားနှင့်ကိုယ်သွားခြင်းသည် ဇာတိပကတိခရစ်ယာန်တိုင်းအတွက် အဓိကပြဿနာဖြစ်သည်။

ဤပြဿနာကို ကျွန်ုပ်တို့မည်သို့ဖြေရှင်းရန်ကြိုးစားကြပါသလဲ။ လူတစ်ဦးသည်သာ၍ပြင်းထန်စွာဆုတောင်း၍ ဘုရားသခင်၏အကူအညီကို တောင်းခံပြီးသာ၍ကြိုးစားရန် စိတ်ပိုင်းဖြတ်နိုင်သည်။ အခြားတစ်ယောက်မှာမူ ကျွန်ုပ်တို့အမြင်အလွန်ကျဉ်းရန်မလိုအပ်ဟုထင်နိုင်ပါသည်။ ယခုသူသည်အရာရာကိုပေါ့ပေါ့တန်တန်စတင်၍သဘောထားပြီး ပို၍လွတ်လပ်သည်ဟုခံစားရနိုင်သည်။ အခြားတစ်ဦးသည်လည်း သူ၏ယုံကြည်ခြင်းကိုလုံးလုံးစွန့်ပစ်၍ သာ၍နေသာထိုင်သာရှိသည်ဟုခံစားရနိုင်သည်။ တစ်ခုတည်းသောပြဿနာမှာ ဤအလွယ်တကူသဘောပေါက်နိုင်သောဖြေရှင်းချက်များသည်၊ မှားယွင်းသောဖြေရှင်းချက်များဖြစ်သောကြောင့် အကျိုးသက်ရောက်မှုများသည်၊ အနှေးနှင့်အမြန်ဖြစ်လာလိမ့်မည်။ ပညတ်တော်များကို မေတ္တာနှင့်ပေး၍ ကျွန်ုပ်တို့ကောင်းရန်အတွက်ပေးထားခဲ့သောကြောင့် အမှန်ကန်ဆုံးနည်းလမ်းမှာ ဘုရားသခင်၏ပညတ်တော်များကို လေးနက်စွာခံယူရမည်။ မည်သို့ပင်ဖြစ်စေ၊ ဤအရာအတွက် ဘုရားသခင်၏ခွန်အားကို ကျွန်ုပ်တို့လိုအပ်ပါသည်။ မှန်ကန်သောနည်းလမ်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏

တန်ခိုးဖြင့် ဝမ်းမြောက်သောစိတ်တိုးပွားခြင်း၊ လှုံ့ဆော်မှု၊ ခွန်အား၊ အသီးသီးခြင်းနှင့်အောင်မြင်ခြင်းရှိသောအသက်တာ၌ အသက်ရှင်ခြင်းပင်ဖြစ်သည်။

အလယ်ဗဟိုမှပြဿနာ

ဤအရာသည်များသောအားဖြင့် ဇာတိပကတိခရစ်ယာန်နှင့်သက်ဆိုင်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုကြပြီဟုကျွန်ုပ်ထင်ပါသည်။ ယေရှုသည် ပူနွေးရုံသာရှိသောနောက်လိုက်များကို အဘယ်ကြောင့်အလိုမရှိကြောင်းသာ၍ထင်ရှားပေါ်လွင်လာသည်မဟုတ်လော။ ကျွန်ုပ်တို့အား ဘုရားသခင်ပေးလိုသောပြီးပြည့်စုံသောအသက်သည် သူတို့၌မရှိပါ။ သူတို့ကိုယ်ကိုသူတို့မသိသော်လည်း သူတို့သည် မကောင်းသောပုံပမာများဖြစ်ကြသည်။ ကျွန်ုပ်တို့တွေးထင်ထားသည်ထက် ပြဿနာကပို၍လေးနက်ခြင်းရှိပါသည်။ "တစ်ဝက်တစ်ပျက်ခရစ်ယာန်များသည် ဘာသာမဲ့သူများထက်ပို၍ဆိုးသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏လှည့်စားသောစကားနှင့် ဆက်ကပ်ခြင်းမရှိသောအနေအထားသည် များစွာသောလူများကိုလွဲမှားသောလမ်းသို့ ပို့ဆောင်ပေးသောကြောင့်ဖြစ်သည်။" EGW Letter 44, 1903, quoted in Adv. Bible Commentary, Vol.7, p. 963 on Rev. 3:15-16.

(Arthur G. Daniells) ရေးသားသောစာအုပ် (Christ our Righteousness) တွင်၊ အောက်ပါအတိုင်း ကျွန်ုပ်တို့ဖတ်ရပါသည်။ "သို့သော်လည်းစည်းမျဉ်းဥပဒေကို ကြိုးစားလိုက်လျှောက်သောသူများသည် အများဆုံးလှည့်စား၍ဖျက်ဆီးသောသူများဖြစ်သည်။ ၎င်းသည်၊ ရာစုနှစ်များတစ်လျှောက်၊ အသင်းတော်ကိုချိုးဖျက်ပျက်စီးသော၊ မထင်မှတ်သောနေရာ၌ဝုက်ထားသောကျောက်တုံးဖြစ်သည်။ ပေါလုကကျွန်ုပ်တို့အား ဘုရား၏တန်ခိုးမပါရှိသော "ဘုရားတရားရှိပုံစံ" သည် နောက်ဆုံးသောနေ့ရက်များ၌ဖြစ်မည့် အန္တရာယ်များမှတစ်ခုဖြစ်၍ လှည့်စားတတ်သောပရိယာယ်များမှရှောင်ကြဉ်ရန်

သတိပေးဆုံးမထားပါသည်။" Arthur G. Daniells, Christ our Righteousness, p. 30,- Christus unsere Gerechtigkeit (Hamburg 1962), S.20

ဇာတိပကတိခရစ်ယာန်သို့ပို့ဆောင်နိုင်သည့်အချက်များ

အောက်ပါအချက်အလက်များနှင့် အကျိုးအကြောင်းများသည်၊ ဇာတိပကတိခရစ်ယာန်သို့ပို့ဆောင်နိုင်သည့်အရာများဖြစ်သည်။

၁။ **လျစ်လျူရှုခြင်း၊** ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အသက်ရှင်ရန် ကိုယ့်ကိုကိုယ်လုံလောက်စွာမဆက်ကပ်မအပ်နှံခြင်း၊ သို့မဟုတ် လက်တွေ့လုပ်ဆောင်ရန်သော့ကို ကျွန်ုပ်တို့ရှာမတွေ့ခဲ့ခြင်းဖြစ်သည်။

၂။ **မယုံကြည်မှု သို့မဟုတ် နည်းသောယုံကြည်ခြင်း၊** သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည်၊ ကျွန်ုပ်တို့၏အသက်တာကို ယေရှုခရစ်ထံသို့လုံးလုံးဆက်ကပ်ရန် လိုအပ်ခြင်းဖြစ်သည်။ မယုံကြည်ခြင်း သို့မဟုတ် ယုံကြည်ခြင်းနည်းပါးခြင်းသည် လျစ်လျူရှုခြင်း သို့မဟုတ် ကျွန်ုပ်တို့လိုချင်သည့်အတိုင်းမဟုတ်ဘဲ ခြားနားသောနည်းဖြင့် သခင်ပို့ဆောင်မည်ကို ကျွန်ုပ်တို့ကြောင့်ရွံ့စိုးရိမ်ခြင်းလည်းဖြစ်နိုင်ပါသည်။ ဤတွင် ကျွန်ုပ်တို့သည်၊ ဘုရားသခင်၏မေတ္တာနှင့်ဉာဏ်ပညာကို လုံလောက်စွာယုံကြည်စိတ်ချခြင်းမရှိဟု အဓိပ္ပါယ်ရပါသည်။

၃။ **မှားယွင်းသောအယူအဆ၊** လူတစ်ဦးသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသည်ဟု လူများထင်နေနိုင်သော်လည်း အမှန်တကယ်မပြည့်ဝသို့မဟုတ် လုံလောက်စွာမရှိ။ ဤအရာသည် အများဆုံးသောပြဿနာဖြစ်ဟန်ရှိသည်။

၄။ **အလုပ်အလွန်များလွန်းနေသည်၊** လူတို့သည် အလုပ်ပိနေသောကြောင့် ခရစ်တော်နှင့်သူတို့၏ဆက်ဆံရေးကို ထိန်းသိမ်းရန်သူတို့မှာအချိန်မရှိ၊ သို့မဟုတ် မလုံလောက်ဟုထင်ကြသည်။ အချိန်ပေးသော်လည်း ဘုရားသခင်နှင့်ဆက်ဆံရေးသည် တိုးတက်မှုမရှိပါ။

၅။ လျှို့ဝှက်အပြစ်များ၊ ပြန်လည်ပြုပြင်ခြင်းမရှိဖြစ်ကောင်းဖြစ်မည်၊ ဤအရာက တိုတောင်းသောသံသရာလည်ခြင်း တစ်ခုကဲ့သို့ဖြစ်သည်။ ဘုရားသခင်၏တန်ခိုးတော်နှင့် ဆက်သွယ်မှုမရှိဟုဆိုလိုပါသည်။

၆။ များသောအားဖြင့် သူတို့၏ခံစားမှုအတိုင်း ပြုမူတတ်သည်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကပြောသည်မှာ– "ဖြောင့်မတ်သောသူသည်၊ ယုံကြည်ခြင်းအားဖြင့်အသက်ရှင်သည်။" ဘုရားသခင်ကိုကိုးစားခြင်းအားဖြင့် သို့မဟုတ် ကျွန်ုပ်၏ခံစားချက်အတိုင်း ကျွန်ုပ်သည် ဆုံးဖြတ်ချက်ချပါသလား။ Roger Morneau မှ ဤဖေါ်ပြချက်သည်၊ ကျွန်ုပ်၏စိတ်ကို စွဲမှတ်စေသည်။ "ခရစ်တော်နှင့်သူ၏ပုရောဖက်များ၏စကားကို နားထောင်မည့်အစား၊ သူတို့၏ခံစားချက်အပေါ်မှာဘဲ နားထောင်ရန် ဝိညာဉ်များသည်လူများကိုအားပေးလိမ့်မည်။ လူတစ်ယောက်သည် ဘာဖြစ်နေသည်ကို သဘောမပေါက်မီလူ၏အသက်တာများကို ဝိညာဉ်များက ထိန်းချုပ်ထားနိုင်သည့်နည်းထက် သေချာသောနည်းမရှိပါ။" Roger Morneau, A Trip into the Supernatural, Review and Herald 1982, p. 43.

သန့်ရှင်းသောဝိညာဉ်တော်နှင့်ကျွန်ုပ်ပြည့်ဝပြီဖြစ်သော်လည်း ဘာကြောင့်သန့်ရှင်းသောဝိညာဉ်တော်ကိုတောင်းခံသင့်သနည်း။

တစ်ဖက်မှာ ကျွန်ုပ်တို့အားသန့်ရှင်းသောဝိညာဉ်တော်ကိုပေးခြင်းသည် ကျွန်ုပ်အထဲမှာနေရန်ဖြစ်သည်။ အခြားတစ်ဖက်မှာ သန့်ရှင်းသောဝိညာဉ်တော်အတွက် ယုံကြည်ခြင်းဖြင့်အဆက်မပြတ် ကျွန်ုပ်တို့တောင်းခံသင့်သည်။ ဤတွေ့နေရသောဆန့်ကျင်ခြင်းကို ကျွန်ုပ်တို့မည်ကဲ့သို့ဖြေရှင်းမည်နည်း။

တစ်ဖက်မှာ

ယေရှုက ယောဟန် ၁၄း၁၇ မှာ "ထိုဝိညာဉ်တော်သည် သင့်တို့နှင့်အတူတည်နေ၍၊ သင်တို့၌ရှိတော်မူသောကြောင့် သင်တို့သိရကြ၏" ဟုပြောခဲ့သည်။

တမန်တော် ၂း၃၈ တွင်၊ "နောင်တရ၍တစ်ယောက်မျှမကြွင်းယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။"

အခြားတစ်ဖက်မှာ၊

ယေရှုသည် ဆုတောင်းချက်ကိုသင်ပေးခဲ့သောအခါ၊ လုကာ ၁၁း၉–၁၃ တွင်ပြောခဲ့သည်။ "...တောင်းကြလော့။ တောင်းလျှင်ရမည်။ ...ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုသာ၍ ပေးတော်မူမည်မဟုတ်လော" ဇဖက် ၅း၁၈ က ".... ဝိညာဉ်တော်နှင့်ပြည့်ဝလျက်နေကြလော့" ဟုပြောပါသည်။ ကိစ္စနှစ်ခုလုံးတွင် မူရင်းဂရိကျမ်းချက်၌ ၎င်းသည်အဆက်မပြတ်တောင်းခံခြင်းဖြစ်သည်။

ဖြေရှင်းနည်း

အီးဂျီရိုက်ကပြောသည်။ "သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုများသည် ရေးထားသောနှုတ်ကပတ်တော်နှင့် အမြဲသဟဇာတဖြစ်သည်။ မူရင်းလောကမှာဖြစ်နေသကဲ့သို့ ဝိညာဉ်လောကမှာလည်းဖြစ်နေသည်။ မူရင်းအသက်တာကို ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တစ်ခဏာပြီးတစ်ခဏာထိန်းသိမ်းပေးထားသည်။ ၎င်းကိုတိုက်ရိုက်အံ့ဖွယ်အမှုတစ်ခုအားဖြင့်တည်တံ့ရန်မပြုလုပ်ပေးသော်လည်း ကောင်းချီးမင်္ဂလာကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့လက်လှမ်းမီသောနေရာမှာ ထားပေးပါသည်။ ထို့ကြောင့်ဝိညာဉ်အသက်တာကိုတည်မြဲရန် ဤအရာများကိုအသုံးပြုခြင်းအားဖြင့် ဘုရားသခင်

ထောက်ပံ့ပေးထားပါသည်။ ခရစ်တော်၏နောက်လိုက်သည် "ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ရောက်သည်တိုင်အောင်" (ဧဖက် ၄း၁၃) ကြီးထွားလာလျှင် သူသည်အသက်မုန့်နှင့်ကယ်တင်ခြင်းရေကိုသောက်ရမည်။ သူသည် စောင့်နေ၍ဆုတောင်းရမည်။ အလုပ်လုပ်ရမည်။ အရာရာတိုင်းမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ညွှန်ကြားသည့်အတိုင်း သမ္မာသတိနှင့်ပြုလုပ်ရမည်။" E.G. White, The Acts of the Apostles, (1911), p. 284.2

ကျွန်ုပ်တို့မွေးဖွားလာသောအခါ အသက်ကိုရကြပြီ။ ဤအသက်ရေရှည်တည်တံ့ရန်အတွက်၊ ကျွန်ုပ်တို့စားရမည်၊ သောက်ရမည်၊ လေကျင့်ခန်း စသည့်အရာများကိုပြုလုပ်ရမည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာမှာလည်း ထိုနည်းအတိုင်းတိကျစွာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရေနှင့်ဝိညာဉ်တော်အားဖြင့်ဗတ္တိဇံခံယူသောအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိသောကြောင့် (တစ်ဖန်မွေးဖွားခြင်း) ဤဝိညာဉ်ရေးအသက်တာသည် ကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံး၌ ကျွန်ုပ်တို့၏အထဲတွင်တည်ရှိပါသည်။ ဤဝိညာဉ်ရေးအသက်တာကို ဆက်လက်ရှင်သန်ရန်အတွက် ဘုရားသခင်ပြင်ဆင်ပေးထားခဲ့သော ဝိညာဉ်ရေးနည်းလမ်းများဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကျမ်းစာ၊ ဆုတောင်းခြင်းနှင့်ကျွန်ုပ်တို့၏သက်သေခံခြင်းများစသည့်အရာတို့ကို အသုံးပြုရန်လိုအပ်ပါသည်။

ယောဟန် ၁၅း၄ တွင် ယေရှုက "ငါ၌တည်နေကြလော့။ ငါသည်လည်းသင်တို့၌တည်နေမည်။" အီးဂျီဝိုက်ကလည်း ဤအကြောင်းနှင့်ပတ်သက်၍ "ခရစ်တော်၌တည်ရှိခြင်းသည် သူ၏ဝိညာဉ်တော်ကိုအဆက်မပြတ်ရရှိခြင်းကိုဆိုလို၍ သူ၏အမှုတော်အတွက် အတားအဆီးမဲ့သောဆက်သွယ်ခြင်းရှိသော အသက်တာတစ်ခုဖြစ်သည်ဟု ဆိုလိုပါသည်။" E.G. White, The Desire of Ages, (1898), p. 676.2

ထိုအကြောင်းကြောင့် ကျွန်ုပ်တို့သည်၊ နေ့စဉ်ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ရရှိရန်တောင်းခံ၍ နံနက်တိုင်း ကျွန်ုပ်တို့မှာဖြစ်သည့်ရှိသည့်အရာတိုင်းကို ဘုရားသခင့်ထံတော်သို့ ဆက်ကပ်အပ်နှံရန် လိုအပ်ပါသည်။

ကျွန်ုပ်ဘယ်မှာရပ်ရမည်နည်း

ယခု၊ ကျွန်ုပ်မည်သည့်အုပ်စုတွင်ရှိသည်ကိုပိုင်းခြားရန် အရေးအကြီးဆုံးသောအရာဖြစ်သည်။ ကျွန်ုပ်အဘယ်မှာရပ်နေပါသလဲ။

ကျွန်ုပ်ချစ်သောအမေအသက် (၂၀) အရွယ်မှာ ယောကျ်ားတစ်ဦး၏မေးခွန်းကို သူမသည်ယုံကြည်ခြင်းခဲ့စိတ်မဝင်စားပါဟုဖြေခဲ့သည်။ ထိုနောက်ယောကျ်ားက သင်ညမှာသေသွားလျှင်မည်သို့ဖြစ်မည်နည်းဟု ထပ်မေးသောအခါ ဤစကားသည်သူမကိုပြင်းထန်စွာထိုးနှက်ခဲ့သည်။ သို့သော်လည်း အကျိုးပြုထိရောက်မှုရှိသောစကားဖြစ်ပါသည်။ ၎င်းသည် သူမအားယေရှုနှင့် သူ၏အသင်းတော်အတွက် ဆုံးဖြတ်ချက်ပြုရာသို့ပို့ဆောင်သောစကားဖြစ်ပါသည်။ ဤမေးခွန်းသည် သင့်အားလည်းကူညီနိုင်ကောင်းကူညီနိုင်လိမ့်မည်။

ယနေ့သင်သည်သေဆုံးပြီဆိုကြပါစို့။ (နှလုံးရပ်၍၊ ထိခိုက်ဒဏ်ရာရ၍)
ယေရှုခရစ်၌ထာဝရအသက်ရပြီဟု သင့်မှာအာမခံချက်ရှိပါသလား။
မသေချာမရေရာသောအခြေအနေမှာမတည်ရှိပါနှင့်။

ထိတ်လန့်စရာတစ်စုံတစ်ခုသောအရာ

ဤပြဿနာ၏ကြီးမားသောပမာဏကို ကျွန်ုပ်စဉ်းစားလည်ပြီဖြစ်သောအခါ၊ ကျွန်ုပ်အလွန်ထိတ်လန့်မိပါသည်။ ကျွန်ုပ်ဤစာပိုဒ်ကိုအမှန်

တကယ်ထည့်သွင်းရန် သင့်မသင့်အကြောင်းကို စဉ်းစားခဲ့၍ဆုတောင်းခဲ့ပါသည်။ ယခုအသက်ရှင်ရာတွင် ပျော်ရွှင်မှုကိစ္စရပ်တစ်ခုဖြစ်သောကြောင့် သော်လည်းကောင်း၊ ထာဝရအသက်တာအတွက်သော်လည်းကောင်း၊ ၎င်းသည်အိမ်ထောင်ရေးနှင့် မိသားစုအပေါ်အထူးသဖြင့်ဩဇာသက်ရောက်မှုရှိသကဲ့သို့ အသင်းတော်နှင့်အလုပ်အကိုင်ပေါ်လည်း အထူးဩဇာသက်မှုရှိသောကြောင့် ဤစာပိုဒ်ကိုရေးရန်အခွင့်အရေးကို ကျွန်ုပ်ရယူလိုက်ပါသည်။ မည်သူနှင့်ပတ်သက်သည်ကို ကျွန်ုပ်မသိပါ။ သို့သော် သက်ဆိုင်ရာပုဂ္ဂိုလ်များအတွက်အကူအညီဖြစ်စေချင်ပါသည်။ ကျွန်ုပ်လည်း ထိုကဲ့သို့အကူအညီရခဲ့သောကြောင့်ဖြစ်သည်။ ဧဇတိပကတိလူသားတိုင်း ဤအရာကိုသဘောပေါက်ရန် အလွန်အရေးကြီးပါသည်။ သို့မဟုတ်လျှင် ဘုရား၏အကူအညီဖြင့် သူမပြောင်းလဲနိုင်ပါ။ သန့်ရှင်းသောဝိညာဉ်တော်မှတစ်ဆင့် ယေရှုခရစ်နှင့်ရင်းနှီးစွာဆက်ဆံရေးတစ်ခုအားဖြင့် ဘုရားသခင်သည် သူ၏မေတ္တာတော်၌ ကျွန်ုပ်တို့ကိုကြွယ်ဝစွာသောကောင်းချီးပေးလိုပါသည်။ ရလဒ်တစ်ခုအနေဖြင့် ကြီးမားသောဆုံးရှုံးမှုကိုရှောင်ရှားနိုင်ပြီး၊ မရေတွက်နိုင်သောကောင်းချီးကိုတွေ့ကြုံခံစားနိုင်ပါသည်။ အံ့သြဖွယ်ရာတစ်ခုမှာ ဘုရားသခင်၏အကူအညီဖြင့် အခြေအနေတစ်ခုကို လျင်မြန်စွာကုစားဖြေရှင်းနိုင်ခြင်းဖြစ်သည်။ (အခန်း ၃ နှင့် ၅ တွင် ပို၍အသေးစိတ်ရှိသည်။)

ဧဇတိပကတိခရစ်ယာန်၏ပြဿနာကို ကျမ်းစာ၌ကွဲပြားခြားနားသောနည်းဖြင့်ဖော်ပြထားပါသည်။ တစ်ဦးချင်းအုပ်စုနှင့်အုပ်စုများမှလူများသည် အလွန်ကွဲပြားခြားနားသောအချက်များရှိနေနိုင်သော်လည်း ပြဿနာ၏ဗဟိုချက်သည် အတူတူပင်ဖြစ်သည်။ ခြားနားသောဖော်ပြချက်များမှာ–

- **"သွေးသားနှင့်ဆိုင်သော သို့မဟုတ် ဧဇတိပကတိလူ"** ရောမ ၈း၁–၁၇။ ၁ကော ၃း၁–၄။ ဂလာတိ ၅း၁၆–၂၁ နှင့်အခြားသောကျမ်းချက်များ။

➢ **"မိုက်မဲသော"** သတို့သမီး (၁၀) ဦးပုံပမာ မဿဲ ၂၅း၁-၃။ အသင်းတော်၏အခြေအနေကို မိုက်မဲသောသတို့သမီးများနှင့်ကိုယ်စားပြုထား၍ လောဒိကိအသင်းတော်အခြေအနေနှင့်လည်း ဖေါ်ပြထားပါသည်။ E.G. White, Review and Herald, Aug. 19, 1890.

➢ **"နွေးရုံသာ"** လောဒိကိအသင်းတော်သို့ပေးသောစာ။ ဗျာဒိတ်ကျမ်း ၃း၁၄-၂၁။

"အေးခြင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ တစ်ခုခုကိုငါအလိုရှိ၏" (ဗျာဒိတ် ၃း၁၅)။ အံ့သြဖွယ်ရာပင်မဟုတ်ပါလား။ ယေရှုသည်အေးခြင်းကိုပူနွေးရုံသာရှိခြင်းထက် သာ၍နှစ်သက်သည်။ ဤအရာအတွက်သူ၏အကြောင်းပြချက်ကားမည်သည့်အရာဖြစ်သနည်း။ "တစ်ဝက်တစ်ပျက်ခရစ်ယာန်များသည်၊ ဘာသာမဲ့သူများထက်ပို၍ဆိုးသည်။ အဘယ်ကြောင့်ဆိုသော်သူတို့၏လှည့်စားသောစကားများနှင့် ဆက်ကပ်ခြင်းမရှိသောသူတို့၏အနေအထားသည်၊ များစွာသောလူများကို လွဲမှားသောလမ်းသို့ပို့ဆောင်ပေးသောကြောင့်ဖြစ်သည်။ ဘာသာမဲ့သူများသည် သူ၏အရောင်များကိုပြသထားသည်။ နွေးရုံသာရှိသောခရစ်ယာန်သည် အုပ်စုနှစ်ခုလုံးကိုလှည့်စားသည်။ သူသည် ကောင်းသောလောကီသားတစ်ယောက်မဟုတ်သကဲ့သို့ ကောင်းသောခရစ်ယာန်တစ်ယောက်လည်းမဟုတ်ပါ။ စာတန်သည် မည်သူမျှမလုပ်နိုင်သောအလုပ်ကိုလုပ်ရန် သူ့ကိုအသုံးပြု၍လုပ်စေသည်။" E.G. White, Letter 44, 1903, quoted in the Seventh Day Adventist Bible Commentary, Vol.7, p. 963 on Rev. 3:15.16.

➢ **"တစ်ဖန်မွေးဖွားခြင်း"** မရှိသော၊ သို့မဟုတ် ဤအခြေအနေ၌ဆက်လက်မကျန်နေသော- ယောဟန် ၃း၁-၂၁။

"ကမ္ဘာကြီး၏ဤခေတ်ဤအခါတွင်၊ အသစ်မွေးဖွားခြင်းသည် ရှားပါးသောအတွေ့အကြုံတစ်ခုဖြစ်သည်။ ဤအရာသည်၊ အသင်းတော်များတွင်

များစွာသောရှုပ်ထွေးမှုရှိရခြင်းအကြောင်းပြချက်တစ်ခုဖြစ်သည်။ မြောက်မြားစွာသော ခရစ်တော်၏နာမကိုခံယူသောသူများသည်၊ စင်ကြယ်ခြင်းနှင့် သန့်ရှင်းခြင်းမရှိကြပါ။ သူတို့နှစ်ခြင်းခံယူခဲ့ကြသော်လည်း အရှင်လတ်လတ်မြုပ်နှံခြင်းခံခဲ့ရသကဲ့သို့ဖြစ်ခဲ့ကြသည်။ အတွေ့မသေခဲ့သောကြောင့် ယေရှုခဲ့အသစ်သောအသက်တာသို့ ထမြောက်ခြင်းမရှိခဲ့ပါ။" E.G. White, MS 148, 1897, quoted in the Seventh Day Adventist Bible Commentary Vol. 6, p.1075 Many buried alive.

➢ **ဘုရားဝတ်ခွဲမွေ့လျော်ယောင်ဆောင်ခြင်းတစ်ခု၊** "ဘုရားဝတ်ခွဲမွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူဖြစ်ကြလိမ့်မည်" ၂တိ ၃း၅။ ဤအကြောင်းကို အာသာဂျီ၊ ဒယ်နီယယ်(စ်)က အောက်ပါအတိုင်းပြောပြသည်။

"သို့သော်လည်း၊ ဥပဒေအတိုင်းကျပ်တည်းစွာနေခြင်းသည်၊ အလွန်လှည့်စားတတ်ပြီးဖျက်ဆီးတတ်ပါသည်။ ၎င်းသည်ရာစုနှစ်များစွာတစ်လျှောက်လုံး၌ အကြိမ်ပေါင်းများစွာအသင်းတော်အပေါ်ချိုးဖဲ့ဖျက်ဆီးရန် ခြိမ်းခြောက်သည့်ဝက်ထားသောမထင်မမှတ်သော တောင်စောက်ကမ်းပါးဖြစ်သည်။ ဘုရားသခင်၏တန်ခိုးမပါသော (ဝိညာဉ်တော်နှင့်မပြည့်ဝသော) ဤဘုရားဝတ်ခွဲမွေ့လျော်ယောင်ဆောင်ခြင်းသည်၊ နောက်ဆုံးနေ့ရက်များ၏အန္တရာယ်များထဲမှ တစ်ခုဖြစ်ကြောင်းနှင့် ဤသက်သောင့်သက်သာခွဲနေ၍ မိမိကိုယ်ကိုလှည့်စားသောစိတ်ထားမျိုးမဝင်စေရန် ပေါလုသည် ကျွန်ုပ်တို့ကိုသတိပေးထားပါသည်။" A.G. Daniells, Christ our Righteousness, p. 20.

အယ်လင်ဝိုက်ရေးသားချက်များတွင် ထိန့်လန့်ဖွယ်ရာထုတ်ပြန်ချက်များအချို့ရှိပါသည်။

➢ **အလွန်နည်းပါးသည်**

"ကျွန်မ၏အိပ်မက်ထဲတွင်၊ ကင်းစောင့်တစ်ဦးသည်၊ အရေးကြီးသော အဆောက်အဦတစ်ခုရှေ့တွင်ရပ်နေခဲ့ပြီး၊ အထဲဝင်ရန်ရောက်ရှိလာခဲ့သောသူတိုင်းအား၊ 'သန့်ရှင်းသောဝိညာဉ်တော်ကို သင်ရရှိခဲ့ပြီလား' ဟုမေးခဲ့ပါသည်။ သူ၏လက်ထဲတွင် တိုင်းရန်ကြိုးရှိခဲ့၍ အလွန်နည်းပါးသောသူများသာလျှင် အဆောက်အဦထဲဝင်ခွင့်ရခဲ့သည်။" E.G. White, Selected Messages, Vol.1 (1958), p.109.2

➢ **နှစ်ဆယ်ထဲမှ တစ်ယောက်ပင်အဆင်သင့်မရှိပါ**

"လေးနက်သောမိန့်ခွန်းတစ်ခုအသင်းတော်သို့ ကျွန်မပြောသည်မှာ၊ အသင်းတော်စာအုပ်ရှိနာမည်စာရင်းတွင် နာမည်ပါသောလူနှစ်ဆယ်ထဲမှ တစ်ဦးမျှပင် သူတို့၏ကမ္ဘာသမိုင်းကိုအဆုံးသတ်ရန် ပြင်ဆင်ထားခြင်းမရှိခဲ့ပါ။ ကမ္ဘာပေါ်တွင်ရိုးရိုးအပြစ်သားကဲ့သို့ ဘုရားမရှိ၊ မျှော်လင့်ခြင်းမရှိသောသူကဲ့သို့ အမှန်ပင်ဖြစ်ကြလိမ့်မည်။" E.G. White, Christian Service (1925), p. 41.1

➢ **ကျွန်ုပ်တို့သည်အဘယ်ကြောင့် ဤမျှအိပ်ချင်ကြပါသနည်း။**

"ဘုရားသခင်၏စစ်သည်တော်များသည် အဘယ်ကြောင့်အလွန်အိပ်ချင်၍ အလွန်ခြားနားကြပါသနည်း။ အဘယ်ကြောင့်ဆိုသော် ယေရှုနှင့်မှန်ကန်သောဆက်ဆံရေးအလွန်နည်းပါး၍ သူတို့မှာသူ၏ဝိညာဉ်တော်မရရှိဘဲ အလွန်ဆင်းရဲနေသောကြောင့်ဖြစ်သည်။" E.G. White, The Great Controversy (1911), p. 507.3

➢ **ကြီးမားသောအန္တရာယ်တစ်ခု**

"ကျွန်မသည် တိုတောင်းဤမရေရာမသေချာသော အသက်တာရှိဤနေရာတွင်နေလိမ့်မည်မဟုတ်ပါ။ သို့သော်လည်း အလွန်ကြောက်

မက်ဖွယ်ကောင်းသောအန္တရာယ်တစ်ခုရှိပါသည်။ လုံလောက်အောင်နားလည်းနိုင်သောအန္တရာယ်တစ်ခုမဟုတ်ပါ။ ၎င်းအန္တရာယ်သည်၊ ဘုရားသခင်၏ဝိညာဉ်တော်၏အသနားခံသောအသံကို လိုက်လျောရန်နှောင့်နှေးခြင်း၊ အပြစ်ထဲ၌နေရန်ရွေးချယ်ခြင်း၊ ဤကဲ့သို့သောနှောင့်နှေးခြင်းအမှန်တကယ်ရှိခြင်းပင်ဖြစ်သည်။" E.G. White, Selected Messages, Vol. 1 (1958), p.109.2 အပြစ်၏အဓိကအချက်မှာ အဘယ်အရာနည်း။ "ငါ့ကိုမယုံကြည်ကြသောကြောင့်" (ယောဟန် ၁၆း၉) ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုအားအမှန်ယုံကြည်၍ကိုးစားခြင်း၏လက္ခဏာမှာ သူ့အား ကျွန်ုပ်တို့ကိုယ်ကိုလုံးလုံးလျားလျားအပ်နှံခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ပြီးပြည့်စုံသော ဆက်ကပ်အပ်နှံခြင်း၊ အရာရာ၌ သူ့နောက်လိုက်ရန်ဆန္ဒရှိခြင်းနှင့်ဆက်စပ်လျက်ရှိသည်။

ကျွန်ုပ်တစ်ဖန်ထပ်၍ပြောချင်ပါသည်။ ဤအလွန်လေးနက်သောစာပိုဒ်ကိုထည့်သွင်းရန် ကျွန်ုပ်အခွင့်အလမ်းယူရခြင်းမှာ ၎င်းသည် ကျွန်ုပ်တို့၏အသက်တာ၌ တစ်ကိုယ်ရေဗျာဒိရှင်မှုနှင့် ထာဝရအသက်ကိုရရှိရန်နှင့်အထူးသဖြင့် ကျွန်ုပ်တို့၏အိမ်ထောင်ရေး၊ မိသားစုနှင့်အသင်းတော်များတွင် ကျွန်ုပ်တို့၏သြဇာလွှမ်းမိုးခြင်းရှိရန်နှင့်လည်း ပတ်သက်ဆက်နွယ်လျက်ရှိသောကြောင့်ဖြစ်သည်။

မေးခွန်းများနှင့်ပို၍များသောမေးခွန်းများ

အဆုံးအဖြတ်ပေးသောမေးခွန်းမှာ၊ သင်သည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝနေသလား၊ သို့မဟုတ် မပြည့်ဝဘဲဖြစ်နေပါသေးသလား။ သို့သော်လည်း ဘယ်အချိန်မှာလူတစ်ယောက်သည် သန့်ရှင်းသောဝိညာဉ်တော်

နှင့်ပြည့်ဝပါသနည်း။ ကြိုတင်လိုအပ်ချက်များသည် အဘယ်အရာများဖြစ်ပါသနည်း။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ရှိသော အသက်တာတစ်ခု၏ကောင်းသောရလဒ်များသည် အဘယ်အရာများနည်း။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသည်ဟု မှားယွင်းစွာထင်သောအခါ ဘာဖြစ်မည်နည်း။

အချက်ပြမှုများအတွက်ကျေးဇူးတင်ပါ

ပြန်လည်နိုးကြားခြင်းအကြောင်းအရာ၌ ပို၍မိမိကိုယ်မိမိမြှုပ်နှံနေရခြင်းအတွက် ဘုရားသခင်ကိုကျေးဇူးတင်ပါ။ ပြန်လည်နိုးကြားရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယခုအချိန်၌နှိုးဆော်ပေးခြင်းသည်၊ ကျွန်ုပ်တို့၏ကြီးမား၍အံ့ဖွယ်ကောင်းသော ဘုရားမှာအကြောင်းပြချက်များရှိသည်ဟု ကျွန်ုပ်ထင်ပါသည်။ ဤအရာများသည် အကြောင်းပြချက်များဖြစ်နိုင်ပါသလား။

- သူသည် ကျွန်ုပ်တို့၏အားနည်းချက်ကိုသက်သာစေရန် အလိုတော်ရှိ၍ ကျွန်ုပ်တို့၏လောဒီကိနှင့်တူသောအခြေအနေမှခွဲထွက်ရန် ကျွန်ုပ်တို့အားလမ်းပြပို့ဆောင်ပေးလိုပါသည်။
- ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်းအတွက် ကျွန်ုပ်တို့ပြင်ဆင်ရန် သူအလိုရှိသည်။ အထူးအချိန်မဖြစ်လာမီလေးတွင် အသင့်ပြင်ဆင်ထားရန်လည်း သူအလိုရှိသည်။
- ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍ ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောသူနှင့် ယေရှု၏ယုံကြည်ခြင်းရှိသောသူများ (ဗျာဒိတ် ၁၂း၁၇) အားဖြင့် ကမ္ဘာတွင်ကြီးမားသောပြန်လည်နိုးကြားခြင်း၏ ပိတ်ပွဲကိုဆောင်ကြဉ်းရန် သူအလိုတော်ရှိပါသည်။ (ဗျာဒိတ် ၁၈း၁-၂)။

ဇာတိပကတိခရစ်ယာန်တိုင်းသည် ဝိညာဉ်ပကတိခရစ်ယာန်တစ်ဦး အလျင်အမြန်ဖြစ်လာနိုင်သည့်အတွက်လည်း ဘုရားသခင်ကိုကျေးဇူးတင်ကြပါစို့။ သန့်ရှင်းသောဝိညာဉ်တော်၌အသက်ရှင်သောသူတိုင်းသည် ခရစ်တော်၏ပြည့်စုံခြင်းသို့ ကြီးထွားလာနိုင်သည့်အတွက်လည်း ကျေးဇူးတင်ကြပါစို့။ ဤအရာသည် ကျွန်ုပ်တို့၏ယခုလုပ်ရမည့်နောက်အလုပ်ဖြစ်သည်။ ယခု ဤအခန်း၏အဆုံးတွင် နောက်ထပ်အတွေ့အကြုံတစ်ခုကိုဖေါ်ပြပါမည်။

အသစ်လှုံ့ဆော်မှုနှင့်အတွင်းစိတ်ဝမ်းမြောက်ခြင်း

"အသင်းတော်မှညီမတော်တစ်ဦးသည်၊ ကျွန်ုပ်ကို 'တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ' စာအုပ်ပေးခဲ့ပါသည်။ စာအုပ်ငယ်၏မာတိကာများက ကျွန်ုပ်ကိုလွှမ်းမိုးထားခဲ့ပါသည်။ ဤကဲ့သို့သောအရာတစ်ခုခုအတွက် ကျွန်ုပ်ကြာမြင့်စွာရှာခဲ့ပြီးဖြစ်၍ နောက်ဆုံး၌ ၎င်းကိုရှာတွေ့ခဲ့ပါပြီ။ ထိုနောက် ကျွန်ုပ်၏ဝိညာဉ်ရေးအသက်တာကို စတင်၍စုစည်းခဲ့ပြီး ထိုနောက်မှသာကျွန်ုပ်သည် တစ်စုံတစ်ခုလုပ်ရမည့်အကြောင်းကိုနားလည်သဘောပေါက်လာခဲ့သည်။ ကျွန်ုပ်ကိုယ်ကို ခရစ်တော်ထံသို့လုံးလုံးလျားလျားဆက်ကပ်အပ်နှံလိုက်ပါသည်။ ထိုအချိန်မှစ၍ သခင်သည် ကျွန်ုပ်ကိုအလွန်စောသောအချိန်မှာနိုး၍ ကျွန်ုပ်၏ကိုယ်ပိုင်ဝတ်ပြုခြင်းကိုပြုရန် ကျွန်ုပ်အား အချိန်ပေးခဲ့ပါသည်။ နေ့စဉ်ရက် (၄၀) စာအုပ်မှအခန်းတစ်ခန်းကို ကျွန်ုပ်လေ့လာဖတ်ရှုခဲ့ပါသည်။ ယေရှုနှင့်ကျွန်ုပ်၏ဆက်ဆံရေးသည် သာ၍ကြီးထွားလာခဲ့ပြီဟု ကျွန်ုပ်ရှင်းလင်းစွာသတိထားမိခဲ့ပါသည်။ ၎င်းသည် သာ၍နက်ရှိုင်းလာခဲ့ပြီး သာ၍ရင်းနှီးခြင်းရှိလာခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်အလုပ်လုပ်နေပြီ။ ရက် (၄၀) စာအုပ်လေ့လာဖတ်ရှုပြီးသည့်နောက် ရက် (၄၀) နံပါတ် (၂) စာအုပ်ကိုလေ့လာခဲ့သည်။ ထိုအချိန်မှစ၍ ထိုစာအုပ်နှစ်အုပ်ကို (၄) ကြိမ်စီဖတ်ရှုလေ့လာခဲ့ပါသည်။

အခြားဘာမျှမလုပ်နိုင်ဘဲ နေ့စဉ်ဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံရန်သာ ဆုတောင်းမိပါသည်။ ရလဒ်များအလွန်ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏အသစ်လုံ့ဆော်မှုနှင့် အတွင်းစိတ်၏ဝမ်းမြောက်ခြင်းကိုသတိ မထားမိဘဲမနေနိုင်ခဲ့သောကြောင့်ဖြစ်သည်။ ကျွန်ုပ်၏အတွေ့အကြုံကိုဝေငှရန် အခွင့်အရေးများကိုလည်းရှာဖွေမိခဲ့ပါသည်။ ယေရှုနှင့်နီးကပ်စွာရှိသောဆက် ဆံရေးသည် အရာများစွာကိုအရေးမကြီးစေတော့ဘဲ၊ ဂရုစိုက်စရာမလို အပ်သောကိစ္စများကိုလည်း ဖြေရှင်းပေးခဲ့ပါသည်။ ကျွန်ုပ်အခွင့်ထူးရခဲ့ ပြီးသော ဤအတွေ့အကြုံမျိုးကို လူအများအပြားကရရှိနိုင်ပါလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်၍ ဆုတောင်းပေးပါသည်။" H.S.

–o–

အခန်း ၄

ကျွန်ုပ်တို့၏ပြဿနာများ– ၎င်းတို့ကိုဖြေရှင်းနိုင်ပါသလား။ မည်ကဲ့သို့နည်း။

ကျွန်ုပ်တို့၏ပြဿနာများအတွက် ဘုရားသခင်၏ဖြေရှင်းနည်းသည် အဘယ်အရာနည်း။ ပျော်ရွှင်ဖွယ်ခရစ်ယာန်များဖြစ်ရန် ကျွန်ုပ်တို့မည်ကဲ့သို့ကြိုးစားလာနိုင်သနည်း။

ယေရှုကပြောခဲ့ပါသည်။

"ငါ၌တည်နေကြလော့။ ငါသည်လည်းသင်တို့၌တည်နေမည်" ယောဟန် ၁၅း၄။

"ခရစ်တော်၌တည်ရှိနေခြင်းသည် သူ၏ဝိညာဉ်တော်ကို အဆက်မပြတ်ရရှိခြင်းဖြစ်၍ သူ၏အမှုတော်၌ လုံးလုံးလျားလျားဆက်ကပ်အပ်နှံသော အသက်တာတစ်ခုဖြစ်သည်ဟု အဓိပ္ပါယ်ရပါသည်။" E.G. White, The Desire of Ages (1898), p. 676.2

ကျွန်ုပ်တို့၏ပြဿနာဗဟိုချက်အတွက် အပိုင်းနှစ်ပိုင်းရှိ ဤမွန်မြတ်သောဖြေရှင်းနည်းသည်၊ တစ်ချိန်တည်းမှာပင် ပျော်ရွှင်သောခရစ်ယာန်အသက်တာတစ်ခုသို့ ပို့ဆောင်သောနည်းလမ်းဖြစ်ပါသည်။ အဘယ်ကြောင့်နည်း။ ယေရှုကဤစကားများဖြင့်သုံးသပ်ပြခဲ့သည်။ "သင်တို့၌ ငါဝမ်းမြောက်

စရာအကြောင်းတည်စေခြင်းငှါလည်းကောင်း၊ သင်တို့ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှါလည်းကောင်း၊ ဤစကားကိုသင်တို့အားငါဟောပြော၏။" (ယောဟန် ၁၅း၁၁) ဤလေ့ကားထစ်နှစ်ထစ်အားဖြင့် (သန့်ရှင်းသောဝိညာဉ်တော်ကိုအဆက်မပြတ်ရရှိခြင်းနှင့် လုံးလုံးလျားလျားဆက်ကပ်အပ်နှံခြင်း) ခရစ်တော်သည် ကျွန်ုပ်တို့၏အထဲ၌တည်ရှိ၍၊ ၎င်းသည်ပြီးပြည့်စုံသောပျော်ရွှင်မှုသို့ပို့ဆောင်သောနည်းလမ်းဖြစ်သည်။ ကောလောသဲ ၁း၂၇ က ဘုန်းတော်၏စည်းစိမ်အကြောင်းကိုပြောထားသည်။ ၎င်းသည်၊ သင်တို့အထဲ၌တည်ရှိတော်မူသောခရစ်တော်ပင်ဖြစ်သည်။ ယောဟန် ၁၄ တွင်ပါရှိသောဝိညာဉ်တော်ကိုပေးမည့် ကတိတော်နှင့်ယောဟန် ၁၆ တွင်ပါရှိသောဝိညာဉ်တော်၏လုပ်ငန်းတို့တွင် ယေရှုသည် စပျစ်နွယ်ပင်ပုံပမာကိုပြောပြ၍ မြုပ်ဝင်စေခြင်းသည်မှတ်သားဖွယ်ရာကောင်းသောအကြောင်းပင် မဟုတ်ပါလား။

အရေးကြီးသောအချက်မှာ၊ ကျွန်ုပ်တို့သည် (စည်းမျဉ်းတစ်ခုကဲ့သို့) ကျွန်ုပ်တို့ဖြစ်သမျှနှင့်ရှိသမျှအရာအားလုံးအပါအဝင် ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်၏အထံတော်သို့ နေ့စဉ်ဆက်ကပ်ပြီး သန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်းချပေးရန် ကျွန်ုပ်တို့နေ့စဉ်တောင်းခံကာ ယုံကြည်ခြင်းအားဖြင့် ရရှိရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကိုယ်ကိုယေရှုထံသို့နေ့စဉ်ဆက်ကပ်ရန် အဘယ်ကြောင့်လိုအပ်ပါသနည်း။

ယေရှုက လုကာ ၉း၂၃ မှာ ပြောခဲ့သည်။ "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင်၊ ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်။"

ယေရှုကတပည့်တော်ခံယူခြင်းသည် နေ့စဉ်ကိစ္စဖြစ်သည်ဟုပြော ခဲ့ပါသည်။ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းဆိုသည်မှာ မိမိအသက်တာကို ယေရှုအားထိန်းချုပ်ပေးရန် လွှဲပြောင်းပေးခြင်းဟုအဓိပ္ပါယ်ရပါသည်။ လက်ဝါးကပ်တိုင်ထမ်းခြင်းသည် နေ့စဉ်နေ့တိုင်းအခက်ခဲများခံစားရမည်ဟု မဆိုလိုပါ။ ၎င်း၏အဓိပ္ပါယ်မှာ၊ ကျွန်ုပ်တို့အတွေ့များကိုနေ့စဉ်ငြင်းပယ်၍ ယေရှုထံသို့ပျော်ရွှင်စွာနှင့် လိုလိုလားလားဆက်ကပ်ခြင်းဖြစ်သည်။ ပေါလုသည် သူ့အကြောင်းကိုပြောသကဲ့သို့ "ငါနေ့စဉ်သေသည်" ဟု ပြောနိုင်ရမည်။ ယေရှုအသက်ရှင်စဉ်ကအချိန်၌၊ လူတစ်ယောက်လက်ဝါးကပ်တိုင်ထမ်းခြင်း သည်၊ သေမိန့်ကျခံရ၍ သတ်ရန်နေရာသို့သွားခြင်းဖြစ်သည်။ ထို့ကြောင့် ယေရှုနောက်တော်သို့လိုက်ခြင်းကြောင့် ဖြစ်ပေါ်တတ်သောအခက်ခဲများကို လက်ခံရရှိခြင်းနှင့်လည်းသက်ဆိုင်ပါသည်။

မွေးဖွားသောအချိန်တွင် ကိုယ်ကာယအသက်ကိုကျွန်ုပ်တို့ရရှိခဲ့သည်။ ကျွန်ုပ်တို့၏အသက်၊ ခွန်အားနှင့်ကျန်းမာခြင်းကိုထိန်းသိမ်းရန်၊ နေ့တိုင်းပုံမှန် ကျွန်ုပ်တို့အစာစားကြပါသည်။ ကျွန်ုပ်တို့၏ဝိညာဉ်အသက်ကို ကျွန်ုပ်တို့ တစ်ဖန်မွေးဖွားခြင်းအားဖြင့်ရရှိခဲ့ကြသည်။ ကျွန်ုပ်တို့ဝိညာဉ်အသက် သန်မာ၍ ကျန်းမာခြင်းနှင့်ပြည့်စုံရန် ကျွန်ုပ်တို့၏အတွင်းလူကို နေ့စဉ်ဂရုစိုက်ရန် လိုအပ်ပါသည်။ ကိုယ်ကာယအသက်တာသာမက ဝိညာဉ်အသက်တာမှာပါ ထိုကဲ့သို့မပြုလုပ်ခဲ့လျှင် ကျွန်ုပ်တို့သည်အားနည်းလာ၍ ဖျားနာလာကာ သေပင်သေနိုင်ပါသည်။ သိုထားသောအစာအဖြစ် ကျွန်ုပ်တို့အစာကိုကြိုစား ထား၍မရသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ကျွန်ုပ်တို့သိုလှောင် ထား၍မရပါ။

The Acts of the Apostles စာအုပ်တွင် အဖိုးတန်သောအကြံပေးချက် တစ်ခုရှိပါသည်။ "ဇာတိပကတိဘဝမှာဖြစ်သကဲ့သို့ ဝိညာဉ်ပကတိ ဘဝမှာလည်းဖြစ်ပါသည်။ ဇာတိပကတိဘဝကို သန့်ရှင်းသောတန်ခိုးဖြင့် ခဏခဏတာရှည်ခံရန် ပြုလုပ်ပေးသော်လည်း တိုက်ရိုက်အံ့ဖွယ်အမှုတစ်ခု

ကဲ့သို့ အကျိုးမပြုထားပါ။ သို့သော်လည်း ကျွန်ုပ်တို့လက်လှမ်းမီသော နေရာတွင်အသုံးပြုရန် ကောင်းချီးမင်္ဂလာများကိုချထားပေးပါသည်။ ထို့ကြောင့် ဝိညာဉ်ပကတိအသက်တာကိုလည်း ထိုသို့သောကောင်းချီးမင်္ဂလာမျိုးဖြင့် ဘုရားသခင်ထောက်ပံ့ပေးခဲ့ပါသည်။" E.G. White, The Acts of the Apostles, (1911), p. 248.2

ထာဝရလိုအင်သက်တော်စဉ် ထဲမှသုံးသပ်ချက်တစ်ခုသည် ကျွန်ုပ်ကိုစွဲမှတ်စေပါသည်။ "ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ခရစ်တော်နောက်တော်သို့လိုက်ရမည်။ နက်ဖြန်အတွက်အကူအညီကို ဘုရားသခင်ကမပေးအပ်ထားပါ။" E.G. White, The Desire of Ages, (1898), p. 313.4

အယ်လင်ဝိုက်ကပြောခဲ့သည်–

"ယေရှုနောက်လိုက်ရန် ပထမဦးစွာစိတ်ပါလက်ပါပြောင်းလဲခြင်းလိုအပ်၍ ဤပြောင်းလဲခြင်းသည် နေ့စဉ်ထပ်ခါထပ်ခါရှိရန်လိုအပ်ပါသည်။" Editor Francis D. Nichol, Adventist Bible Commentary Vol.1 (Review and Herald, 1976), p.1113 "ပြောင်းလဲခြင်းရှိသောအခါ၊ ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံခြင်းသည် မည်မျှပင်ပြီးပြည့်စုံခြင်းရှိနေပါစေ၊ နေ့စဉ်ပြုပြင်ပြောင်းလဲခြင်းမရှိပါက ကျွန်ုပ်တို့အတွက်ထိရောက်မှုရှိမည်မဟုတ်ပါ။...." E.G. White, Review and Herald, Jan. 6, 1885. "နံနက်အချိန်တွင် သင့်ကိုယ်ကိုဘုရားထံဆက်ကပ်အပ်နှံပါ။ ဤသည်ကို သင်၏ပထမဦးဆုံးသောအလုပ်ဖြစ်စေပါ။ သင်၏ဆုတောင်းချက်သည်လည်း "အိုသခင်ဘုရား၊ ဖဘုရား၏ဥစ္စာလုံးလုံးအဖြစ် ကျွန်ုပ်ကိုလက်ခံယူပါ။ ဖဘုရား၏ခြေတော်ရင်းမှာ ကျွန်ုပ်၏အကြံအစည်အားလုံးတို့ကိုချထားပါ၏။ ဖဘုရား၏အမှုတော်မှာ ကျွန်ုပ်ကို ယနေ့အသုံးပြုတော်မူပါ။ အကျွန်ုပ်၌တည်ရှိ၍ ကျွန်ုပ်ပြုလုပ်ခဲ့သမျှသောအရာအားလုံးသည် ဖဘုရား၌သာဖြစ်ပေါ်လာစေခဲ့ပါ" ဟု ဖြစ်စေပါ။ ဤအရာသည် နေ့စဉ်လုပ်ရမည့်အရာဖြစ်သည်။ နံနက်တိုင်းထိုနေ့အတွက် ဘုရား၌သင့်ကိုယ်ကိုဆက်ကပ်အပ်နှံပါ။ ဘုရားသခင်၏စောင့်ရှောက်ခြင်း

လမ်းညွှန်သည့်အတိုင်း၊ လုပ်ဆောင်ရန်ရှိသည်ကိုလုပ်ဆောင်၍ စွန့်ပစ်ရန်ရှိသည်ကိုစွန့်ပစ်ရန် သင်၏အကြံအစည်အားလုံးကို ဘုရားသခင်အားအပ်နှံပါ။ ထိုကဲ့သို့နေ့စဉ်ရက်တိုင်း ဘုရားသခင်၏လက်ထဲသို့ သင်၏ဘဝအသက်တာကိုပြောင်းပေးအပ်လျှင် သင်၏အသက်တာသည် ယေရှု၏အသက်တာနှင့် ပို၍ပို၍တူရန်ပုံသွင်းခြင်းခံရလိမ့်မည်။" E.G. White, Steps to Christ (1892), p. 70.1

(Morris Venden) မောရစ်ဗန်းဒန်းက၊

"သင်သည် နေ့စဉ်ပြောင်းလဲခြင်းကိုလိုအပ်သည်ဟု မထင်မြင်ခဲ့လျှင် သင်၏အသက်တာ၌ ကြီးမားသောအခက်အခဲပြဿနာများဖြစ်လာနိုင်သည်။ Thoughts From The Mount of Blessing စာမျက်နှာ ၁၀၁ တွင် ဤကတိကိုပေးထားသည်။ 'သင်သည် နေ့စဉ်ဘုရားသခင်အားရှာဖွေ၍ နေ့စဉ်ပြုပြင်ပြောင်းလဲခြင်းခံရလျှင်၊ သင်၏ညည်းညူခြင်းအားလုံးသည် တိတ်ဆိတ်ငြိမ်သက်သွား၍ သင်၏အခက်ခဲအားလုံးဖယ်ရှားခြင်းခံရကာ သင့်ကိုယခုတိုက်ခိုက်သော၊ ရှုပ်ထွေးသောပြဿနာအားလုံးကိုလည်း ဖြေရှင်းပေးပါလိမ့်မည်။'" Morris Venden, 95 Theses on Righteousness by Faith (Pacific Press, 1987), p. 96.

ဘုရားသခင်ထံတော်သို့ ကျွန်ုပ်တို့ပထမအကြိမ်လာခဲ့သောအချိန်သည် အရေးကြီးသကဲ့သို့ ယေရှု၌တည်ရှိရန် ကျွန်ုပ်တို့၏နေ့စဉ်အသစ်သော ဆက်ကပ်ခြင်းသည်လည်း အရေးကြီးပါသည်။

မောရစ်ဗန်းဒန်း ဆက်၍ပြောသည်မှာ၊ "ဘုရားသခင်၌ နေ့စဉ်တည်ရှိသောဆက်ဆံရေးသည်၊ တစ်ခဏပြီးတစ်ခဏသူ့အပေါ်မှီခိုအားထား၍ သူ၌တည်ရှိသော ဆက်ကပ်မှုသို့ပို့ဆောင်ပေးသည်။" Morris Venden, 95 Theses on Righteousness by Faith (Pacific Press, 1987), p.233.

ကျွန်ုပ်တို့ကိုယ်ကိုယေရှုထံတော်သို့ နံနက်တိုင်းသတိထား၍ ဆက်ကပ်သောအခါ၊ သူ၏ဆန္ဒအတိုင်း ကျွန်ုပ်တို့ပြုလုပ်ဆောင်ရွက်နေသည်ဟု ကျွန်ုပ်တို့စိတ်ချနေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် (မဿဲ ၁၁း၂၈) တွင်၊ "ငါ့ထံသို့လာကြလော့" ဟု သူပြောခဲ့ပြီး (ယောဟန် ၆း၃၇) မှာ ".... ငါထံသို့လာသောသူကို ငါသည်အလျှင်းမပယ်" ဟု ပြောခဲ့ပါသည်။

"သခင်ဘုရားသည် ကျွန်ုပ်တို့အတွက်ကြီးမားသောအမှုများကို လုပ်ပေးရန် အလိုရှိပါသည်။ လူစုအရေအတွက်အားဖြင့် ကျွန်ုပ်တို့အောင်မြင်ခြင်းကိုရရှိမည်မဟုတ်ဘဲ ယေရှုထံတော်သို့ ဝိညာဉ်အားအပြည့်အဝအပ်နှံခြင်းအားဖြင့်သာ အောင်မြင်ခြင်းကိုရရှိမည်ဖြစ်သည်။ ကွသရေလတို့၏ခွန်အားကြီးမားသောဘုရားကို ယုံကြည်ကိုးစားခြင်းနှင့် သူ၏ခွန်အားအားဖြင့် ကျွန်ုပ်တို့ရှေ့သို့ချီတက်ကြရမည်။...." E.G. White, Sons and Daughters of God. p. 279.

ကျွန်ုပ်တို့ကိုယ်ကို ဘုရားထံလုံးလုံးလျားလျားဆက်ကပ်အပ်နှံသောအခါ ကြီးမားသောဩဇာလွှမ်းမိုးမှုကို ကျွန်ုပ်တို့အားဖြင့်ဘုရားသခင်ကအသုံးပြုနိုင်ကြောင်းကိုအောက်ပါအတိုင်း ဂျွန်ဝက်စလီ (John Wesley) ကပြောခဲ့သည်။ "ဘုရားသခင်ထံတော်သို့ ၉၉% သာ ကိုယ်ကိုဆက်ကပ်သောတပ်တစ်တပ်မျှရှိသောလူများထက်၊ ဘုရားသခင်ထံတော်သို့ ၁၀၀% ဆက်ကပ်သောလူတစ်ယောက်အားဖြင့် ဘုရားသခင်သည်သာ၍အလုပ်လုပ်နိုင်ပါသည်။ Dr. S. Joseph Kidder, Anleitung zum geistlichen Leben (Andrews University), PPP Slide 14.

အယ်လင်ဝိုက်ကရေးသားခဲ့သည်မှာ–

"ခရစ်တော်နှင့်လက်တွဲ၍ အလုပ်လုပ်သောသူများဖြစ်လာ၍ ဘုရားသခင်အား ကျွန်ုပ်နှင့်ကျွန်ုပ်မှာရှိသောအရာခပ်သိမ်းသည် ဖဘုရား၏ဥစ္စာဖြစ်၏ဟု ပြောသောသူများမှသာလျှင် ဘုရားသခင်၏သားများသမီးများ

အဖြစ်သတ်မှတ်ခြင်းခံရမည်။" E.G. White, The Desire of Ages (1898), p. 523.1 "စိတ်နှလုံး၊ ကိုယ်ခန္ဓာနှင့်ဝိညာဉ်ကို ဘုရားသခင်အားဆက်ကပ်အပ်နှံသောသူများအားလုံးသည် ကိုယ်ခန္ဓာနှင့်စိတ်ဉာဏ်ပညာ၏ အသစ်သောပုံပိုးမှုကို အဆက်မပြတ်ရရှိမည်။.... သန့်ရှင်းသောဝိညာဉ်တော်ကစိတ်နှလုံးနှင့်စိတ်အာရုံထဲတွင်အလုပ်လုပ်ရန် အမြင့်ဆုံးသောစွမ်းအားကိုထည့်သွင်းပေးသည်။ ဘုရားသခင်၏ကျေးဇူးတော်သည်၊ သူတို့၏စွမ်းရည်များကို တို့ချဲ့ပေး၍ တိုးပွားပေးသည်။ ပြိုင်စံရှားသောဘုရားသခင်၏ဗီဇသည်၊ ဝိညာဉ်များကယ်ဆယ်ရေးလုပ်ငန်းတွင် သူတို့ကိုထောက်ပံ့ရန် ရောက်လာသည်။..... လူတို့၏လူ့သဘာဝအားနည်းခြင်းတွင်၊ အနန္တတန်ခိုးရှင်၏လုပ်ဆောင်ချက်များကို ဖြစ်မြောက်အောင်လုပ်နိုင်ရန် သူတို့ကိုအထောက်အကူပေးပါသည်။" E.G. White, The Desire of Ages (1898), p.827.3

နေ့စဉ် "ဆက်ကပ်ခြင်း" သို့မဟုတ် "ကတိပြုခြင်း" သို့မဟုတ် "သင်၏အသက်တာအပ်နှံခြင်း" သို့မဟုတ် "ပြောင်းလဲခြင်း" စသည့်ခေါင်းစဉ်များစွာရှိပါသည်။

လူတစ်ယောက်သည်သန့်ရှင်းသောဝိညာဉ်တော်နှင့် အသစ်သောဇတ္တိဇံခံရန်အတွက်နေ့စဉ်တောင်းခံရန်အဘယ်ကြောင့်လိုအပ်ပါသနည်း။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ဖြည့်ပေးရန် တောင်းခံခြင်းသည် ကျွန်ုပ်အနားမှာယေရှုနေရန် တောင်းခံခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်အထဲမှာယေရှုတည်ရှိနေသောကြောင့်ဖြစ်သည်။ သို့သော် အဘယ်ကြောင့် နေ့စဉ်တောင်းခံမည်နည်း။

The Acts of the Apostles စာအုပ်တွင် အီးဂျီဝိုက်ကပြောခဲ့ပါသည်။ "ဆက်ကပ်အပ်နှံသောအမှုတော်ဆောင်အတွက် အံ့သြဖွယ်ကောင်းသော

ဖြေသိမ့်စရာမှာ၊ ယေရှုပင်လျှင်ဤကမ္ဘာပေါ်မှာနေစဉ်အခါက သူ၏အသက်တာတစ်လျှောက်လုံးတွင် လိုအပ်သောကျေးဇူးတော်၏ အသစ်သောထောက်ပံ့မှုရရှိရန် သူ၏ခမည်းတော်အားနေ့စဉ်ဆုတောင်းခဲ့သည် ဟူသောအသိတရားပင်ဖြစ်သည်။ သူကိုယ်တိုင်၏ပုံစံနမူနာသည်၊ ယုံကြည်သောအားဖြင့် ဘုရားသခင်ထံမှလေးနက်၍ ဇွဲလုံ့လဖြင့်ဆုတောင်းခြင်းသည်၊ အာမခံချက်တစ်ခုဖြစ်သည်ဟုပြသပေးခဲ့သည်။ ယုံကြည်ခြင်းသည် ဘုရားသခင်အပေါ်လုံးလုံးလျားလျားမှီခိုအားထားခြင်းနှင့် ဘုရားသခင်၏အမှုတော်အတွက် ပြည့်ပြည့်ဝဝဆက်ကပ်အပ်နှံခြင်းသို့ပို့ဆောင်ပေးပြီး အပြစ်တရားကိုဆန့်ကျင်တိုက်ခိုက်သောစစ်ပွဲတွင်လူတို့အား သန့်ရှင်းသောဝိညာဉ်တော်၏ထောက်မမှုကိုရရှိရန် အခွင့်အရေးပေးလိမ့်မည်။" E.G. White, The Acts of the Apostles, (1911), p. 56.1

ဤအရာသည် ယေရှုအတွက်နေ့စဉ်လိုအပ်ချက်ဖြစ်ခဲ့လျှင်၊ ကျွန်ုပ်တို့အတွက် မည်မျှသာ၍အရေးကြီးသောအရာဖြစ်ပေလိမ့်မည်နည်း။ ၂ကော၊ ၄း၁၆ သည် အရေးကြီးသောရေးသားချက်တစ်ချက်ဖြစ်သည်။ "..... အတွင်းလူမကား၊ တစ်နေ့ထက်တစ်နေ့ပြုပြင်ခြင်းကိုခံရ၏။"

ကျွန်ုပ်တို့၏အတွင်းလူသည်၊ နေ့စဉ်စောင့်ရှောက်ပြုစုခြင်းကိုလိုအပ်ပါသည်။ မည်သည့်နည်းဖြင့် ဤနေ့စဉ်အသစ်ပြုပြင်ခြင်းကို တည်ဆောက်မည်နည်း။ ဧဖက် ၃း၁၆–၁၇၊ ၁၉ တွင်ပါရှိသည့်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်တည်ဆောက်ရသည်။ "ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကိုခွန်အားနှင့်မြဲမြံခိုင်ခဲ့စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးအထဲ၌ ကိန်းဝပ်တော်မူမည်အကြောင်း..... မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိသဖြင့်..... ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း ငါသည်ဆုတောင်းလေ့ရှိ၏။"

အကျိုးဆက်တစ်ခုကဲ့သို့၊

- စည်းမျဉ်းတစ်ခုကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်သောပြုပြင်ပြောင်းလဲခြင်းအတွက် နေ့စဉ်ဆုတောင်းရန်လိုအပ်သည်။
- အကျိုးရလဒ်တစ်ခုအဖြစ် ကျွန်ုပ်တို့အထဲမှာ ခရစ်တော်တည်ရှိနေသည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့၏အတွင်းလူအတွက်၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်လျော်ညီစွာ ကျွန်ုပ်တို့ကိုတန်ခိုးပေးသည်။ ဘုရားသခင်၏တန်ခိုးသည် သဘာဝလွန်တန်ခိုးဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့မထိတွေ့နိုင်ပါ။ ဖန်ဆင်းရှင်သည် အလွန်အမင်းသေးငယ်သောအင်အားနှင့်အလုပ်လုပ်နိုင်သည်။ (ဥပမာ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများထဲတွင် လျှပ်စစ်စီးအားရှိသည်။ ကျွန်ုပ်တို့သည် ၎င်းကိုမခံစားရနိုင်ပါ။ သို့သော်လည်း ၎င်းတို့မရှိခဲ့လျှင် ကျွန်ုပ်တို့အားလုံးလူသေဖြစ်သည်။)
- ဤနည်းအတိုင်း ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ထည့်သွင်းပေးသည်။
- ၎င်းသည် "ဘုရားသခင်၏ပြည့်စုံခြင်းနှင့် ပြည့်စုံသော" အသက်တာတစ်ခုသို့ ပို့ဆောင်ပေးသောလမ်းဖြစ်သည်။ (ယောဟန် ၁၀း၁၀။ ကောလောသဲ ၂း၁၀)

အခြားအရေးကြီးသောကျမ်းချက်သည် ဧဖက် ၅း၁၈ တွင်တွေ့ရနိုင်သည်။ "..... ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။" ဤသည်မှာအကြံပေးသည်ထက်ပိုသည်ကို သတိထားကြည့်ပါ။ မွန်မြတ်သောအမိန့်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ ဘုရားသခင်သည်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်အသက်ရှင်ချင်သောဆန္ဒရှိရန် ကျွန်ုပ်တို့အားမျှော်လင့်သည်။ ဂရိဘာသာကျမ်းကျင်သောသူများက ဤကျမ်းချက်သည် ပို၍တိကျစွာပြောဆိုထားသည်ဟုပြောသည်။ Johannes Mager (ဂျိုဟင်နစ်မေဂျာ) ၏စကားကို ကျွန်ုပ်တို့ကိုးကားရပါက "သင်တို့ကိုယ်ကိုသင်တို့ သန့်ရှင်းသောဝိညာဉ်တော်ဖြင့်

အသစ်ပြုပြင်ပြောင်းလဲခြင်းနှင့် အမြဲအဆက်မပြတ်ပြည့်စုံစေပါ။" Editor Werner E. Lange, Unser groBtes Bedurfnis (Luneburg, 2011), p. 42.

ကျွန်ုပ်တို့၏သင်ခန်းစာလေ့လာရန်လမ်းညွှန်စာအုပ်က "သန့်ရှင်းသောဝိညာဉ်တော်နှင့်ဗတ္တိဇံခံခြင်းသည်၊ သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးမှုအောက်မှာ လုံးလုံးလျားလျားနေခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ဖြင့်အပြည့်အဝဖြည့်ခြင်းဟု အဓိပ္ပါယ်ရပါသည်။ ဤသည်မှာ တစ်ကြိမ်တစ်ခါအတွေ့အကြုံမျိုးမဟုတ်ဘဲ၊ အဆက်မပြတ်ထပ်ခါထပ်ခါလုပ်ရမည့်အရာဖြစ်သည်။ ဧဖက် ၅း၁၈ မှာ ပေါလု ရှင်းပြထားသကဲ့သို့ ဂရိကြိယာ 'ဖြည့်ခဲ့သည်' ကိုအသုံးပြုခဲ့သည်။" Sabbath School Study Guide July 17, 2014.

ဧဖက်အခန်းကြီး ၅ တွင် တမန်တော်ပေါလုက ဤအကြောင်းကိုရေးခဲ့သော်လည်း ဧဖက် ၁း၁၃ တွင်၊ "..... ထိုခရစ်တော်ကို ယုံကြည်ပြီးမှကတိတော်နှင့် ယှဉ်သောသန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကိုခံရကြပြီ။" ဧဖက်အသင်းဝင်များသည်၊ သန့်ရှင်းသောဝိညာဉ်တော်ကိုထင်ရှားစွာရရှိခဲ့ပြီးဖြစ်သည်။ သို့သော်ငြားလည်း၊ သူတို့အတွက် "သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကြီးမားသောခွန်အားရရှိရန် အားဖြည့်ပေးရန်" လိုအပ်ပါသည်။ "သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန်" နှင့် "သင့်ကိုယ်သင်အသစ်သောဝိညာဉ်တော်ဖြင့် အမြဲအဆက်မပြတ်အဖြည့်ခံစေပါ။" ဧဖက် ၄း၃၀ တွင် ကျွန်ုပ်တို့အားသန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်ဟု သူသတိပေးခဲ့သည်။

အယ်လင်ဝိုက်ကပြောခဲ့သည်–

"ဝိညာဉ်တော်၏ဗတ္တိဇံကိုနေ့စဉ်ခံယူရန်အတွက် အမှုတော်ဆောင်တိုင်းသည် ဘုရားထံသို့သူတို့၏ဆုတောင်းအသနားခံခြင်းကို ကမ်းလှမ်းရန်သင့်ပါသည်။" E.G. White, The Acts of the Apostles (1911), p. 50.2

"ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ရရှိနိုင်ရန်အလို့ငှါ ဝိညာဉ်တော်၏လွှမ်းမိုးမှုအားဖြင့် ကျွန်ုပ်တို့နေ့စဉ်ပြောင်းလဲခြင်းခံရရန်လိုအပ်၍ ဘုရားသခင်၏သဘောသဘာဝ၌ ပါဝင်သူတစ်ဦးဖြစ်ရန်လိုအပ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည်၊ ဝိညာဉ်အရာသာကိုမြှင့်တင်ပေးရန်၊ စိတ်နှလုံးကိုသန့်စင်ပေးရန်နှင့် လူ့တစ်ကိုယ်လုံးကိုဂုဏ်တက်စေရန်ဖြစ်သည်။" E.G. White, Selected Messages 1, (1958), p. 374.1

အခြားတစ်နေရာတွင်သူမမှတစ်ဆင့် ဘုရားသခင်ပြောခဲ့သည်။ "ဘုရားသခင်၏အသံကဲ့သို့ သမ္မာကျမ်းကိုစွဲမှတ်သောသူများဖြစ်၍ ၎င်း၏သွန်သင်ခြင်းအတိုင်း လိုက်နာရန်ဆန္ဒရှိသောသူများသည်၊ နေ့စဉ်သင်ယူခြင်း၊ နေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူး၌ အမှန်ယုံကြည်သောသူတိုင်းအတွက် ပြင်ဆင်ထားခဲ့ပြီးဖြစ်သောဝိညာဉ်ရေး၌ စိတ်အားထက်သန်မှုနှင့်တန်ခိုးကို ရရှိသောသူများဖြစ်ရမည်။" E.G. White, The Signs of the Times March 8, 1910, par.1

ဖြည့်စွက်၍သူမပြောခဲ့သည်။ "ကျွန်ုပ်တို့သည်တစ်နေ့ပြီးတစ်နေ့ ခရစ်တော်နောက်တော်သို့လိုက်ရမည်။ နက်ဖြန်အတွက်အကူအညီကို ဘုရားသခင်ကမပေးအပ်ထားပါ။" E.G. White, The Desire of Ages (1898), p. 313.4

အခြားတစ်နေရာတွင်၊ "ဘုရားသခင်၏ကိုယ်စားလှယ်နှင့်အချိန်တိုင်းဆက်သွယ်မှုတစ်ခုသည်၊ ကျွန်ုပ်တို့၏တိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သောအရာတစ်ခုဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်ကို အတိုင်းအတာတစ်ခုအထိရရှိနိုင်မည်ဖြစ်သော်လည်း ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အဆက်မပြတ်ဝိညာဉ်တော်ကိုသာ၍ ရှာဖွေရမည်။" E.G. White, Review and Herald, March 2, 1897, par. 5

ကျွန်ုပ်သည်လည်း ဤအခန်းဖွယ်ကိုးကားချက်ကိုတွေ့ရှိခဲ့ပါသည်။ "တမန်တော်တို့၏နေ့ရက်များ၌ သူတို့ကိုတညီတညွတ်တည်းဖြစ်ရန် လုပ်ဆောင်ပေးသောမေတ္တာတရား၏ ဗတ္တိဇံကိုသင်သည်နေ့စဉ်လိုအပ်ပါသည်။" E.G. White, Testimpnies to the Church (1904), Vol. 8, p. 191.

ရောမ ၅း၅ က ဘုရားသခင်၏မေတ္တာတော်ကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သွန်းလောင်းပေးသည်ကို ကျွန်ုပ်တို့အားဖေါ်ပြထားပါသည်။ ဧဖက် ၃း၁၇ တွင် ထိုနည်းတူစွာ ကျွန်ုပ်တို့တွေ့မြင်ရသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နေ့စဉ်ဗတ္တိဇံခံခြင်း (သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း) သည် တစ်ချိန်တည်းမှာမေတ္တာနှင့်နေ့စဉ်ဗတ္တိဇံခံခြင်းကိုဖြစ်ပေါ်စေသည်။ [ဘုရားသခင်၏အာဂပေ (Agape) မေတ္တာနှင့်ပြည့်ဝ]။ ဖြည့်စွက်ရန် ဂလာတိ ၅း၁၆ က ရလဒ်အနေဖြင့် အပြစ်၏တန်ခိုးကိုချိုးဖဲ့ခြင်းခံရသည်ဟု ပြောထားပါသည်။

တစ်ကိုယ်ရေဝတ်ပြုခြင်း၏အရေးကြီးခြင်း

ယေရှုထံသို့ကျွန်ုပ်နေ့စဉ်ဆက်ကပ်အပ်နှံခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန်တောင်းခံခြင်းသည် အလွန်အရေးကြီးသောကိစ္စဖြစ်ပါလျှင်၊ တစ်ကိုယ်ရေဝတ်ပြုခြင်း၌အရေးကြီးခြင်းရှိပါသည်။

နေ့စဉ်ဝတ်ပြုခြင်းနှင့်ဥပုသ်စောင့်ခြင်းသည်၊ ဝိညာဉ်တော်အသက်တာတစ်ခု၏အခြေခံအုတ်မြစ်ဖြစ်ကြသည်။

"ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ရရှိနိုင်ရန်အလို့ငှါ၊ ဝိညာဉ်တော်၏လွှမ်းမိုးမှုအားဖြင့် ကျွန်ုပ်တို့နေ့စဉ်ပြောင်းလဲခြင်းခံရရန်လိုအပ်၍ ဘုရားသခင်၏သဘောသဘာဝ၌ ပါဝင်သူတစ်ဦးဖြစ်ရန်လိုအပ်ပါသည်။"

ကျွန်ုပ်တို့သည် ကျမ်းချက်များနှင့်ကွဲပြားခြားနားသောကိုးကားချက်များကို ဖတ်ရှုခဲ့ကြရပြီ။ ၎င်းတို့သည် ကျွန်ုပ်တို့အား အတွင်းလူကိုတစ်နေ့ပြီးတစ်နေ့ အသစ်ပြုပြင်ပေးခြင်းအကြောင်းကို ပြသပေးသည်။ ကျွန်ုပ်တို့၏နေ့စဉ်တစ်ကိုယ်ရေဝတ်ပြုခြင်းသည် အလွန်အရေးကြီးကြောင်းထင်ရှားသောအလင်းကို ထိုးပြခြင်းပင်ဖြစ်သည်။

တဲတော်အတွင်းဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အတွက် အခြေခံအုတ်မြစ်တစ်ခုလုံးသည်၊ နံနက်နှင့်ညနေမီးရှို့ရာယဇ်ကိုပူဇော်ခြင်းဖြစ်သည်။ ဥပုသ်နေ့တွင်ထပ်ဖြည့်ထားသော ဥပုသ်နေ့၏မီးရှို့ရာယဇ်ကိုပူဇော်ခဲ့ကြသည်။ (တော၊ ၂၈း၄၊၁၀)။ မီးရှို့ရာယဇ်သည် မည်မျှအရေးပါခဲ့သနည်း။

"မီးရှို့ရာယဇ်သည် အပြစ်သားကသခင်အားပြီးပြည့်စုံသောဆက်ကပ်အပ်နှံခြင်းကိုပုံဆောင်ပါသည်။ ဤတွင်အပြစ်သားသည်၊ သူ့အတွက် မည်သည့်အရာကိုမျှသိမ်းမထားဘဲ အရာခပ်သိမ်းသည် ဘုရားသခင်ပိုင်ဆိုင်သည်ဟု အပ်နှံထားသည်။" Fritz Rienecker, Lexikon zur Bibel (Wuppertal, 1964), p. 1017.

"နံနက်နှင့်ညနေယဇ်ပူဇော်ခြင်းအတွက် နာရီသတ်မှတ်ခြင်းသည်၊ သန့်ရှင်းသည်ဟုလေးစားခဲ့ကြသည်။ ဝတ်ပြုကိုးကွယ်ရန်အချိန်သတ်မှတ်ထားသည့်အတိုင်း ဣသရေလိုင်ငံတစ်လျှောက်လုံးသည် စောင့်ထိန်းခဲ့ကြသည်။ ဤထုံးစံအတိုင်း ခရစ်ယာန်များသည် ဥပမာတစ်ခုအဖြစ်၊ နံနက်နှင့်ညနေဆုတောင်းချိန်ရှိကြပါသည်။ ကိုးကွယ်ခြင်း၌စိတ်မပါဘဲ ပတ်လည်ပွဲလမ်းသဘင်မျှသာသဘောထားခြင်းကို ဘုရားသခင်ကရွံတ်ချနေစဉ်၊ သူ့ကိုချစ်၍ နံနက်ညနေဦးညွှတ်ချ၍ ပြစ်မှားမိခဲ့သောအပြစ်များအတွက် ခွင့်လွှတ်ခြင်းတောင်းခံကာ လိုအပ်သောကောင်းချီးမင်္ဂလာများကို တောင်းလျှောက်သောသူများကို အလွန်ပျော်မွေ့ခြင်းနှင့်သူကြည့်နေပါသည်။" E.G. White, Patriarchs and Prophets (1890) p. 353.3

ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာအတွက် အခြေခံတစ်ခုအဖြစ်၊ နေ့စဉ်ဝတ်ပြုကိုးကွယ်ခြင်းသည် ဥပုသ်နေ့နှင့်ဆက်စပ်နေသည်ကို သင် သတိထားမိပါသလား။ ထပ်၍ဖြည့်စွက်ကာပြောလိုသည်မှာ၊ ၎င်းသည်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲမှာနေရန် ခေါ်ဖိတ်ခြင်း ခံရသော ယေရှုခရစ်အထံတော်သို့ နေ့စဉ်ဆက်ကပ်အပ်နှံခြင်းနှင့် ပတ်သက် ဆက်နွယ်လျက်ရှိသည်ကို ထင်ရှားစေသည်မဟုတ်ပါလား။

အရေးအကြီးဆုံးဖြစ်သော ဝိညာဉ်ရေးအခြေခံစည်းမျဉ်းများကို သင့်ကိုယ်ပိုင်အဖြစ်သင်ပြုလုပ်ခဲ့ပြီလား။ အရာအားလုံးထက်ဘုရားသခင်ကို ဦးစားပေးရန် နေ့စဉ်သင်ပြုလုပ်ခဲ့ပြီလား။ တောင်ပေါ်ဒေသနာတွင် ယေရှု ပြောခဲ့သည်။

"ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာ ရှာကြလော့။ နောက်မှထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့" မဿဲ ၆း၃၃။

ဘုရားသခင်၏နိုင်ငံတော်သည် ယခုသင်၏စိတ်နှလုံးထဲ၌ ခရစ်တော် ကိုသင်ရရှိသောအချိန်ဖြစ်သည်။ ဤအကြောင်းကြောင့် နေ့စဉ်ဆက်ကပ်ခြင်းကို ကျွန်ုပ်တို့လိုအပ်၍ ကျွန်ုပ်တို့၏ဝတ်ပြုချိန်အတွင်း သန့်ရှင်းသောဝိညာဉ်တော် အတွက် နေ့စဉ်ဆုတောင်းရန်လိုအပ်ပါသည်။ ဘုရားသခင့်ရှေ့တွင်ရပ်နေသော အချိန်သည် ဆုံးဖြတ်ရန်အချိန်ဖြစ်သည်။ ကျွန်ုပ်တို့တွင် ခရစ်တော်နှင့် ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော တစ်ကိုယ်ရေဆက်ဆံရေးရှိပြီလား။ သူ၌ ကျွန်ုပ်တို့တည်ရှိခဲ့ပြီလား။ (ယောဟန် ၁၅း၁–၁၇ ကိုကြည့်ပါ။) သင်၏ ယုံကြည်ခြင်း၌သာ၍များသော၊ သာ၍ကြီးသောပြည့်စုံခြင်းအတွက် သင်သည် မတောင့်တမိဘူးလား။

မည်သူမဆို ဘုရားသခင်နှင့်ဆိတ်ငြိမ်သောအချိန်အနည်းငယ် သို့မဟုတ် လုံးဝမသုံးဖြုန်းလျှင် သို့မဟုတ် ဝတ်ပြုရန်အချိန်မလုံလောက်ဘဲ

ရှိခဲ့လျှင်၊ သူတို့၏ဝတ်ပြုခြင်းမှ တစ်ပတ်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သာ ခွန်အားရရှိနိုင်ခြေရှိပါသည်။ ထိုအရာသည် လူတစ်ယောက်ကတစ်ပတ်မှာ တစ်ကြိမ်သာအစာစားသောသူနှင့်အလားတူဖြစ်ပါသည်။ နှိုင်းယှဉ်ရမည်ဆိုပါက သင်သည်ကိုယ့်ကိုကိုယ်အာဟာရရရှိရန် တစ်ပတ်မှတစ်ခါသာအစာကျွေးလျှင် စိတ်ပျက်ဖွယ်ပင်ဖြစ်လိမ့်မည်မဟုတ်ပါလား။ ဆိုလိုသည်မှာ ခရစ်ယာန်တစ်ဦးသည် ဝတ်ပြုခြင်းမရှိပါက ဇာတိပကတိလူသာဖြစ်သည်မဟုတ်ပါလား။

သူသာဤအခြေအနေမှာ ဆက်လက်၍တည်ရှိနေလျှင် သူသည်ကယ်တင်ခြင်းသို့မရောက်ဟုလည်းဆိုလိုပါသည်။ ကျွန်ုပ်တို့သည် ဇာတိပကတိခရစ်ယာန်ဖြစ်လျှင် ဝတ်ပြုကိုးကွယ်ခြင်းသည် ဝတ်ကျေတမ်းကျေသာဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ပကတိလူဖြစ်လျှင် ထိုအခါဝတ်ပြုကိုးကွယ်ခြင်းသည် သာ၍သာ၍လိုအပ်သည့်အရာတစ်ခုဖြစ်လာမည်။

လွန်ခဲ့သောနှစ်ပေါင်းအနည်းငယ် ဂျင်း(မ)ဗော့(စ်) ဆိုသူ ရေးသားခဲ့သောစာအုပ်ငယ်ကို ကျွန်ုပ်ဖတ်ခဲ့ပါသည်။ ထိုစာအုပ်သည် "ကျွန်ုပ်သည် လူဆိုးဂိုဏ်းဝင်တစ်ဦးဖြစ်ပါသည်" စာအုပ်ဖြစ်ပါသည်။ သူသည်ရာဇဝတ်မှုကျူးလွန်သူဖြစ်ခဲ့၍ နောင်တရပြောင်းလဲသွားသောသူတစ်ယောက်ဖြစ်လာခဲ့သည်။ သူသည် သူ့အပြစ်မှစိတ်နှလုံးအကြွင်းမဲ့ဝန်ချတောင်းပန်ခဲ့သည်။ ဥပမာ၊ လိမ်လည်မှု၊ ခိုးမှု၊ စသည့်အမှုများ။ သူသည် ဘုရားသခင်၏ကြီးမားသောကြားဝင်စွက်ဖက်မှုကို တွေ့ကြုံခံစားခဲ့ရသည်။ ဤအရာသည် ကျွန်ုပ်၏စိတ်ကိုစွဲမှတ်စေခဲ့သည်။ ကျွန်ုပ်ကိုယ်ကိုကျွန်ုပ်ပြောခဲ့သည်။ အရာအားလုံးနီးပါး ကောင်းစွာလုပ်ဆောင်နိုင်သော်လည်း ထိုသို့သောအတွေ့အကြုံမျိုးကို ကျွန်ုပ်မရခဲ့ဖူးပါ။ ထို့နောက် ဘုရားသခင်ကိုကျွန်ုပ်ဆုတောင်းခဲ့သည်။ "ကောင်းကင်ဘုံရှိအဖဘုရား၊ ကျွန်ုပ်၏သိသောအပြစ်များနှင့်ကျွန်ုပ်အား ဘုရားကဖော်ပြပေးမည့်အပြစ်အားလုံးအတွက် ကျွန်ုပ်လည်းဝန်ချ

တောင်းပန်လိုပါသည်။ ထပ်ဖြည့်စွက်သောအနေဖြင့် ကျွန်ုပ်သည်တစ်နာရီ ပိုစော၍ အိပ်ရာမှထပြီးဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းပြုမည်။ ထိုနောက် ကျွန်ုပ်၏အသက်တာတွင် ဖဘုရားဝင်ရောက်စွက်ဖက်မှုပြုမည်ကို ကျွန်ုပ် မြင်လိုပါသည်။"

ဘုရားသခင်ကိုချီးမွမ်းပါသည်။ သူသည် ကျွန်ုပ်အသက်တာမှာ ကြားဝင်စွက်ဖက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ အထူးသဖြင့်ကျွန်ုပ်၏နံနက်ယံ ဝတ်ပြုခြင်းနှင့် ဥပုသ်နေ့ဆက်သွယ်ခြင်းသည် ဘုရားသခင်ပါရှိသော ကျွန်ုပ်၏အသက်တာအတွက် အခြေခံဖြစ်လာပါသည်။

နေ့စဉ်ဆက်ကပ်အပ်နှံခြင်းအားဖြင့် သော်လည်းကောင်း၊ နေ့စဉ် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းအားဖြင့် သော်လည်းကောင်း၊ ကျွန်ုပ်တို့၏အသက်တာများသည်၊ အကျိုးရှိစွာ ပြောင်းလဲခြင်းခံရပါလိမ့်မည်။ ဤဖြစ်ပျက်ခြင်းသည်၊ ကျွန်ုပ်တို့၏ တစ်ကိုယ်ရေဝတ်ပြုကိုးကွယ်ချိန်အတောအတွင်းဖြစ်ပျက်သည်။

နံဝိညာဉ်နှင့်သော်လည်းကောင်း၊ သစ္စာတရားနှင့် သော်လည်းကောင်း ကိုးကွယ်ခြင်း

ကိုးကွယ်ခြင်း၏ရည်ရွယ်ချက်ကို ကျွန်ုပ်တို့စဉ်းစားကြည့်ကြပါစို့။ လူသားတို့အား ဘုရားသခင်၏နောက်ဆုံးသတင်းစကားသည် ဖန်ဆင်းရှင် ကိုကိုးကွယ်ခြင်းနှင့် သားရဲကိုကိုးကွယ်ခြင်းကိုနှိုင်းယှဉ်ထားခြင်းနှင့်ပတ်သက် ပါသည်။ (ဗျာဒိတ် ၁၄း၆–၁၂) ဝတ်ပြုခြင်း၏အပြင်ပိုင်းလက္ခဏာသည်၊ ဥပုသ်နေ့ဖြစ်ပါသည်။ (ဖန်ဆင်းရှင်ကိုကိုးကွယ်ခြင်း)။ ဝတ်ပြုခြင်း၏အတွင်း ပိုင်းစိတ်နေသဘောထားကို ယောဟန် ၄း၂၃–၂၄ မှာ ဖေါ်ပြထားခဲ့ပါသည်။

"ကိုးကွယ်သောသူမှန်သမျှတို့သည်၊ ခမည်းတော်ကိုနံဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာတရားနှင့်လည်းကောင်း၊ ကိုးကွယ်ရမည့်အချိန်ကာလသည်လာ၍ ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကား၊ ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကိုကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ကိုးကွယ်ရမည်။"

နံဝိညာဉ်နှင့်ကိုးကွယ်ခြင်း၏အဓိပ္ပါယ်မှာ၊ သတိရှိစွာ၊ အာရုံစူးစိုက်စွာကိုးကွယ်ရန်ဖြစ်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန်လည်းဖြစ်ပါသည်။ သစ္စာတရား၊ သမ္မာတရားနှင့်ကိုးကွယ်ခြင်းသည်၊ သမ္မာတရားဖြစ်သောယေရှုထံသို့ လုံးလုံးဆက်ကပ်အပ်နှံသော အသက်ရှင်ခြင်းဟု အဓိပ္ပါယ်ရပါသည်။ ယေရှုက "ငါသည် သမ္မာတရားဖြစ်၏" (ယောဟန် ၁၄:၆) ၎င်းအဓိပ္ပါယ်မှာ စိတ်နလုံးထဲမှာယေရှုကိန်းဝပ်နေခြင်းအားဖြင့် နှုတ်ကပတ်တော်အတိုင်းနှင့် ညွှန်ပြသည့်အတိုင်းအသက်ရှင်ရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယေရှုက "ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏" ဟုပြောခဲ့သည်။ (ယောဟန် ၁၇:၁၇) ဆာလံ ၁၁၉:၁၄၂ ကလည်း "ကိုယ်တော်၏တရားသည် သစ္စာတရားဖြစ်ပါ၏" ဟု ပြောထားပါသည်။ ယခုကျွန်ုပ်တို့မှာ စစ်မှန်သောကိုးကွယ်မှုမရှိပါက၊ ကျွန်ုပ်တို့သည် အရေးကြီးသောအချိန်တွင် ရုံးနိမ့်ခြင်း၏အန္တရာယ်၌ ကျွန်ုပ်တို့ကျရောက်နေသည်မဟုတ်ပါလား။ ဤအရာသည် ဇာတိပကတိခရစ်ယာန်တို့အားလုံးအတွက် ကြီးမားသောပြဿနာဖြစ်လိမ့်မည်။

ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏အကူအညီဖြင့် တိုးတက်မှုရှိရန်နှင့် ဉာဏ်ပညာ၌ကြီးထွားရန်လိုလားကြသည်ဟု ကျွန်ုပ်ထင်ပါသည်။ လူအချို့အတွက်ရှေ့သို့ချီတက်ရန် နှောင့်နှေးခြင်းတစ်ခုသည် အောက်ပါမှားယွင်းသောယုံကြည်ချက်ကြောင့်ဖြစ်နိုင်ပါသည်။

ရေနှစ်ခြင်းခံခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်

လူအချို့သည်၊ သူတို့နှစ်ခြင်းခံခဲ့ပြီဖြစ်သောကြောင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝပြီဟုထင်ကြကာ၊ အရာရာ၌အဆင်ပြေနေသောကြောင့် နောက်ထပ်မည်သည့်အရာမျှလုပ်ရန် မလိုအပ်တော့ပါဟုထင်ကြပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဒီ၊ အယ်လ်၊ မူးဒီက မှတ်ချက်ပေးခဲ့ပါသည်။ "လူအများက သူတို့သည်တစ်ကြိမ်ပြည့်ဝပြီဖြစ်သောကြောင့် အမြဲပြည့်ဝသည်ဟု ထင်ကြသည်။ အိုကျွန်ုပ်၏မိတ်ဆွေ၊ ကျွန်ုပ်တို့သည် အပေါက်များစွာရှိသောခွက်များဖြစ်သည်။ ကျွန်ုပ်တို့အပြည့်ရှိရန်အတွက် ပန်းထွက်သောစမ်းရေတွင်းအောက်မှာ အဆက်မပြတ်တည်ရှိရန် လိုအပ်ပါသည်။" D.L. Moody, They Found the Secret, p.85, 86; quoted in "10 Days-Prayers and Devotions..." by Dennis Smith, p. 23

ဂျိုးဇက်အိတ်(ချ)ဝဂ္ဂနာကပြောခဲ့သည်–

"ကိစ္စအားလုံးတို့တွင်၊ သန့်ရှင်းသောဝိညာဉ်တော်၏ဆုလက်ဆောင်အတွက် သက်သေအထောက်အထားကဲ့သို့ ရေနှစ်ခြင်းခံခြင်းကိုမြင်တွေ့ခဲ့သော် နောင်တရသောအပြစ်သားအား ဇာတိပကတိလုံခြုံရေးသို့ရောက်အောင်တိုးတိုးတိတ်တိတ်ချော့သိပ်သကဲ့သို့ဖြစ်သည်။ သူသည် သူ၏နှစ်ခြင်းခံခဲ့ခြင်းအပေါ် ဘုရားသခင်၏ကျေးဇူးတော်၏အမှတ်အသားတစ်ခုကဲ့သို့ ကြီးမားစွာယုံကြည်သည်။ သူ၏စိတ်နလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော်မရှိဘဲ နှစ်ခြင်းခံခြင်းသည်သာ သူ၏အမှတ်အသား သို့မဟုတ် သက်သေဖြစ်လိမ့်မည်။" Joseph H. Waggoner, The Spirit of God (Battle Creek, Michigan 1877), p. 35f, quoted in Garrie F. Williams, Erfullt vom Heiligen Geist (Luneburg, 2007), S. 58

နှစ်ခြင်းခံခြင်းသည် တိကျသောအရေးပါသောဆုံးဖြတ်ချက်တစ်ခု ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီပါသည်။ ၎င်းတွင် ကြီးမားသောအဓိပ္ပါယ်ရှိ၍ ၎င်း၏အရေးပါမှုကို ၎င်းစောင့်ထိန်းပေးလိမ့်မည်။ သို့သော်အတိတ်ကအဖြစ်အပျက်တစ်ခုကိုကြည့်၍ ကျွန်ုပ်တို့သည် သန့်ရှင်းသောသောဝိညာဉ်တော်နှင့်ပြည့်ဝသည်ဟု သာဓကတစ်ခုအဖြစ် မကြည့်သင့်ပေ။ ၎င်းအစား ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝကြောင်း ယခုပင်သိသင့်သည်။ ယခုပင်လက်တွေ့တွေ့ကြုံခံစားရသင့်သည်။

အချို့သူများသည် နှစ်ခြင်းမခံမီမှာ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိခဲ့သည်။ ဥပမာအားဖြင့်ပြရမည်ဆိုသော်၊ ကော်နေလိနှင့်သူ၏ မိသားစုဝင်များနှင့်ပေါလုကိုပြပါမည်။ အခြားသောသူများက နှစ်ခြင်းခံခဲ့ပြီးမှ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိခဲ့သည်။ ဥပမာမှာ ရှမာရိများ သို့မဟုတ် ဧဖက်မြို့မှလူ ၁၂ ဦးဖြစ်သည်။ နှစ်ခြင်းမခံမီဖြစ်စေ၊ နှစ်ခြင်းခံပြီးမှဖြစ်စေ၊ သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိသောသူတစ်ဦးအတွက် အတူတူပင်ဖြစ်ပါသည်။ အရေးကြီးသည်မှာ သန့်ရှင်းသောဝိညာဉ်တော်ကို တစ်ချိန်ချိန်တွင် လက်ခံရရှိခြင်းနှင့် ယခုကျွန်ုပ်တို့၏စိတ်နလုံးထဲ၌ရှိခြင်းပင်ဖြစ်သည်။ အတိတ်တွင် ဖြစ်ခဲ့သည့်အရာများသည် အရေးမကြီးပါ။ သို့သော်၊ ယခု–ယနေ့ရှိ အခြေအနေသာအရေးကြီးပါသည်။

သင့်ကိုတစ်ဖန် ကျွန်ုပ်သတိပေးလိုပါသည်။ ကျွန်ုပ်တို့သည် မွေးဖွားချိန်မှာ ကျွန်ုပ်တို့၏ကိုယ်ကာယ၏အသက်ကိုရရှိခဲ့ကြသည်။ ကျွန်ုပ်တို့၏ အသက်ကိုနေ့စဉ်အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှု၊ အိပ်စက်ခြင်းစသည့်အရာများဖြင့် ထိန်းသိမ်းထားကြပါသည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့ကြာရှည်စွာအသက်ရှင်မည်မဟုတ်ပါ။ တူညီသောဥပဒေများကို ကျွန်ုပ်တို့၏

ဝိညာဉ်အသက်တာမှာ ကျင့်သုံးသကဲ့သို့ ကျွန်ုပ်တို့၏ကိုယ်ကာယအသက်တာများမှာ ကျင့်သုံးကြပါသည်။ ခရစ်တော်ထံသို့ ကျွန်ုပ်တို့ကိုယ်ကိုလုံးလုံးဆက်ကပ်အပ်နှံသောအခါ သန့်ရှင်းသောဝိညာဉ်တော်မှတစ်ဆင့် အသစ်သောအသက်တာကို ရရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ဝိညာဉ်အသက်တာကို သန့်ရှင်းသောဝိညာဉ်တော်၊ ဆုတောင်းခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်စသည့်အရာများအားဖြင့် ထိန်းသိမ်းထားနိုင်ပါသည်။ အီးဂျီဝိုက်ကပြောခဲ့သည်။ "ဇာတိပကတိဘဝကို သန့်ရှင်းသောတန်ခိုးတော်ဖြင့် တစ်ခဏပြီး တစ်ခဏတာရှည်ခံရန် ပြုလုပ်ပေးသော်လည်း တိုက်ရိုက်အံ့ဖွယ်အမှုတစ်ခုအားဖြင့် အကျိုးမပြုထားပါ။ သို့သော်လည်း ကျွန်ုပ်တို့လက်လှမ်းမီသောနေရာမှာ အသုံးပြုရန်ကောင်းချီးမင်္ဂလာများကို ချထားပေးပါသည်။ ထိုကြောင့် ဝိညာဉ်ပကတိအသက်တာသည် ထို့သို့သောကောင်းချီးမင်္ဂလာမျိုးကို ဘုရားသခင်ကထောက်ပံ့ပေးထားခဲ့ပါသည်။" E.G. White, The Acts of the Apostles (1911), p. 284.2

ကိုယ်ကာယ သို့မဟုတ် ဝိညာဉ်အသက်သည် ကျွန်ုပ်တို့အထဲမှာ အလိုအလျောက်နေကျန်ခဲ့မည်မဟုတ်ပါ။ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြင်ဆင်ပေးထားခဲ့သော နည်းလမ်းများကိုအသုံးပြုရန်လိုအပ်ပါသည်။

အဓိပ္ပါယ်မှာ ကျွန်ုပ်တို့တစ်ဖန်မွေးဖွားလာသောအခါ ကျွန်ုပ်တို့၌တည်နေရန် သန့်ရှင်းသောဝိညာဉ်ကို ကျွန်ုပ်တို့အားပေးခဲ့ပြီးဖြစ်ပါသည်။ သို့သော် သူနေနိုင်ရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ပြင်ဆင်ထားခဲ့ပြီးသောနည်းလမ်းများကို နေ့စဉ်အသုံးပြုခြင်းအပေါ်မူတည်လျက်ရှိပါသည်။ ထိုနည်းလမ်းများကို ကျွန်ုပ်တို့အသုံးမပြုလျှင် မည်သည့်အကျိုးဆက်ကို ကျွန်ုပ်တို့မျှော်လင့်နိုင်မည်နည်း။

ဤနည်းလမ်းအားလုံးထဲမှ အရေးအကြီးဆုံးသောအရာမှာ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။ ဖြည့်စွက်ရသော် ဆုတောင်းခြင်း

သည် အလွန်အရေးကြီးပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှတစ်ဆင့် ဘုရားသခင်နှင့်ဆက်သွယ်ခြင်း၊ ဝတ်ပြုရာအစီအစဉ်များတွင်ပါဝင်ခြင်းနှင့် အခြားအရာများလည်း အရေးကြီးပါသည်။

အတွင်းလူအတွက်နေ့စဉ်ဂရုစိုက်ရန်လည်း လိုအပ်သောကြောင့် ဥပဒေတစ်ရပ်အဖြစ်ထားရန် ကျွန်ုပ်တို့သဘောတူနိုင်သည်ဟု ကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ်တို့သည် ကြိုတင်၍မစားထားနိုင်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း မသိုလှောင်ထားနိုင်ပါ။ "ဘုရားသခင်သည် နက်ဖြန်အတွက်ကူညီမစခြင်းကို မပေးအပ်ထားပါ။" E.G. White, The Desire of Ages, (1898), p. 313.4 ယေရှုထံသို့နေ့စဉ် ဆက်ကပ်အပ်နှံခြင်းလိုအပ်၍ ကျွန်ုပ်တို့၏အသက်တာများထဲသို့ သန့်ရှင်းသောဝိညာဉ်တော်ဝင်နေရန် နေ့စဉ်ဖိတ်ခေါ်သင့်သည်မှာ အကျိုးအကြောင်းဆီလျော်စွာ ရှင်းလင်းလျက်ရှိနေသည်ဟု ကျွန်ုပ်ထင်ပါသည်။

ဤအမှုအရာနှစ်ခုလုံးသည် တူညီသောရည်ရွယ်ချက်ရှိသည်။ သူတို့သည် တစ်ခုတည်းသောဒဂိုးပြား၏ နှစ်မျက်နှာဖြစ်သည်။ ယေရှုခရစ်နှင့်ရင်းနှီးသောဆက်ဆံရေးရှိသည်။ ဆက်ကပ်အပ်နှံခြင်းအားဖြင့် သူ့ထံသို့ကျွန်ုပ်ကိုယ်ကိုပေးအပ်၍ သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံခြင်းအားဖြင့် ကျွန်ုပ်၏စိတ်နှလုံးထဲသို့ သူ့ကိုခေါ်ဖိတ်ခြင်းဖြစ်ပါသည်။ ၁ယော ၃း၂၄။ (ယောဟန် ၁၄း၁၇၊၂၃ ကို လည်းကြည့်ပါ။) ဤကျမ်းချက်များသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယေရှုသည်ကျွန်ုပ်တို့အထဲမှာ တည်ရှိသည်ဟုဖော်ပြထားပါသည်။ "ငါတို့အားပေးတော်မူသော ဝိညာဉ်တော်ကို ငါတို့သည်အမှီပြု၍၊ ဘုရားသခင်သည် ငါတို့၌တည်တော်မူသည်ကိုသိရကြ၏" (၁ယော ၃း၂၄)။

သန့်ရှင်းသောဝိညာဉ်တော်၏အကျိုးသက်ရောက်မှုများ

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အထဲမှာတည်ရှိသောအခါ၊ ခရစ်တော်အောင်မြင်ခဲ့သောအရာများကို သူသည်ကျွန်ုပ်အထဲမှာပြီးမြောက်အောင်မြင်စေသည်။ ရောမ ၈း၂ က "ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည်၊ အပြစ်တရား၏လက်မှလည်းကောင်း၊ သေခြင်းတရား၏လက်မှလည်းကောင်း ငါ့ကိုကယ်လွှတ်ပြီ" ဟုပြောပါသည်။ ဘုရားသခင်ထံတော်သို့ လုံးလုံးဆက်ကပ်အပ်နှံသောစိတ်နှလုံးတစ်ခုအထဲမှာထုံးစံအတိုင်း သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်ပါသည်။ ခရစ်တော်အောင်မြင်ခဲ့သောအရာများကို ကျွန်ုပ်အထဲမှာရှင်သန်ရန် သန့်ရှင်းသောဝိညာဉ်တော်သာလျှင် ယူဆောင်ပေးနိုင်ပါသည်။ အီးဂျီဝိုက်ကကောင်းကောင်းရှင်းပြထားပါသည်။ "စိတ်ဓါတ်မြှင့်တင်ပေးသောကိုယ်စားလှယ်တစ်ဦးအဖြစ် ဝိညာဉ်တော်အားပေးသနားတော်မူရန်ဖြစ်၍၊ ၎င်းမပါဘဲ ခရစ်တော်၏ပူဇော်ခံခြင်းသည် အကျိုးမဲ့ဖြစ်သွားခဲ့ပါလိမ့်မည်။ ကမ္ဘာ့ရွေးနုတ်ရှင်အားဖြင့် ပြုလုပ်ပြင်ဆင်ခဲ့ပြီးသောအရာများကို သန့်ရှင်းသောဝိညာဉ်တော်က အကျိုးအာနိသင်ထိရောက်မှုရှိစေရန် ပြုလုပ်ပေးပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စိတ်နှလုံးကိုဖြူစင်စေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်မှတစ်ဆင့် ယုံကြည်သူသည် ဘုရားသခင့်သဘောသဘာဝ၏မိတ်ဖက်ဖြစ်လာသည်။... ဘုရားသခင်၏တန်ခိုးတော်သည် သူတို့၏တောင်းဆိုခြင်းနှင့် လက်ခံခြင်းကိုစောင့်မျှော်နေသည်။" E.G. White, The Desire of Ages, (1898) p. 671.2 and 672.1

အောက်ပါအတိုင်း ဤလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သောမတ်(စ)အေဒေးဗစ်(စ်) (Thomas A. Davis) က ရှင်းပြခဲ့သည်။ "ဤအရာ၏အဓိပ္ပါယ်မှာလူများအတွက် ခရစ်တော်၏အကျိုးသက်ရောက်မှုရှိသောအလုပ်ပင်လျှင်

သန့်ရှင်းသောဝိညာဉ်တော်အပေါ်မူတည်လျက်ရှိသည်။ သူမပါဘဲ ယေရှု ဤကမ္ဘာပေါ်မှာ ပြုခဲ့သမျှအရာအားလုံး၊ ကေသရေမန်ဥယျာဉ်ထဲ၊ လက်ဝါးကပ်တိုင်ပေါ်၊ ထမြောက်ခြင်းနှင့်ကောင်းကင်၌ ယဇ်ပုရောဟိတ်ပြုခြင်းအမှုသည် အောင်မြင်ခဲ့လိမ့်မည်မဟုတ်ပေ။ ခရစ်တော်အလုပ်၏ရလဒ်သည်၊ အချို့သောကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကြီးများ သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာခေါင်းဆောင်ကြီးများ၏အလုပ်ထက် ပို၍အသုံးဝင်ခဲ့လိမ့်မည်မဟုတ်ပါ။ ဤသူများထက် ခရစ်တော်က ပို၍ကြီးမြတ်သော်လည်း သူ၏စံနမူနာနှင့်သွန်သင်ခြင်းအားဖြင့် သူ့တစ်ကိုယ်တည်းလူသားများကို မကယ်တင်နိုင်ခဲ့ပါ။ လူများကိုပြောင်းလဲရန် သူတို့၏အထဲမှာ အလုပ်လုပ်ရန်လိုအပ်ပါသည်။ လူ့စိတ်နှလုံးများအထဲမှာအလုပ်လုပ်ရန် စေလွှတ်ခြင်းခံရသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ ဤပြောင်းလဲခြင်းအလုပ်ကို ပြီးမြောက်စေသည်။ ထို့သို့ဖြစ်နိုင်ရန် ယေရှုကပြုလုပ်ပေးပါသည်။" Thomas A. Davis, Als Christ Siegreich leben, (HW-Verlag), Seite 43/ How to be a victorious Christian, R&H.

ဤတစ်ခုတည်းသောအကြောင်းအရာသည် သင်၏အထဲမှာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသည့်အကြောင်းကိုမြင်ရန် လုံလောက်သောအကြောင်းပြချက်ပင်မဟုတ်ပါလား။

"ဘုရားသခင်၏ဝိညာဉ်သည် စိတ်နှလုံးကိုအပိုင်ယူ၍ အထဲမှာနေသောအခါ၊ ၎င်းကအသက်တာကို ပြောင်းလဲပေးပါသည်။ အပြစ်ရှိသောအကြံအစည်အတွေးအခေါ်များကို ဖယ်ရှားပစ်၍ မကောင်းသောအပြုအမူများကို စွန့်ပစ်စေလျက်၊ ချစ်ခြင်း၊ စိတ်နှိမ့်ချခြင်းနှင့်ငြိမ်သက်ခြင်းသည်၊ အမျက်ဒေါသ၊ မနာလိုခြင်းနှင့်ခိုက်ရန်ဖြစ်ပွားခြင်းတို့၏နေရာကို အစားထိုးဝင်ရောက်လာကြသည်။ ဝမ်းမြောက်ခြင်းသည် ဝမ်းနည်းခြင်းနေရာကိုဝင်ယူလျက် မျက်နှာထားအသွင်အပြင်သည်လည်း ကောင်းကင်၏အလင်းကို ရောင်ပြန်ဟပ်စေပါသည်။" E.G. White, The Desire of Ages, (1898), p.173.1

သန့်ရှင်းသောဝိညာဉ်တော်ပါရှိသော အသက်တာတစ်ခုမှ အဖိုးတန်သောအခြားရလဒ်များစွာရှိသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်မပါရှိသောအသက်တာ၌ ကြီးစွာသောချို့တဲ့မှုများနှင့် ဆုံးရှုံးမှုများရှိပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ပါရှိခြင်းနှင့် မပါရှိခြင်းအတွက်ခြားနားချက်များကို အခန်း (၄) တွင် သာ၍ဖြေရှင်းပြမည်ဖြစ်သည်။

ကျွန်ုပ်သည်သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝပြီလား။

ကျေးဇူးပြု၍ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းအကြောင်းနှင့် ပတ်သက်သော အောက်ပါမေးခွန်းများကို မိမိကိုယ်မိမိမေးကြည့်ပါ။ Catherine Marshall, Der Helfer (Erzhausen, 2002), p.24.

- ကျွန်ုပ်၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်၏ သိသာသော အကျိုးသက်ရောက်မှုများရှိပါသလား။ ဥပမာ သူသည်သင့်အတွက် ယေရှုသည် အမှန်တကယ်ရှိ၍ ကြီးမြတ်ကြောင်းလုပ်ပေးပါသလား။ (ယောဟန် ၁၅:၁၆)
- ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏စိတ်အတွင်း ပြောနေသော အသံကို စဉ်ကြားပြီးနားလည်ပြီလား။ ကြီးမားသော၊ သေးငယ်သော ဆုံးဖြတ်ချက်ချရန် ကျွန်ုပ်၏အသက်တာကို သူပို့ဆောင်ပေးနိုင်ပါသလား။ (ရောမ ၈:၁၄)
- ကျွန်ုပ်အထဲတွင် လူလူချင်းအတွက် အသစ်သောချစ်ခင်းမေတ္တာမျိုးပေါ်ပေါက်ခဲ့ပြီလား။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်ကိုလူများအတွက်၊ ကျွန်ုပ်၏သူငယ်ချင်းအဖြစ် မရွေးချယ်သောသူများအတွက်၊ နှုးညံ့သိမ်မွေ့သောသဘောနှင့် လေးနက်သောစိုးရိမ်ပူပန်မှုများပေးပြီလား။ (ဂလာတိ ၅:၂၂။ ယာကုပ် ၂:၈၊၉)။

- လူသားအချင်းချင်းနှင့်ဆက်ဆံရာတွင် ကိုင်တွယ်ဖြေရှင်းရမည့်ကိစ္စများ၌ သန့်ရှင်းသောဝိညာဉ်တော်က မည်ကဲ့သို့ကူညီပေးသည်ကို တစ်ခါပြီး တစ်ခါတွေ့ကြုံခံစားရပါသလား။ စိုးရိမ်ခြင်းနှင့် ပူပန်မှုရှိသော သူတစ်ယောက်၏စိတ်နှလုံးကို ထိမိစေသောမှန်ကန်သောစကားလုံးကို သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်ကိုပေးပါသလား။
- ယေရှုအကြောင်းနှင့်ပတ်သက်၍ သူတစ်ပါးကိုဝေငှရန်နှင့် သူတို့ကို ယေရှုထံသို့ပို့ဆောင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်ကို ခွန်အားပေးပါသလား။
- ကျွန်ုပ်၏ဆုတောင်းခြင်းအသက်တာမှာ ကျွန်ုပ်ကိုမည်ကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်ကူညီပေးသည့်အတွေ့အကြုံနှင့် ကျွန်ုပ်၏နှလုံးထဲမှ နက်ရှိုင်း သောခံစားချက်ကို ဘုရားသခင့်အထံတော်သို့တင်ပြရန် သန့်ရှင်းသော ဝိညာဉ်တော်မည်သို့ကူညီမစသည့်အတွေ့ကြုံကို ကျွန်ုပ်ရရှိပါသလား။

ကျွန်ုပ်တို့သည် ဤမေးခွန်းများကို ဆင်ခြင်ကြည့်သောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်၌ကြီးထွားရန် ကြီးမားသောလိုအပ်ချက်တစ်ခု ကျွန်ုပ်တို့မှာရှိသည်ကို ကျွန်ုပ်တို့တွေ့ရပြီး သူ့ကိုပိုသိရန်၊ သူ့ကိုပိုချစ်ရန် လိုအပ်သည်ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။

ညီအစ်ကိုတော်တစ်ဦးကရေးခဲ့သည်။ ကျွန်ုပ်ဖခင်နှင့်ကျွန်ုပ်သည် ပြန်လည်၍သင့်မြတ်လာပြီ။ တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကား ထစ်များနှင့် ရက် (၄၀) စာအုပ်များ တစ် နှင့် နှစ်ကို လေ့လာဖတ်ရှုပြီးသည့် နောက် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသော အံ့ဖွယ်အတွေ့အကြုံကို ကျွန်ုပ်ရရှိခဲ့သည်။ ကျွန်ုပ်၏အသက်တာ၏နေရာတိုင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်အလုပ်လုပ်ပုံနှင့် လုပ်ချင်ပုံကိုတွေ့ကြုံရခြင်းသည် ကျွန်ုပ်အတွက် အထူးစိတ်လှုပ်ရှားခြင်းဖြစ်ခဲ့ပါသည်။

ဖခင်နှင့်သားအကြားပြန်လည်သင့်မြတ်ခြင်း

ကျွန်ုပ်နှင့်ကျွန်ုပ်၏ဖခင်တို့၏ဆက်ဆံရေးသည် အမြဲရှုပ်ထွေးနေခဲ့သည်။ ကျွန်ုပ်၏ကလေးဘဝနှင့် လူငယ်ဘဝအတောအတွင်း ကျွန်ုပ်၏ဆန္ဒနှင့်ဆုတောင်းချက်သည်၊ ကျွန်ုပ်၏ဖခင်နှင့်သာ၍ကောင်းသောဆက်ဆံရေးရရှိရန် အမြဲဖြစ်ခဲ့ပါသည်။ သို့သော် တဖြည်းဖြည်းပို၍ဆိုးလာခဲ့သည်။ နောက်ထပ် ၆ နှစ်မှ ၇ နှစ် အထိကျော်လွန်သွားခဲ့သည်။ ကျွန်ုပ်၏ဇလာဖြစ်သောစိတ်နှလုံးကို ဘုရားသခင်ဖြည့်ပေးခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အတွက် လေ့လာ၍ဆုတောင်းနေစဉ် ကျွန်ုပ်နှင့်ကျွန်ုပ်၏ဇနီးတို့သည် ဘုရားသခင်နှင့်ကြီးမားသောအတွေ့အကြုံများစွာရရှိခဲ့ကြပါသည်။ ကျွန်ုပ်တို့၏မိသားစုအတွက်နှင့်အထူးသဖြင့် ကျွန်ုပ်၏ဖခင်အတွက်ဆုတောင်းခဲ့ကြသည်။ ဤအတောအတွင်း ကျွန်ုပ်၏ဖခင်ကိုချစ်ရန် အသစ်သောတန်ခိုးကို ကျွန်ုပ်ရရှိခဲ့ပါသည်။ ကလေးဘဝကတည်းက ကျွန်ုပ်တို့၏မကောင်းသောဆက်ဆံရေးအားလုံးအတွက် သူ့ကိုခွင့်လွှတ်နိုင်ခဲ့ပါသည်။ ယခု ကျွန်ုပ်ဖခင်နှင့်ကျွန်ုပ်သည် မိတ်ဆွေများဖြစ်ကြပါသည်။ သူသည်လည်းဝိညာဉ်ရေးရာမှာ ပို၍စိတ်ရှိလာပြီး အခြားသူများအား ဘုရားအကြောင်းစတင်၍ပြောပြနေပါသည်။ ယခုနှစ်နှစ်လွန်ပြီးနောက် ဖခင်နှင့်ဆက်ဆံရေးသည် အလွန်ကောင်းဆဲဖြစ်နေပါသည်။ ဤအတွေ့အကြုံအတွက် ဘုရားသခင်အားကျွန်ုပ်ကျေးဇူးတင်ပါသည်။ ကျွန်ုပ်သည်အစွမ်းမရှိခြင်းနှင့်မကြာခဏအထီးကျန်သည်ဟုခံစားခဲ့ရပါသည်။ သို့သော် နေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံသောအချိန်မှစ၍ ကျွန်ုပ်သည် အံ့သြဖွယ်ကောင်းသောအသက်တာအသစ်တစ်ခုကို တွေ့ကြုံခံစားရလျက်၊ ဘုရားသခင်နှင့်ဆက်ဆံရေးသည်လည်း အလွန်ကောင်းသည်ကိုတွေ့ကြုံခံစားရပါသည်။ (အယ်ဒီတာသာသိသောနာမည်)။

ဆုတောင်းချက်။ သခင်ယေရှု၊ သန့်ရှင်းသောဝိညာဉ်တော်အား ဖြင့် ကျွန်ုပ်အထဲမှာသခင်တည်ရှိချင်သောကြောင့် သခင့်အားကျေးဇူး တင်ပါသည်။ နေ့စဉ်ဆက်ကပ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ယုံကြည် ခြင်းနှင့်ဆက်ဆံရေးကြီးထွားလာနေသောကြောင့်လည်း သခင်အားကျေးဇူး တင်ပါ၏။ သခင်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်သူ၏လုပ်ငန်းကို ကျွန်ုပ် ပို၍နားလည်သဘောပေါက်ရန် ကူညီမစတော်မူပါ။ ကျွန်ုပ်အတွက်၊ ကျွန်ုပ်၏မိသားစုနှင့် ကျွန်ုပ်၏အသင်းတော်အတွက်သူလုပ်ပေးချင် သည့်အရာကိုသိရန် ကျွန်ုပ်တောင့်တမိပါသည်။ နေ့စဉ်ဆုတောင်းသော အခါ၊ သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိနိုင်သောအာမခံချက်ကို ကျွန်ုပ် တို့မည်ကဲ့သို့ရနိုင်သည့်အကြောင်းကိုသိရှိရန်လည်း ကျွန်ုပ်လိုချင် တောင့်တမိပါသည်။ ဤအတွက်ကျေးဇူးတင်ပါသည်။ အာမင်။

ဧဖက် ၅:၁၈ အတွက်ဖြည့်စွက်ချက်
"ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့"

အင်္ဂလိပ်ဘာသာဖြင့် ဧဖက် ၅:၁၈ မှတောင်းဆိုချက်သည် အရေး ကြီးသောတောင်းဆိုချက်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့နိုင်ခဲ့ပြီ။ နောက်ထပ်၍ ဤပညတ်ချက်သည် လူတိုင်းကိုညွှန်ကြားထားကြောင်း ကျွန်ုပ်တို့တွေ့နိုင် ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန် ကျွန်ုပ်တို့နေ့စဉ်ရှာရမည့် တာဝန်ရှိသည်ကိုလည်း ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ သို့သော် မူရင်း ဂရိဘာသာဖြင့် ဤကျမ်းချက်သည် ပို၍ရှင်းပါသည်။

ဤအပေါ်ဂျိုဟန်းနစ်(စ)မေဂျာကရှင်းပြထားသည်။ "ဓမ္မသစ်ကျမ်း တွင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ဖြည့်ပေးခြင်းအကြောင်းနှင့်ပတ်သက်၍ တိုက်ရိုက်ပြောသည့်ကျမ်းပိုဒ်တစ်ခုတည်းသာရှိပါသည်။ 'ဝိညာဉ်တော်နှင့် ပြည့်စုံလျက်ရှိကြလော့' (ဧဖက် ၅:၁၈) တမန်တော်ဝတ္ထုထဲမှာ သန့်ရှင်းသော

ဝိညာဉ်တော်နှင့်ပြည့်စေခြင်းသည် ဆုလက်ဆောင်တစ်ခုဖြစ်၍ သတ်မှတ်ထားသောအခြေအနေတွင် တန်ခိုးပါသောနည်းလမ်းတစ်ခုဖြင့် အလုပ်လုပ်ရန် အသုံးပြုသောအရာဖြစ်သည်။ သို့သော်လည်း ပေါလုကသန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် ဘဝရှိအခြေအနေများမှ လွတ်လပ်ခြင်းဖြစ်၍ ယေရှု၏နောက်လိုက်အားလုံးနှင့်သက်ဆိုင်သည့် ပညတ်တစ်ခုဖြစ်သည်ဟုပြောပါသည်။ တိုတုတ်သော်လည်း အရေးကြီးသောပညတ်ချက်သည် အရေးကြီးသောရှုထောင့်လေးခုဖြင့်ဖွဲ့စည်းထားသည်။

၁။ 'ဖြည့်' ဆိုသည့်ကြိယာသည် အရေးကြီးသောအရာဖြစ်သည်။ ဤနေရာတွင် ပေါလုက ထောက်ခံချက်မပေး သို့မဟုတ် ဖော်ရွေသောအကြံပေးခြင်းတစ်ခုအဖြစ်လည်းမပေးထားပါ။ လူတစ်ဦးကလက်ခံနိုင်သည်၊ ငြင်းပယ်နိုင်သည်ဟုလည်း အကြံမပေးထားပါ။ ပေးပိုင်ခွင့်ရှိသောတမန်တော်တစ်ဦးအနေနှင့် အမိန့်ပေးခဲ့သည်။ အမိန့်ပေးခြင်းသည်လူတစ်ဦး၏ဆန္ဒကိုတောင်းခံခြင်းအမြဲဖြစ်သည်။ ခရစ်ယာန်တစ်ယောက်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝနေလျှင် သူကိုယ်တိုင်အပေါ်၌သာ များစွာမူတည်ပါသည်။ ခရစ်ယာန်များသည် ပညတ်တော်လက်အောက်မှာရှိ၍ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန် ကြိုးစားကြရသည်။

၂။ ဤနေရာ၌သုံးထားသောကြိယာသည် အများကိန်းအတွက်သုံးထားသည်။ ဤအမိန့်သည် အသင်းတော်ထဲက အထူးတာဝန်ရှိသောတစ်စုံတစ်ဦးအတွက် ညွှန်ကြားသောအရာမဟုတ်ပါ။ ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် မျက်နှာသာပေးခြင်းခံရသောလူအနည်းငယ်အတွက် အခွင့်အရေးပေးခြင်းမဟုတ်ပါ။ ခေါ်တော်မူခြင်းသည် အသင်းတော်ရှိလူအားလုံးနှင့်သက်ဆိုင်ပါသည်။ အမြဲတမ်းနှင့်နေရာတိုင်းမှာဖြစ်သည်။

၃။ ဤကြိယာ 'ဖြည့်' ကို ပြုလုပ်ခြင်းခံရသောကာလနှင့် အသုံးပြုထားသည်။ သင့်ကိုယ်သင်ဝိညာဉ်တော်နှင့်ဖြည့်ယူပါဟုမဆိုထားပါ။ ဝိညာဉ်တော်နှင့် အဖြည့်ခံပါဟုဆိုထားပါသည်။ မည်သူမျှမိမိကိုယ်ကို သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝရန် ဖြည့်ယူ၍မရပါ။ ဤအရာသည် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်သက်သက်ပဲဖြစ်သည်။ သည်မှာ သူ၏အချုပ် အခြာအာဏာတည်ရှိသည်။ သို့သော် လူတစ်ဦးချင်းစီသည်၊ သန့်ရှင်းသော ဝိညာဉ်တော်ဖြည့်ပေးနိုင်သောအခြေအနေကို ဖန်တီးပေးသင့်သည်။ သူ၏ လုပ်ဆောင်မှုမရှိလျှင် သူ့အထဲမှာ သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ် မည်မဟုတ်ပါ။

၄။ ဂရိဘာသာဖြင့် ဤကြိယာကိုပစ္စုပ္ပန်ကာလအဖြစ်သုံးထားသည်။ ထို့ကြောင့် အဆက်မပြတ် ထပ်ခါတလဲလဲဖြစ်သောအဖြစ်အပျက်တစ်ခု ဖြစ်၍ တစ်ခါတည်းပြုလုပ်ခြင်းမဟုတ်ဘဲ ထပ်ခါတလဲလဲပြုလုပ်၍ တိုးတက်သောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ခရစ်ယာန်တစ်ဦးသည်၊ တစ်ခါဖြည့်၍အစဉ်ပြည့်သောခွက်တစ်လုံးမဟုတ်ဘဲ၊ အဆက်မပြတ် ပြန်၍ဖြည့်ပေးသောခွက်ဖြစ်ရမည်။ ထိုဝါကျကို ဤနည်းဖြင့်လည်း ဖွဲ့ဆိုနိုင်ပါသည်။ "သင့်ကိုယ်ကိုတစ်သမတ်တည်းနှင့် ထပ်ခါထပ်ခါ သန့်ရှင်းသောဝိညာဉ်တော်နှင့်အသစ်ဖြည့်စေပါ။"

ဗတ္တိဇံခံခြင်း၌ (လုံးလုံးဆက်ကပ်ခြင်းဖြင့် ရေနှင့်ဝိညာဉ်တော်ဖြင့် ဗတ္တိဇံခံခြင်း) သန့်ရှင်းသောဝိညာဉ်တော်နှင့်ဖြည့်ပေးခြင်းသည်၊ ကျွန်ုပ်တို့ အားပေးခဲ့သောပြည့်ဝခြင်းကို ကျွန်ုပ်တို့မထိန်းသိမ်းထားခဲ့လျှင်၊ ပျောက်ဆုံး သွားနိုင်ပါသည်။ အကယ်၍ပျောက်ဆုံးသွားခဲ့လျှင် တစ်ဖန်ပြန်၍ရယူနိုင်ပါ သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထပ်ခါတလဲလဲအဖြည့်ခံခြင်းအားဖြင့် ကျွန်ုပ်တို့၏အသက်တာနေရာတိုင်း၌ သူနေရာယူနိုင်ပြီး၊ ကျွန်ုပ်၏ဝိညာဉ်ရေး

အသက်တာမှာအားနည်းခြင်း၊ ညှိုးနွမ်းသွားခြင်းမရှိတော့ပါ။ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းသည် အရေအတွက်ဖြင့်များစွာရရှိခြင်းဟုမဆိုလိုဘဲ ဝိညာဉ်တော်က ကျွန်ုပ်တို့ကို သာ၍သာ၍ရရှိခြင်းပင်ဖြစ်သည်။ ထိုအကြောင်းကြောင့် ပေါလုက ယုံကြည်သူအားလုံးကို ဝိညာဉ်တော်နှင့်အဆက်မပြတ်အဖြည့်ခံရန် အမိန့်ပေးခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ခရစ်ယာန်တစ်ဦးအတွက်ပုံမှန်အခြေအနေဖြစ်သည်။ တစ်ခါနှစ်ခြင်းခံ၍ များစွာသောဖြည့်ခြင်းခံယူရမည်။" Johannes Mager was a pastor, evangelist and for many years a university lecturer on systematic theology. Most recently, he was the head of the ministry department in the Euro-African Division in Bern, Switzerland (now the Inter-European Division). Presently he is retired and Lives in Friedensau. The quote is from his book: Auf den Spuren des Geistes, (Luneburg, 1999) page 100-101 (with permission from the publishing house)

သခင်ကိုယ်တိုင်အမိန့်ပေးခဲ့သည်။

E.G. White, Mount of Blessing, MB 20.3

သင့်ကိုယ်ကိုတစ်သမတ်တည်းနှင့်ထပ်ခါထပ်ခါသန့်ရှင်းသော
ဝိညာဉ်တော်နှင့်ဖြည့်စေပါ။

Johannes Mager, Auf den Spuren des Heiligen Geistes (Luneburg, 1999), Seite 101

–o–

အခန်း ၄

မည်သည့်ကွာခြားချက်များကို ကျွန်ုပ်တို့မျှော်လင့်နိုင်သနည်း။

သန့်ရှင်းသောဝိညာဉ်တော်နှင့် ဖြည့်ဝသောအသက်တာ အားဖြင့် ကျွန်ုပ်တို့မည်သည့်အကျိုးကျေးဇူးကို ရရှိနိုင်သနည်း။

သန့်ရှင်းသောဝိညာဉ်တော်ကို မတောင်းခံသည့်အခါ မည်သည့်အရာကို ကျွန်ုပ်တို့ဆုံးရှုံး ရသနည်း။

ဇာတိပကတိခရစ်ယာန်နှင့် ဝိညာဉ်ပကတိခရစ်ယာန် စပ်ကြား နှိုင်းယှဉ်ချက်တစ်ခု

ဇာတိပကတိခရစ်ယာန်တစ်ဦးစီ၏ ခံရမည့်အကျိုးဆက်များကို တစ်စိတ်တစ်ပိုင်းစာရင်းပြုစုခဲ့ပြီ။ အောက်ပါတွင် သူတို့၏ခံရမည့်အကျိုးဆက်အချို့ကိုဖေါ်ပြထားသည်။

- ဤအခြေအနေတွင် သူသည်ကယ်တင်ခြင်းမရနိုင်ပါ။ (ရောမ ၈း၆-၈။ ဗျာဒိတ် ၃း၁၆)
- ဘုရားသခင်၏မေတ္တာ၊ အာဂပေ (Agape) မေတ္တာ၊ သူ၌မရှိ။ (ရောမ၊ ၅း၅။ ဂလာတိ ၅း၂၂)။ သူတို့သည်လူသားတို့မေတ္တာတရား၌ လုံးလုံးမှီခိုကြသည်။ ကိုယ်ခန္ဓာတပ်မက်ခြင်းများကို မချိုးနှိမ်ပါ။ (ဂလာတိ ၅း၁၆)
- ဘုရားသခင်၏ဝိညာဉ်တော်ထံမှစွမ်းအားကိုသူမရရှိပါ။ (ဧဖက် ၃း၁၆-၁၇)။

- ထိုသူအထဲမှာခရစ်တော်မနေပါ။ (၁ယော ၃း၂၄)
- ခရစ်တော်အတွက်သက်သေခံရန် တန်ခိုးကိုသူမရရှိခဲ့ပါ။ (တမန်တော် ၁း၈)
- သူသည်ဇာတိပကတိလမ်းအတိုင်းပြုမူသဖြင့် (၁ကော၊ ၃း၃) ပြိုင်ဆိုင်မှုနှင့် စိုးရိမ်ပူပန်မှုကို လွယ်ကူစွာဖြစ်ပေါ်စေနိုင်သည်။
- စည်းကမ်းဥပဒေအရ ထိုသူသည်၊ သတိပေးဆိုဆုံးမခြင်းကို လက်ခံရန် ပို၍ခက်ခဲသည်။
- သူတို့၏ဆုတောင်းခြင်းအသက်တာ လုံလောက်မှုမရှိဖြစ်နိုင်သည်။
- သူ၌ခွင့်လွှတ်နိုင်သော ဇာတိပကတိအကျင့်သာရှိ၍၊ မနာလိုဝန်တိုမှုနှင့် နမြောတွန့်တိုမှုကိုမူ ခံနိုင်ရည်မရှိပေ။

ဇာတိပကတိခရစ်ယာန်များသည် ရံဖန်ရံခါလူသားဆန်စွာပြုမူတတ်သည်။ ပေါလုက "သင်တို့သည် ဇာတိပကတိလူဖြစ်ကြသည် မဟုတ်လော။ လောကီထုံးစံအတိုင်း ကျင့်ဆောင်ကြသည်မဟုတ်လော။" (၁ကော ၃း၃) ဟု ပြောခဲ့သည်။ အခြားအချိန်များတွင် ဝိညာဉ်ပကတိလူကဲ့သို့ပြုမူတတ်သော်လည်း၊ သူတို့၏ကိုယ်ပိုင်စွမ်းရည်နှင့် ခွန်အားအပေါ်၌သာအသက်ရှင်နေထိုင်ကြသည်။

ဝိညာဉ်ပကတိခရစ်ယာန်များသည် ဘုရားသခင်၏စုံလင်ခြင်းကို လက်တွေ့နေထိုင်ကျင့်သုံးကြသည်။

"ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကို ခွန်အားနှင့်မြဲမြံခိုင်ခံ့စေ၍၊ ယုံကြည်ခြင်းအားဖြင့်ခရစ်တော်သည် သင်တို့၏စိတ်နှလုံးထဲ၌ကိန်းဝပ်တော်မူမည်အကြောင်း၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်လျော်ညီစွာသင်တို့အားပေးသနားတော်မူ၍၊ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျ

တည်ခြင်းရှိသဖြင့်၊ သင်တို့သည်သန့်ရှင်းသူအပေါင်းတို့၏နည်းတူ၊ အနံ့အလျား အနက်အမြင့်တို့ကို ပိုင်းခြား၍သိခြင်းငှာလည်းကောင်း၊ ကိုယ်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏မေတ္တာတော်ကိုသိနားလည်းခြင်းငှာလည်းကောင်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့် အညီ၊ ပြည့်စုံကြပါမည်အကြောင်း၊ ငါသည်ဆုတောင်းလေ့ရှိ၏။ ငါတို့၌ ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှာတတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။" (ဧဖက် ၃း၁၆–၂၁)။

ဇာတိပကတိခရစ်ယာန်၏အကျိုးသက်ရောက်မှု

ကျွန်ုပ်၌သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့ခြင်းကြောင့်၊ တရားဟောဆရာပါစတာအဖြစ်အမှုဆောင်စဉ်က ကျွန်ုပ်၏မိသားစုဝင်နှင့် ကျွန်ုပ်၏အသင်းဝင်များ ဝိညာဉ်ပျောက်ဆုံးခြင်းအတွက်ဝမ်းနည်းမိပါသည်။ ဤနယ်ပယ်တွင် ကိုယ့်ကိုကိုယ်လမ်းပြပို့ဆောင်နိုင်သည်ထက် အခြားသူများကို လမ်းပြပို့ဆောင်ခြင်းမပြုနိုင်သည်မှာ အမှန်တရားပင်ဖြစ်သည်။ အိမ်ထောင်တစ်စုခွဲသော်လည်းကောင်း၊ အသင်းသားတစ်ဦးတစ်ယောက်စီ၏ကိုယ်ပိုင်ဝိညာဉ်ရေးသည် ပို၍ဆုတ်ယုတ်လာသည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့သဘောပေါက်ရန် လိုအပ်ပါသည်။

ကလေးများနှင့်လူငယ်လူရွယ်များ

ဇာတိပကတိခရစ်ယာန်သည်၊ ဘက်စုံ၌ပညာဗဟုသုတကြွယ်ဝ၍သဘောထားကြီးသောခရစ်ယာန်များကို မွေးထုတ်ရန်ဖြစ်သည်။ လူများသည် မိမိမလုပ်နိုင်သောအရာတို့ကို ကောင်းသောရည်ရွယ်ချက်ဖြင့် ကြိုးစားအား

ထုတ်လုပ်ဆောင်တတ်ကြသည်။ မအောင်မြင်သောအခါ ထွက်ပေါက်ကိုရှာကြပြန်ပါသည်။ ဤသို့ပြုခြင်းသည် လူငယ်လူရွယ်များကို ဆုံးရှုံးရခြင်း၏ အကြောင်းရင်းများဖြစ်နေသလား။ ကျွန်ုပ်တို့သည် သားသမီးများနှင့်လူငယ်လူရွယ်များကို လျစ်လျူရှုခြင်းနှင့်အခြားသောအကြောင်းအရာများအားဖြင့် စံနမူနာပြခြင်းကြောင့်၊ ဇာတိပကတိခရစ်ယာန်များဖြစ်လာရန် ပြုလုပ်မိနေသလား။ ထိုအကျိုးဆက်များကြောင့် သူတို့ဇာတိပကတိခရစ်ယာန်များဖြစ်လာ၍ စိတ်ဓာတ်ကျဆင်းခြင်းများနှင့် လုံးပန်းနေကြရသလား။ ဤအကြောင်းအရာများကြောင့် လူများသည် ဘာသာရေးကိုအလေးအနက်သဘောမထား၊ ဘုရားကျောင်းမတက်ကြတော့ဘဲ အချို့မှာအသင်းတော်အထဲမှ ထွက်သွားကြခြင်းဖြစ်သလား။

များမကြာမီက အစ်ကိုတော်တစ်ယောက်သူ၏အသင်းတော်ကို ပြောကြားသည်မှာ၊ "ယနေ့ကျွန်ုပ်တို့၏အသက်တာနှင့် ပျိုရွယ်သူတို့၏အသက်တာတွင် ပြဿနာများဖြစ်ရခြင်း၏အကြောင်းရင်းမှာ၊ အလျင်မျိုးဆက်ဟောင်းမှလူများသည်၊ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ငန်းကို နားလည်ရန် ပျက်ကွက်ခဲ့ပြီး သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းအကြောင်းကိုလည်း မသိသောကြောင့်ဖြစ်သည်။ Garrie F. Williams. Erfulltsein vom Heiligen Geist-Wie erfahren wird das? (Luneburg 2007), S.8

မပူမအေးနွေးရုံသာရှိသောသူများ (ခရစ်တော်အားလုံးလုံးဆက်ကပ်ခြင်းမရှိသောသူ) ၏အကျိုးဆက်နှင့်ပတ်သက်၍ ကျွန်ုပ်ထပ်၍သတိပေးပါရစေ။ "စိတ်မပါ့တပါခရစ်ယာန်များသည်၊ ဘုရားမဲ့ဝါဒရှိသူများထက်ပို၍ဆိုးပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏လှည့်ဖြားတတ်သောစကားများနှင့် တိုးသာဆုတ်သာသော အခြေအနေမှာနေခြင်းဖြင့် လူအများကိုလမ်းလွဲခြင်းသို့ပို့ဆောင်သောကြောင့်ဖြစ်သည်။ ဘုရားမဲ့ဝါဒီမှာမူ သူ၏အရောင်ကို

ထင်ရှားစွာပြသသည်။ နွေးရုံသာရှိသောခရစ်ယာန်သည်ကား ပါတီနှစ်ခု လုံးကိုလှည့်ဖြားတတ်သည်။ လောကီသားကောင်းမဟုတ်သကဲ့သို့ ခရစ်ယာန် ကောင်းလည်းမဟုတ်ပါ။ မည်သူမျှမလုပ်နိုင်သောအလုပ်ကို စာတန်ကသူ့ကို အသုံးပြု၍ လုပ်စေသည်။" EGW Letter 44, 1903, quoted in Adventist Bible Commentary, Vol. 7, p. 963 on Rev. 3:15-16

မည်သို့ပင်ဖြစ်စေကာမူ၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ဖြင့်အသက် ရှင်လျှင်၊ ဘုရားသခင်၏ကူညီခြင်းလမ်းစဉ်ကို ကျွန်ုပ်တို့၏သားသမီးများအား ပြသနိုင်မည်ဖြစ်သည်။ အယ်လင်ဝိုက်ကအဲ့ဩဖွယ်ရာမိန့်ဆိုသည်မှာ "သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နေ့စဉ်ဗတ္တိဇံခံခြင်းသည် သူတို့၏အခွင့် အရေးဖြစ်သည်ဟု သင်တို့၏သားသမီးများကို သွန်သင်ပါ။ ခရစ်တော်၏ အလိုတော်ကိုဆောင်ရွက်ရန် သူ၏ကူညီမစသည့်လက်ကို သင့်အားပေးစေ ပါ။ သင်၏သားသမီးများအတွက် သင်၏အမှုဆောင်ရွက်ခြင်းသည် ပြီးပြည့်စုံသောအောင်မြင်ခြင်းဖြစ်လာစေရန် ဆုတောင်းခြင်းအားဖြင့် အတွေ့ အကြုံတစ်ခုအမြတ်ရရှိနိုင်မည်။" E.G. White, Child Guidance (1954), p. 69.

ကျွန်ုပ်တို့၏သားသမီးများကို ဆုတောင်းရန်သင်ပေးကြသည်။ သို့သော် သူတို့ကို သန့်ရှင်းသောဝိညာဉ်တော်အတွက် နေ့စဉ်ဆုတောင်းရန်သင်ပေးမိခဲ့ပါ သလား။ သို့မဟုတ် ကိုယ်ကိုယ်တိုင်ကတောင်းခံရန် မသိခဲ့ခြင်းလား။ ထိုအ ချိန်အခါက ကျွန်ုပ်နှင့်ဇနီးသည်တို့သည် ထိုကဲ့သို့ဆုတောင်းရန်မသိခဲ့ကြ ပါ။ ကျွန်ုပ်တို့အသိပညာချို့တဲ့ခဲ့ချိန်ကို ဘုရားသခင်ကျော်လွန်သွားပေးစေ ခဲ့သည့်အတွက် ကျေးဇူးတင်လှပါသည်။ သို့သော် အကျိုးဆက်တစ်ခုအဖြစ် မည်မျှဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပါသနည်း။

ဝိညာဉ်တော်နှင့်ပြည့်ဝသောမိဘများအတွက်၊ နေ့စဉ်ယေရှုလက်ထဲ သူတို့ကိုယ်သူတို့ဆက်ကပ်ပြီး သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံသော အခါ အလွန်ကောင်းသောသားသမီးများကို ရရှိမည်ဖြစ်သည်။

ပတ်ဝန်းကျင်အခြေအနေ–
မွန်မြတ်သောမေတ္တာ သို့မဟုတ် တစ်ဦးအပေါ်တစ်ဦးသာ ကောင်းခြင်းလား။

စည်းကမ်းတကျရှိသောအသက်တာတစ်ခုအတွက် ဘုရားသခင်၏ တန်ခိုးတော်ချို့တဲ့လျှင်၊ ဘုရားသခင်မေတ္တာတော်လိုအပ်သောကြောင့် အပြစ်တရား၏တန်ခိုးကိုမချိုးဖျက်ခဲ့လျှင်၊ သို့မဟုတ် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဤအရာများတည်ရှိနေလျှင်၊ ထိမ်းမြားခြင်းနှင့်အိမ်ထောင်မိသားစုစပ်ကြား၊ အသင်းတော်နှင့် ၎င်းတွင်ရှိသောဇာတိပကတိနှင့်ဝိညာဉ်ပကတိခရစ်ယာန်တို့၏ပေါင်းသင်းဆက်ဆံခြင်းအခြေအနေအကြား မည်သို့ကွဲပြားခြားနားခြင်းရှိနေသနည်း။

ရှေးဆန်သောဇာတိပကတိခရစ်ယာန်များသည်၊ အပြစ်တင်ဝေဖန်ရန် ဂရုစိုက်တတ်ကြသည်။ ဤသို့ပြုမူခြင်းသည်၊ မကောင်းပါ။ ဘုရားသခင်၏ကောင်းသောညွှန်ကြားချက်များအကြောင်းကို ဟောပြောရမည်ဖြစ်သော်လည်း၊ တစ်ချိန်တည်းတွင် စိတ်နှလုံးအတွင်းမှ ပြောင်းလဲခြင်းဖြစ်ပေါ်လာမှသာ၊ လိုအပ်သောပြောင်းလဲခြင်းဖြစ်ပျက်လာမည်ကို ကျွန်ုပ်တို့သတိထားရန်သင့်ပါသည်။

ဘက်စုံဗဟုသုတကြွယ်ဝသောလူများသည် အရာရာကိုအလေးအနက်အဖြစ် ဂရုမစိုက်တတ်ကြချေ။ လောကီနည်းလမ်းများကိုသာလိုက်လျောညီထွေနေတတ်ကြသည်။ ဤအရာအတွက်လည်း ဘုရားသခင်ကောင်းချီးမပေးနိုင်ပါ။

ဂျိုးဇက်ခစ်ဒါသည်၊ ယနေ့အသင်းတော်၏အထွေထွေအခြေအနေကို အောက်ပါအတိုင်းရှာဖွေတွေ့ရှိခဲ့သည်။ "စိတ်မဝင်စားခြင်း၊ ပေါ့ပြက်ခြင်း၊ လောကီဆန်ခြင်း၊ ရက်ရောခြင်းမရှိခြင်း၊ ပြုစုခြင်းများလောင်ကျွမ်းခြင်း၊ ဆယ်ကျော်သက်များ အသင်းတော်မှစွန့်ခွာခြင်း၊ ကိုယ့်စည်းကမ်းအတိုင်း

ကိုယ်နေခြင်း၊ နောက်ခံအကျိုးရလဒ်အမှန်တကယ်မရှိသောစီမံချက်များချခြင်း၊ ဆက်ကပ်၍သန်မာသောသူများကြာရှည်စွာမရှိခြင်း" များကိုရှာတွေ့သည်။ Dr. S. Joseph Kidder, Anleitung zum geistlichen Leben (Andrews University), PPP Folie 3+4

ကျွန်ုပ်တို့၏ပြဿနာအကြောင်းရင်းမှာ ခရစ်တော်နှင့်ဆက်သွယ်ခြင်းလိုအပ်ခြင်းပဲဖြစ်သည်။ (ယောဟန် ၁၅း၁-၅) လူသား၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းများအပေါ်မှာ အားကိုးခြင်းလွန်ကဲသည်။ (ဧာခရိ ၄း၆)။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောအသက်တာတစ်ခုတွင် ပြဿနာဖြေရှင်းနည်းကိုလည်း ခစ်ဒါတွေ့ရှိပါသည်။ (တမန်တော် ၁း၈)။

ယေရှသည်ကျွန်ုပ်တို့အား အသစ်သောပညတ်တစ်ခုကိုပေးခဲ့သည်။

"သင်တို့သည် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ချစ်ကြလော့။ ငါသည် သင်တို့ကိုချစ်သည်နည်းတူ၊ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏။ သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကိုသိရကြလိမ့်မည်ဟုမိန့်တော်မူ၏။" (ယောဟန် ၁၃း၃၄-၃၅)။

ယေရှချစ်သကဲ့သို့ချစ်ရန်အဓိပ္ပါယ်မှာ၊ မွန်မြတ်သောမေတ္တာ (အာဂပေ) မေတ္တာဖြင့်ချစ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝမှသာ ကျွန်ုပ်တို့ထိုသို့ချစ်နိုင်မည်ဖြစ်သည်။

"ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှိ ခမည်းတော်က ကျွန်ုပ်တို့အတွက် အကောင်းဆုံးသောလက်ဆောင်အဖြစ် အပ်နှင်းနိုင်သောအရာမှာ၊ ဘုရားသခင်အား အထွတ်အထိပ်ရောက်မေတ္တာနှင့်ချစ်၍ တစ်ဦးနှင့်တစ်ဦး ကိုယ်ကျိုးမဖက်သောမေတ္တာဖြင့် ချစ်ရန်ဖြစ်သည်။ ဤမေတ္တာသည် စေ့ဆော်ခြင်းကြောင့်ဖြစ်ပေါ်လာသောမေတ္တာမျိုးမဟုတ်ဘဲ၊ မွန်မြတ်သောအခြေခံသဘောတရား

တစ်ခုနှင့်တည်မြဲသောတန်ခိုးတစ်ခုဖြစ်သည်။ ဆက်ကပ်အပ်နှံခြင်းမရှိသော နှလုံးသားသည်၊ (ဝိညာဉ်တော်မပြည့်ဝသောသူတစ်ဦးစီမှာရှိသောနှလုံးတစ်ခု) ထိုမေတ္တာမျိုးကိုမဖန်တီးနိုင်၊ မထုတ်လုပ်နိုင်ပါ။ ယေရှုစိုးစံသောနှလုံးသားအထဲမှာသာ ထိုမေတ္တာမျိုးကိုတွေ့ရှိနိုင်သည်။ E.G. White, Acts of the Apostles (1911) p. 551.2

ကျွန်ုပ်တို့သည်တစ်ဦးအပေါ်တစ်ဦးကောင်းကြမည်နှင့် ထိုထက်ကျော်လွန်၍ ဘုရားသခင်၏ချစ်ခြင်းမေတ္တာမျိုးနှင့် တစ်ဦးနှင့်တစ်ဦးချစ်ကြခြင်းသည် ကွဲပြားခြားနားခြင်းရှိသည်ဟု ကျွန်ုပ်ဆင်ခြင်မိပါသည်။ အီးဂျီဝိုက်က ကျွန်ုပ်တို့ကိုအဓိပ္ပါယ်ပြည့်ဝသော သဲလွန်စတစ်ခုပေးပါသည်။

"သည်းခံခြင်းနှင့် ငြိမ်သက်ခြင်းရှိသောစိတ်ဓာတ်တည်းဟူသောတန်ဆာကို ဝတ်ဆင်သောအားဖြင့်၊ ကြောက်မက်ဖွယ်ကောင်း၍ နာကြည်းခြင်းနှင့်ပြည့်ဝသောအသက်တာကိုဖြစ်စေသည့် ဒုက္ခတစ်ရာမှကိုးဆယ်ကိုးခုသောဒုက္ခကိုဖယ်ရှားပစ်နိုင်ခဲ့လိမ့်မည်။" E.G. White, Testimonies for the Church, volume 4, p. 348.3

ဘုရားသခင်၏နှုတ်ကပတ်တော်ထဲမှ (၁သက် ၄း၃-၈) တွင်၊ အိမ်ထောင်ပြုအသက်တာနှင့်ဆိုင်သောအကြောင်းကို ဖော်ပြထားသည်။ အခြားသောအကြောင်းအရာများကိုပြောကြားသော ဤကျမ်းချက်များထဲတွင် အိမ်ထောင်ပြုခြင်းအတောအတွင်း သန့်ရှင်းစင်ကြယ်သော၊ သိက္ခာရှိသောနေထိုင်မှုအကြောင်းကို ထည့်သွင်းရေးသားထားသည်။ တစ်ပါးအမျိုးသားတို့၏ရမ္မက်ကြီးသောအချစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဤကျမ်းချက်များတွင် သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကို သုံးခါပြောကြားပြီး သန့်ရှင်းသောဝိညာဉ်တော်ရရှိခြင်းအကြောင်းကိုလည်းပြောသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ပါရှိသောအသက်တာသည်၊ ကျွန်ုပ်တို့၏အိမ်ထောင်ပြုဆက်ဆံ

ခြင်းများကို ပြောင်းလဲပေးနိုင်သည့်အပြင် ပြောင်းလဲသင့်ကြောင်းကို ကျွန်ုပ်တို့အား သဘောပေါက်စေပါသည်။ အိမ်ထောင်ပြုခြင်းအသက်တာတွင် ကြီးမားသောပျော်ရွှင်ခြင်းနှင့် ကျေနပ်ရောင့်ရဲမှုရရှိရန် ဘုရားအလိုတော်ရှိသည်။ ရမ္မက်ကြီးမားသောအချစ်ထက် ကြင်နာယုယသိမ်မွေ့သောမေတ္တာဖြင့် အပေးအယူမျှတစွာနေထိုင်ရန် ဘုရားသခင်အလိုတော်ရှိကြောင်းပြသပေးခြင်းမဟုတ်ပါလား။

ယေရှုသည် သူ၏တပည့်တော်များစည်းလုံးညီညွတ်ခြင်းရှိရန် ဆုတောင်းပေခဲ့သည်။ "ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည်ယုံကြည်မည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်းကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည်၊ ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏" (ယောဟန် ၁၇း၂၁)။

ဝေလုံ ဂျီ၊ ဂျွန်ဆန်က "မြော်လင့်ခြင်းအသင်းသားအများစုသည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်းရှိခြင်း၏အဓိပ္ပါယ်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသေးသည်။ လွန်ခဲ့သောအချိန်များ၌ ခရစ်တော်၌တစ်လုံးတစ်ဝတည်းရှိခြင်း၏အရေးကြီးခြင်းအကြောင်းကို လုံလုံလောက်လောက် ထည့်မတွက်မိသောကြောင့်သော်လည်းကောင်း၊ သို့မဟုတ် မြင်းလှည်း၏အနောက်ဘက်မှာ မြင်းကိုဆွဲချိတ်ကပ်မိသကဲ့သို့ဖြစ်နေနိုင်ပါသည်" ဟုပြောခဲ့သည်။ William G. Johnsson, Adventgemeinde in der ZerreiBprobe, (Luneburg 1996), p.118

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောအခါ၊ ကျွန်ုပ်တို့အထဲမှာ ခရစ်တော်ရှိနေပါသည်။ ဝိညာဉ်တော်နှင့်ပြည့်ဝသော ခရစ်ယာန်ဘာသာသည်၊ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများကို ဘုရားသခင်နားညောင်းအဖြေပေးသည်ဟု အမြဲဝေငှပုံပိုးပေးသည်။ အီးဂျီဝိုက်က "ဝိညာဉ်တော်၌ ဘုရားသခင်၏

လူများ တစ်လုံးတစ်ဝတည်းရှိသောအခါ၊ ယုဒပြည်၏အပြစ်ဖြစ်ခဲ့သော၊ ဖာရိရှဲဝါဒအားလုံး၊ တစ်ကိုယ်ရေဖြောင့်မတ်ခြင်းအားလုံးကို၊ စိတ်နှလုံးအားလုံးအထဲမှ နှင်ထုတ်ပစ်နိုင်မည်ဖြစ်သည်။ နှစ်ပေါင်းများစွာဝှက်ထားသော လျှို့ဝှက်ချက်ကို ဘုရားသိအောင်ပြောပြပေးမည်။ "တစ်ပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှာ၊ ဘုရားသခင်အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသောခရစ်တော်ပေတည်း" (ကောလောသဲ ၁း၂၇)။
E.G. White, Selected Messages, Book 1 (1958), p. 386.1

မှန်အောင်ပြုပြင်တည့်မတ်ပေးသောအကြံပေးချက်

အမှန်ပြုပြင်ပေးသောအကြံပေးချက်ကိုပေးသောအခါ၊ ဘုရားသခင်၏ မေတ္တာနှင့်မပေးခဲ့လျှင်၊ ထိုအကြံပေးခြင်းသည်၊ အကျိုးသက်ရောက်မှုရှိပါမည်လား။ ဧာတိပကတိခရစ်ယာန်မြောက်မြားစွာရှိ၍ ဧာတိပကတိပါစတာသို့မဟုတ် ဥက္ကဋ္ဌနှင့်ဖွဲ့စည်းထားသော အသင်းတော်တစ်ခုက မည်သို့သောဆုံးဖြတ်ချက်ကိုချရမည်နည်း။ ကျွန်ုပ်ပါစတာအဖြစ်အလုပ်လုပ်ခဲ့သောအချိန်ကို ပြန်လည်စဉ်းစားသုံးသပ်ကြည့်သောအခါ၊ ဝိညာဉ်ပကတိအသင်းသူအသင်းသားများက ကျဆုံးသွားသောအသင်းသူအသင်းသားများကို ဆင်ခြင်တုံတရားသို့ပြန်ရောက်ရှိရန် ဂရုစိုက်စောင့်ရှောက်ပေးရမည်ဟူသောခံစားချက်ရှိလာပါသည်။ ထိုတစ်စုံတစ်ယောက်သောသူနောင်တရ၍ ဝန်ချတောင်းပန်လာသောအခါ အကြံပေးချက်၏ရည်ရွယ်ချက်အောင်မြင်ပြီး ပြည့်စုံပြီဖြစ်သည်။ တစ်ခါတစ်ရံဧာတိပကတိခရစ်ယာန်များသည်၊ အကြံပေးချက်ကို အပြစ်ပေးခြင်းအဖြစ်သုံးရန် ဂရုစိုက်ဆောင်ရွက်တတ်ကြ၍၊ အာဏာ

ကိုပင်အလွဲသုံးစားလုပ်တတ်ကြသည်။ (မဿဲ ၁၈း၁၅–၁၇။ ၁ကော ၃း၁–၄။ ၂ကော ၁၀း၃။ ယုဒ ၁၉)။

နောက်ဆုံးသောနေ့ရက်များအတွက် ဘုရားသခင်၏ ကြိုတင်ဟောသောသတင်းစကား

ဘုရားသခင်သည်၊ အရေးကြီးသောတည်ဆောက်ပြုပြင်မှုများကို၊ သူ၏ပုရောဖက်များအားဖြင့် ဖေါ်ပြလေ့ရှိသည်။ (အာမုတ် ၃း၇)။ ထိုနည်းအတိုင်း အရေးကြီး၍ ကြိုတင်နိမိတ်ဖတ်သောသတင်းစကားများကို အယ်လင်ဂျီရိုက်အားဖြင့် နောက်ဆုံးနေ့ရက်များအတွက်ပေးခဲ့ပါသည်။ ယခင်အချိန်များထက်မြောက်မြားစွာသောအရာများသည် လုံးလုံးကွဲပြားခြားနားသွားမည်ဖြစ်သောကြောင့်၊ ဘုရားသခင်ထံမှနောက်ထပ်ဆက်စပ်မှုရှိသော သတင်းအချက်အလက်များကိုရရှိရန် အရေးတကြီးလိုအပ်ပါသည်။ ယနေ့တွင် ထိုသတင်းကို "ခေတ်မီ" သတင်းဟုခေါ်ရပါမည်။ အယ်လင်ဂျီရိုက်အဆိုအရ၊ ဤသတင်းစကားများသည်၊ ယေရှုခရစ်တစ်ဖန်ကြွလာသည့်အထိ သက်ဆိုင်ပတ်သက်သောသတင်းစကားများဖြစ်သည်။ သူ၏အကြံပေးဩဝါဒတွင်၊ နေပုံထိုင်ပုံပြုပြင်ပေးခြင်း၊ ပြစ်တင်ဆုံးမခြင်း၊ သတိပေးနှိုးဆော်ခြင်းစသည့် သတင်းများပါဝင်သောကြောင့်၊ ဝိညာဉ်ပကတိလူတစ်ယောက်သည်၊ ဇာတိပကတိလူတစ်ယောက်ထက်ပို၍ လွယ်ကူစွာလက်ခံနိုင်သည်။ (သို့သော်ငင်းအကြံပေးဩဝါဒကိုအလေးအနက်ထားလက်ခံတိုင်း ထိုသူကို ဝိညာဉ်ပကတိလူဟု အလိုအလျောက်မယူဆနိုင်ချေ)။ တရားဟောရာကျမ်း ၁၈း၁၉ တွင်ပါသောကြောင်းအရာများကို ပညာရှိရှိစဉ်းစားဆင်ခြင်ရန်လိုပါသည်။ "ထိုပုရောဖက်သည်၊ ငါ့အခွင့်နှင့်ဟောပြောသောငါ့စကားတို့ကို၊ အကြင်သူသည် နားမထောင်ဘဲနေအံ့၊ ထိုသူကိုငါစစ်ကြောမည်။" (တရားဟောရာကျမ်း ၁၈း၁၉)။

ဤအရာကိုကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ကိုထင်ရှားစွာပြသသည်မှာ စစ်မှန်သောပုရောဖက်ထံမှ သတင်းစကားသည် ထိုသူနှင့်မစပ်ဆိုင်ဘဲ၊ ဘုရားသခင်ကိုယ်တိုင်နှင့်သာစပ်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ လူတစ်ဦးတစ်ယောက်အား စစ်မှန်သောပုရောဖက်ဖြစ်ကြောင်း ကျွန်ုပ်တို့မည်သို့သိနိုင်သနည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်က အကြောင်းငါးချက်ဖြင့်စမ်းသပ်ရန် ကျွန်ုပ်တို့ကိုပေးထားပါသည်။ စစ်မှန်သောပုရောဖက်သည် ဤငါးချက်ဖြင့် ပြည့်စုံရမည်ဖြစ်သည်။

၁။ သူတို့၏အသက်တာတွင်နေထိုင်ကျင့်ကြံပုံ။ "ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်။ (မဿဲ ၇း၁၅-၂၀)

၂။ ကြိုတင်ဟောကိန်းများပြည့်စုံခြင်း။ တရား ၁၈း၂၁၊၂၂။ (ခြွင်းချက်ပါသော၊ အခြေအနေပေါ်မူတည်သောကြိုတင်ဟောကိန်း။ ဥပမာ ယောန)။

၃။ ဘုရားသခင်အပေါ် (နှုတ်ကပတ်တော်) အပေါ်သစ္စာစောင့်သိရန်ဟောပြောခြင်း။ တရား ၁၃း၁-၅။

၄။ ယေရှုအားလူစစ်စစ်နှင့် ဘုရားစစ်စစ်အဖြစ်အသိအမှတ်ပြုခြင်း။ ၁ယော ၄း၁-၃။

၅။ ကျမ်းစာသွန်သင်ခြင်းကိုသဘောတူခြင်း။ ယောဟန် ၁၇း၁၇။

ဘုရားသခင်၏ပညတ်တော်အားလုံးနှင့် ပုရောဖက်များအားဖြင့်ပေးသောအကြံဉာဏ်များသည် ကျွန်ုပ်တို့ကောင်းဖို့ရန်သာဖြစ်ပါသည်။ ၎င်းတို့သည် ထူးခြားစွာတန်ဖိုးရှိသောအရာများဖြစ်သည်။ ဤအကြောင်းကြောင့် ဝိညာဉ်ပကတိလူများသည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် နာခံနိုင်ပြီးပျော်ရွှင်ခြင်းဖြင့် အသက်တာတွင်အောင်မြင်ခြင်းသို့ပံ့ပိုးပေးနိုင်ကြောင်း သူတို့သိရှိကြသည်။ "သင်တို့၏ဘုရားသခင်ကို ယုံကြည်ကြလော့။ သို့ပြုလျှင်တည်ကြည်ကြလိမ့်မည်။ ပုရောဖက်တော်တို့ကိုယုံကြည်ကြလော့။ သို့ပြုလျှင်အောင်မြင်ကြလိမ့်မည်။" (ရာဇဝင်ချုပ်ဒုတိယစောင် ၂၀း၂၀ နောက်ပိုင်း)။

ကျွန်ုပ်တို့ဥပုသ်စာဖြေသင်ခန်းစာလေ့လာခြင်းအညွှန်းမှာ၊ ဝိညာဉ်နှင့် ပြည့်ဝ၍ စစ်မှန်သောပုရောဖက်စကားကိုရရှိသောလူတစ်ဦး၏အသက်တာနှင့် ပတ်သက်၍ အောက်ပါအတိုင်းပြောပြသည်။ "ပုရောဖက်၏ကြိုတင်ဟောကိန်းများကို ငြင်းပယ်သောသူသည်၊ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်မှုမှ မိမိကိုယ်ကိုချုပ်နှောင်ပိတ်ဆို့သောသူဖြစ်သည်။ ယနေ့ရလဒ်သည် ယခင်ကာလ၏ရလဒ်နှင့်မခြားနားပါ။ ဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံခြင်းဆုံးရှုံးကာ အပျက်သဘောဆောင်သောဩဇာလွှမ်းမိုးမှုများသို့ လမ်းဖွင့်ပေးခြင်းဖြစ်သည်။ Studienanleitung Standardausgabe, Philip G. Samaan, 10.11.1989, to question 8

စီမံကိန်းရေးဆွဲခြင်း/မဟာဗျူဟာ

အရေးကြီးသောအလုပ်တစ်ခုသည်၊ အသင်းတော်အတွင်းနှင့် သာသနာပြုတာဝန်ထမ်းဆောင်ခြင်းအတွင်း ကောင်းသောဖြေရှင်းခြင်းနည်းလမ်းများကို ရှာဖွေရန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏စီမံချက်များနှင့် မဟာဗျူဟာများအပေါ်မေးခွန်းပုစ္ဆာတစ်ခုကဲ့သို့ဖြစ်သည်။ ၎င်း၏အဓိကလုပ်ဆောင်ရမည့်အရာမှာ အသင်းတော်ကိုဝိညာဉ်ကြီးထွားရန် အားဖြည့်ပေးခြင်း၊ ဝိညာဉ်များကိုသာ၍တိုးပွားရရှိရန် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

ကျွန်ုပ်ဗဟိုဧရိယခံသည်မှာ ၆၅ နှစ်ရှိခဲ့ပြီ။ သင်းအုပ်အဖြစ် ၄၃ နှစ်အမှုဆောင်ခဲ့ပြီ။ အစီအစဉ်အမျိုးမျိုးနှင့် နည်းလမ်းအမျိုးမျိုးကို တီထွင်အသုံးပြုခဲ့ပြီ။ ကျွန်ုပ်တို့သည် အလွန်ကြီးစားပြီးဝိရိယရှိသောသူများဖြစ်ခဲ့သည်။ ဤတွင် ကျွန်ုပ်ဆက်စပ်တွေးတောရသောအကြောင်းအရာမှာ ၂၀၀၅ ခုမှာ ကျင်းပခဲ့သော ကျွန်ုပ်တို့၏နိုင်ငံတကာညီလာခံအစည်းအဝေးကြီးတွင် ဒွိုက်နယ်လ်ဆင် (Dwight Nelson) ၏ မိန့်ခွန်းစကားပင်ဖြစ်သည်။

"ကျွန်ုပ်တို့အသင်းတော်သည်၊ ပြည့်စုံစေ့စပ်စွာချီးမွမ်းဖွယ်ကောင်းသော ပုံစံအသွင်အပြင်များ၊ စီမံချက်များနှင့်အစီအစဉ်များကို ချဲ့ထွင်ပြုလုပ်ခဲ့

သော်လည်း၊ ကျွန်ုပ်တို့၏သာသနာပြုဆရာများ၊ ခေါင်းဆောင်များတွင် ဝိညာဉ်ရေးရွတ်ခြင်းကျဆင်းသည်ကို နောက်ဆုံးဦဝန်မခံခဲ့လျှင် ဝတ်ကျေတမ်းကျေခရစ်ယာန်ဘဝထက်ဘယ်သောအခါမျှ ကျော်တက်နိုင်မည်မဟုတ်ချေ။" Helmut Haubeil (Hrsg.), Missionsbrief Nr. 34, (Bad Aibling, 2011) page 3

ဤသဘောနှင့်တညီတည်း ဒဲနစ်စမစ် (Dennis Smith) ကလည်း အောက်ပါစကားကိုပြောခဲ့သည်။ "စီမံချက်များ၊ အစီအစဉ်များနှင့်နည်းလမ်းများကို ကျွန်ုပ်မဆန့်ကျင်ပါ။ သို့သော် ဘုရားသခင်၏အမှုတော်ရှေ့သို့တိုးတက်ရန် ဤအရာများအပေါ် ကျွန်ုပ်တို့မကြာခဏမှီခိုအားထားတတ်ကြသည့်အတွက် စိုးရိမ်စိတ်ကြောက်ရွံ့စိတ်ဖြစ်မိသည်။ စီမံချက်များ၊ အစီအစဉ်များနှင့် နည်းလမ်းအမျိုးမျိုးတို့သည် ဘုရားသခင်၏အမှုတော်ပြီးပြည့်စုံအောင်လုပ်မပေးနိုင်ပါ။ တရားဟောကောင်းသူများ၊ ခရစ်ယာန်ဖြဖျော်ပွဲကောင်းများနှင့် ဂြိုဟ်တုအားဖြင့်လွှင့်သော လေလှိုင်းအစီအစဉ်များကြောင့်လည်း ဘုရားသခင်၏အမှုတော်ပြီးဆုံးအောင် လုပ်ပေးနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏ဝိညာဉ်တော်သည် အမှုတော်ပြီးဆုံးအောင်လုပ်ဆောင်မည်။ ဝိညာဉ်တော်ပြည့်ဝသောလူယောက်ျား၊ လူမိန်းမများမှတစ်ဆင့် ဘုရားသခင်၏ဝိညာဉ်တော်သည်၊ စကားပြောမည်၊ အလုပ်လုပ်မည်။" Dennis Smith, 40 Days-Prayers and Devotions to Prepare for the Second Coming (Wien, 2012), p. 88

ရေနှစ်ခြင်းမင်္ဂလာ/ဝိညာဉ်များရရှိခြင်း

ခရစ်တော်အတွက်လူတွေကိုရရှိနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် အရေးပါလှသော၊ မရှိမဖြစ်လိုအပ်သောအရာဖြစ်ကြောင်း ကျမ်းစာတော်မြတ်က ကျွန်ုပ်တို့အားဖော်ပြထားပါသည်။ (တမန်တော်ဝတ္ထုကိုဖတ်ပါ)။

ဂျာမနီနိုင်ငံတွင် တစ်ဘက်မှာအသင်းတော်များတိုးတက်ကြီးပွားလာခြင်းရှိ၍ တစ်ဘက်မှာ အသင်းတော်များကြီးထွားမှုရပ်တန့်နေသည်၊ သို့မဟုတ် ဆုတ်ယုတ်နေသည်။ ကမ္ဘာအနှံ့ကျွန်ုပ်တို့၏အသင်းတော်ရှိလူဦးရေသည်၊ လွန်ခဲ့သောနှစ်ပေါင်း ၆၀ အတွင်း၊ အဆ ၂၀ တိုးတက်ကြီးပွားလာခဲ့သည်။ ဂျာမနီမှာ ဤသို့အခြေအနေဖြစ်ရခြင်းအကြောင်းများစွာကို ဧကန်အမှန် စာရင်းပြုလုပ်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့အတွက် ထင်ထင်ရှားရှားမြင်နေရသည်မှာ– သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့၍ လိုအပ်နေသည့်အကြောင်းရင်းဖြစ်သည်။ သဘာဝအလျောက် ဤပြဿနာသည် ကျွန်ုပ်တို့ကိုပြင်းပြင်းထန်ထန်ဖိစီးထိုးနှက်နေပါသည်။ ကျွန်ုပ်တို့သည်၊ စီမံကိန်းများ၊ အစီအစဉ်များကို လိုက်လျောညီထွေမှုရှိရန်နှင့် တိုးတက်မှုရှိရန်လုပ်ဆောင်ခဲ့ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်လိုအပ်နေသော ဤကြီးမားသောအမှုတော်သည်၊ မလိုအပ်သော သို့မဟုတ် မအောင်မြင်နိုင်သောလမ်းများကို ကျွန်ုပ်တို့လက်ကိုင်ပြုထားသောကြောင့်ငွေကြေးများ၊ အချိန်များဆုံးရှုံးခြင်းသို့ပို့ဆောင်ခဲ့သည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရပြီ။

"ဝိညာဉ်တော်၌ ဘုရားသခင်၏လူများတစ်လုံးတစ်ဝတည်းရှိသောအခါ၊ ယုဒပြည်၏အပြစ်ဖြစ်ခဲ့သော ဖာရိရှဲဝါဒအားလုံးသည်၊ တစ်ကိုယ်ရေဖြောင့်မတ်ခြင်းအားလုံးကို၊ စိတ်နှလုံးအားလုံးအထဲမှ နှင်ထုတ်ပစ်နိုင်မည်ဖြစ်သည်။"

"တစ်ခါမျှဝိညာဉ်ပြုပြင်ပြောင်းလဲခြင်းမရှိသော အသင်းဝင်များကြောင့်သော်လည်းကောင်း၊ တစ်ခါပြောင်းလဲခြင်းခံရသော်လည်း ပြန်၍ဖောက်ပြန်သော အသင်းဝင်များကြောင့်သော်လည်းကောင်း၊ ဘုရားသခင်သည် အမှန်တရားအတွင်းသို့ လူအမြောက်အမြားကိုမခေါ်ဆောင်လာတော့ပါ။

ဆက်ကပ်အပ်နှံခြင်းမရှိသောအသင်းဝင်များ (ဧာတိပကတိခရစ်ယာန်များ) သည် အသစ်သောပြုပြင်ပြောင်းလဲခြင်း ခံရသောအသင်းဝင်များအပေါ် မည်သို့သြဇာလွှမ်းမိုးမှုမျိုးကိုပေးနိုင်ပါမည်နည်း။" E.G. White, Testimonies for the Church Vol. 6, (1901) p. 370.3

"ကျွန်ုပ်တို့သည် မိမိကိုယ်ကိုဘုရားရှေ့တော်၌ နှိမ့်ချ၍ကြင်နာတတ်သော၊ ယဉ်ကျေးသော၊ နူးညံ့ပျော့ပျောင်းသော၊ သနားတတ်သော စိတ်နှလုံးသားရှိခဲ့လျှင်၊ ယခုအချိန်အမှန်တရား၌ ပြုပြင်ပြောင်းလဲသူတစ်ယောက်သာလျှင်ရှိမည့်အစား ပြုပြင်ပြောင်းလဲသူအယောက်တစ်ရာရှိမည်ဖြစ်သည်။" E.G. White, Testimonies for the Church Vol. 9, (1909) p. 189.4

အခြားတစ်ဘက်မှာကျွန်ုပ်တို့တွင် လုံလောက်စွာပြင်ဆင်မှုမရှိသောသူများကို ဗတ္တိဇံပေးခြင်းရှိနေသည်။ အီးဂျီဝိုက်က "ကမ္ဘာ၏ဤခေတ်တွင် အသစ်မွေးဖွားခြင်းသည် ရှားပါးသောအတွေ့အကြုံတစ်ခုဖြစ်သည်။ ဤအကြောင်းကြောင့် အသင်းတော်များတွင် ရှုပ်ထွေးခြင်းများစွာရှိနေသည်။ မြောက်မြားစွာသော ခရစ်တော်၏နာမကိုခံယူသူများသည်၊ မသန့်ရှင်းမမြင့်မြတ်ကြပါ။ ဗတ္တိဇံခံယူခဲ့ကြသော်လည်း အရှင်လတ်လတ်မြုပ်နှံခြင်းခံခဲ့ကြသကဲ့သို့ဖြစ်သည်။ အတ္တကိုယ်မသေသောကြောင့် ခရစ်တော်၌အသစ်သောအသက်တာဖြင့်မထလာခဲ့ကြပါ။" E.G. White, MS 148 (1897)

ဤစာကို ၁၈၉၇ ခုနှစ်ကရေးသားခဲ့သည်။ ယနေ့အချိန်အခါ၏အခြေအနေနှင့် မည်သို့တူနေသနည်း။ ပြဿနာကတော့မည်သူမဆို ဒုတိယမွေးဖွားခြင်းမရှိပါက သန့်ရှင်းသောဝိညာဉ်တော်ဖြင့်အားဖြည့်စွမ်းခြင်းမရှိသေး။ ယေရှုက "ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ။" ဟုဆိုသည်။ (ယောဟန် ၃း၅) ဤနယ်ပယ်များမှာ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုလိုအပ်သည်မှာ အမှန်အကန်ပင်မဟုတ်ပါလား။

သန့်ရှင်းသောဝိညာဉ်တော်နှင့်တရားဒေသနာ ဟောပြောခြင်း

သန့်ရှင်းသောဝိညာဉ်တော်နှင့် တရားဒေသနာဟောပြောခြင်း၏ အဓိပ္ပါယ်ကိုအောက်ပါအတိုင်း ဘုရားသခင်ကကျွန်ုပ်တို့ကိုပြောပါသည်။ "သန့်ရှင်းသောဝိညာဉ်တော်အဆက်မပြတ်တည်ရှိခြင်းနှင့် ကူညီမစခြင်းမပါရှိပါက ဒေသနာတရားကိုဟောကြားခြင်းသည် မထိရောက်သလိုအရာလည်းမရောက်နိုင်ပါ။ ဘုရားသခင်၏အမှန်တရားကို ထိရောက်စွာသင်ပြနိုင်သော တစ်ဦးတည်းသောဆရာသည် သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်သည်။ တစ်စုံတစ်ယောက်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လုံးစေ့ပတ်စေ့တင်ပြနိုင်ပြီး၊ ပညတ်ချက်အားလုံးနှင့် ကတိတော်အားလုံးနှင့် အကျွမ်းတဝင်ရှိနိုင်သော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်က သမ္မာတရားကိုအခြေမချပေးခဲ့လျှင်၊ ဝိညာဉ်တစ်လုံးမျှကျောက်တည်းဟူသော ခရစ်တော်အပေါ်ကျ၍ မကျိုးမပဲ့နိုင်ချေ။ ပညာမည်မျှပင်ရှိပါစေ။ အကျိုးအမြတ်မည်မျှပင်ကြီးမားပါစေ၊ ဘုရားသခင်၏ဝိညာဉ်တော်ပူးတွဲပါဝင်လုပ်ဆောင်ခြင်းမရှိခဲ့လျှင်၊ မည်သူတစ်ဦးတစ်ယောက်ကမျှ အလင်းပြလမ်းကြောင်းတစ်ခုမဖြစ်လာနိုင်ပါ။" E.G. White, The Desire of Ages (1898), p. 671.4

ဒေသနာတရားဟောခြင်းသည် ပလွင်ပေါ်မှာသာဟောပြောခြင်းမဟုတ်ပါ။ သင်တန်းများပေးခြင်း၊ ကျမ်းစာသင်ပေးခြင်းနှင့် ဂရုစိုက်ပေးတတ်သောအဖွဲ့အစည်းများအားဖြင့်လည်း ဒေသနာတရားဟောကြားနိုင်ပါသည်။

ရန်ဒီမက်(စ)ဝဲလ် (Randy Maxwell) ကပြောသည်မှာ– "သို့သော်လည်းသမ္မာတရားတစ်ခုမှာ ကျွန်ုပ်တို့သေလုမြောပါးအခြေအနေတွင်၊ အသက်ရှင်သောဘုရားသခင်နှင့်ဆက်သွယ်မှုရရန် ဆန္ဒပြင်းပြစွာဆာငတ်ခြင်းပင်ဖြစ်သည်။" Randy Maxwell, If my people pray... (Pacific Press, 1995), p.11

ကြောက်ရွံ့ခြင်းကိုဖြစ်ပေါ်စေသောအရာသည် သန့်ရှင်းသော ဝိညာဉ်တော်လိုအပ်နေသောကြောင့်ဖြစ်ပါသလား။ အီမီလီယိုနက်ချာ (Emilio Knechtle) ပြောသောစကားများမှန်နေမည်လား။ "ဤပျက်စီးယိုယွင်းနေသော ကမ္ဘာကြီးကိုဇောက်ထိုးမှောက်လှန်ပစ်ရန် ကျွန်ုပ်တို့မအောင့်မြင့်နိုင်ဘူးလား။ ကျွန်ုပ်တို့၏ခံယူချက်များတွင် တစ်ခုခုမှားယွင်းနေပြီ။ ကျွန်ုပ်တို့သည်၊ အငြင်းပွားမှုကိုကြောက်ရွံ့နေသည်။ ထိပ်တိုက်ရင်ဆိုင်မှုများကိုကြောက်ရွံ့နေကြသည်။ အခက်ခဲဒုက္ခများကို ကြောက်ရွံ့နေကြသည်။ ကျွန်ုပ်တို့အလုပ်ပြုတ်မှာကိုလည်းကြောက်ရွံ့နေကြသည်။ ကျော်စောခြင်းများဆုံးရှုံးသွားမည်ကို ကြောက်ရွံ့နေကြသည်။ အသက်သေမည်ကိုလည်း ကျွန်ုပ်တို့ကြောက်ရွံ့နေကြသည်။ ထို့ကြောင့် အသံတိတ်ပုန်းရှောင်၍နေကြသည်။ ကမ္ဘာအားချစ်ခြင်းမေတ္တာနှင့် ဩဇာပြည့်လျှမ်းသောဟန်ပန်နှင့် ဧဝံဂေလိသတင်းစကားကို ဟောပြောရန်ကြောက်ရွံ့နေကြသည်။" CD Die letzte Vorbereitung, Teil 6

ဤပြဿနာကိုဖြေရှင်းရန်အဖြေကို တမန်တော် ၄း၃၁ မှာတွေ့ရှိရသည်။ "ထိုသို့ဆုတောင်းပတ္ထနာပြုပြီးမှ စုဝေးသောအရပ်သည်တုန်လှုပ်၍၊ ထိုသူအပေါင်းတို့သည်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့်၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ရဲရင့်စွာဟောပြောကြ၏။"

သန့်ရှင်းသောဝိညာဉ်တော်နှင့် ကျွန်ုပ်တို့၏စာပေများ

ကျွန်ုပ်တို့၏စာပေများအကြောင်းကို အောက်ပါအတိုင်းပြောဆိုတင်ပြထားပါသည်။ "စာပေရေးသားသောသူနှင့်အတူ ဘုရားသခင်၏ကယ်တင်ခြင်းဝိညာဉ်ရှိနေပါက ဖတ်ရှုသောသူများသည်လည်း ထိုဝိညာဉ်ကိုခံစားရရှိမည်ဖြစ်သည်။ ဘုရား၏ဝိညာဉ်ဖြင့်ရေးသားသောစာများကို ကောင်းကင်တမန်များအသိအမှတ်ပြုကြ၍ ဖတ်ရှုသောသူများကို ထိုနည်းတူစွာခံစားနှစ်သက်စေသည်။ ဘုရားသခင်၏ဘုန်းတော်အတွက် လုံးလုံးလျားလျားအသက်ရှင်ခြင်းမရှိသော၊ ဘုရားသခင်အားဆက်ကပ်အပ်နှံခြင်း

မရှိသောသူ၏စာပေကိုမူ ကောင်းကင်တမန်များက လိုအပ်ချက်ကိုသိရှိသောကြောင့် ဝမ်းနည်း၍နေကြသည်။ ထိုစာပေမှ သူတို့ခွာသွားပြီးစာဖတ်သူများကိုလည်း မနှစ်သက်စေတော့ပါ။ ဘုရားသခင်နှင့်ဝိညာဉ်တော်သည် ၎င်းစာပေမှာရှိမနေသောကြောင့်ဖြစ်သည်။ စာသားများကောင်းသော်လည်း၊ ဘုရားသခင်ဝိညာဉ်တော်၏ နွေးထွေးသောသြဇာသက်ရောက်မှု ချို့ယွင်းသောကြောင့်ဖြစ်သည်။ E.G. White, PH 016, p. 29.1

အလေးထားရန်၊ ကျွန်ုပ်တစ်ဖန်ပြောရန်ဆန္ဒရှိပါသည်။ ပင်ကိုအားဖြင့် ကျွန်ုပ်တို့ပြုလုပ်သမျှသောအရာများသည်၊ မမှားခဲ့ပါ။ ကျွန်ုပ်တို့သည် ကောင်းသောအရာနှင့် အလွန်ကောင်းသောအရာများကို တည်ဆောက်ပြုလုပ်တတ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့လူသားတို့၏အားထုတ်လုပ်ဆောင်မှုကို တတ်နိုင်သမျှဧကန်အမှန် ကောင်းချီးပေးပါသည်။ သို့သော်လည်း အရေးကြီးသောမေးခွန်းမှာ– ဤအလုပ်တာဝန်များကိုကျွန်ုပ်တို့သည် ဝိညာဉ်ပကတိခရစ်ယာန်များကဲ့သို့ သို့မဟုတ် ဧာတိပကတိခရစ်ယာန်များကဲ့သို့ ထမ်းဆောင်ရန် ချဉ်းကပ်နေပါသလား။ တစ်ခုတော့သေချာသည်။ ဧာတိပကတိကိုအခြေခံ၍ ဖြေရှင်းရန်နည်းလမ်းများကို ရှာဖွေနေလျှင် ကျွန်ုပ်တို့သည်၊ များစွာသောအချိန်ကို အလဟဿသုံးဖြုန်းပစ်သကဲ့သို့ဖြစ်လိမ့်မည်။ အလုပ်အမျိုးမျိုးကို လုပ်ဆောင်မည်ဖြစ်သော်လည်း အကျိုးမဲ့လုပ်ဆောင်ခြင်းသာဖြစ်သွားပါလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်။ အလျင်မိုးမရှိလျှင် နောက်မိုးမရှိပါ

"သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောအလျင်မိုးသည်၊ နောက်မိုးမှ ကျွန်ုပ်တို့ခံစားရရှိနိုင်သော အကျိုးကျေးဇူးများဖြစ်သည့်လိုအပ်သော၊ မုချ

လိုအပ်သောဝိညာဉ်ကြီးထွားရင့်ကျက်မှုကို ယူဆောင်လာပေးသည်။" Dennis Smith, 40 Days-Prayer and Devotions to Revive Your Experience with God, Book 2, (Vienna, 2013), p. 175

"ကမ္ဘာသီးနှံများရိတ်သိမ်းနိုင်ရန်အတွက် သီးနှံများရင့်မှည့်အောင် နောက်မိုးရွာသွန်းပေးခြင်းကို၊ လူသားကြွလာခြင်းအတွက်ပြင်ဆင်နိုင်ရန် အသင်းတော်ပေါ်သို့ ဝိညာဉ်ဆုကျေးဇူးများသွန်းလောင်းချပေးခြင်းနှင့် ပုံဆောင်ထားသည်။ သို့သော် အလျင်မိုးမရွာသွန်းပေးခဲ့လျှင် မည်သည့်အပင်မျှရှင်သန်မည်မဟုတ်ပါ။ မည်သည့်စိမ်းလန်းသောရွက်ခွန်းမျှ ထွက်လာမည်မဟုတ်ပါ။ အလျင်မိုးများတာဝန်ကိုမထမ်းဆောင်ခဲ့လျှင် နောက်မိုးသည်အောင်သော၊ ကောင်းမွန်သောအစေ့များကိုထုတ်လုပ်ပေးနိုင်မည်မဟုတ်။" E.G. White, The Faith I Live By, (1958), p. 333.3

သန့်ရှင်းသောဝိညာဉ်တော်နှင့်သမ္မာကျမ်းလာ သန့်ရှင်းစင်ကြယ်ခြင်း

ဤအလုပ် (သမ္မာကျမ်းလာသန့်ရှင်းစင်ကြယ်ခြင်း) ကို စိတ်နှလုံးအတွင်းကိန်းအောင်းသော ဘုရားသခင်၏ဝိညာဉ်တော်တန်ခိုးအားဖြင့်ရရှိသောခရစ်တော်၌ယုံကြည်ခြင်းအားဖြင့်သာ ပြီးမြောက်စေနိုင်မည်ဖြစ်သည်။" E.G. White, The Great Controversy, (1911), p. 469.3

သန့်ရှင်းသောဝိညာဉ်တော်မပါရှိသောကြီးမားသော အလုပ်တာဝန်လာ

တည်ဆောက်ထားသောအဖွဲ့အစည်းများ၊ အောင်မြင်သောဧဝံဂေလိလုပ်ငန်းများနှင့် အင်အားကြီးသောသာသနာပြုမဟာဗျူဟာများကို သန့်ရှင်းသောဝိညာဉ်တော်မပါဘဲ တိုးတက်ဖွံ့ဖြိုးစေနိုင်ပါသလား။ တောင်

အာဖရိကတိုက်သို့သွားရောက်၍ အောင်မြင်သောသာသနာပြုဆရာ အင်ဒရူးမာရေး (Andrew Murray) သည်၊ ဤစာတမ်းလမ်းစာတမ်းကွက်သည် အလွန်ဖြစ်နိုင်ခြေရှိကြောင်းနှင့် အများဆုံးသောခရစ်ယာန်လောကမှာ ဧကန် အမှန်တိုးတက်ဖွံ့ဖြိုးခြင်းရှိကြောင်းတွေ့ခဲ့ရပါသည်။ သူရေးသားခဲ့သည်မှာ–

"ကျွန်ုပ်သည်၊ ဘုရားသခင်၏စာအုပ်နှင့် ဘုရားသခင်၏နိုင်ငံတော်တွင် ပါဝင်သော အကြောင်းအရာများကို ဟောပြောနိုင်၊ ရေးသားနိုင်၊ စဉ်းစားနိုင်၊ အာရုံပြု၍ဝမ်းမြောက်နိုင်ပါသော်လည်း၊ ဝိညာဉ်တန်ခိုးထင်ရှားစွာကင်းမဲ့လျက်ရှိနိုင်သည်ကိုတွေ့ရသည်။ ကျွန်ုပ်စိုးရွံ့မိသည်မှာ၊ သင်သည် ခရစ်တော်၏အသင်းတော်အကြောင်းကို အနှံ့အပြားဟောပြော၍၊ အဘယ်ကြောင့်နှုတ်ကပတ်တရားတော်ဟောပြောရာမှာ ပြုပြင်ပြောင်းလဲခြင်းတန်ခိုးအနည်းငယ်သာရှိရသနည်း။ အဘယ်ကြောင့်အလုပ်များစွာရှိ၍ ထာဝရအသက်အတွက်အောင်မြင ခြင်းအနည်းငယ်သာရှိရသနည်း။ သန့်ရှင်းသော၊ ဆက်ကပ်အပ်နှံသော ယုံကြည်သူများရရှိလာရန် အဘယ်ကြောင့်နှုတ်ကပတ်တော်မှာ စွမ်းအား အနည်းငယ်သာရှိရသနည်းဟုမေးသော်၊ အဖြေမှာ၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကင်းမဲ့သောကြောင့်ဖြစ်သည်။ ဤသို့အဘယ်ကြောင့်ဖြစ်ရပါသနည်း။ အခြားအကြောင်းမရှိဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်၏နေရာမှာ ဧတိပကတိ (ဂလာတိ ၃း၃ ကိုဖတ်ပါ) နှင့်လူသားတို့၏ခွန်အားကိုအစားထိုးအသုံးပြုသောကြောင့်ဖြစ်သည်။" Randy Maxwell, If My People Pray (Pacific Press 1995), p. 145

သန့်ရှင်းသောဝိညာဉ်တော်နှင့်ကျန်းမာခြင်း

"ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍၊ မိမိကိုယ်ခန္ဓာကိုဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော

သင်တို့ပြုအပ်သောဝတ်ကိုပြုမည်အကြောင်း၊ ဘုရားသခင်၏ကရုဏာတော်ကို ထောက်၍ သင်တို့ကိုငါတိုက်တွန်းနှိုးဆော်ပေ၏။" (ရောမ ၁၂:၁)

"သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ကိန်းဝပ်တော်မူသည်ကို လည်းကောင်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကို ဖျက်ဆီး၏။ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်း၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏" ၁ကော ၃:၁၆-၁၇။

အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသောသင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကိုမိမိတို့မပိုင်ကြောင်းကိုလည်းကောင်း၊ မသိကြသလော။ သင်တို့သည်အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသောသင်တို့၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့။ (၁ကော ၆:၁၉-၂၀။ ထွက်မြောက်ရာ ၁၅:၂၆) ကိုလည်းကြည့်ပါ။

ဝိညာဉ်တော်ပြည့်ဝသောသူများသည်၊ ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။ ဤအရာသည် သင်တို့၏ဘဝနှင့်ပါဝင်ပတ်သက်မှုရှိကြောင်း သင်တို့တစ်ကြိမ်တစ်ခါမျှစဉ်းစားမိခဲ့ပါသလား။ ဗိမာန်တော်သည် သခင်ကိန်းဝပ်ရာအရပ်ဖြစ်သည်။ ဘုရားသခင်က မောရှေအားပြောသည်မှာ၊ "ငါသည် သင့်တို့တွင်ကိန်းဝပ်ရာဖို့၊ သန့်ရှင်းရာဌာနကိုလုပ်ကြစေ" (ထွက်၊ ၂၅:၈)။

ဤထုတ်ပြန်ချက်ကို ကျွန်ုပ်တို့သည် အလေးအနက်သဘောထားလျှင်၊ ထိုအခါကျွန်ုပ်တို့၏ကျန်းမာခြင်းနှင့် နေပုံထိုင်ပုံကိုဂရုစိုက်ခြင်းသည်၊ ကျွန်ုပ်တို့တပည့်တော်အဖြစ်ခံယူခြင်းအတွက် စဉ်းစားချင့်ချိန်ရန်ကဏ္ဍတစ်ခုဖြစ်လာမည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ဘုရားသခင်ပိုင်ဆိုင်ပါသည်။

ဘုရားသခင်ပိုင်ဆိုင်သောပစ္စည်းကိုသင်သည်၊ ဂရုတစိုက်စနစ်တကျပြုစုချင်ပါသလား။ ဟုတ်ကဲ့။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများကို ဘုရားသခင်၏ညွှန်ကြားချက်အတိုင်း၊ ဂရုတစိုက်ပြုစုချင်ပါသည်။ ဤသည်ကားသေချာသော ပမာဏရှိသော စည်းကမ်းချက်တစ်ခုကို တောင်းဆိုခြင်းပင်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောလူတစ်စုံတစ်ယောက်သည် ဤစည်းကမ်းချက်ကို ဝမ်းမြောက်ခြင်းနှင့်လုပ်နေကျအတိုင်းပြီးမြောက်အောင်မြင်အောင်လုပ်နိုင်သကဲ့သို့၊ လုပ်လည်းလုပ်ဆောင်မည်ဖြစ်သည်။ ဆုလာဘ်မှာ၊ ကိုယ်ခန္ဓာ၊ စိတ်နှလုံးနှင့်ဝိညာဉ်သာ၍ ကျန်းမာလာခြင်းဖြစ်သည်။ ဝိညာဉ်ပြည့်ဝခြင်းမရှိသောသူများသည်၊ အကျိုးမရှိသောရန်းကန်မှုနှင့် ဝေဒနာခံစားရမှုများကိုရရှိမည်။ ဘုရားသခင်သည်၊ သူ၏ဘုန်းတော်ကို ထင်ရှားစေရန်အတွက်၊ သူ၏အမှုတော်မြတ်အတွက်နှင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ပျော်ရွှင်မှုအတွက် ကျွန်ုပ်တို့အားအကောင်းဆုံးသော ကိုယ်ခန္ဓာကျန်းမာခြင်းနှင့် ဝိညာဉ်ကျန်းမာခြင်းကိုရရှိစေချင်သည်။ စောင့်ရှောက်စေချင်သည်။ ဤနယ်ပယ်တွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြည့်ပေးခြင်းအတွက် မည်သည့်အရာနှင့်မျှအစားထိုး၍မရနိုင်ပါ။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲမှာ ယေရှုနေသောအခါ၊ သူသည် ကျွန်ုပ်တို့ကိုရောဂါငြိမ်းစေသော ဘုရား (ထွက်၊ ၁၅း၂၆) လည်းဖြစ်နေပါသည်။ ရောဂါငြိမ်းစေခြင်းသည် သက်ဆိုင်သူအတွက်အကောင်းဆုံးဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကိုလည်းထင်ရှားစေသည်။ ဤတွင်မေးခွန်းဖြစ်ပေါ်လာနိုင်သည်။ မွန်မြတ်ဘုန်းကြီးသောဆရာဝန်ကြီးသည်၊ လူတိုင်းအားရောဂါငြိမ်းစေပါသလား။

"ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းတစ်ခုတွင်ရှိသော ကျွန်ုပ်တို့၏သာသနာပြုဆေးရုံသို့အသက်ကြီးသော ကမ္ဘောဒီးယားအမျိုးသမီးကြီးတစ်ဦးဒုက္ခသည်အဖြစ်ရောက်ရှိလာခဲ့သည်။ ဗုဒ္ဓဘာသာသီလရှင်တစ်ဦးကဲ့သို့ဝတ်စားဆင်ယင်ထားခဲ့သည်။ သမားတော်ကြီးယေရှုအားဖြင့် ရောဂါကုသပေးရန်

ဆောင်းဆိုခဲ့သည်။ ထိုကြောင့် ယေရှုအကြောင်းကိုသူ့အားပြောပြခဲ့သည်။ ယေရှုခ်ဳယုံကြည်ခြင်း၊ ကိုးစားခြင်းကြောင့် ကိုယ်ခန္ဓာသာမကဝိညာဉ်ပါ ရောဂါကင်းဝေးသွားခဲ့သည်။ ကမ္ဘောဒီးယားသို့ပြန်သွားနိုင်ခဲ့သောအခါ၊ ယေရှုခရစ်အတွက် လူ ၃၇ ဦး ကိုဆောင်ယူနိုင်ခဲ့သည်။" Author unknown, Our Daily Bread-Worship book (RBC Ministries), 26. Nov. 1993

သစ္စာရှိသော ဟေဇကိမင်းကြီးမကျန်းမာဖြစ်နေစဉ်၊ ဘုရားသခင်က သူ့အတွက်သတင်းပို့ခဲ့သည်။ "သင်၏အနာကို ငါပျောက်စေမည်" (၄ရာ၊ ၂၀း၁-၁၁)။ သို့သော်လည်း အရှင်ဘုရားသည် အဘယ်ကြောင့်နှုတ်တော်ထွက်နှင့်မပျောက်ကင်းစေဘဲ၊ သဖန်းသီးဖြင့်အုံစေသနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့အားသဘာဝကုထုံးအားဖြင့် သို့မဟုတ် အစားအစာပြောင်းစားခြင်း၊ လေ့ကျင့်ခန်းယူခြင်း၊ နားခြင်းစသည့်အရာများကို သူနှင့်အတူပါဝင်လုပ်ဆောင်ရန်အလိုရှိ၍ မျှော်လင့်ချက်ထားခြင်းဖြစ်နိုင်ပါသလား။ ပေါလုကို အဘယ်ကြောင့်ရောဂါပျောက်ကင်းအောင်မကုသဘဲ၊ "အသားထဲကဆူး" အဖြစ်ထားခဲ့ပေးပါသလဲ။ ပေါလုကိုယ်တိုင်ပြောသည်မှာ၊ "ငါခံရသော ဗျာဒိတ်တော်အလွန်ထူးမြတ်၍၊ ငါသည်ထောင်လွှားသောစိတ်မရှိစေခြင်းငှါ၊ ငါ့ကိုဒဏ်ခတ်သောစာတန်၏တမန်တည်းဟူသော ငါ့ကိုယ်၌စူးသောဆူးကို ပေးတော်မူ၏" (၂ကော၊ ၁၂း၇-၁၀)။ မည်သို့ပင်ဖြစ်စေ၊ အီးဂျိုရိုက်ကကျွန်ုပ်တို့ကို၊ "မကျန်းမာသောယောကျ်ားသို့မဟုတ် မိန်းမတစ်ယောက်အတွက်၊ ဘုရားသခင်၏ဝိညာဉ်တော်၏ သြဇာတန်ခိုးအရှိန်အဝါသည်၊ အကောင်းဆုံးသော ဆေးဝါးအဖြစ်လက်ခံရရှိနိုင်ပါသည်။ ကောင်းကင်နိုင်ငံသည်၊ ကျန်းမာခြင်းနှင့်ပြည့်ဝသောနေရာဖြစ်သည်။ ကောင်းကင်၏သြဇာအရှိန်အဝါကို နက်ရှိုင်းစွာအသိအမှတ်ပြုလေ၊ ယုံကြည်သောရောဂါသည်တစ်ဦး၏ရောဂါကိုသေချာစွာပျောက်ကင်းလေဖြစ်သည်။" E.G. White, Medical Ministries (1932) p.12.3

စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ရေးသားချက်သည်၊ မှတ်သားဖွယ် အဓိပ္ပါယ်နှင့်ပြည့်ဝသောစာမဟုတ်ပေဘူးလား။ သူသည် ကျန်းမာခြင်း သင်တန်းများတက်ခဲ့သော်လည်း၊ ထိုကျန်းမာရေးသင်တန်းများက သူ့ကို ကောင်းအောင်မလုပ်ပေးနိုင်ခဲ့ပါ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်ကို နေ့စဉ်တောင်းခံသောအချိန်မှစ၍ ကျန်းမာခြင်းဆိုင်ရာနေပုံထိုင်ပုံနှင့်ဟင်း သီးဟင်းရွက်အစားအစာကို စားသောက်သောအကျင့်များသို့ လုံးလုံးလျားလျား ပြောင်းလဲသွားနိုင်ခဲ့သည် (Email from 7.3.2013) ဟုသူမျှဝေရေးသားခဲ့သည်။ ဤအကြောင်းအရာကိုကြည့်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝ ခြင်းသည်၊ ကျွန်ုပ်တို့အားကျန်းမာစွာနေထိုင်ရန် ခွန်အားပေးသည်သာမက ဝမ်းမြောက်စွာထိုကဲ့သို့နေပုံထိုင်ပုံကို လက်ခံရန်ဆွဲဆောင်နိုင်သည်ကို ဖော်ပြသည်မဟုတ်ပါလား။

ညီမတော်တစ်ဦးက ဤအတွေ့အကြုံအကြောင်းကိုဖတ်ခဲ့ရသည်။ သူမသည်လည်းရေးသားခဲ့သည်မှာ၊ ယေရှုအားကျွန်မကိုယ်ကိုလုံးလုံးလျားလျား အပ်နှံလိုက်သောအခါ၊ တစ်ခဏတာအတွင်း ကျွန်ုပ်၏အသက်တာကို ဘုရား ကလုံးလုံးပြောင်းလဲပေးခဲ့သည်။ အပ်နှံခြင်းဆုတောင်းပြီး၍ နောက်မနက် မီးဖိုချောင်သို့သွား၍ ကော်ဖီစက်အနားမှာရပ်သောအခါ၊ ကျွန်မခေါင်းခါပြီး မိမိကိုယ်ကိုလည်း ငါကော်ဖီနောက်ထပ်မသောက်တော့ပါဟုပြောခဲ့သည်။ လွန်ခဲ့သောအချိန်များ၌ ကော်ဖီမသောက်ရန် ဤကဲ့သို့ပင်စဉ်းစားမိမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကော်ဖီကိုမသောက်တော့ဖို့ကြိုးစားခဲ့တိုင်း၊ ငါးရက် မျှခေါင်းကိုက်ခဲခြင်းဝေဒနာကိုခံခဲ့ရသည်။ ဤသည်မှာ စွန့်ပစ်ရန်အလွန် ခက်ခဲသည့်လက္ခဏာပင်ဖြစ်သည်။ ယခုတစ်ကြိမ်မှာတော့ ကျွန်မသည်၊ ခံရမည့်အကျိုးဆက်ကိုပင် မစဉ်းစားမိခဲ့တော့ပေ။ ကျွန်မသိခဲ့ရသည်မှာ ကော်ဖီကိုနောက်ထပ်မသောက်ချင်တော့သည်ကိုပင်ဖြစ်သည်။ ယနေ့

ကော်ဖီကိုသောက်ချင်စိတ်လုံးဝမရှိတော့ပါ။ (Email from November 18, 2014 from Sister M.) သူမ၏အသက်တာမှာများစွာသော ပြောင်းလဲခြင်းအထဲမှတစ်ခုပင်ဖြစ်ပါသည်။ [ဆေးရွက်ကြီးနှင့်သေရည်သေရက်စွဲလမ်းခြင်းမှ လွတ်မြောက်လိုသော မည်သူကိုမဆိုအောင်မြင်ခြင်းရရန် (၅) အုပ်မြောက် "Andreasbrief" ကို ကျွန်ုပ်ထောက်ခံပါသည်။ ဆုတောင်းခြင်းနှင့် ကတိတော်များကိုစွဲကိုင်ခြင်းဖြင့် လွတ်မြောက်နိုင်သောလမ်းကိုရှင်းပြ ထားပါသည်။ (ဂျာမန်ဘာသာအားဖြင့်သာရနိုင်သည်။)] Andreasbrief Nr.5, Sieg uber Tabak und Alkohol, www.missionsbrief.de-Andreasbriefe. Man kann ihn auch beziehen bei Wertvoll leben, Adventist Book Center und TopLife-Wegweiser Verlag.

သန့်ရှင်းသောဝိညာဉ်တော်ပါရှိသော အသက်တာတစ်ခုသည်၊ ကျန်းမာရေးကိုပြုပြင်ပြောင်းလဲပေးရာ၌ ကြီးမားသောတိုးတက်မှုကိုဖြစ်စေပါသည်။ ၎င်းသည်၊ ကျန်းမာခြင်းသတင်းအချက်အလက်ကို သိခြင်းနှင့်ပြောင်းလဲရန် တန်ခိုးတို့၏ဆက်စပ်မှုအကြောင်းပင်ဖြစ်သည်။ (Don Mackintosh, Director of Newstart Global, Weimar, CA) ဒွန်မက်ခင်းထော့(ရှ်)၊ ကမ္ဘာ့နယူးစတပ်ဒါရိုက်တာ၊ ဝေမာ၊ ကာလီဖိုးနီးယား၊ က၊–

"ကျွန်ုပ်တို့၏ယနေ့အမှန်လိုအပ်သောအရာသည် ကျန်းမာရေးပညာတစ်ခုသာမဟုတ်ပါ။ ကျွန်ုပ်တို့မှာ အလွန်ကောင်းသောကျန်းမာခြင်းသတင်းစကားများရှိပါသည်။ လိုအပ်သောအရာမှာ ပြောင်းလဲခြင်းတန်ခိုးတည်းဟူသော၊ ကျန်းမာခြင်းသတင်းစကားနှင့်လက်တွေ့ပြုလုပ်ခြင်းစွမ်းအားပေါင်းစပ်ခြင်းပင်ဖြစ်သည်။" Dave Fiedler, D'Sozo, (Remnant Publications), Forward.

Dr, Tim Howe ဒေါက်တာထင်း(မ်)ဟိုးက

"ကျန်းမာခြင်းပညာတစ်ခုတည်းက ဆေးဘက်သာသနာလုပ်ငန်းတစ်ခုမဟုတ်ပါ။ ပညတ်တော်က ကယ်တင်ခြင်းမပေးနိုင်သကဲ့သို့ပင်

ကျန်းမာခြင်းပညာသည် ရောက်ဂါပျောက်ကင်းခြင်းကိုမပေးနိုင်ပါ။ ကျန်းမာခြင်းသို့မဟုတ် ကယ်တင်ခြင်းအကြောင်းကို သဘောပေါက်နားလည်ရန်၊ ဘုရားသခင်၏ ပြုပြင်ပြောင်းလဲပေးနိုင်သောတန်ခိုးကို ကိုယ်တိုင်လက်တွေ့ကျင့်သုံးရမည်ဖြစ်သည်။" Dave Fiedler, D'Sozo, (Remnant Publications), Forward.

နောက်ဆုံးအနေဖြင့် ကျွန်ုပ်မေးခွန်းမေးလိုပါသည်။ ယုံကြည်ခြင်းအားဖြင့် ရောဂါပျောက်ကင်းခြင်းအကြောင်းက မည်သို့ဖြစ်မည်နည်း၊ သန့်ရှင်းသောဝိညာဉ်တော်ဖြည့်ခြင်းမရှိဘဲ ပျောက်ကင်းခြင်းကိုမျှော်လင့်နိုင်ပါသလား။ (မာကု၊ ၁၆း၁၇–၁၈။ ယာကုပ်၊ ၅း၁၄–၁၆ ကိုဖတ်ပါ။)

ယေရှုဒုတိယအကြိမ်ကြွလာခြင်းအတွက်ပြင်ဆင်ခြင်း

ဒုတိယအကြိမ်ကြွလာခြင်းအတွက်ပြင်ဆင်ရာ၌၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယေရှုနှင့်ရင်းနှီးစွာပေါင်းသင်းဆက်ဆံခြင်းနေရာ၌မည်သည့်အရာမျှအစားထိုး၍မရနိုင်ပါ။ (သို့မဟုတ် သခင်၌သေခြင်း)။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်အတွင်း၌ ခရစ်တော်တည်ရှိနေသောအခါ၊ သူ၏ကျေးဇူးတော်ကြောင့် ကျွန်ုပ်အဆင်သင့်ဖြစ်နေပါသည်။ ဤအကြောင်းကို သုံးနေရာဖြင့်ဖော်ပြနိုင်ပါသည်။ (Dennis Smith ၏ Spirit Baptism and Earth's Final Events) တွင်အသေးစိတ်ဝေမျှရေးထားသည်။

ယေရှုနှင့်ကိုယ်ပိုင်ဆက်ဆံရေး

ယေရှုက "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း။" (ယောဟန် ၁၇း၃) သိကျွမ်းခြင်းဘာသာရပ်၌ရှိသောအဓိပ္ပါယ်ထက် ကျမ်းစာပါသိကျွမ်းခြင်းက

အဓိပ္ပါယ်ပို၍လေးနက်သည်။ နှစ်ဦးနှစ်ဖက်အပြန်အလှန်ပြီးပြည့်စုံသော မေတ္တာဖြင့် ကတိပြုခြင်းဟုအဓိပ္ပါယ်သက်ရောက်သည်။ သန့်ရှင်းသော ဝိညာဉ်တော်ပါဝင်သော အသက်တာတွင်သာရှိသောအရာဖြစ်သည်။ အောက်ပါကိုးကားချက်တွင် ဤထင်မြင်ချက်အားရှင်းပြထားသည်။

"ကျွန်ုပ်တို့တွင် ဘုရားသခင်နှင့်ရှင်သန်သောဆက်နွယ်မှုရှိရမည်။ အခြားသောနည်းလမ်းဖြင့် ကျွန်ုပ်တို့ကိုကူညီရန်နည်းလမ်းမရှိသောကြောင့်၊ သာ၍အဆင့်မြင့်သောနေရာသို့ရောက်ရှိရန်၊ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဗတ္တိဇံခံသောအားဖြင့်အထက်မှတန်ခိုးကို ကျွန်ုပ်တို့ဝတ်ဆင်ကြရမည်။" E.G. White, Review and Herald, April 5, 1892. သတို့သမီး (၁၀) ယောက်၏ ပုံပမာတွင် ယေရှုကမိုက်သောသတို့သမီးငါးယောက်အား၊ "သင်တို့ကိုငါမသိ" ဟု ပြောခဲ့သည်။ အဘယ်အကြောင်းကြောင့်ဖြစ်သနည်း။ ဆီမီးတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်မရှိသောကြောင့်ဖြစ်သည်။ (မဿဲ ၂၅း၁–၁၃)။ ယေရှုကို ကပ်တိုင်ပေါ်တင်သတ်သောသူများသည် ဓမ္မဟောင်းကျမ်းကို ကောင်းကောင်းသိကျမ်းကြပါသည်။ သူတို့၏အဓိပ္ပါယ်ကောက်ယူခြင်းလွဲမှားသောကြောင့်၊ ယေရှုနှင့်ကိုယ်တိုင်ဆက်ဆံခြင်းကိုမရရှာဖွေခဲ့ကြပါ။

ကျွန်ုပ်တို့သည်၊ နောက်ဆုံးခေတ်တွင် အသက်ရှင်သောသူများက မျှော်လင့်ထားသော နောက်ဆုံးအခြေအနေများတွင် ဘုရားသခင်နှင့်ရင်းနှီးစွာဆက်ဆံရန် လိုအပ်ကြောင်းကိုသတိထားမိကြပါသလား။

ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်း

ကောင်းကင်တမန်သုံးပါး၏သတင်းစကားထဲမှ ဘုရားသခင်၏နောက်ဆုံးသတင်းစကားတွင်၊ ထာဝရဧဝံဂေလိသတင်းစကားကြွေးကျော်ခြင်း၏ ပြဿနာနှင့်ပတ်သက်သည်။ ကမ္ဘာတစ်ဝန်းလုံးကကြားသင့်သောကြားရမည့်သတင်းစကား၏အနှစ်သာရသည် အဘယ်အရာနည်း။ ဖြောင့်မတ်ခြင်း

တရားကို ယေရှုခရစ်ကိုယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်သာ ရရှိနိုင်သောအကြောင်းအရာပေတည်း။ (ဧဖက်၊ ၂း၈–၉)။ ဤနောက်ဆုံးသောသတင်းစကားကို တန်ခိုးတော်ဖြင့် ဟောပြောသောသူများသည်၊ သူတို့ကိုယ်တိုင်သတင်းစကား၏တန်ခိုးစွမ်းအားကို ကိုယ်တွေ့သိရှိခံစားရမည်ဖြစ်သည်။ ယေရှုတစ်ဦးတည်းသာ အပြစ်မှခွင့်လွှတ်ပေးသူနှင့် ကယ်တင်ပေးသူအဖြစ် ယုံကြည်သောအားဖြင့် ဖြောင့်မတ်ခြင်းကိုရရှိနိုင်သည့် အတွေ့အကြုံကို သူတို့သိရှိရမည်။ ဤအရာ၌၊ သန့်ရှင်းသောဝိညာဉ်တော်ပြည့်ဝသောအသက်တာတစ်ခုသာ ကျွန်ုပ်တို့နားထောင်လိုက်လျှောက်နိုင်ရန် ထောက်မပေးသော ယေရှုခရစ်အားဖြင့်ဖြစ်နိုင်သည်။ ယေရှုကျွန်ုပ်တို့၏အထဲမှာရှိနေခြင်းသည်၊ ဘုရားသခင်၏ပညတ်တော်အားလုံးကို နာခံလိုက်လျှောက်နိုင်ကြောင်းပြသသည်။ ဤသတင်းစကားဖြင့် ကမ္ဘာတစ်ဝန်းလုံးကို အလင်းရောင်ထွန်းလင်းပေးပါလိမ့်မည်။ (ဗျာဒိတ် ၁၈း၁)။

သမ္မာတရားအတွက်ချစ်ခြင်းမေတ္တာ

သမ္မာတရားကို ချစ်ခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့ကျက်ခြင်းနှင့် ကျွန်ုပ်တို့အသက်တာတွင်အမှန်တရားကို အကောင်အထည်ဖော်ရန် ရည်ညွှန်းပြောဆိုတင်ဆက်ရာတွင် သန့်ရှင်းသောဝိညာဉ်တော်ပါရှိသော သို့မဟုတ် မပါရှိသောယနေ့ကျွန်ုပ်တို့၏အသက်တာ၌ မည်သည့်ထိရောက်မှု၊ အကျိုးသက်ရောက်မှုရှိလိမ့်မည်နည်း။ ၂သက်၊ ၂း၁၀ က “ပျက်စီးခြင်းသို့ရောက်သောသူတို့တွင်၊..... ထိုသူတို့သည်၊ ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ၊ သမ္မာတရား၌မွေ့လျော်သောစိတ်ကိုမခံမယူကြ” ဟုရေးထားသည်။ လှည့်စားခြင်းမခံရသောသူများတွင် သူတို့၏စိတ်နှလုံးထဲမှာ သမ္မာတရားကို ချစ်သောစိတ်ရှိကြသည်။ ဤချစ်ခြင်းကို ကျွန်ုပ်တို့မည်သို့ရရှိနိုင်မည်နည်း။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့စိတ်နှလုံးထဲမှာ ခရစ်တော်ယေရှုရှိခြင်းအားဖြင့်သာ ရရှိနိုင်ပါသည်။ ရောမ ၅း၅ က

ကျွန်ုပ်တို့၏စိတ်နှလုံးထဲရှိသော ချစ်ခြင်းမေတ္တာသည်၊ သန့်ရှင်းသော ဝိညာဉ်တော်ထံမှလာသည်။ ဧဖက် ၃း၁၇ တွင် ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ "မေတ္တာခွဲစိုက်ပျိုးခြင်း၊ တိုက်မြစ်လည်း ကျတည်ခြင်းရှိမည်။" ယောဟန် ၁၆း၁၃ တွင် သန့်ရှင်းသောဝိညာဉ်တော်ကို "သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်" ဟုခေါ်ထားပါသည်။ ဤအရာ၌၊ သမ္မာတရားကိုချစ်သောစိတ်သဘောကို ဝိညာဉ်ပကတိခရစ်ယာန်တစ်ဦးကလိုအပ်ကြောင်းထင်ရှားစွာပြသနေပါသည်။ သမ္မာတရားကိုချစ်ရန်၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ပုရောဖက်စာပေများကိုချစ်ရန် ယနေ့ကျွန်ုပ်တို့မှာ ပြဿနာရှိနေပါသလား။ ကျွန်ုပ်တို့၏အနာဂတ်အချိန်များကို ဆင်ခြင်သုံးသပ်ကြည့်ပါ။ "သမ္မာကျမ်းများကို လုံ့လဝီရိယဖြင့်လေ့လာသော သူများနှင့် သမ္မာတရားကိုလက်ခံရရှိသောသူများသာ၊ ကမ္ဘာကြီးအားအကျဉ်းကျစေသောအင်အားကြီးလှည့်စားခြင်းများမှ ကာကွယ်ခြင်းကိုခံရပါလိမ့်မည်။ ဘုရားသခင်၏လူများသည်၊ သူတို့၏ဆင်ခြင်တုံတရားလက္ခဏာအပေါ်မှာ အရှုံးမပေးဘဲ ယခုဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် ခိုင်မြဲစွာတည်ဆောက်ခြင်းရှိပါသလား။" E.G. White, The Great Controversy (1911), p. 625.3

ဘုရားသခင်က ကျွန်ုပ်တို့အမှန်တရားအားလုံးကို ရှာဖွေတွေ့ရှိရန် မတောင်းဆိုပါ။ ကျွန်ုပ်တို့သမ္မာတရားကို ချစ်မြတ်နိုးရန်သာတောင်းဆိုနေပါသည်။

ဝိညာဉ်၏အသိုးသို့မဟုတ်ဧာတိပကတိအကျင့်

"သန့်ရှင်းသောဝိညာဉ်တော်၏ဩဇာလွှမ်းမိုးမှုသည်၊ စိတ်နှလုံးထဲ၌ရှိသော ခရစ်တော်၏အသက်ရှင်ခြင်းပင်ဖြစ်သည်။ ခရစ်တော်ကိုမမြင်ရ၊ စကားမပြောရသော်လည်း၊ သူ၏သန့်ရှင်းသောဝိညာဉ်တော်သည်၊ ကျွန်ုပ်တို့အနီးတွင်တစ်နေရာ၌ရှိသကဲ့သို့ အခြားတစ်နေရာမှာလည်းနီးကပ်စွာ

ရှိနေပါသည်။ ခရစ်တော်ကိုလက်ခံသောသူတိုင်း၏စိတ်ထဲမှာရှိ၍ သူတို့အားဖြင့်အလုပ်လုပ်ပါသည်။ ဝိညာဉ်တော်သည် သူတို့၏စိတ်တွင်း၌ကိန်းဝပ်ကြောင်း သိသောသူများသည်၊ ဝိညာဉ်အသီးများကို ထုတ်ဖော်ပြသကြသည်။..." Editor Francis D. Nichol, Adventist Bible Commentary Vol. 6 (Hagerstown, 1980), p.1112

ဂလာတိ ၅း၂၂။ ။ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း။ ဧဖက် ၅း၉။ အလုံးစုံသော ကောင်းမွန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာစောင့်ခြင်း။

ဂလာတိ ၅း၁၆–၂၁ သည်၊ ကျွန်ုပ်တို့အတွင်းရှိအပြစ်၏တန်ခိုးစွမ်းအားကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ချိုးဖဲ့ပစ်မည်ဟုကျွန်ုပ်တို့အားဖေါ်ပြထားပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၌ လျှောက်လှမ်းပါ။ ဧဝတိပကတိ၏ဆန္ဒအတိုင်း သင်သည်ပြီးမြောက်စေတော့မည်မဟုတ်ပါ။ ဧဝတိပကတိ၏အလိုဆန္ဒသည် ဝိညာဉ်ပကတိနှင့်ဆန့်ကျင်သည်ဖြစ်၍၊ ဝိညာဉ်ပကတိဆန္ဒသည် ဧဝတိပကတိနှင့်ဆန့်ကျင်သည်။ ဤအရာများသည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်ဖြစ်သောကြောင့်၊ သင်သည် သင်၏ဆန္ဒအတိုင်းမလုပ်ဘဲရှိရသည်။ သို့သော်လည်း သင်သည် ဝိညာဉ်တော်အားဖြင့်လမ်းပြခြင်းခံခဲ့ရလျှင်၊ ပညတ်တော်အောက်မှာ သင်သည်မရှိတော့ချေ။ (ရောမ၊ ၇း၂၃ နှင့် ၈း၁ ကိုကြည့်ပါ။) "ဧဝတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား၊ သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတစ်ပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊

သူ့အကျိုးကိုငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ယဇ်မျိုးကိုသောက်ကျူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ထိုသို့သောအကျင့်ပေတည်း။ ထိုသို့သောအကျင့်ကို ကျင့်သောသူတို့သည်၊ ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြဟုအထက်ကငါပြောနှင့်ခဲ့ပြီးသည်အတိုင်း ယခုပင်လည်းငါပြောနှင့်၏" (ဂလာတိ ၅း၁၉-၂၁)။

ဝိညာဉ်ဆုကျေးဇူးများ

"ဝိညာဉ်ဆုကျေးဇူး၌ရှိခြင်းဆိုသည်မှာ ၁ကော ၁၂း၂၈ နှင့် ဧဖက် ၄း၁၁ တို့တွင်စာရင်းပြုစုသည့်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်ခြင်းဖြင့် ရရှိသောဆုကျေးဇူးများကိုဆိုလိုပါသည်။ တမန်တော်များ၊ ပုရောဖက်များ၊ တရားဟောဆရာများ၊ သင်းအုပ်ဆရာများ၊ ဆရာများ၊ အံ့ဖွယ်အမှုပြုသူများ၊ ရောဂါပျောက်ကင်းသူများ၊ ကူညီထောက်ပံ့သူများ၊ အုပ်ချုပ်သူများ၊ အမျိုးမျိုးဘာသာစကားပြောခြင်းများသည်၊' အမှုတော်မြတ်အတွက်၊ သန့်ရှင်းသောသူများကိုတပ်ဆင်ပေးသော' ဝိညာဉ်ဆုကျေးဇူးများပင်ဖြစ်သည်။ အသင်းတော်၏သက်သေခံချက်ကို ခိုင်လုံစေ၍ခေါင်းဆောင်မှုနှင့် လမ်းညွှန်မှုများကိုပေးသည်။" Hrsg. Gerhard Rempel, Schlusselbegriffe adventistischer Glaubenslehre (Hamburg), p. 44 သန့်ရှင်းသောဝိညာဉ်တော်သည်၊ တိကျသောရည်ရွယ်ချက်များအတွက် အခြားသောအရည်အချင်းများကိုလည်းပေးပါသည်။ ကျွမ်းကျင်မှုလက်ရာအတတ်ပညာအမျိုးမျိုးနှင့် ဉာဏ်ပညာ (ထွက်၊ ၃၁း၂-၆)၊ သို့မဟုတ် ဗီသုကာအတတ်ပညာ (၅ရာ ၂စး၁၂၊၁၉) များကိုပေးပါသည်။

ယေရှု၏တပည့်တော်များဖြစ်လာရန် ကျွန်ုပ်တို့ဆန္ဒရှိသောအခါ၊ ကျွန်ုပ်တို့ဖြစ်သမျှ၊ ကျွန်ုပ်တို့မှာရှိသမျှကို သူ့အားအပ်နှံလိုက်သည်။ ဤအကြောင်းကြောင့်၊ ကျွန်ုပ်တို့၏အရည်အချင်းများအားလုံးနှင့် စွမ်းရည်

များအားလုံး၊ ပင်ကိုဖြစ်စေ၊ သင်ယူသည်ဖြစ်စေ၊ ဘုရားသခင်၏စီမံခန့်ခွဲမှုအောက်မှာချထားကြရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အရည်အချင်းများ ထပ်၍ဖြည့်စွက်ပေါင်းထည့်ပေးနိုင်ပေသည်။ ပင်ကိုအတတ်ပညာများကိုလည်း အညစ်အကြေးကင်းစင်အောင်သန့်စင်ပေးနိုင်သည်။

ကျွန်ုပ်တို့မှာ သန့်ရှင်းသောဝိညာဉ်တော်လိုအပ်သောအခါ၊ ဝိညာဉ်ဆုကျေးဇူးများကို ကျွန်ုပ်တို့ရရှိနိုင်ပါ့မည်လား။

ဘုရားသခင်၏ရွေးချယ်ခြင်းသို့မဟုတ်လူတို့ရွေးချယ်ခြင်းလား

ကျွန်ုပ်တို့မှာ အသင်းတော်တွင်ကမ္ဘာတစ်ဝန်းဒီမိုကရေစီဖွဲ့စည်းပုံရှိသည်။ သို့သော် လူအများကြိုက်သောဒီမိုကရေစီအဖြစ် မည်သည့်အခါမျှမယူဆခဲ့ကြပေ။ ကျွန်ုပ်တို့မဲဆန္ဒပေးခြင်း၏စစ်မှန်သောပန်းတိုင်မှာ၊ တစ်ဦးတစ်ယောက်စီတိုင်းက ဘုရားသခင်၏အသံကိုနားထောင်ရန်နှင့် သူ၏ဆန္ဒနှင့်လျော်ညီစွာမဲထည့်ရန်ဖြစ်သည်။ ဘုရားသခင်၏အသံတော်ကို နားထောင်ခြင်းအားဖြင့် မဲဆန္ဒပေးသောအခါ ဘုရားသခင်၏အလိုတော်ကို သိရှိနိုင်ပါသည်။ အသင်းအဖွဲ့အစည်းအဝေးမထိုင်မီ ကျွန်ုပ်တို့အမှန်တကယ်ဆုတောင်းကြပါသည်။ မကြာခဏမဲမပေးမီ တစ်ဦးစီဆက်ကပ်ဆုတောင်းရန် အခွင့်အရေးပေးခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်နှင့်အညီမဲပေးရန် ထင်ရှားစွာသိစေပါသည်။ နေဟမိပြောခဲ့သည်မှာ၊ "ငါ၏ဘုရားသခင်သည် ငါ့စိတ်နှလုံးထဲသို့ သွင်းပေးတော်မူ၏" (နေဟမိ၊ ၇း၅)။ အီးဂျီဝိုက်ကလည်း နေဟမိအခန်းကြီး (၁) အကြောင်းနှင့်ပတ်သက်၍ ပြောသည်မှာ၊ "သူဆုတောင်းနေခဲ့စဉ်မှာပင် သူ၏အတွေးအာရုံ၌ သန့်ရှင်းသောရည်ရွယ်ချက်တစ်ခုဖြစ်ထွန်းလျက်ရှိနေခဲ့သည်။...." E.G. White, Southern Watchman (www.egwwritings.org), March 1, 1904

ဧာတိပကတိလူတစ်ယောက်သည်၊ ဘုရားသခင်၏အသံတော်ကိုကြားရမည်လား။ သူသည် ဘုရားသခင်အားအသိတရားရှိစွာ လုံးလုံး

လျားလျားဆက်ကပ်ခြင်းမရှိလျှင် သူသည် ဘုရားသခင်ထံမှအဖြေကို ဧကန်မုချရမည်မဟုတ်ပါ။ (ဆာလံ ၆၆း၁၈။ ဆာလံ ၂၅း၁၂)။ အကယ်၍ လူတစ်ဦးတစ်ယောက်သည် ဧာတိပကတိခရစ်ယာန်ဖြစ်၍ သူ၏အကောင်းဆုံးသောအသိဉာဏ်ဖြင့် ရိုးသားသောစိတ်ရင်းခံအတိုင်းမဲဆန္ဒပေးလျှင် ကောင်းပါသည်။ သို့သော် လူသားတို့၏ချက်ချင်းသဘောတူညီမှုတို့သည်၊ ခြယ်လှယ်ခြင်းနှင့် အပြစ်ဖြစ်လာနိုင်သည်။

ခေါင်းဆောင်များတွင် ဘုရားသခင်၏အမှုတော်မြတ်အပေါ်ကြီးမားသောသြဇာလွှမ်းမိုးမှုရှိပါသည်။ ဘုရားသခင်၏ခေါ်တော်မူခြင်းခံခဲ့ရသော သို့မဟုတ် လူသား၏မဲဆန္ဒပေးခြင်းကြောင့် ညီအစ်ကိုများနှင့်ညီအစ်မများ၏ဦးဆောင်ခြင်းရှိလျှင် ကြီးမားသောကွာခြားချက်များနှင့် အဓိကကျသော အကျိုးဆက်များကို ဧကန်ဖြစ်ပေါ်စေမည်။

ဆုတောင်းခြင်းနှင့်ပတ်သက်သော စာအုပ်တစ်အုပ်ကိုဖတ်နေစဉ် ကျွန်ုပ်တို့လိုက်လျောက်သင့်သည့်လမ်းအတိုင်းလျောက်သွားရန်၊ ကျွန်ုပ်တို့အားလမ်းပြရန်၊ ဘုရားသခင်အားကျွန်ုပ်တို့တောင်းလျောက်ရန် လိုအပ်ကြောင်းကျွန်ုပ်သဘောပေါက်ခဲ့ပါသည်။ (ဆာလံ၊ ၃၂း၈)။ ဘုရားသခင်၏အသံတော်ကို ငြိမ်သက်စွာနားထောင်ခြင်းသည်၊ ကျွန်ုပ်၏အသက်တာတစ်ခုလုံးကိုပြောင်းလဲပေးခဲ့သည်။ ဤအတွေ့အကြုံအကြောင်းကို ကျွန်ုပ်ရေးသားခဲ့သည့်ဆောင်းပါးဖြစ်သည့် "စီးပွားရေးကိုယ်စားလှယ်မှ ပါစတာသို့" (ဂျာမန်ဘာသာဖြင့်သာရနိုင်) www.gotterfahren.info-Gott Verandert Leben- Vom Prokurist zum Prediger. တွင်ပြောပြထားခဲ့ပါသည်။ ခတ်ဟေဇယ် (Kurt Hasel)၏ ကောင်းသောတရားဟောချက်ဖြစ်သည့် မှန်ကန်သောဆုံးဖြတ်ချက်ကို ကျွန်ုပ်မည်သို့ပြုနိုင်သနည်း။" (ဂျာမန်ဘာသာဖြင့်သာရနိုင်) www.gotterfahren.info-Wege zum Ziel: Gott erfahren-Gottes Botschaft fur unsere Zeit-Thema Nr.11 ကိုနားထောင်ရန်ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်းအနည်းငယ်က ဟင်နရီဒရမ်မန်း (Henry Drummond) ရေးသားခဲ့သော

လေးနက်သောတရားဟောချက်ဖြစ်သည့် "ဘုရားသခင်၏အလိုတော်ကို ကျွန်ုပ်မည်သို့သိနိုင်သနည်း။" (ဂျာမန်ဘာသာဖြင့်သာရနိုင်) Missionsbrief.de-Predigten lesen-Henry Drummond: Wie erkenne ich den Willen Gottes? (Deutsch und Englisch) ကိုလည်းဖတ်ရှုရန်ရှိပါသည်။

အောက်တိုဘာ ၂၃ ရက် ၂၀၁၄ ခုတွင်အတွေ့အကြုံတစ်ခုဖြစ်ပျက်ခဲ့သည်။ အော့စတြီးယားနိုင်ငံကာရင်သီယားတွင်ရှိသောသာသပြုဗဟိုအချက်အချာဖြစ်သည့် "(Country Life Institute Austria)" သည် ပြဿနာတစ်ခုအတွက် ဆုံးဖြတ်ချက်ချရမည့်အခြေအနေနှင့် ရင်ဆိုင်ခဲ့ရသည်။ အဆောက်အဦတိုးချဲ့ရန် လုပ်သင့်၏မလုပ်သင့်၏နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရန်ဖြစ်သည်။ (TGM-Trainingszentrum fur Gesundheitsmission und Gesundheitszentrum Mattersdorferhof) ၎င်းအတွက်သဘောတူခြင်းရှိသကဲ့သို့ ဆန့်ကျင်ခြင်းလည်းများစွာရှိခဲ့သည်။ အရေးပါလှသောမေးခွန်းက၊ ဤကိစ္စနှင့်ပတ်သက်၍ ဘုရားသခင်၏အလိုတော်ကဘာလဲ။ ကျွမ်းကျင်သူများ၊ လိမ်လည်သူများအကြောင်းလုံးဝမဆွေးနွေးတော့ဘဲ နယူးစတတ်အဖွဲ့မှဧည့်သည်တော်များပြန်သွားပြီးသောနောက်၊ တိုးချဲ့အဆောက်အဦကို ဆောက်သင့်မဆောက်သင့်နှင့်ပတ်သက်၍ ဘုရားသခင်ထံမှအဖြေကို အောက်တိုဘာ ၂၃ ရက်၊ ဆုတောင်းအစည်းအဝေးတွင် ဘုရားသခင်၏အသံကိုကြားရန်နှင့်နာခံရန် ဘုရားပြုပြင်ပေးပါမည့်အကြောင်း ကျွန်ုပ်တို့ဆယ်ရက်တာမျှဆုတောင်းခဲ့ကြသည်။

လူအယောက် (၂၀) မကဆုတောင်းစည်းဝေးကို တက်ရောက်ခဲ့ကြသည်။ စုပေါင်းဆုတောင်းပြီးသောအခါ တစ်ဦးစီကငြိမ်သက်စွာဆုတောင်းကာ အဆောက်အဦကိုဆောက်သင့်မဆောက်သင့်သူ့အား ဘုရားအသိပေးပါရန် တောင်းခံခဲ့ကြသည်။ တစ်ဦးစီအားဘုရားသခင်ပေးသောအဖြေကို အုပ်စုအား အောက်ပါအတိုင်းအသိပေးရန်စီစဉ်ခဲ့ကြသည်။ ဆောက်လုပ်ရန် သင့်သည်

ဟုဖြေလျှင် စာရွက်မှာ (+) ရေး၍ မသင့်ဟုဖြေသောသူက (–) ရေးရန်။ အဖြေမရရှိသောသူများက (o) ရေး၍မသေချာမရေရာသူများက (?) ရေးရန် ဖြစ်သည်။ ရရှိသောရလဒ်သည် ဘုရားသခင်၏ဦးဆောင်ခြင်းပင်ဖြစ်သည်။ စာရွက်များတွင် ၁၄ (+) ရှိသည်။ ၆ (o) နှင့် ၄ (ဗလာမဲ) ရရှိသောကြောင့် ဘုရားသခင်၏ဦးဆောင်မှုက ကျွန်ုပ်တို့ဆောက်လုပ်ရန်သင့်ကြောင်း ထင်ရှားစွာပြသခဲ့သည်။ ကျွန်ုပ်သည် နောက်ဆုံးသောနေ့ရက်များတွင် ဘုရားသခင်၏အကြံပေးဩဝါဒကို တိုး၍တိုး၍တိုက်ရိုက်ရှာရမည်ဟုလက်ခံယုံကြည်မိပါသည်။

ယောလ ၂း၂၈၊၂၉။ က ဤအရာကိုညွှန်ပြထားပါသည်။ အီးဂျီဝိုက်ကသုံးသပ်သည်မှာ၊ "ဘုရားသခင်က စိတ်နှလုံးကိုစကားပြော သည်ကို တစ်ဦးစီကကြားရမည်ဖြစ်သည်။ အခြားသောအသံများတိတ်ဆိတ်၍ သူ့ရှေ့မှာငြိမ်ဝပ်စွာစောင့်ဆိုင်းသောအခါ၊ ငြိမ်သက်တိတ်ဆိတ်သော ဝိညာဉ်သည် ဘုရားသခင်၏စကားသံကို ပို၍ပြတ်သားထင်ရှားစွာကြားရမည်။ ကျွန်ုပ်တို့အား ဘုရားသခင်က၊ 'ငြိမ်ဝပ်လျက်နေကြလော့။ ငါကား ဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့' ဆာလံ ၄၆း၁၀။" E.G. White, The Desire of Ages (1898), p. 363.3 ဟုတောင်းဆိုထားသည်။

ငွေကြေး

ငွေကြေးရရှိရန်နှင့် စီးပွားရေးနှင့်ပတ်သက်သောလုပ်ငန်းများဆောင်ရွက်ကြရာတွင် ဝိညာဉ်ပကတိခရစ်ယာန်များနှင့် ဇာတိပကတိခရစ်ယာန်များမည်သို့ခြားနားခြင်းရှိကြသနည်း။ ကျွန်ုပ်တို့ကိုယ်ကို ပစ္စည်းဥစ္စာပိုင်ရှင်ဟုမြင်နေသလား၊ သို့မဟုတ် ဘုရားသခင်၏ဘဏ္ဍာစိုးအဖြစ် ကိုယ့်ကိုကိုယ်မြင်နေသလား။ "ငွေနှင့်ပစ္စည်းဥစ္စာချစ်ခြင်းသည်၊ ဤကမ္ဘာကိုသူခိုးများနှင့်မားပြများအတွက်ဂူတစ်ခုကဲ့သို့ဖြစ်နေသည်။ ကျမ်းစာတော်မြတ်က ခရစ်တော်

ပြန်မကြွလာမီအချိန်လေးတွင်၊ လောဘကြီးမှုနှင့်ဖိနှိပ်ချုပ်ချယ်မှုများဖြစ်ပေါ်မည်ဟု ပုံဖော်ထားပါသည်။" E.G. White, Prophet and Kings (1917), p. 651.1

ဘုရားသခင်ကိုကြောက်ရွံ့သောသူများအား ဘုရားသခင်၏ကောင်းကင်တမန်များကကာကွယ်ခြင်း

ဘုရားသခင်ကိုကြောက်ရွံ့သောသူများအား ဘုရားသခင်၏ကောင်းကင်တမန်များက ကာကွယ်စောင့်ရှောက်ပေးပါသည်။ "ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည်၊ တပ်ချ၍ကယ်လွှတ်တတ်ကြ၏" (ဆာလံ ၃၄း၇)။ "ဘုရားသခင်၏နောက်လိုက်တစ်ဦးစီကို ကာကွယ်စောင့်ရှောက်သော ကောင်းကင်တမန်တစ်ပါးစီတာဝန်ပေးထားသည်။ ဤကောင်းကင်မှစောင့်ကြပ်ကြည့်ရှုသူများသည်၊ ယုတ်မာသူ၏တန်ခိုးမှ ဖြောင့်မတ်သောသူများကို ကာကွယ်ပေးကြသည်။" E.G. White, The Great Controversy, (1911), p. 512.2 ဘုရားသခင်ကို ကြောက်ရွံ့သောသူများ၊ ခရစ်တော်နောက်လိုက်သော ဖြောင့်မတ်သောသူများကို ဘုရားသခင်ကကာကွယ်သည်ဆိုသောစကားပြောသောအခါ၊ ဘုရားသခင်ထံတော်သို့မိမိကိုယ်ကို လုံးလုံးလျားလျားမဆက်ကပ်သော်လည်း မိမိကိုယ်ကို ခရစ်တော်နောက်လိုက်သူဟု ထင်မှတ်သောသူများနှင့်သက်ဆိုင်သည်ဟု အဓိပ္ပာယ်ရပါသလား။ ကလေးသူငယ်များအတွက်မှန်ပါသည်။ အဘယ်ကြောင့်ဆိုသော် မဿဲ ၁၈း၁၀ တွင်၊ "သင်တို့သည် ဤသူငယ်တစ်စုံတစ်ယောက်ကို မထီမဲ့မြင်မပြုမည်အကြောင်းသတိရှိကြလော့။ ငါဆိုသည်ကား၊ သူတို့၏ကောင်းကင်တမန်တို့သည်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့အဘ၏မျက်နှာတော်ကို အစဉ်မပြတ်ဖူးမြင်ကြ၏" ဟု ယေရှုပြောခဲ့ပါသည်။ ဘုရားသခင်အထံတော်သို့ မိမိအသက်တာကိုလုံးလုံးလျားလျားဆက်ကပ်အပ်နှံသော ဒါဝိဒ်သည်၊ သူ့မှာကြောက်ရွံ့ခြင်းအတွက် နေရာမရှိဟုသိခဲ့သည်။ "ထာဝရဘုရားသည်၊

ငါ၏အလင်း၊ ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ငါသည်အဘယ်သူကို ကြောက်ရအံ့နည်း။ ထာဝရဘုရားသည်၊ ငါ၏အသက်ခိုလှုံရာဖြစ်တော်မူ၏။ ငါသည်အဘယ်သူကိုကြောက်လန့်ရအံ့နည်း။" ဟု (ဆာလံ ၂၇း၁) တွင် ဆိုခဲ့ပါသည်။

(သင်သည်၊ "မဟာတိုက်လှန်ပွဲကြီး" စာအုပ်၊ အခန်း ၃၁ တွင် ပါရှိသော ကောင်းကင်တမန်ကောင်းများ၏ လုပ်ဆောင်ခြင်းအကြောင်းကို ရေးသားထားသောကဏ္ဍတွင် ဖတ်ရှုလေ့လာရန် သင့်အားအကြံပြုထောက် ခံပါသည်။ ဘုရားသခင်၏သားသမီးတိုင်းအတွက် အလွန်ဝမ်းမြောက် ဖွယ်ရာဖြစ်ပါသည်။)

နောက်ဆုံးပိတ်မှတ်ချက်များ

နယ်ပယ်အပိုင်းအခြားအချို့၌သာ ကျွန်ုပ်တို့လေ့လာထိတွေ့ရပါ သေးသည်။ ဘဝအသက်တာနှင့် ယုံကြည်ခြင်းနှင့်ပတ်သက်သောအခြား ကဏ္ဍများ ထပ်၍ပေါင်းထည့်ရန်ရှိနေပါသေးသည်။ အားလုံးအတွက် အောက်ပါအကြောင်းအရာများသည် မှန်ကန်လျက်ရှိပါသည်။

ခြားနားခြင်းအကြောင်းများကို ယခုပြန်လည်ဆန်းစစ်ကြည့်သော အခါ၊ သန့်ရှင်းသောဝိညာဉ်တော်ပါရှိသောအသက်တာတစ်ခုတွင် အဓိက အကျိုးကျေးဇူးကင်းမဲ့သောကဏ္ဍတစ်ခုမျှမရှိပါ။ အခြားတစ်ဖက်မှာမူ သန့်ရှင်းသောဝိညာဉ်တော်မပါရှိသောအသက်တာ၌ ကြီးမားသောအကျိုး ဆုတ်ယုတ်မှုမရှိသောကဏ္ဍတစ်ခုမျှမရှိပါ။ ဤအကြောင်းအရာကြောင့် ကျွန်ုပ် တို့သည်၊ မိမိအသက်တာကိုနေ့စဉ်ဘုရားသခင်အားဆက်ကပ်ရန်နှင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန် ကျွန်ုပ်တို့အတွက်ကြီးမားသော စိတ်ဓာတ်လှုံ့ဆော်မှုကိုတောင်းခံရန် မသင့်ပေဘူးလား။

"လွန်ခဲ့သောနှစ်ပေါင်းအနည်းငယ်က (ဘိုးရင်း ၇၀၇) (Boeing 707) လေယာဉ်သည် တိုကျိုလေယာဉ်ကွင်းမှလန်ဒန်မြို့သို့ထွက်ခွာခဲ့ပါသည်။ အောင်မြင်စွာပျံတက်ခဲ့ပါသည်။ နေသာ၍ကောင်းကင်သည်လည်း ကြည်လင်သာယာလျက်ရှိခဲ့သည်။ မကြာမီကျပန်ပြည်ရှိထင်ရှားသော ဖူဂျီတောင်ကို ခရီးသည်များတွေ့မြင်နိုင်ခဲ့သည်။ ရုတ်တရက်လေယာဉ်မောင်းသည် တွေ့မြင်ရခဲ့သောမြင်ကွင်းကိုရှုမြင်နိုင်ရန် တောင်ကိုပတ်မောင်းပေးရန် စိတ်ကူးပေါက်ခဲ့သည်။

သတ်မှတ်ထားသောပျံသန်းမှုလမ်းကြောင်းမှ မြင်ကွင်းကျယ်လမ်းကြောင်းသို့ ပြောင်းပစ်လိုက်သည်။ ထိုသို့မြင်ကွင်းရှုရန်ပျံသန်းပေးနေစဉ် လေယာဉ်မောင်းသည်၊ မြေပြင်မှလုံခြုံရေးထိန်းချုပ်မှုကို အားချိတ်ထားခဲ့သည်။ သူတွေ့မြင်ချက်အပေါ်မှာသာ လုံးလုံးမှီခိုအားထားလိုက်သည်။ တောင်ကြီးသူ့အောက်မှာရှိနေသည်ကို သူတွေ့မြင်ခဲ့သည်။ အမြင့်ပြကိရိယာသည်လည်း မီတာ ၄၀၀၀ ပြနေသည်။ သူမမြင်သတိမထားမိသည်က ဖူဂျီတောင်ပတ်လည်တွင် ထိန်းမနိုင်သိမ်းမရသောလေပြင်းကိုပင်။ လေကိုဘိုးရင်း ၇၀၇ က မအံ့တုနိုင်ခဲ့ပါ။ လေထဲမှာဘဲကွဲထွက်၍ပျက်ကျကာ ခရီးသည်များအားလုံးသေဆုံးခဲ့ရသည်။

ဇာတိပကတိခရစ်ယာန်သည်၊ မြင်ကွင်းပျံသန်းနည်းလမ်းအတိုင်း အသက်ရှင်နေထိုင်သည်။ သူ့ဘာသာသူဆုံးဖြတ်ချက်ချတတ်သည်။ အလွန်ကောင်းသောရည်ရွယ်ချက်များရှိလင့်ကစား သူရှုံးနိမ့်မည်ဖြစ်သည်။ ဝိညာဉ်ပကတိခရစ်ယာန်သည်၊ ဝိညာဉ်တော်အားဖြင့်အသက်ရှင်၍ သူ့ကိုအားကင်းလုံခြုံသည့်ခရီးဆုံးအထိ ပို့ဆောင်သောသူ၏သခင်နှင့် ချစ်ခြင်းနှင့်ယုံကြည်ကိုးစားသောဆက်ဆံရေးရှိသည်။" Kalenderzettel February 17, 1979 by Reinhard Petrik.

ဆုတောင်းချက်။ ကောင်းကင်ဘုံရှိဖဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲမှာယေရှုကိန်းဝပ်၍ ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏အလုပ်မှာကောင်းသောကွာခြားချက်များဖြစ်ပေါ်လာစေသောကြောင့်၊ ကျေးဇူးတင်ရှိပါ၏။ ကျေးဇူးပြု၍သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ငန်းကို ကျွန်ုပ်နားလည်နိုင်စေရန် ကျွန်ုပ်၏မျက်စိများကို သာ၍ဖွင့်ပေးတော်မူပါ။ ကျေးဇူးပြု၍သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြီးပြည့်စုံသောအသက်တာကိုပေးသနားတော်မူပါ။ ဤအရာကိုယေရှုက ကျွန်ုပ်တို့အားပေးလိုပါ၏။ လာမည့်အခန်းဌ ဤပုစ္ဆာကိုဖွင့်ပြမည့်သော့ကို ရှာဖွေတွေ့ရှိနိုင်ရန် ကျေးဇူးပြု၍ကျွန်ုပ်ကိုကူညီမစသနားပါ။ လက်တွေ့ပြုကျင့်နေထိုင်နိုင်အောင်လည်းကူညီမစသနားတော်မူပါ။ ကျေးဇူးတင်ပါ၏။ အာမင်။

–o–

အခန်း ၅

လက်တွေ့အတွေ့အကြုံအတွက်သေချာက်။

ကျွန်ုပ်အတွက် ဘုရားသခင်၏ဖြေရှင်းနည်းကို ကျွန်ုပ်သည် မည်ကဲ့သို့တွေ့ကြုံခံစား ရ၍ မည်ကဲ့သို့ထမြောက်စေနိုင်သနည်း။ ကျွန်ုပ်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်အဖြည့် ခံရပြီဟု သေချာသိရန် မည်သို့ကျွန်ုပ် ဆုတောင်းသင့်သနည်း။

ဆုတောင်းခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် အဖြည့်ခံရခြင်း

ဤခရီးကိုယုံကြည်ခြင်းအားဖြင့်သွားလာရန်နှင့် ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံရန်အရေးကြီးပါသည်။ ထိုသို့ဆိုရာတွင်၊ သန့်ရှင်းသောဝိညာဉ်တော်အတွက် တောင်းခံပြီးသောအခါ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းအတွက်အဖြေပေးပြီဟု စိတ်ချလျက်၊ ဆုတောင်းနေစဉ်မှာပင် ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုချပေးခဲ့ပြီဟုယုံကြည်ရန် လိုအပ်သည်ဟုဆိုလိုပါသည်။

၁လာတိ ၃း၁၄ မှာ၊ ".....ငါတို့သည်၊ ကတိတော်နှင့်ယှဉ်သော ဝိညာဉ်တော်ကိုယုံကြည်ခြင်းအားဖြင့် ခံရကြမည်အကြောင်းတည်း။"

ကောင်းကင်ဘုံရှင်အဘကို လွယ်ကူစွာယုံကြည်နိုင်စေရန် ကျွန်ုပ်တို့အား ဘုရားသခင်က ကြီးမားသောကူညီမှုကိုပေးခဲ့ပြီ။ ဤသည်ကို "ကတိတော်များဖြင့်ဆုတောင်းခြင်း" ဟုခေါ်ပါသည်။

ကတိတော်များဖြင့်ဆုတောင်းခြင်း

ပထမဦးစွာဤအထောက်အကူပြုသောသာဓကကို တင်ပြပါမည်။ ကျွန်ုပ်၏ကလေးသည် ပြင်သစ်ဘာသာဌာနသို့ဖျင်းသည်ဟု ယူဆကြပါစို့။ သူ့ကိုပြင်သစ်ဘာသာကိုကြိုးစားအားထုတ်သင်ယူရန် ကျွန်ုပ်တို့အားပေးလိုပါသည်။ အကယ်၍ ကျောင်းသားအစီရင်ခံစာ၌ ဘာသာစုံတွင်အမှတ်ကောင်းပါက သူ့ကိုဒေါ်လာ ၂၀ ပေးမည်ဟုကတိပြုလိုက်ပါသည်။ ပြင်သစ်ဘာသာကိုလည်း သူ့ကိုကူညီသင်ပေးသောကြောင့် အမှန်ပင်အမှတ်ကောင်းကောင်းရခဲ့ပါသည်။ ယခုမည်သို့ဖြစ်မည်နည်း။ ကျောင်းမှပြန်လာပြီးအိမ်မတံခါးမှဝင်လာသည်နှင့် "အဖေ... ဒေါ်လာ ၂၀" ဟု ကျယ်လောင်စွာအော်ပြောမည်။ အဘယ်ကြောင့်သေချာပေါက်ဒေါ်လာ ၂၀ ရမည်ဟုယူဆနေပါသနည်း။ ကတိကိုသူခံယူခဲ့ရပြီ။ သူသည်လည်းလိုအပ်ချက်များကိုပြည့်စုံစေခဲ့ပြီဖြစ်သည်။ ထို့ကြောင့် သူ့အတွက်သေချာပေါက်ဒေါ်လာ ၂၀ ရမည်ဟု ယုံကြည်ခဲ့ခြင်းဖြစ်သည်။ ယနေ့လူအများစုအတွက် သာမန်အတွေ့အကြုံဖြစ်သည်။

သို့သော် ထိုအချိန်တွင်ကျွန်ုပ်မှာ ဒေါ်လာ ၂၀ မရှိသောအခြေအနေဖြစ်နိုင်သည်။ ဘုရားသခင်မှာ သူ့ကတိခံခဲ့သောအရာများအတွက် မဖြစ်နိုင်သောအခြေအနေရှိနိုင်မည်လား။ မရှိနိုင်ပါ။

သို့မဟုတ်လျှင်လည်း ကျွန်ုပ်သည် ကတိကိုဖျက်ကာသူ့အား၊ "ပညာပေးစာအုပ်တစ်အုပ်မှာ သားသမီးတွေစာကျက်ရန်ငွေပေးပြီး တွန်းအားမပေးသင့်ဟု ဖတ်မိသည်။ ထို့ကြောင့် ဒေါ်လာ ၂၀ သင့်အားမပေးနိုင်"

ဟုပြောရမည်လား။ ဘုရားသခင်သည်၊ နောက်မှသူ၏စိတ်ကိုပြောင်းပစ်လိုက်သလား။ မဖြစ်နိုင်ပါ။

ကျွန်ုပ်တို့သည်၊ ဘုရားသခင်ထံမှကတိတော်ကိုခံယူပြီး၊ ကျွန်ုပ်တို့ကလည်း လိုအပ်ချက်များကိုဖြည့်ဆည်းပေးပြီးသောအခါ၊ တစ်ခုတည်းသောဖြစ်နိုင်ခြေမှာ၊ ကတိတော်အတိုင်းရရှိသည်ကို ကျွန်ုပ်တို့တွေ့ရှိနိုင်ပါသည်။

ဘုရားသခင်၏ကတိတော်များအားဖြင့် သေချာသောလမ်းညွှန်မှုတစ်ခုအတိုင်းသွားရန် ဘုရားသခင်က ကျွန်ုပ်တို့ကိုအားပေးတိုက်တွန်းလိုသည်။ ဥပမာ၊ ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင်တန်ခိုးကိုပေးသောသန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိခြင်း။ ဘုရားသခင်အားကိုးစားနားထောင်ရာ၌ ကျွန်ုပ်တို့အတွက်လွယ်ကူစေရန် သူလုပ်ပေးချင်ပါသည်။ ကိုးစားနားခြင်းသည် စိတ်နှလုံးအတွင်းမှ ယုံကြည်ခြင်းပင်ဖြစ်သည်။

ယခုကျွန်ုပ်တို့သည် ကတိတော်များဖြင့်ဆုတောင်းခြင်းအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာထဲမှသော့ချက်အချို့ကို ဖတ်ရှုလိုပါသည်။ ၁ယောဟန် ၅း၁၄ နှင့် ၁၅ ကို ဖတ်ကြစို့။ ၁ယောဟန် ၅း၁၄၊ “ငါတို့သည်၊ ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည်အလိုတော်နှင့်အညီတစ်စုံတစ်ခုသောဆုကိုတောင်းလျှင်၊ ဘုရားသခင်သည်နားထောင်တော်မူ၏။”

သူ၏အလိုတော်နှင့်အညီဆုတောင်းလျှင် သူနားထောင်သည်ဟုယေဘုယျအားဖြင့် ကတိပေးထားသည်။ သူ၏အလိုတော်ကို ပညတ်တော်များနှင့်ကတိတော်များမှာ ဖော်ပြထားသည်။ ၎င်းတို့အပေါ်ဆုတောင်းသောအခါ၊ မှီခိုအားထားနိုင်ပါသည်။ ဆက်လက်၍အငယ် ၁၅ မှာ၊

“ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင်၊ အထံတော်၌တောင်းသောဆုတို့ကိုရမည်ဟု သိရကြ၏။”

မည်သို့အဓိပ္ပါယ်ရှိပါသနည်း။ ဘုရားသခင်၏အလိုတော်နှင့်အညီဆုတောင်းသောအရာများကို ဘုရားထံတင်ပြစဉ်မှာပင်ဖြေကြားပြီဖြစ်သည်။

သို့သော် များသောအားဖြင့်စိတ်ခံစားချက်ကို ကျွန်ုပ်တို့သတိမထားမိတတ်ကြပါ။ ကျွန်ုပ်တို့၏ဆုတောင်းချက်ကို ဖြေကြားရာမှာ ကျွန်ုပ်တို့၏စိတ်ခံစားချက်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့်သာဖြစ်သည်။ စိတ်ခံစားချက်သည် နောက်မှဖြစ်ပေါ်လာမည်။

နိကိုတင်းနှင့်အရက်စွဲသောသူများနှင့် ဆုတောင်းသောအခါ၊ ကျွန်ုပ်တွေ့ရှိသည်မှာ သူတို့ကိုဤအရာများမှလွတ်မြောက်ပေးရန် ဆုတောင်းသောအခါတွင် မည်သည့်အရာမျှဖြစ်လာသည်ကို သူတို့သတိမထားမိပါ။ ယုံကြည်ခြင်းအားဖြင့်သာအဖြေကို သူတို့ရရှိကြသည်။ သို့သော် နာရီအနည်းငယ်ကြာပြီးသောအခါ၊ ဆေးလိပ်နှင့်အရက်ကိုသောက်သုံးရန် အာသာပြင်းပြခြင်းမရှိတော့ကြောင်း သူတို့သတိထားမိကြပါသည်။ ဤအချိန်၌ သူတို့၏ဆုတောင်းချက်ကို သူတို့လက်တွေ့ရရှိပြီဖြစ်သည်။

ယေရှုက မာကု ၁၁း၂၄ တွင် မိန့်မှာခဲ့သည်မှာ၊ "ထို့ကြောင့် ငါဆိုသည်ကား၊ သင်တို့သည်ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။"

အီးဂျီဝိုက်က "ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာ၏အပြင်ပန်းအထောက်အထားများကို ရှာရန်မလိုအပ်ပါ။ ဆုလက်ဆောင်သည် ကတိတော်မှာရှိပါသည်။ ဘုရားသခင်သည် ကတိထားတော်မူသည့်အတိုင်း ဆောင်ရွက်ပေးနိုင်သည်ကို ကျွန်ုပ်တို့သွားလာလုပ်ကိုင်ရင်းနှင့် စိတ်ချနေနိုင်သည်။ ကျွန်ုပ်တို့ရရှိပြီးသော ဆုလက်ဆောင်ကို ကျွန်ုပ်တို့အလိုအပ်ဆုံးသောအချိန်၌ ကျွန်ုပ်တို့နားလည်သဘောပေါက်လာလိမ့်မည်။ E, G, White, Education (1903), p. 258.2

ထို့ကြောင့် အပြင်သက်သေခံချက်များရှာရန် မလိုအပ်ပါ။ ဤတွင် ဧကန်အမှန်ဆိုလိုချက်မှာ စိတ်ဖြင့်ခံစားမှုအတွေ့အကြုံတစ်ခုကိုရှာရန်ဖြစ်သည်။ ရော်ဂျာ ဂျေ၊ မော်နူး (Roger J. Morneau) က၊ "ဝိညာဉ်များ

(နတ်ဆိုးများ) သည်၊ ခရစ်တော်နှင့်သူ၏ပုရောဖက်များ၏စကားကို နားထောင်မည့်အစား သူတို့၏ခံစားချက်အပေါ်သာနားထောင်ရန် လူများကိုတိုက်တွန်းနှိုးဆော်လိမ့်မည်။ မည်သည့်အရာများဖြစ်ပျက်နေသည်ကိုပင် ကာယကံရှင်များ မသိနားမလည်နိုင်အောင် နတ်ဆိုးများသည်၊ လူတို့၏ဘဝကိုထိန်းချုပ်နိုင်လိမ့်မည်။" Roger J. Morneau, A Trip into the Supernatural, Review and Herald 1982, p. 43

ကတိတော်များနှင့်ဆုတောင်းခြင်းသည်၊ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ဘဏ္ဍာတိုက်ကို ဖွင့်ပေးသည်။ ကျွန်ုပ်တို့၏ချစ်စွာသောကောင်းကင်ဘုံရှိအဘသည်၊ ကျွန်ုပ်တို့အတွက် ပင်ပန်းခြင်းကင်းမဲ့သောဘဏ်စာရင်းတစ်ခုကိုဖွင့်ပေးသည်။ "တပည့်တော်များသည်၊ ဘုရားသခင်၏ကတိတော်များ၌ယုံကြည်လျှင် ကြီးမားသောအရာများကိုရရှိရန် သူတို့မျှော်လင့်နိုင်ပါသည်။ E. G. White, The Desire of Ages (1898), p. 668.1

ကတိတော်များ၏အုပ်စုနှစ်စု

တစ်ချိန်တည်းမှာပင် သမ္မာကျမ်းစာတွင်ပါသောကတိတော်များ၏စပ်ကြားကွဲပြားခြားနားသော အတန်းအစားများကို သတိထားရန်အရေးကြီးပါသည်။ "ဝိညာဉ်ရေးဆိုင်ရာကတိတော်များ၊ အပြစ်မှခွင့်လွှတ်ရန်အတွက်၊ သန့်ရှင်းသောဝိညာဉ်တော်အတွက်၊ ဘုရားအမှုတော်ဆောင်ရွက်ရန် တန်ခိုးအတွက် အစဉ်အမြဲရရှိနိုင်ပါသည်။ (တမန်တော် ၂း၃၈-၃၉ တွင်ကြည့်ပါ။) သို့သော် လောကီကောင်းချီးမင်္ဂလာအတွက် ကတိတော်များကိုအသက်အတွက်ပင်ဖြစ်လင့်ကစား၊ အခါအခွင့်ပေါ်၌ကြည့်ရှုခြင်း၊ မပေးခြင်းကို ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်ခြင်းခံရသော ကျွန်ုပ်တို့အတွက် အကောင်းဆုံးကိုသာပေးပါသည်။ Morris L, Venden, 95 Theses on Righteousness by Faith, (Pacific Press 1987), p. 60

ဥပမာတစ်ခု။ ဟေရှာယ ၄၃း၂။ "မီးကိုချင်းနင်းသောအခါလည်း မလောင်ရ။ မီးလျှံလည်းမည်ရ။" ဘုရားသခင်သည် သူငယ်ချင်းသုံး ယောက်ကိုမီးလောင်လျက်ရှိသောမီးဖိုထဲမှ အံ့သြဖွယ်ရာကောင်းသော ကယ်တင်ပေးခြင်းအားဖြင့် သူ၏ကတိကိုတည်စေခဲ့၏။ (ဒံယေလ ၃)။ သို့သော်လည်းအခြားတစ်ဖက်မှာ၊ ပြုပြင်ပြောင်းလဲရေးသမားများဖြစ်သော ဟတ်(စ်) (Huss) နှင့် ဂျရုန်း (Jerome) တို့သည် ကွန်စတင့် (Constance) တွင် တိုင်မှာချည်၍မီးရှို့ခြင်းခံခဲ့ရသည်။ သူတို့၏ဆုတောင်းခြင်းမပြည့်စုံဟု ကျွန်ုပ်တို့ဆိုနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့မသိနားမလည်သောအဖြေကို ခေတ်နှင့်လျော်ညီစွာ ဘုရားပေးခဲ့သည်မဟုတ်ပါလား။ အဘယ်ကြောင့် ထိုသို့သောတုံ့ပြန်မှုကိုပေးခဲ့သနည်း။ ပုပ်စာရေးဆရာတစ်ဦးက ဤမာတုရများ၏သေခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းရေးသားခဲ့သည်။ "သူတို့နှစ်ဦးလုံးသည်၊ သူတို့၏နောက်ဆုံးအချိန်နာရီသို့ ရောက်သောအခါ၊ တည်ငြိမ်သောစိတ်၊ မပြောင်းလဲသောစိတ်ကို သယ်ဆောင်ခဲ့ကြသည်။ မင်္ဂလာဆောင်ပွဲကိုသွားရန်ပြင်ဆင်သကဲ့သို့ မီးရှို့ခံရန်အတွက် မိမိကိုယ်ကိုပြင်ဆင်ခဲ့ကြသည်။ သူတို့သည် နာကျင်ခြင်းဝေဒနာအတွက် အော်ဟစ်ခြင်းမရှိခဲ့ပါ။ မီးတောက်မီးလျှံတက်လာသောအခါ၊ ဓမ္မတေးများကိုစတင်သီဆိုခဲ့ကြသည်။ ရှားပါးစွာပင် ပြင်းထန်စွာလောင်ကျွမ်းသောမီးသည် သူတို့၏သီချင်းသီဆိုခြင်းကို မရပ်တန့်စေနိုင်ခဲ့ပါ။" E. G. White, The Great Controversy, (1911), p. 109.3 Neander, "Kirchengeschichte," 6. Per., 2. Abschnitt, 2. Teil, §69; Hefele,, Konziliengeschichte" Bd. VI, S. 209 f. လူတစ်ဦးတစ်ယောက်ကို မီးရှို့လျှင်သူတို့အော်ဟစ်ကြမည်ဖြစ်သည်။ သူတို့၏ပြုမူခြင်းသည်၊ ကျွန်ုပ်တို့အတွက်ချက်ချင်းလက်ခံခြင်း၊ မြင်နိုင်ခြင်းမရှိသော်လည်း သူတို့အတွက် ဘုရားသခင်ကြားဝင် လုပ်ဆောင်ခြင်းကိုပြသပေးပါသည်။ ဤအရာအားဖြင့် လောကီရေးရာကတိများသည် ကျွန်ုပ်တို့အတွက် အရေးပါသေးကြောင်းကို ကျွန်ုပ်အားပြသပါသည်။

အဖြေ၊ တုံ့ပြန်မှုအတွက်ကျေးဇူးတင်ခြင်း

ယခုအခြားအရေးကြီးသော ကဏ္ဍတစ်ခုအတွက်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို ပေးတော်မူသည့်အခါကျေးဇူးတင်၍ နောက်ဆုတောင်းခြင်း၏ တုံ့ပြန်မှုအပေါ် ကျွန်ုပ်တို့ကျေးဇူးတင်ရန်မှန်ပါသလားဟု မေးခွန်းမေးတတ်ကြသည်။ ဤအချိန်တွင် ဘုရားသခင်ကိုကျေးဇူးတင်ခြင်းသည် သူ့အားကျွန်ုပ်တို့ယုံကြည်ကိုးစားကြောင်းဖော်ပြသည်။ တောင်းသောဆုကိုပေးသနားသောကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့အလိုအပ်ဆုံးသောအချိန်တွင် ပြည့်စုံစေရန်မျှော်လင့်ကြောင်းကိုတင်ပြကာ ကျေးဇူးတင်ကြောင်းပြောရမည်။ အချို့ယုံကြည်သူများအတွက်အဖြေကို သူတို့ချက်ချင်းသတိထားမိသော်လည်း၊ ယုံကြည်သူများအတွက် ဧလိယ၏အတွေ့အကြုံမျိုးကဲ့သို့ကြုံတွေ့ရတတ်သည်။ ဘုရားသခင်သည်၊ မုန်တိုင်း၌မရှိ၊ မြေငလျင်လှုပ်ခြင်း၌မရှိ၊ မီး၌လည်းမရှိ။ ဖြည်းညင်းသောအသံ၌ ဘုရားသခင်ရှိသည်။ (၃ရာ ၁၉း၁၁–၁၂)။ ကျွန်ုပ်အတွက်လည်း ဤကဲ့သို့သောအတွေ့အကြုံရှိခဲ့သည်။

ရှည်ကြာသောအချိန်ပြီးနောက် ကျွန်ုပ်အတွက်မည်သို့မျှမဖြစ်ပျက်ခဲ့ဟု ကျွန်ုပ်ထင်ခဲ့သည်။ ထိုနောက် ကျွန်ုပ်မထင်မှတ်ဘဲ ကျွန်ုပ်အတွက်အရာများစွာဖြစ်ပျက်ခဲ့သည်ကို သတိထားမိလာခဲ့သည်။

ကျွန်ုပ်၏အတွေးအခေါ်ကိုပြောင်းလဲလိုက်သည်

အဓိပ္ပါယ်မှာ၊ ဤအချိန်တွင် ကျွန်ုပ်၏အတွေးအခေါ်များကိုပြောင်းလဲပစ်ရန်လိုအပ်သည်။ “စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့” (ရောမ၊ ၁၂း၂)။

ဤအချိန်တွင်ပြောရန်မှန်ကန်သောစကားမှာ၊ ကျွန်ုပ်၏ဆုတောင်းခြင်းကို ဖဘုရားအဖြေပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏တောင်းဆိုချက်ကို ပေးခဲ့ပြီးဖြစ်သည့်အတွက် ဖဘုရားကိုကျေးဇူးတင်ပါသည်။

သင့်လျော်သောအချိန်၌ ဖဘုရားထံမှတုံ့ပြန်ချက်ကို ကျွန်ုပ်တွေ့ကြုံခံစားစေမည်ဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်။

ဤအရာသည် ကိုယ်တိုင်ကြီးကိုင်ခြယ်လှယ်ခြင်းမဟုတ်ပါ။ ကိုယ်တိုင်ကြီးကိုင်ခြယ်လှယ်ခြင်းသည်၊ မိမိကိုယ်ကိုမိမိဖြားယောင်းရန် ကြိုးစားနေခြင်းဖြစ်သည်။ ကျွန်ုပ်သည်ကတိတော်နှင့် ဆုတောင်းပြီးခဲ့သောအခါ၊ ကျွန်ုပ်၏ပြောင်းလဲသွားသောအတွေးအခေါ်သည် မွန်မြတ်သန့်ရှင်းသောအခြေခံ၌တည်ရှိနေပြီ။ အဘယ်ကြောင့်ဆိုသော် ယုံကြည်ခြင်းကြောင့်ကျွန်ုပ်ကိုဘုရားသခင်ကအဖြေပေးခဲ့ပြီ။ ဤကိစ္စတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အတွေးအခေါ်ကိုမပြုပြင်၊ မပြောင်းလဲလျှင်၊ ကျွန်ုပ်သည်ဘုရားသခင်အားယုံကြည်ကိုးစားခြင်းမရှိကြောင်း ဖဘုရားအားဖော်ပြသည်သာမက ကိုယ့်ကိုကိုယ်ရှေ့တန်းတင်သောခံစားချက်ရှိသည်ကို ဖော်ပြလျက်ရှိနေသည်။ ဤအပြုအမူအားဖြင့် ဖဘုရားကိုလိမ်ညာသူဟု ပြောဆိုသကဲ့သို့ဖြစ်စေ၍ ကျွန်ုပ်သည် အဘယ်အရာကိုမျှရရှိမည်မဟုတ်ပါ။

ဆုတောင်းသောအခါမည်သည့်အဖြေကိုမျှ ကျွန်ုပ်သတိမထားမိသောအချိန်၌ပင်လျှင် အလိုတော်နှင့်ကိုက်ညီအောင်နေထိုင်ပြုကျင့်ရန် အရေးကြီးပါသည်။ ယုံကြည်ရန်လိုအပ်ချက်ကို ဘုရားသခင်ကအမြဲပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ သူ့ကိုယုံကြည်ကိုးစားရန်အလိုရှိပါသည်။ ယော်ဒန်မြစ်ဖြတ်ကူးခြင်းအကြောင်းကိုစဉ်းစားကြည့်ပါ။ ပထမဦးဆုံးယဇ်ပုရောဟိတ်များသည် ရေထဲသို့ဆင်းခဲ့ကြရသည်။ ထိုနောက်မှ ရေနှစ်ခြမ်းကွဲသွားခဲ့သည်။ နေမန်သည် ရောဂါမပျောက်ကင်းမီရေထဲမှာ သူ့ကိုယ်သူခုနစ်ကြိမ်နှစ်ခဲ့ရသည်။

မတော်လျှင်သင်က "ကျွန်ုပ်မလုပ်တတ်ပါ။ လုပ်ရန်ပင်စိတ်မကူးခဲ့ပါ" ဟု ပြောကောင်းပြောလိမ့်မည်။ ကျွန်ုပ်တို့ရှင်းလင်းချက်မထုတ်နိုင်သောအရာ မြောက်မြားစွာရှိကြောင်းကို ကျေးဇူးပြု၍သတိရပေးပါ။ ယနေ့ထက်တိုင် လျှပ်စစ်မှာတ်အားကို တွင်တွင်ကျယ်ကျယ်အသုံးပြုသော်လည်း၊

လျှပ်စစ်မာတ်အားအကြောင်းကိုမသိနိုင်ကြပါ။ ယနေ့ထိ ကလေးများမည်သို့ စကားပြောတတ်လာသည်ကို နားမလည်ကြပါ။ သို့သော် အားလုံးကစကား တတ်လာအောင်သင်ကြားကြရသည်။ "ဤသဘာဝကမ္ဘာတွင်၊ ကျွန်ုပ်တို့ နားလည်နိုင်စွမ်းထက် ကျော်လွန်လျက်ရှိသည့်အံ့ဩဖွယ်အရာများ ကျွန်ုပ်တို့ ပတ်ပတ်လည်တွင် အဆက်မပြတ်တည်ရှိနေသည်။ ထို့ကြောင့်၊ ဝိညာဉ်ရေး ဆိုင်ရာကမ္ဘာ၏လျှို့ဝှက်ဆန်းကြယ်ခြင်းများကို ကျွန်ုပ်တို့နားလည်းသဘော ပေါက်ရန် မဖြစ်နိုင်သည်ကိုအံ့ဩရန် သင့်လျော်ပါမည်လား။" E. G. White, Education (1903), p. 170.1

သုတ်၊ ၃း၅၊၆ တွင် ပါသောအကြောင်းအရာများအကြောင်းကို စဉ်းစားကြည့်ကြပါစို့။ "ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်၊ သွားလေရာရာ၌ ထာဝရဘုရားကိုမျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကိုပဲ့ပြင်တော်မူမည်။" ဤတွင်၊ ကျွန်ုပ်တို့၏ လမ်းခရီးကိုပဲ့ပြင်ပေးမည့်ကတိတော်အတွက် ဘုရားသခင်ထံမှ ထင်ရှားသော မရှိမဖြစ်လိုအပ်ချက်များကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ မရှိမဖြစ်လိုအပ်ချက်တိုင်းသည်၊ ဘုရားသခင်၏ပညတ်ချက်တစ်ခုစီဖြစ်သည်။ မရှိမဖြစ်လိုချက်ကို ကျွန်ုပ်တို့ဖြည့်ဆည်းခဲ့ပြီဟု ကျွန်ုပ်တို့မသေချာလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချက်ချင်းအဖြေပေးမည့်အာမခံချက်ဖြင့် လိုအင်ဆန္ဒအတွက် ကျွန်ုပ်တို့ဆုတောင်းနိုင်ပါသည်။ "..... သို့သော် 'လိုအင်ဆန္ဒရှိလာရန် လုပ်ပေးစေလိုသောဆန္ဒ' သင့်မှာရှိလျှင် ဘုရားသခင်သည် သင့်တွက်ဖြစ်မြောက်ရန် လုပ်ပေးမည်။....." E. G. White, Thoughts from the Mount of Blessing (1896), p.142.1

ကူညီနိုင်သည့်သေးငယ်သောအရာ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကတိတော်ဖြင့် ဆုတောင်းခဲ့ကြပြီ။ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းခဲ့ကြပြီ။ သို့သော် ဘုရားသခင်၏တုံ့ပြန်ချက် သို့မဟုတ် အဖြေပေါ်သံသယစိတ်ဝင်ခဲ့လျှင် ကျွန်ုပ်တို့ဘာလုပ်နေသည်ကို ကျွန်ုပ်တို့သိပါသလား။

ဘုရားသခင်ကိုလူလိမ်တစ်ဦးဖြစ်ရန် လုပ်နေခြင်းဖြစ်သည်။ မည်သည့်အခြေအနေတွင်မျှ ဤသို့ကျွန်ုပ်တို့မပြုလုပ်လိုပါ။ ဤကဲ့သို့သောအဖြစ်မျိုးတွင် ဆုတောင်းပါ။ သခင်ဘုရား၊ ကျွန်ုပ်ယုံကြည်ပါသည်။ မယုံကြည်သည်ကို ယုံကြည်ရန်မစတော်မူပါဟု ဆုတောင်းပါ။ ထို့နောက် ယုံကြည်ကိုးစားလိုက်ပါ။

အီးဂျီဝိုက်ရေးသားသော "Education" စာအုပ်ရှိ "Faith and Prayer" (ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်း) အခန်းတွင် ကတိတော်များနှင့် ဆုတောင်းခြင်းအပေါ်အလွန်တန်ဖိုးရှိသော အကြံပေးချက်ရှိပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ရရှိရန်အတွက် ဆုတောင်းခြင်း

သန့်ရှင်းသောဝိညာဉ်တော်နှင့်အဖြည့်ခံရစေရန် ဆုတောင်းခြင်းအတွက် ကျွန်ုပ်တို့မှာအကောင်းဆုံးသောအရည်အချင်းများရှိသည်ဟု ကျွန်ုပ်ထင်မြင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏လိုအင်ဆန္ဒအတိုင်း ဘုရားသခင်လုပ်ပေးရန်၊ ဆန္ဒရှိလာစေရန်၊ ကျွန်ုပ်တို့လုပ်ရန်မဟုတ်ဆိုသည့်အကြောင်းကို ကျွန်ုပ်တို့မမေ့သင့်ပါ။ ထိုသို့လုပ်မည့်အစား ဘုရားသခင်၏ကတိတော်များနှင့် သူ၏ယုံကြည်ထိုက်သောအရာများအပေါ် ယုံကြည်ရန်ဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်လက်ခံရရှိရန် ကတိတော်

ဘုရားသခင်သည်၊ ကျွန်ုပ်တို့အားသန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိရန်အတွက် ကောင်းမွန်သောကတိတော်များပေးခဲ့ပြီ။

လုကာ၊ ၁၁း၁၃။ "သင်တို့သည်၊ အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အားကောင်းသောအရာကိုပေးတတ်လျှင်၊ ထိုမျှမကကောင်းကင်ဘုံ၌ရှိတော်မူသော

သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုသာ၍ပေးတော်မူမည်မဟုတ်လောဟု မိန့်တော်မူ၏။"

ဤတွင် ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်ဖဘုရား၏ ပူးတွဲထားသော ကတိသစ္စာပြုခဲ့ခြင်းမဟုတ်ပါလား။ ဤကောင်းမွန်လှသောကတိမှာ တောင်းဆိုချက်က၊ တောင်းကြလော့။ တစ်ကြိမ်သာတောင်းဆိုရန် ယေရှုမဆိုလိုဘဲ အစဉ်တောင်းခံရန်ဘဲ သူတိုက်တွန်းမေတ္တာရပ်ခံနေသည်။

သို့စေကာမူ ဤနေရာတွင် ဆက်စပ်စဉ်းစားရမည့်အရာများကို မြင်ရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် တူညီသောအကြောင်းအရာအကြောင်းကို ဖော်ပြသောအခြားကျမ်းချက်များကိုလည်း ဖတ်သင့်ပါသည်။ ဥပမာ၊

တမန်တော် ၅း၃၂။ "ထိုအကြောင်းအရာတို့သည် အမှန်ဖြစ်ကြောင်းကို ငါတို့သည်သက်သေခံဖြစ်ကြ၏။ ဘုရားသခင်၏စကားတော်ကို နားထောင်သောသူတို့အား ပေးသနားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သက်သေခံဖြစ်တော်မူသည်ဟုပြောဆိုကြ၏။"

ဤနေရာ၌တောင်းဆိုခြင်းက နားထောင်ခြင်းပင်ဖြစ်သည်။ သည်မှာ ကျွန်ုပ်တို့သည် ကျမ်းချက်တစ်ချက်တည်းကိုသာ ကျွန်ုပ်တို့အထောက်အပံ့ယူ၍မရကြောင်းမြင်နိုင်ပါသည်။ ကျွန်ုပ်တို့ကတိတော်နှင့်ပတ်သက်၍ ဆက်စပ်စဉ်းစားဆင်ခြင်ရန်ရှိပါသည်။ ကျွန်ုပ်တို့အတွက်သာယာပျော်ရွှင်စေသော အရာကြောင့် တစ်ကြိမ်တည်းနားထောင်ခြင်းနှင့်မသက်ဆိုင်ပါ။ အမှန်မှာ ကျွန်ုပ်တို့၏အံ့သြဖွယ်ရွေးနုတ်ရှင်နှင့် မိတ်ဆွေကိုနားထောင်ရန်ဖြစ်ပါသည်။ နားထောင်ခြင်းသည် ဝမ်းမြောက်ခြင်းကိုတည်ဆောက်ပေးသည်။ နံနက်တိုင်း နားထောင်တတ်သောစိတ်နှလုံးကိုတောင်းခံပါ။ ဘုရားသခင်လုပ်စေလိုသော အရာအားလုံးကို လုပ်ပေးလိုသောစိတ်ဆန္ဒကိုပေးရန်နှင့် လုပ်ဆောင်ချက်များအထမြောက်အောင်မြင်ရန်အတွက် သင့်အားကူညီမစရန်ဆုတောင်းပါ။ ဤကဲ့သို့လုပ်ခြင်းဖြင့် ကောင်းသော၊ မရှိမဖြစ်လိုအပ်သော အရာတစ်ခုကိုဖန်တီးပေးသည်။

ယောဟန်၊ ၇း၃၇ တွင်၊ "ရေငတ်သောသူရှိလျှင်၊ ငါ့ထံသို့လာ၍ သောက်လော့။"

ဤသန့်ရှင်းသောဝိညာဉ်တော်ကိုရရှိရန် လိုအင်ဆန္ဒ၊ အာသီသ ရှိရန်နှင့်ဆက်စပ်ပါသည်။ အာသီသမရှိလျှင် သို့မဟုတ် အနည်းငယ်သာ ရှိသည်ဟုထင်လျှင်၊ လိုအင်ဆန္ဒရှိလာရန်ဆုတောင်းနိုင်ပါသည်။ ဘုရား သခင်၏အလိုတော်နှင့်ကိုက်ညီသော တောင်းလျှောက်ခြင်းဖြစ်သောကြောင့် ချက်ချင်းတုံ့ပြန်ပေးမည်ဖြစ်သည်။ အံ့သြဖွယ်ဘုရားသခင်အားတောင်းလျှောက် သောအခါ၊ လိုအင်ဆန္ဒသာမကပြီးမြောက်အောင်မြင်ခြင်းပါ ကျွန်ုပ်တို့အထဲ တွင် သူဖန်ဆင်းပေးမည်။ ဘုရားသခင်နှင့်နီးကပ်စွာဆက်ဆံရေးကို လိုချင်သော စိတ်ဆန္ဒရှိရန်၊ စိတ်နှလုံးအကြွင်းမဲ့ဘုရားသခင်အားချစ်ရန်၊ သူ့အားဝမ်းမြောက် ခြင်းနှင့်အစေခံနိုင်ရန်၊ ယေရှုနှင့်သူ၏မကြာမီကြွလာခြင်းအတွက် လိုအင် ဆန္ဒပို၍ကြီးထွားရန်၊ ဘုရားသခင်၏နိုင်ငံတော်မှာ ပြန်လည်ဆုံစည်းရန်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ချင်သောအာသီသရှိ၍ နားလည် သဘောပေါက်ရန်၊ ကူညီမစလိုသောစိတ်ဆန္ဒနှင့် ပျောက်ဆုံးသောသူများကို ကယ်တင်ရာ၌ ကူညီမစနိုင်ရန်၊ ကိုယ်ကိုကိုယ်ပြင်ဆင်နိုင်ရန် ဆုတောင်း နိုင်ပါသည်။

ယောဟန်၊ ၇း၃၈–၃၉။ "ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာ လာသည်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော် မူ၏။ ထိုသို့မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတ္တံ့သော ဝိညာဉ်တော်ကိုရည်မှတ်၍ မိန့်တော်မူ၏။"

ဤအခြေအနေသည်၊ "ယုံကြည်ပါ" ဆိုသောအခြေအနေပဲဖြစ်သည်။ ဤမှာကျွန်ုပ်တို့မြင်တွေ့ရသည်မှာ၊ ယေရှုခရစ်ကိုယုံကြည်၍၊ ဘုရားသခင် အားကိုးစားခြင်းသည်၊ သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိရန်အရေးကြီးသော မရှိမဖြစ်ကြိုတင်လိုအပ်ချက်တစ်ခုဖြစ်သည်။ ကတိတော်ဖြင့်ဆုတောင်းသော အခါ ယုံကြည်ရန်သာ၍လွယ်ကူသွားပါသည်။

ဂလာတိ၊ ၅း၁၆။ "ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့မလိုက်ဘဲနေကြလိမ့်မည်။"

အကယ်စင်စစ် ကျွန်ုပ်တို့မှာရှိသည့်ဤကတိတော်သည်၊ အမိန့်တစ်ခုအဖြစ်ဖော်ပြထားသည်။ ဝိညာဉ်ပကတိအတိုင်းကျင့်ရန် ဘုရားအလိုရှိသောအခါ၊ ကျွန်ုပ်ကိုသန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဖြည့်ပေးလိုသည်ကို ထင်ရှားစွာအဓိပ္ပါယ်ပေါ်လွင်ပါသည်။ ဤတွင်ကျွန်ုပ်တို့ကိုပြသသည်မှာ၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်နှင့်ပြည့်ဝသည့်အခါ ဇာတိပကတိလက်အောက်မှာမရှိတော့သည်ကိုပြသပါသည်။ ကျွန်ုပ်တို့အတွင်း၌ရှိသောအပြစ်၏တန်ခိုးကို သန့်ရှင်းသောဝိညာဉ်တော်ကချိုးဖဲ့ပေးသည်။ (ရောမ၊ ၈း၁–၁၇။ အထူးသဖြင့် အငယ် ၂)။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏အကျင့်တို့ကိုသေစေသည်။ (ရောမ၊ ၈း၁၃) ပေါလုအကြောင်းကိုစဉ်းစားကြည့်ပါ။ သူ့ကိုယ်သူ "ငါနေ့စဉ်သေသည်" ဟုပြောသည်။ ဇာတိပကတိအကျင့်များ (ဂလာတိ၊ ၅း၁၈–၂၁) ကိုကျင့်မည့်အစား၊ ဝိညာဉ်ပကတိ၏အသီးများဖြင့် ကြီးထွားလာရန် အလွန်တန်ဖိုးကြီးသောအရာဖြစ်သည်။ (ဂလာတိ၊ ၅း၂၂)။

ကျွန်ုပ်တို့၏အသက်တာများအတွင်းသို့ အပြစ်တရားကျူးကျော်ဝင်ရောက်၍မရနိုင်ကြောင်းကို နှစ်လုံးပြူးမှန်ဘီလူး၏အစိတ်အပိုင်းများတပ်ဆင်ထားခြင်းနှင့်နှိုင်းယှဉ်၍ကြည့်နိုင်ပါသည်။ မှန်ဘီလူးအထဲသို့ ဖုန်မှုန့်များမဝင်နိုင်အောင်အခန်းကို လေဖိအားထက်ပိုအောင်ပြုလုပ်ထားရသည်။ တံခါးဖွင့်သည်နှင့်အပြင်သို့လေတိုးထွက်သောကြောင့် အတွင်းသို့ဖုန်မှုန့်များမဝင်လာနိုင်ချေ။ ထိုနည်းတူစွာကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောအခါ၊ "ဇာတိပကတိအလိုသို့မလိုက်ဘဲနေကြလိမ့်မည်။" (ဤအကြောင်းအရာနှင့်ပတ်သက်၍ ဖြည့်စွက်ထားသောအချက်အလက်များသည် ဤအခန်း၏နောက်ဆုံးပိုင်းရှိ "လူတစ်စုံတစ်ဦးသည် ဝိညာဉ်အသက်တာ၌ဆက်လက်၍တည်ရှိနိုင်ပါသလား" ၌ ရှိသည်။)

ဧဖက်၊ ၃း၁၆–၁၇ နှင့် ၁၉။ "ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင့်မြဲမြံခိုင်ခံ့စေ၍၊ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည်၊ သင်တို့၏စိတ်နှလုံးအထဲ၌ ကိန်းဝပ်တော်မူမည်အကြောင်း၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်ညီလျော်စွာ၊ သင်တို့အားပေးသနားတော်မူ၍၊ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိသဖြင့်.... ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည့်အကြောင်း။ ငါသည် ဆုတောင်းလေ့ရှိ၏။"

ကာလကြာမြင့်စွာတန်ခိုးတော်တစ်စုံတရာကိုပင် ကျွန်ုပ်တို့သည် သတိမထားမိဘဲဖြစ်နေတတ်သည်။ သဘာဝအတိုင်းဖြစ်နေသည်ဟု ကျွန်ုပ်တို့ ခံယူမိမည်။ နွေရာသီတွင်သစ်ရွက်များကြွေ၍ မိုးရာသီမှာစိမ်းလန်းစိုပြည်နေသကဲ့သို့ခံစားမိတတ်သည်။ ဤသို့ဖြစ်ပျက်ခြင်း၊ အသက်ပြန်ဝင်ခြင်းအမှုမှာ အလွန်ကြီးမားသောတန်ခိုးများက အလုပ်လုပ်နေသည်။ သို့သော် ထိုတန်ခိုးတို့ကို မမြင်နိုင်မကြားနိုင်ပါသော်လည်း ရလဒ်များကို ကျွန်ုပ်တို့မြင်နေရသည်။ ကျွန်ုပ်အတွက်ထိုကဲ့သို့ဖြစ်ခဲ့ပါသည်။ သို့သော် ယခုကျွန်ုပ်ကိုများစွာသောတန်ခိုးကိုပေးသောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။

အခြားသောဥပမာ။ ကျွန်ုပ်တို့၏ခန္ဓာအတွင်းမှာ လျှပ်စစ်စီးကြောင်းများရှိသည်ကို ဆယ်စုနှစ်အနည်းငယ်ကတည်းကသိရှိခဲ့ကြပြီ။ ထိုသို့ရှိနေသော်လည်းရှိသည်ဟု ကျွန်ုပ်တို့သဘောမပေါက်၊ သတိမမူမိကြပါ။

ဧဖက်၊ ၅း၁၈။ "....ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။" သို့မဟုတ် "သင်တို့ကိုယ်ကို သန့်ရှင်းသောဝိညာဉ်တော်နှင့်အဆက်မပြတ်အဖြည့်ခံလော့။" Johannes Mager, Auf den Spuren des Heiligen Geistes, (Luneburg, 1999), Seite 101

တမန်တော်၊ ၁း၈။ "....သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ သင်တို့သည် တန်ခိုးကိုခံရ၍.... ငါ၏သက်သေဖြစ်ကြလိမ့်မည်။...."

တပည့်တော်များသည် တန်ခိုးကျလာသည်အထိစောင့်ဆိုင်းရန် တာဝန်ပေးခံခဲ့ကြရသည်။ ပျင်းရိစွာမစောင့်နေခဲ့ကြပါ။ "တပည့်တော်များသည်၊ နေ့စဉ်လူများနှင့်ပေါင်းသင်းဆက်ဆံသောအခါ၊ သင့်လျော်လျောက်ပတ်သောစကားများပြောဆိုခြင်းအားဖြင့် အပြစ်သားများကိုယေရှုထံသို့ပို့ဆောင်နိုင်ရန်၊ ပြင်းထန်သောလေးနက်ခြင်းနှင့် ဆုတောင်းခဲ့ကြသည်။ ကွဲပြားခြားနားခြင်းနှင့်သာလွန်သောတပ်မက်ခြင်းများကို ဘေးသို့ဖယ်ရှားပစ်ကာ၊ ခရစ်ယာန်ပေါင်းဖော်ခြင်း၌ သာ၍နီးကပ်ခြင်းရှိလာခဲ့ကြပါသည်။" Acts of the Apostles, 37.1. ကျွန်ုပ်တို့သည်လည်း သူတို့နည်းတူကတိတော်နှင့်ဆုတောင်းနိုင်ပါသည်။

ကောင်းသောရလဒ်မရှိ ...?

"လူငယ်လူရွယ်တစ်ယောက်သည်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန်ဆန္ဒရှိသောကြောင့် အကြံဉာဏ်အတွက်ရှာဖွေနေခဲ့သည်။ ရရှိရန်သူအမှန်ပင်ကြိုးစားခဲ့ပါသည်။ တရားဟောဆရာကသူ့ကို 'သင်၏လိုအင်ဆန္ဒကို ဘုရားသခင်အားလုံးလုံးဆက်ကပ်ပြီးပြီလား' ဟုမေးရာ သူက 'လုံးလုံးဆက်ကပ်ပြီဟုမထင်မိပါ' ဟုပြန်ဖြေသည်။ တရားဟောဆရာက 'ထိုသို့ဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန်တောင်းဆိုသော်လည်းအကျိုးမရှိပါ။ သင့်ကိုယ်သင်လုံးလုံးဆက်ကပ်မှသာ အကျိုးခံစားရမည်။ သင့်လိုအင်ဆန္ဒများကို လုံးလုံးလျားလျားမအပ်နှံချင်ဘူးလား' ဟုမေးရာ၊ 'ကျွန်ုပ်မတတ်နိုင်ပါ' ဟု လူငယ်ပြန်ဖြေခဲ့သည်။ 'ဘုရားသခင်က သင်ဆန္ဒရှိလာရန်လုပ်ပေးစေချင်ပါသလား' ဟု ဆရာကမေးရာ သူက 'ဟုတ်ကဲ့' ဟုဖြေပြန်၏။ 'ထိုသို့ဆိုလျှင် ယခုပင်သူ့ကိုဆုတောင်းလိုက်ပါ' ဟု ပြောသောအခါ

လူငယ်က 'အိုအဖဘုရား၊ ကျွန်ုပ်ဆန္ဒများကိုကျွန်ုပ်၏အထဲမှဖယ်ရှားပစ်ပေးပါ။ ဖဘုရား၏လိုအင်ဆန္ဒအတိုင်း လုံးလုံးအပ်နှံနိုင်ရန်ပြုလုပ်ပေးပါ။ ကျွန်ုပ်အတွက် ကျွန်ုပ်၏ဆန္ဒကို ဖဘုရားပစ်ချပေးပါ။ ယေရှု၏နာမကိုအမှီပြု၍ ဆုတောင်းပါ၏။ အာမင်' ဟုဆုတောင်းပြီးသောအခါ ဆရာက 'ပစ်ချပေးခဲ့ပြီလား' ဟုမေးသောအခါ လူငယ်က 'ပစ်ချပေးခဲ့ပြီထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရား၏အလိုတော်အတိုင်း တောင်းလျှောက်သောကြောင့် ကျွန်ုပ်၏တောင်းလျှောက်သံကိုနားညောင်းပြီးပေးခဲ့ပြီ ဟု ကျွန်ုပ်သိရပါသည်။ (၁ယော၊ ၅း၁၄–၁၅)။ တောင်းဆိုခဲ့သည့်အတိုင်းရခဲ့ပြီ။ ကျွန်ုပ်၏ဆန္ဒကိုအောက်သို့ပစ်ချပေးခဲ့ပြီ' ဟုပြန်ပြောသောအခါ၊ ဆရာက 'ယခုသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဗတ္တိဇံခံပေးရန် (သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း)' တောင်းပါဟု ဆိုပြန်သည်။ လူငယ်လည်းဆရာခိုင်းသည့်အတိုင်း 'အိုအဖ၊ ကျွန်ုပ်ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဗတ္တိဇံပေးပါ။ ယေရှု၏နာမ၌တောင်းလျှောက်ပါ၏' ဟုတောင်းသော် သူ၏ဆန္ဒကိုပစ်ချထားခဲ့ပြီဖြစ်သောကြောင့်ချက်ချင်းပင် သန့်ရှင်းသောဝိညာဉ်တော်ဖြင့်ဖြည့်ခြင်းကိုခံရပါသည်။" Reuben A. Torrey, Der Heilige Geist- Sein Wesen und Wirken (Frankfurt, 1966), p. 150.

'မတိုင်မီက' နှင့် 'ပြီးနောက်' တို့၏ ကြီးမားသောကွာခြားချက်

ကျွန်ုပ်သည် ကတိတော်ဖြင့်ဆုတောင်းခြင်းနှင့် ကြာမြင့်စွာအကျွမ်းဝင်၍ ၎င်းကိုအထူးအစီအစဉ်များ၌ အသုံးပြုခဲ့ပြီး၊ အံ့သြဖွယ်ကောင်းသောရလဒ်များကိုရရှိခဲ့သော်လည်း၊ နှစ်ပေါင်းများစွာတိုက်သောကတိတော်များအပေါ်အားထားခြင်းမရှိဘဲ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိရန် ရိုးရိုးလေးတောင်းခံလျှင်လုံလောက်ပြီဟု ကျွန်ုပ်ထင်ခဲ့ပါသည်။ လူအများစုကလည်းဤကဲ့သို့သောခံယူချက်ရှိသည်ဟု ကျွန်ုပ်သိပါသည်။ ထိုသို့ပြုခြင်းကိုမှားသည်ဟု ကျွန်ုပ်မဆိုလိုပါ။ သို့သော် ကျွန်ုပ်၏ကိုယ်ပိုင်အတွေ့အကြုံကို

ပြန်လှည့်ကြည့်၍ဆန်းစစ်ကြည့်သောအခါ၊ ကတိတော်များမပါဘဲ ဆုတောင်းခဲ့သည့်အတွက် ဝမ်းနည်းပြီးစိတ်ထိခိုက်မိပါသည်။ ယခုနှစ်ပေါင်း အနည်းငယ်အတွင်း ကတိတော်ဖြင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံရန် နေ့စဉ်ဆုတောင်းသောအခါ၊ ဆုတောင်းပြီးသည်နှင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက်ရှိသည့် မိမိကိုယ်မိမိစိတ်ချရသောအဖြစ်၌ရှိနေသည်။ အောက်တိုဘာလ ၂၈ ရက်၊ ၂၀၁၁ ခုနှစ်က အဖြစ်အပျက်အားဖြင့် ယခင်မတိုင်မီကအသက်တာနှင့် ၎င်းနောက်မှအသက်တာသည်၊ ကြီးမားစွာကွာခြင်းသည်ကို ကျွန်ုပ်တွေ့ရှိသဘောပေါက်မိပါတော့သည်။

ကျွန်ုပ်သည် ကတိတော်အားဖြင့်စတင်ဆုတောင်းပြီးသည့်အချိန်မှစ၍ ဘုရားသခင်နှင့်ကျွန်ုပ်၏ဆက်ဆံရေးသည် ပို၍ရင်းနှီးမှုရှိလာပြီး၊ ခရစ်တော်သည် ကျွန်ုပ်နှင့်ပို၍နီးကပ်စွာရှိသည်သာမက ကျွန်ုပ်အတွက် ခရစ်တော်သည် ပို၍ကြီးမားလာပါသည်။ ဤသည်မှာ ဓမ္မဓိဋ္ဌာန်မကျသော ခံစားချက်သာမဟုတ်ပါ။ အောက်ပါအရာများနှင့်စာရင်းပြုစုနိုင်ပါသည်။

- ကျမ်းစာဖတ်နေစဉ် ကျွန်ုပ်သည်မကြာခဏအသစ်သော၊ ခွန်အားပေးသော ထိုးထွင်းဉာဏ်ကိုရရှိသည်။
- ဖြားယောင်းသွေးဆောင်ခြင်းနှင့် တိုက်လှန်ရသောအခါ၊ ကျွန်ုပ်သည် အောင်မြင်သောအခြေအနေ၌ ကျန်ရှိနေနိုင်သည်။
- ကျွန်ုပ်၏ဆုတောင်းချိန်သည် ကျွန်ုပ်အတွက်အလွန်တန်ဖိုးကြီးလာပြီး ကျွန်ုပ်အားကြီးမားသောဝမ်းမြောက်ခြင်းကို ယူဆောင်လာပေးသည်။
- ဘုရားသခင်သည် များစွာသော ကျွန်ုပ်၏ဆုတောင်းခြင်းများကို ပေးသနားသည်။
- ယေရှုအကြောင်းကိုအခြားသူများအားပြောပြရာ၌ သာ၍ကြီးမားသော ဝမ်းမြောက်ခြင်းရှိပြီး သာ၍ရဲရင့်ခြင်းရှိလာသည်။ (တမန်တော် ၄း၃၁ နောက်ပိုင်း)။

- ကျွန်ုပ်၏ရင်းနှီးသောသူငယ်ချင်းများနှင့် ပို၍ဖေါ်ရွေလာပါသည်။
- ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ပျော်ရွှင်စွာနေထိုင်နိုင်ပြီး သူ၏လက်ထဲမှာလုံခြုံသောခံစားမှုရရှိသည်။
- ခဲယဉ်းသောကဏ္ဍတွင် ကျွန်ုပ်အားအံ့သြဖွယ်ကောင်းသော နည်းလမ်းဖြင့် အားဖြည့်ပေးခဲ့၍ စိတ်နလုံးတွင်းမှလည်း ကျွန်ုပ်ကိုခွန်အားပေးခဲ့ပါသည်။
- ကျွန်ုပ်အားဘုရားသခင်ပေးသော ဝိညာဉ်ဆုကျေးဇူးများကို ကျွန်ုပ်သဘောပေါက်လာပါသည်။
- ဝေဖန်မှုတွေရပ်တန့်သွားခဲ့သည်။ အခြားသူများ၏အပြစ်ဝေဖန်သံကိုကြားရသောအခါ စိတ်လက်မချမ်းသာနိုင်ပါ။

ပြောင်းလဲခြင်းသည် ညင်ညင်သာသာသာဖြစ်ခဲ့သည်။ ကျမ်းစာပါကတိတော်များဖြင့် သန့်ရှင်းသောဝိညာဉ်တော်အတွက် နေ့စဉ်အတော်ကြာအချိန်ယူပြီး ဆုတောင်းသောအခါမှသာ ပထမအကြိမ်ပြောင်းလဲခြင်းကို ကျွန်ုပ်သတိပြုမိခဲ့ပါသည်။ ထိုအချိန်မှစ၍ တစ်မူထူးခြားသောခရစ်ယာန်အယူဝါဒတစ်ခုကို ကျွန်ုပ်တွေ့ကြုံခံစားရပါသည်။ ယခင့်အချိန်မှာ ဘုရားသခင်နှင့်ကျွန်ုပ်၏အသက်တာသည် ပင်ပန်းခက်ခဲခြင်းနှင့်မကြာခဏကြုံတွေ့ရသော်လည်း ယခုမှာ ဝမ်းမြောက်ခြင်းနှင့်တန်ခိုးတော်ကို ကျွန်ုပ်ခံစားရပါသည်။

ကျွန်ုပ်၏ကိုယ်ပိုင်အသက်တာမှာ သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့သောကြောင့် ဆုံးရှုံးမှုများအတွက်၊ အိမ်ထောင်သည်ဘဝမှဆုံးရှုံးမှုများ၊ မိသားစုမှဆုံးရှုံးမှုများနှင့် ကျွန်ုပ်အမှုဆောင်ခဲ့သောအသင်းတော်မှဆုံးရှုံးမှုများအတွက် ကျွန်ုပ်ဝမ်းနည်းမိပါသည်။ ဤကဲ့သို့ဖြစ်ပျက်သည်ကို သတိထားမိသောအခါ ဘုရားသခင်အားခွင့်လွှတ်ပေးရန်တောင်းခံခဲ့ပါသည်။

ဤနေရာတွင် အကြောင်းမလှသောအမှန်တရားမှာ မိမိကိုယ်ကိုလမ်းပြပို့ဆောင်နိုင်သည်ထက် သူတစ်ပါးကိုမပို့ဆောင်နိုင်ပါ။ မိသားစုနှင့်အသင်း

တော်ထဲမှ လူတစ်ယောက်ချင်းသည် ချို့ယွင်းချက်များပို၍များပြားလာသည်ကို ကျွန်ုပ်တို့သတိရရန်လိုပါသည်။

အခြားသူများမိမိတို့၏အသက်တာတွင် အလားတူသောအမှားမျိုးကြောင့်ဝမ်းနည်းပူဆွေးညည်းညူခြင်းမရှိရလေအောင် စဉ်းစားဆင်ခြင်စရာများအနည်းငယ်ဖြည့်စွက်ပေးရန် ကျွန်ုပ်အလိုရှိပါသည်။

၂ပေ၊ ၁း၃-၄ "...ထိုသို့သောအားဖြင့်လည်း၊ အလွန်ကြီးမြတ်၍အဖိုးထိုက်သောကတိများကို ငါတို့၌အပ်ပေးတော်မူပြီ။..... ဘုရားပကတိကိုဆက်ဆံရသောသူဖြစ်ကြမည်အကြောင်းတည်း။" သခင်ခရစ်တော်နှင့်ရင်းနှီးစွာဆက်ဆံခြင်းအားဖြင့် ကတိတော်များကိုအမှီပြုလျှင် လောကီတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်၍ ဝိညာဉ်ပကတိကိုဆက်ဆံရမည်။

ကတိတော်များအားဖြင့် ကျွန်ုပ်အား သန့်ရှင်းသောဝိညာဉ်တော်ကိုပေးခဲ့ပြီဟုလည်း အဓိပ္ပါယ်ရပါသည်။ သင်သည် ကတိတော်များနှင့်ဘဏ်ချက်လက်မှတ်ကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ဘဏ်စာရင်းကိုင်ဆောင်သူတစ်ဦး၏လက်မှတ်ပါသော ချက်လက်မှတ်တင်ပြသောအခါ၊ သူတစ်ပါး၏ဘဏ်စာရင်းမှငွေထုတ်ယူနိုင်ပါသည်။ ဘုရားသခင်၏သားသမီးများအဖြစ် (၁ယော၊ ၁း၁၂) တည်ရှိသောကျွန်ုပ်တို့သည် ယေရှုလက်မှတ်ထိုးထားသောချက်များ (ကတိတော်များ) ကို နေ့စဉ်ထုတ်ယူနိုင်ပါသည်။ ကိုယ်ပိုင်ချက်လက်မှတ်၊ ပညာရှင်တစ်ဦးကပင်ပြုလုပ်ပေးသောချက်လက်မှတ်သည် အသုံးမဝင်နိုင်ပါ။ ဘဏ်စာရင်းပိုင်ဆိုင်သူ၏ချက်လက်မှတ်ကို ကျွန်ုပ်တို့လိုအပ်ပါသည်။

ကျွန်ုပ်တို့ကိုကတိတော်နှင့်ဆုတောင်းရန် အားပေးသောအခြားအကြောင်းတစ်ခုရှိပါသေးသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် တန်ခိုးရှိပါသည်။ အဘယ်ကြောင့်ဆာလံကျမ်းပါစကားလုံးများကို သုံးခါအသုံးပြု၍ကပ်တိုင်ပေါ်က ယေရှုဆုတောင်းခဲ့ပါသနည်း။ တောထဲရှိစဉ်စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းများကို အပြီးအပိုင်ချေမှုန်းပြီး သူ့ကိုယ်သူ

ကာကွယ်ရန် ကျမ်းစာထဲမှကျမ်းချက်များကို ယေရှုအဘယ်ကြောင့်အသုံးပြုခဲ့ပါသနည်း။ (မဿဲ၊ ၄း၄၊၇၊၁၀)။ သူပြောခဲ့ပါသည်။ "ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်။"

ဖန်ဆင်းရှင်ခရစ်တော်သည်၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ တန်ခိုးရှိကြောင်းသိခဲ့ပါသည်။ "ဘုရားသခင်၏နှုတ်ကပတ်တော်၏အမိန့်တော်တိုင်းနှင့်ကတိတော်တိုင်းတွင် တန်ခိုးတော်တည်းဟူသော ဘုရားသခင်၏ဓိဝအသက်ရှိသည်။ ၎င်းအားဖြင့်အမိန့်တော်သည်ပြီးပြည့်စုံ၍ ကတိတော်ကိုလည်း သဘောပေါက်စေပါသည်။" E. G. White, Christ's Object Lessons (1900), p. 38.2. အံ့ဩဖွယ်ရာကောင်းသော မိန့်ဆိုချက်ပါတကား။ ဘုရားသခင်၏တန်ခိုးတော်နှင့်အသက်သည်၊ ကတိတော်တိုင်း၌ရှိနေသည်။ ကတိတော်နှင့်ဆုတောင်းသောအခါ ဘုရားသခင်၏စကားများကို ကျွန်ုပ်တို့အသုံးပြုနေပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ပတ်သက်၍ "ထို့အတူငါ၏နှုတ်ကပတ်စကားသည် ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲ ငါ့ထံသို့မပြန်ရ..." (ဟေရာယ ၅၅း၁၁) ဟု ဘုရားသခင်ကပြောခဲ့ပါသည်။

ကျွန်ုပ်သည် ကတိတော်များနှင့်သန့်ရှင်းသောဝိညာဉ်တော်ရရန်အတွက် ဆုတောင်းရန်ကြိုစည်စိတ်ကူးပါသည်။ ကတိတော်နှင့်ဆုတောင်းသောအခါ၊ နှုတ်ကပတ်တော်၌ အခြေခံထားသောကတိတော်အားဖြင့် ကျွန်ုပ်တောင်းခံသောသန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်ရရှိပြီဖြစ်ကြောင်း ကျွန်ုပ်သိရသည်။ "ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူသည်ကိုငါတို့သိလျှင်၊ အထံတော်၌တောင်းသောဆုတို့ကို ရရှိမည်ဟုသိရကြ၏" (၁ယော ၅း၁၅)။ ကတိတော်မပါဘဲဆုတောင်းသောအခါ ကျွန်ုပ်ကိုအဖြေပေးရန် ကျွန်ုပ်မျှော်လင့်နေရသည်။ ကတိတော်ဖြင့်အချိန်ယူ၍ ဆုတောင်းသောကြောင့် တစ်နေ့တာကောင်းချီးမင်္ဂလာခံစားရခြင်းသည်၊ ညနေပိုင်း၌ဆုံးရှုံးမှုအကြောင်းကို ညည်းညူပြောဆိုနေခြင်းထက်သာ၍ကောင်းပါသည်။

အီးမေး(လ်)တစ်စောင်ရရှိခဲ့ပါသည်။ ကြီးမားသောပျော်ရွှင်မှုနှင့် ရေးသားခဲ့ပါသည်။ "ဘုရားသခင်၏လမ်းပြမှုကို တစ်နေ့လုံးရရှိစေရန်

ကျွန်ုပ်ကိုယ်ပိုင်စကားလုံးများဖြင့် ဆုတောင်းခြင်းနှင့်ကျမ်းစာထဲမှကတိတော်များဖြင့်ဆုတောင်းခြင်းစပ်ကြား ကြီးမားသောကွာခြားချက်ရှိလိမ့်မည်ဟု ကျွန်ုပ်မည်သည့်အခါမျှမစဉ်းစားခဲ့ဖူးပါ။ ကတိတော်များသည် ကျွန်ုပ်အတွက်အလွန်အရေးကြီးပါသည်။ ၎င်းတို့ကိုလည်း ကျွန်ုပ်အမြဲယုံကြည်ခဲ့ပါသည်။ သို့သော် နေ့စဉ်မိန့်မြွက်ရန်ပျက်ကွက်ခဲ့ပါသည်။ ယေရှုနှင့်ရှိသော ကျွန်ုပ်၏အသက်တာသည်၊ သာ၍နက်နဲသော၊ သာ၍ဝမ်းမြောက်သော၊ သာ၍စိတ်ချယုံကြည်ရသော၊ သာ၍တည်ငြိမ်သောရှုထောင့်ကိုရရှိစေပါသည်။ ဤအတွက် ဘုရားသခင်ကိုကျွန်ုပ်ကျေးဇူးတင်ပါသည်။" Email to H. Haubeil C. S.

ဤအကြောင်းကြောင့်၊ ကတိတော်ဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိရန် ဆုတောင်းခြင်းနှင့်ပတ်သက်သော ဥပမာတစ်ခုကိုမျှဝေပေးရန်၊ ကျွန်ုပ်ဆုံးဖြတ်ခဲ့ပါသည်။ လွယ်ကူစွာအတိုချုပ်ပေးနိုင်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှ တိုက်ရိုက်ယူ၍ဆုတောင်းခြင်းကိုသင်ယူရန် အရေးကြီးပါသည်။ သို့သော် အလွန်အရေးပါသောအချက်မှာ၊ ကတိတော်များအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အားကောင်းလာစေသောအကြောင်းကြောင့် ဆုတောင်းပြီးသည်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိပြီဟူသော ယုံကြည်စိတ်ချမှုပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ဆုတောင်းချက်အပေါ် ကျွန်ုပ်တို့ယုံကြည်သောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့လက်ခံရရှိပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏နေ့စဉ်ပြုပြင်ခြင်းအတွက် ကတိတော်နှင့်ဆုတောင်းခြင်းပုံစံတစ်ခု

ကောင်းကင်ဘုံရှင်ဖဘုရား၊ ကျွန်ုပ်တို့ကယ်တင်ရှင်ယေရှု၏နာမ၌ ဖဘုရားထံလာကြပါ၏။ ဖဘုရားက 'သင့်၏နှလုံးကိုငါ့အားပေးလော့' ဟု သုတ္တံ ၂၃း၂၆ မှာပြောခဲ့ပါသည်။ ကျွန်ုပ်မှာဖြစ်သော၊ ရှိသောအရာအားလုံးကို

ယနေ့ ဖာဂုရားထံတော်သို့ ယခုပင်ကျွန်ုပ်ကိုယ်ကိုဆက်ကပ်အပ်နှံလိုပါ၏။ *E. G. White, The Desire of Ages (1898), p.523.1.* ဤဆုတောင်းခြင်းကို ဖာဂုရား၏အလိုတော်နှင့်အညီတောင်းခံသောကြောင့် ပေးသနားတော်မူခဲ့ပြီဟု ယုံကြည်သောကြောင့်ကျေးဇူးတင်ပါ၏။ အဘယ်ကြောင့်ဆိုသော် အလိုတော်နှင့်အညီဆုတောင်းလျှင် ကျမ်းစာတော်မြတ်ကရှိုပြီဟု သိရသည်ဟု (၁ယော၊ ၅း၁၅) တွင်ပြောထားပါသည်။ ဖာဂုရားထံတော်သို့လာသောသူတစ်စုံတစ်ယောက်ကိုမျှ အလျှင်းမပယ်ဟုလည်း ဖာဂုရားပြောခဲ့ပါသည်။ (ယောဟန် ၆း၃၇)။

ယေရှုက "သင်တို့သည် အဆိုးဖြစ်လျက်ပင်၊ ကိုယ်သားတို့အားကောင်းသောအရာပေးတတ်လျှင်၊ ထိုမျှမကကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည်၊ ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုသာ၍ပေးတော်မူမည်မဟုတ်လော" ဟု (လုကာ၊ ၁၁း၁၃) တွင်ပြောခဲ့ပါ၏။

ဖာဂုရားကိုယုံကြည်သောသူများ (ယောဟန်၊ ၇း၃၈–၃၉)၊ ဖာဂုရားစကားကို နားထောင်သောသူများ (တမန်တော်၊ ၅း၃၂)၊ မိမိအသက်တာကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်ပြုပြင်သောသူများ (ဧဖက်၊ ၅း၁၈)။ ဝိညာဉ်ပကတိအကျင့်ကျင့်သောသူများ (ဂလာတိ၊ ၅း၁၆)၊ တို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုပေးမည်ဟု ဖာဂုရားထပ်၍မိန့်ဆိုခဲ့ပါ၏။ ဤသည်ကား ကျွန်ုပ်၏ဆန္ဒပင်ဖြစ်ပါသည်။ ကျွန်ုပ်၏အတွင်း၌ ဤဆန္ဒကိုပြီးမြောက်စေတော်မူပါ။ ဤအကြောင်းကြောင့် ယနေ့ကျွန်ုပ်အားသန့်ရှင်းသောဝိညာဉ်တော်ကိုချပေးတော်မူပါဟု ရိုးသားစွာတောင်းခံပါ၏။ အလိုတော်နှင့်အညီ တောင်းလျှောက်ခြင်းဖြစ်သောကြောင့်သော်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကို ယခုကျွန်ုပ်အားပေးပြီးဖြစ်သောကြောင့်သော်လည်းကောင်း၊ ဖာဂုရားသခင်အားကျေးဇူးတင်ပါသည်။ (၁ယော၊ ၅း၁၅)။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်ကိုမွန်မြတ်သောဖာဂုရား၏မေတ္တာတော်ကိုပေးသောကြောင့် ကျေးဇူးတင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖာဂုရား၏နှုတ်ကပတ်တော်က

"သန့်ရှင်းသောဝိညာဉ်တော်သည်၊ ဘုရားသခင်၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့ညွှန်းလောင်းတော်မူ၏" (ရောမ၊ ၅း၅။ ဧဖက် ၃း၁၇) ဟုဖေါ်ပြထားပါသည်။ ဆာလံဆရာနှင့်အတူပြောလိုသည်မှာ၊ "အိုထာဝရဘုရား၊ အကျွန်ုပ်၏ခွန်အားဗလတည်းဟူသော ကိုယ်တော်ကိုအကျွန်ုပ်ချစ်ပါ၏" (ဆာလံ၊ ၁၈း၁)။ ကိုယ်တော်၏ချစ်ခြင်းမေတ္တာဖြင့် လူသားများကိုချစ်နိုင်သောကြောင့် ဖဘုရားအားကျေးဇူးတင်ပါ၏။

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်အထဲတွင်ရှိသောအပြစ်တရား၏အင်အားကို ချိုးဖဲ့ပစ်ပေးသောကြောင့်ကျေးဇူးတင်ပါ၏။ (ရောမ၊ ၈း၁၃။ ဂလာတိ၊ ၅း၁၆)။ အပြစ်မှ၊ ကမ္ဘာကြီးမှကျေးဇူးပြု၍ကယ်တင်ပါ။ ကာကွယ်ပေးပါ။ ကျဆုံးသောကောင်းကင်တမန်များမှ ကာကွယ်စောင့်ရှောက်ပေးပါ။ အပြစ်သွေးဆောင်ခြင်းမှကယ်လွှတ်တော်မူ၍ လိုအပ်ပါက ကျွန်ုပ်၏ပျက်စီးယိုယွင်းသောလူဟောင်းမှဆွဲထုတ်၍ ကယ်မသနားတော်မူပါ။ (၁ယော၊ ၅း၁၈)

ကျေးဇူးပြု၍နှုတ်အားဖြင့်သော်လည်းကောင်း၊ အလုပ်အားဖြင့်သော်လည်းကောင်း ဖဘုရား၏သက်သေခံများဖြစ်လာရန် ကူညီမစတော်မူပါ။ (တမန်တော်၊ ၁း၈) ကျွန်ုပ်၏ဆုတောင်းခြင်းကို နားညောင်းပေးသောကြောင့် ဖဘုရားအားချီးမွမ်းပါ၏။ ကျေးဇူးတင်ပါ၏။ အာမင်။

[ခရစ်တော်နှင့်လက်တွဲ အမှုတော်ဆောင်ဖြစ်လာမည့်သူများနှင့်သခင်၊ ကျွန်ုပ်ဖြစ်သမျှနှင့်ရှိသမျှသည်၊ ဖဘုရား၏ဥစ္စာများဖြစ်သည်ဟု ပြောသောသူများမှသာ ဘုရားသခင်၏သားများနှင့်သမီးများအဖြစ်အသိအမှတ်ပြုခံရကြမည်။ E. G. White, The Desire of Ages (1898), p.523.1.]

ယေရှုကိုယ်တိုင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲတွင်နေရန်ဆန္ဒရှိသည်။ (၁ယော၊ ၃း၂၄။ ယောဟန်၊ ၁၄း၂၃)။ အီးဂျိုက်က "သန့်ရှင်းသောဝိညာဉ်တော်၏သြဇာလွှမ်းမိုးမှုသည်၊ စိတ်နှလုံးထဲနေသောခရစ်တော်၏အသက်တာပင်ဖြစ်သည်။" Editor Francis D. Nichol, Adventist

Bible Commentary Vol. 6 (Hagerstown, 1980), p.1112 ပေတရ၊ ပေါလုနှင့် အခြားများစွာသောလူတို့ကို ပြောင်းလဲပေးခဲ့သောတန်ခိုးမျိုးကို ကျွန်ုပ်တို့ အတွက်လည်းရနိုင်ပါသည်။ ကျွန်ုပ်တို့ကို "ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင့်မြဲမြံခိုင်ခံ့စေသည်" (ဧဖက် ၃း၁၆)။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည်၊ ဝမ်းမြောက်ခြင်း၊ တန်ခိုး၊ ချစ်ခြင်းနှင့် အပြစ်အပေါ်အနိုင်ယူခြင်းနှင့်ပြည့်စုံသောယုံကြည်ခြင်း အသက်တာတစ်ခုသို့ ပို့ဆောင်ပေးသောသော့ဖြစ်သည်။ "....သခင်ဘုရား၏ ဝိညာဉ်တော်တရားသည်၊ လွတ်ခြင်းချမ်းသာကိုပေးတတ်၏။" (၂ကော၊ ၃း၁၇ နောက်ပိုင်း)

ကျွန်ုပ်ရရှိခဲ့သောသတင်းတစ်ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ "အသင်းဝင်အများအပြားသည်၊ အဆိုပြုထားသောဆုတောင်းချက်ကို နှစ်ယောက်တစ်တွဲအဖွဲ့ဖွဲ့၍ ဆုတောင်းကြသည်။ လွန်ခဲ့သောငါးလမှစ၍ ကျွန်ုပ်၏ ချစ်သူမိန်းကလေးနှင့်တွဲ၍ဆုတောင်းခဲ့သည်။ တစ်ဦးချင်း၏အတိုင်းအတာ၌ အရာအားလုံး၌တိုးတက်မှုရှိသည်သာမက၊ မိသားစုနေအိမ်၊ ပေါင်းသင်းဆက်ဆံရေး၊ အိမ်ထောင်ရေး၊ ဝိညာဉ်ရေးနှင့်အသင်းတော်တွင်၊ အငြင်းပွားခြင်းမရှိဘဲ ပင်ကိုငြိမ်သက်ခြင်းနှင့် တိုးတက်မှုရှိနေသည်ကိုတွေ့ရသည်။ ကျွန်ုပ်တို့အံ့သြကြရပြီး၊ ဘုရားသခင်နှင့်ကျွန်ုပ်တို့သာ၍နီးကပ်မှုရှိသည်ဟု ခံစားရသောအချိန်မှစ၍ နည်းလမ်းအမျိုးမျိုးဖြင့် ဘဝအသက်တာကိုလွယ်ကူရန် လုပ်ပေးနိုင်သော ဘုရားသခင်၏သန့်ရှင်းစင်ကြယ်စေသော လုပ်ငန်းကဲ့သို့ ကျွန်ုပ်တို့ဤတိုးတက်မှုကိုမြင်ကြရသည်။ {Email to Helmut Haubeil: E.S.}

လူတစ်စုံတစ်ဦးသည်ဝိညာဉ်ရေးဆိုင်ရာအသက်တာ၌ ဆက်လက်တည်ရှိနေနိုင်ပါသလား။

ဟုတ်ကဲ့၊ တည်ရှိနေနိုင်ပါသည်။ မယုံကြည်သောစိတ်သဘောထားဖြစ်ပေါ်ရန်ကို ကျွန်ုပ်တို့လက်မခံဘဲ ဝိညာဉ်တော်ကိုယုံကြည်လက်ခံ

သောစိတ်ဖြင့်အသက်ရှူကြလျှင် ဝိညာဉ်ရေးဆိုင်ရာအသက်တာ၌ ဆက်လက်၍ တည်ရှိနိုင်ပါသည်။ "ကျွန်ုပ်တို့အပြစ်များကို ဝန်ချတောင်းပန်ခြင်းအားဖြင့် အသက်ရှူထုတ်၍ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်ခြင်းနှင့်ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာရရှိရန် ယုံကြည်ခြင်းဖြင့်ဆုတောင်းခြင်းအားဖြင့်အသက်ရှူသွင်းလျှင် ဝိညာဉ်ရေးဆိုင်ရာအသက်တာ၌ ဆက်လက်၍တည်ရှိနိုင်ပါသည်။" Helmut Haubeil & Gerhard Padderatz, Gott, Geld & Glaube (Eckental, 2009), p.97

ကျွန်ုပ်တို့၏သားသမီးများနှင့် ဆက်ဆံရေးကဲ့သို့တူနေပါသည်။ ကလေးတစ်ဦးနားမထောင်သောအခါ၊ သားသမီးအဖြစ်တည်ရှိမြဲတည်ရှိနေသည်။ သို့သော် ဆက်ဆံရေး၌အနှောင့်အယှက်ဖြစ်သည်ဟု ခံစားကြရသည်။ ကလေးသည် ကျွန်ုပ်တို့နှင့်မျက်နှာချင်းမဆိုင်ရဲဘဲရှိနေနိုင်သည်။ ဤနှောင့်ယှက်ခြင်းကို ဝန်ချတောင်းပန်ခြင်းအားဖြင့် မှန်ကန်အောင်ပြုပြင်ပေးနိုင်ပါသည်။

သို့သော်လူတစ်ယောက်သည်၊ သဘာဝအလျောက်ရေရှည်၌ဇာတိပကတိအတိုင်းပြန်၍ဖြစ်လာနိုင်ပါသည်။ ကျမ်းစာတော်မြတ်က "တစ်ကြိမ်ကယ်တင်ခြင်းခံရလျှင် အမြဲကယ်တင်ခြင်းခံရပြီ" ဟု မပြောထားပါ။ ကျွန်ုပ်တို့၏အပြစ်ဗီဇသည် ပေါ်ပေါက်လာသေးသည်။ "တပည့်တော်များနှင့်ပုရောဖက်များသည် တစ်ယောက်မျှအပြစ်ကင်းသည်ဟု အခိုင်အမာမသွန်သင်မပြောထားခဲ့ပါ။" E. G. White, The Acts of the Apostles (1911), p. 561.1

သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ယေရှုသည်၊ ကျွန်ုပ်တို့၏နှလုံးအတွင်း၌ ကိန်းအောင်းသောအသက်တာတစ်ခုအားဖြင့် အပြစ်၏တန်ခိုးကိုဖျက်ဆီးပစ်သောကြောင့် ကျွန်ုပ်တို့သည်ပျော်ရွှင်သော၊ သန့်မာသောခရစ်ယာန်အသက်တာအဖြစ် အသက်ရှင်နေနိုင်ပါသည်။ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် ခရစ်တော်၌သာတည်ရှိပါသည်။ "ထိုဘုရားသခင်အားဖြင့်သင်တို့သည် ယေရှုခရစ်၌တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရား

သခင်စီရင်တော်မူသည်အတိုင်း ငါတို့၌ပညာမှစ၍ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ၏။" (၁ကော၊ ၁း၃၀)၊ ဤအရေးကြီးသောခေါင်းစဉ်ကို မကြာမီသာ၍အသေးစိတ်ဖြေရှင်းပေးမည်။

ကျွန်ုပ်တို့သည်၊ ဝိညာဉ်ရေးဆိုင်ရာအသက်တာကို ကြာရှည်စွာလျစ်လျူရှုခြင်း၊ သို့မဟုတ် ဝိညာဉ်နှင့်ပြည့်ဝစွာအသက်ရှူရှိုက်ရန်ပျက်ကွက်ခြင်းတို့ကြောင့် ဇာတိပကတိအဖြစ်သို့တစ်ဖန်ပြန်ရောက်ရှိလျှင်၊ ထိုအခါကျွန်ုပ်တို့ကိုချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော ကယ်တင်ရှင်တစ်ဦးစောင့်နေလျက်ရှိသည်ကို ကျွန်ုပ်တို့သိမြင်နိုင်ပါသည်။

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည်၊ အသစ်တစ်ဖန်ပြန်လည်ပြုပြင်နိုင်သောနည်းလမ်းကိုသိရှိရန် အရေးကြီးပါသည်။ ထိုနည်းလမ်းဖြင့် ဝိညာဉ်ပြည့်ဝသောအသက်တာတစ်ခုသို့ အမြဲပို့ဆောင်မည်ဟုမျှော်လင့်နိုင်ပါသည်။ မည်သူမျှဇာတိပကတိအဖြစ် ဆက်လက်တည်ရှိရန်မလိုပါ။

သို့သော် တစ်ဦးတစ်ယောက်ဖြစ်စေ၊ အများ၌ဖြစ်စေ၊ သတိရရမည့်အချက်ကို ရန်ဒီမက်စ်ဝဲလ် (Randy Maxwell) က ပြောခဲ့သည်။ "ဝိညာဉ်သေလုနီးပါးဖြစ်သော ဘုရားသခင်၏အသင်းတော်ကို ပြန်လည်အသက်ရှင်လာရန် ပြုစုပေးသည့်နေရာမှာ ခွဲလုံလမထုတ်ဘဲ ပြီးမြောက်အောင်မြင်စေနိုင်သည်ဟု ကျွန်ုပ်တို့ထင်ပါသလား။" Randy Maxwell, If My People Pray (Pacific Press, 1995), p. 158

ချမ်းသာကြွယ်ဝသော ယခုအသက်တာနှင့်ထာဝရအသက်၊ လူအများအတွက်ကယ်တင်ခြင်းနှင့် ယေရှုခရစ်၏ကြီးမားသောအနစ်နာခံအသက်စွန့်လွှတ်ခြင်းအတွက် ကျေးဇူးတင်ခြင်းသည်၊ လုံလုံစိုက်အားထုတ်ခြင်းနှင့် ထိုက်တန်ပါပေသည်။ အရေးပါလှသောအရာမှာ နံနက်အချိန်တွင် ဘုရားသခင်အားဝတ်ပြုကိုးကွယ်ရန် သူ့အားတွေ့ဆုံခြင်းပင်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့အားတန်ခိုးဖြင့် ပံ့ပိုးတပ်ဆင်ပေးသည်။

တပည့်တော်ယောဟန်အကြောင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖတ်ခဲ့ရပါသည်။

"တစ်နေ့ပြီးတစ်နေ့ ခရစ်တော်ထံတော်သို့သူ၏စိတ်နှလုံးဆွဲယူခြင်း ခံခဲ့ရသည်။ သူ၏သခင်ကိုချစ်သောစိတ်သည် မိမိကိုယ်ကိုမျက်ကွယ် ပြုသည်အထိဖြစ်စေသည်။ သူ၏မကျေမချမ်းဖြစ်သော၊ ကြီးမားသော ဒေါသစိတ်ကို ခရစ်တော်၏ပြုပြင်ခြင်းတန်ခိုးအောက်မှာ အရှုံးပေးခဲ့ရသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ပြန်လည်ခွန်အားသွင်းပေးသောသြဇာအရှိန် အဝါသည်၊ သူ၏စိတ်နှလုံးကိုထပ်၍အသစ်ပြုပြင်ပေးသည်။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၏တန်ခိုးသည်၊ အကျင့်စရိုက်ပြုပြင်ပြောင်းလဲခြင်းတစ်ခုကို ဖြစ်ပေါ်စေပါသည်။ ဤကား ခရစ်တော်နှင့်ပူးပေါင်းခြင်း၏သေချာသော အကျိုးဆက်ရလဒ်ပင်ဖြစ်သည်။ စိတ်နှလုံးများထဲတွင် ခရစ်တော်ကိန်း အောင်းသောအခါ သဘာဝဗီဇတစ်ခုလုံးပြောင်းလဲခံရသည်။" E. G. White, Steps to Christ (1892), p. 73.1

"တရားတော်၌ အံ့ဖွယ်သောအရာတို့ကိုမြင်နိုင်ပါမည်အကြောင်း၊ အကျွန်ုပ်၏မျက်စိတို့ကိုဖွင့်တော်မူပါ။" (ဆာလံ ၁၁၉:၁၈) ကျွန်ုပ်အားလမ်း ပြပို့ဆောင်ပေးနေသောကြောင့် ဖဘုရားအားကျေးဇူးတင်ပါသည်။ ယခု ကျွန်ုပ်သည်၊ "လက်ရုည်စွာများကိုတွေ့သကဲ့သို့ ဗျာဒိတ်တော်စကားကြောင့် အကျွန်ုပ်ဝမ်းမြောက်ပါ၏။" (ဆာလံ ၁၁၉:၁၆၂) ဟု ပြောဆိုနိုင်ပါသည်။

အခန်း ၆

ကျွန်ုပ်တို့၏ရှေ့တွင် မည်သည့်အတွေ့အကြုံများ တည်ရှိသနည်း။

တစ်ကိုယ်ရေတစ်ကာယ အတွေ့အကြုံများနှင့်အတူ၊
အသင်းတော် များမှအတွေ့အကြုံများ၊
နယ်အသင်းတော်တစ်ခုနှင့်
ယူနီယံအသင်းတော်တစ်ခုမှ

ညီအစ်ကိုတော်တစ်ဦး၏အတွေ့အကြုံ

"လွန်ခဲ့သောနှစ်နှစ်အချိန်တွင်၊ ကျွန်ုပ်၏အသက်တာပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းချပေးရန်အတွက် နေ့စဉ်ကျွန်ုပ် ဆုတောင်းနေခဲ့သည်။ ကျွန်ုပ်၏ဆုတောင်းချက်မှာ နေ့စဉ်ယေရှုသည် ကျွန်ုပ်၏အထဲမှာ သာ၍အလျှံပယ်ရှိနေပေးရန်ဖြစ်သည်။ ဤအတောအတွင်း ကျွန်ုပ်သည်ဘုရားသခင်နှင့်အတူ လျှောက်လှမ်းရာတွင်၊ မယုံကြည်နိုင်လောက်အောင်ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်အထဲတွင်ယေရှုနေထိုင်ရန်၊ ကျွန်ုပ်တွင် သူ၏အလိုတော်အတိုင်းပြုပြင်ပေးရန်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ကျွန်ုပ်အားနေ့စဉ်အသစ်ပြုပြင်ပေးရန် ဆုတောင်းသည့်အချိန်မှစ၍ ဂလာတိ (၅) တွင်ပါရှိသောဝိညာဉ်အသီးအကြောင်းသည်၊ ကျွန်ုပ်၏အသက်တာတွင် သာ၍ထင်ရှားလာပါသည်။ ကျွန်ုပ်သည်ကျမ်းစာဖတ်ရာတွင် သာ၍ဝမ်းမြောက်ခြင်းရှိလာသည်။ ခရစ်တော်အကြောင်းကို သူတစ်ပါးအားဝေငှရာတွင်သော်

လည်းကောင်း၊ သူတစ်ပါးအတွက်ဆုတောင်းပေးရန်မှာသော်လည်းကောင်း သာ၍ပြင်းထန်သောဆန္ဒရှိလာပါသည်။ ထို့ထက်မက ကျွန်ုပ်၏အသက်တာ နေ့ပုံထိုင်ပုံစားပုံသောက်ပုံမှာလည်း ထူးခြားကောင်းမွန်စွာပြောင်းလဲလာခဲ့သည်။ ဤတွင် ဤအရာများအားလုံးကို ကျွန်ုပ်၏နေ့စဉ် ဘုရားသခင်အား ရှာဖွေခြင်းနှင့် နေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်အားတောင်းခံခြင်း၌ အခိုင်အမာအတည်ပြုခြင်းအဖြစ်တွေ့မြင်ရပါသည်။" C.H. ဆက်လက်၍၊

ခြောက်ပတ်မျှသန့်ရှင်းသောဝိညာဉ်တော်နှင့်ဖြည့်ပေးရန် နေ့စဉ်ဆုတောင်းပြီးမည်ကဲ့သို့ဖြစ်ပျက်လာမည်ကိုစောင့်ကြည့်ရန် ကျွန်ုပ်သင့်အားစိန်ခေါ်ပါသည်" ဟုမျှဝေခဲ့ပါသည်။

SERBIA ဆားဗီးယားတွင်ရက် (၄၀) ဆုတောင်းခြင်း

၂၀၁၀ ခု စက်တင်ဘာလတွင်၊ "ရက် (၄၀) ဒုတိယအကြိမ်ကြွလာခြင်းအတွက်ပြင်ဆင်ရန် ဆုတောင်းခြင်းနှင့်ဆက်ကပ်ခြင်း" စာအုပ်ကို ကျွန်ုပ်တို့ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကျွန်ုပ်တို့၏ယူနီယံတွင် အသင်းဝင်တိုင်းရရှိဖတ်ရှုနိုင်အောင် ပြုလုပ်ပေးခဲ့သည်။ ထို့နောက် ဒေသခံဘုရားကျောင်းများနှင့် အသင်းသားများ၏အိမ်တွင် လတ်ဆတ်သောသန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းချပေးရန်အတွက် အစာရှောင်ဆုတောင်းရန် ရက် (၄၀) အတွင်း အပတ်စဉ် သို့မဟုတ် နေ့စဉ်ဆုတောင်းအစည်းဝေးကို ကျွန်ုပ်တို့ဖွဲ့စည်းပေးခဲ့သည်။

ဤကဲ့သို့လုပ်ဆောင်ခဲ့သည့်အခါ၊ ဒေသခံလူထုများ၌ ပြီးပြည့်စုံသောအခြေအနေအသစ်တစ်ခုဖြစ်ပေါ်လာခဲ့သည်။ တက်ကြွခြင်းမရှိခဲ့သော အသင်းသားများသည် တက်တက်ကြွကြွဖြစ်လာကာ၊ သူတစ်ပါးအားကူညီပြုစုစောင့်ရှောက်ခြင်းအရာမှာ သာ၍စိတ်ဝင်စားလာခဲ့ကြသည်။ မတူကွဲပြားသောအကြောင်းအရာများအပေါ် နှစ်နှင့်ချီ၍တစ်ဦးနှင့်တစ်ဦးတိုက်ခဲ့ကြ

သူများ (စကားပင်မပြောကြတော့သောသူများ) သည် ပြန်လည်သင့်မြတ်ကြ၍ ရပ်ကွက်အတွင်း လက်လှမ်းမမီသောသူများသို့လက်လှမ်းမီရန် မည်သို့ပြုလုပ်ရမည့်စီမံကိန်းကိုပင် အတူတကွရေးဆွဲခဲ့ကြသည်။

ထိုနောက်အောက်တိုဘာလ ၂၀၁၀ ခုနှစ်၏နှစ်စဉ်ကောင်စီအစည်းအဝေးကျင်းပစဉ်တွင်၊ "နိုးကြားခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်း စတင်လုပ်ဆောင်မှု" နှင့် ကျွန်ုပ်တို့ကိုမိတ်ဆက်ပေးခဲ့သည်။ ထိုအစီအစဉ်ကိုကျွန်ုပ်တို့ဝမ်းမြောက်စွာလက်ခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ယူနီယံအတွက် ဘုရားသခင်စတင်၍လုပ်ဆောင်ပေးခဲ့ပြီးသောအရာများကို ကျွန်ုပ်တို့ဆက်လက်၍ လုပ်ဆောင်နိုင်စေမည်ဟု ကျွန်ုပ်တို့တွေ့မြင်သောကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့သည် ယူနီယံရှိအမှုဆောင်များ၌ သာ၍နီးကပ်သောပေါင်းဖော်ခြင်း၊ သာ၍ကြီးသောစည်းလုံးညီညွတ်ခြင်းနှင့် တစ်ဦးအပေါ် တစ်ဦးသာ၍နားလည်မှုရှိလာခြင်းကို ဤဆုတောင်းစည်းဝေးများ၏ ချက်ချင်းလက်ငင်းအကျိုးရလဒ်အဖြစ် တွေ့မြင်ကြရပါသည်။

ဇူးရစ်၊ ဆွစ်ဇာလန်တွင် (ZURICH / SWITZERLAND)
ရက်(၄၀)ဆုတောင်းခြင်း

"ကျွန်ုပ်နှင့်ကျွန်ုပ်၏တရားဟောဆရာသည် မသိရှိဘဲစာအုပ်တစ်အုပ်ကို တဦးနှင့်တစ်ဦးပေးခဲ့ကာ လက်ခံရရှိခဲ့ကြပါသည်။ ထိုစာအုပ်ပါအကြောင်းအရာများသည် ကျွန်ုပ်တို့၏စိတ်ကို လှုပ်ရှားစေခဲ့ပါသည်။ ထိုစာအုပ်၏ခေါင်းစဉ်မှာ 'ရက် (၄၀) ဒုတိယအကြိမ်ကြွလာခြင်းအတွက် ပြင်ဆင်ရန် ဆုတောင်းခြင်းနှင့်ဆက်ကပ်ခြင်း' ဖြစ်ပါသည်။ ဒဲနစ်စမစ် (Dennis Smith, Review and Herald publishing Association.) မှ ရေးသားခဲ့သောစာအုပ်ဖြစ်ပါသည်။ ဤစာအုပ်ကို မဖတ်နိုင်သောကြောင့် ဘေးဖယ်

ထားခဲ့ပါသည်။ ၎င်းစာအုပ်မာတိကာများက ကျွန်ုပ်ကိုပြုပြင်ပြောင်းလဲပေးခဲ့ပါသည်။

(Zurich-Wolfswinkel) မှာရှိသည့် ကျွန်ုပ်တို့၏အသင်းတော်သည်၊ (အသင်းသား ၁၀၀ ခန့်ရှိ) နိုးကြားခြင်းနှင့်ဆုတောင်းခြင်းကို အလွန်လိုအပ်ကြောင်းကို ခံစားမိသောကြောင့် ၂၀၁၁ ခု၊ ဆောင်းဦးအချိန်မှာ ရက် (၄၀) ဆုတောင်းခြင်းကိုပြုလုပ်ရန် စီမံချက်ဆွဲခဲ့ကြသည်။ ရက် (၄၀) ဆုတောင်းခြင်းနှင့်ပတ်သက်၍ ဤစာအုပ်ကအသေးစိတ် အဖိုးတန်သောအကြောင်းအရာများကို သိစေသည်သာမက နေ့စဉ်ဝတ်ပြုကိုးကွယ်ခြင်း၌ အသုံးပြုရန် ဆီလျော်သောအကြောင်းအရာ (၄၀) ကိုထည့်သွင်းပေးခဲ့ပါသည်။

ခေါင်းစဉ်များမှာ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဖြည့်ပေးခြင်း၊ ဆုတောင်းခြင်း၊ တရားဒေသနာဟောကြားခြင်း၊ ယေရှု၏အသက်တာနှင့် ဝိညာဉ်ပေါင်းဖော်ခြင်း တို့ဖြစ်ကြပါသည်။

ထို့ကြောင့် ရက် (၄၀) အစီအစဉ်ကို ကျွန်ုပ်တို့သည် (အောက်တိုဘာ ၁ရက်၊ ၂၀၁၁) တွင် ကြီးမားသောကြိုတင်မျှော်မှန်းချက်နှင့် မျှော်လင့်ချက်ဖြင့်စတင်ခဲ့ပါသည်။ ကံကောင်းထောက်မစွာဖြင့် အသင်းသူအသင်းသားများစွာပါဝင်ခဲ့ကြသည်။ ဆုတောင်းသောအပေါင်းအဖော်များ နေ့စဉ်ဆုတောင်းရန် ဆုံတွေ့ခဲ့ကြသည်။ သတင်းစာပိုဒ်များ နေ့စဉ်ပို့ခဲ့ပြီး ဖုန်းအားဖြင့်လည်းနေ့စဉ်ဆုတောင်းခဲ့ကြသည်။ အုပ်စုတစ်ခုက နံနက်ယံဝတ်ပြုခြင်းနှင့် ဆုတောင်းခြင်းကို နံနက် ၆ နာရီတွင် ပြုလုပ်ရန်တွေ့ဆုံခဲ့ကြသည်။

ကျွန်ုပ်တို့၏ ရက် (၄၀) အစီအစဉ်သည် မမျှော်နိုင်သောအတွေ့အကြုံတစ်ခုဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းချက်များစွာကို အဖြေပေးခဲ့သည်။ အထူးသဖြင့် ထိုအချိန်တွင်ပင်ပေးသော ကျမ်းစာပါအနာဂတ်ဟောကိန်းများနှင့်ပတ်သက်သော အတွဲလိုက်သင်တန်းများအတွက် ဆုတောင်းသံနားညောင်းခဲ့ပါသည်။ ဤသင်တန်းများသည် ကြီးမားသော

ကောင်းချီးမင်္ဂလာများဖြစ်ခဲ့သည်။ ဧည့်သည်များပြားစွာတက်ရောက်ခဲ့၍ နောက်အနာဂတ်ဟောကိန်းအကြောင်း ဆွေးနွေးရာသင်တန်းတက်ရန် လူ(၂၀) ကစာရင်းပေးသွင်းခဲ့သည်။ (မတ်လ ၂၀၁၃ တွင် နောက်သင်တန်းကိုပေးခဲ့၍ လူ ၅၀–၆၀ ယောက်တက်ရောက်ခဲ့သည်။ ဧူးရစ်တွင်နှစ်ပေါင်း ၂၀ အတွင်း မဖြစ်ခဲ့ဖူးသောအရာတစ်ခုဖြစ်သည်။)

ဘုရားသခင်၏ ဝိညာဉ်တော်သည်၊ ကျွန်ုပ်တို့၏အသင်းတော်မှာ ပြုပြင်ပြောင်းလဲခြင်းကို ဆက်လက်၍ဖြစ်ပေါ်စေခဲ့သောကြောင့်၊ အုပ်စုငယ်များသည်ကြီးထွားလာ၍ အသင်းသူအသင်းသားများက ကျမ်းစာသင်ယူရန် စိတ်ဝင်စားသောသူတို့ကိုရှာဖွေ၍ ကျမ်းစာသင်ပေးကြသည်ကိုတွေ့ရသော အခါ ကျွန်ုပ်တို့သည် ဝမ်းမြောက်ကြရပါသည်။ ပါဝင်လုပ်ဆောင်ခဲ့သော သူများသည် ယခုဘုရားသခင်၏ဝိညာဉ်တော်၏အလုပ်ကို ဆက်လက်၍ လုပ်ဆောင်ရန်ပြင်းပြသောဆန္ဒရှိနေကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ဖြင့် ကျေးဇူးတင်ရှိကာ ဘုန်းတော်ကိုလည်းချီးမွမ်းထောမနာပြုချင်ကြပါသည်။" Beatrice Egger,- (Zurich-Wolfswinkel မှာရှိသော သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်မှ)

ကိုလုံ၊ ဂျာမဏီမှ (Cologne / Germany) ရက် (၄၀) ဆုတောင်းခြင်းနှင့် ဧဝံဂေလိဟောကြားခြင်း

Pastor Joao Lotze သည် ဂျာမန်နှင့်ဘရာဇီးကပြားဖြစ်သည်။ ဘရာဇီးတွင် အသင်းတော်များနှင့်ဆေးရုံများတွင် ၃၈ နှစ်မျှအမှုတော်ဆောင်ခဲ့သည်နည်းတူ ယူနီယံတစ်ခုနှင့် တောင်အမေရိကန်ဒီဝီဇံတွင်လည်း အမှုဆောင်ခဲ့ပါသည်။ (မတ်လ ၂၀၁၂) ခုတွင် အငြိမ်းစားယူခဲ့သည်။ သူနှင့်သူ၏ဇနီးသည်၊ ကိုလုံသို့ "ဘုရားသခင်၏လက်တော်သာသနာပြုအဖွဲ့" အနေဖြင့်လာရောက်ရန် သဘောတူခဲ့ကြသည်။ ပေါ်တူဂီနှင့်စပိန်စကားပြောသော အသင်းတော်များ၌အမှုတော်ဆောင်နေကြသည်။

"ကျွန်ုပ်တို့သည် ကိုလုံခြုံ အသင်းဝင်များကိုအားပေးရန်နှင့် ဧည့်သည်များကိုဖိတ်ခေါ်ရန် စောင့်ရှောက်ရေးအဖွဲ့ငယ်များဖြင့် အမှုတော်စတင်ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့၏ဘရာဇီးမှာရခဲ့သောအတွေ့အကြုံကိုအခြေခံပြီး ရက် (၄၀) ဆုတောင်းခြင်းကို ကိုလုံမှာစတင်လုပ်ဆောင်သည်။ ပေါ်တူဂီဘာသာအားဖြင့် လိုအပ်သောပစ္စည်းများရနိုင်ပါသည်။

ပေါ်တူဂီ၊ စပိန်၊ ဂျာမန် စကားပြောသောအသင်းတော်များမှ အသင်းဝင်များသည်၊ ရက် (၄၀) ဆုတောင်းခြင်းကို ဝမ်းမြောက်စွာဖြင့် စတင်ခဲ့ကြသည်။။ နေ့စဉ် ရင်းနှီးသူမိတ်ဆွေအယောက် (၁၀၀) အတွက် ကျွန်ုပ်တို့ဆုတောင်းခဲ့ကြသည်။ ဘုရားကျောင်းထဲမှာရှိသော သင်ပုန်းတစ်ခုပေါ်မှာ ဤနာမည်များကိုရေးသားထားခဲ့သည်။ ရက် ၃၀–၃၅ ရက်မတိုင်မီအထိသူတို့အတွက် ဆုတောင်းခဲ့သည်ကို အသိမပေးဘဲ ထိုရက်ရောက်သောအခါမှသာ သူတို့ကို ဧည့်သည်များအတွက် အထူးဥပုသ်နေ့မှာ လာရောက်ဝတ်ပြုရန် ဖိတ်ကြားခဲ့သည်။ ဤအထူးဘုရားဝတ်ပြုပွဲသို့ လူ (၁၂၀) မျှတက်ရောက်ခဲ့ကြသည်။ (Christian Badorrek) ခရစ်ရှန်ဘဒိုရက် ကတရားဒေသနာဟောကြားခဲ့သည်။ သူသည် (The director of Personal Ministries for Nordrhein-Westfalen) ကဖြစ်သည်။ သင်ပုန်းပေါ်က သူတို့၏နာမည်ကို တွေ့သောအခါ အချို့လူများသည် ဝမ်းမြောက်စွာငိုကြွေးခဲ့ကြသည်။

နောက်ပိုင်းတွင် ဘရာဇီးကတရားဟောဆရာ (Antonio Goncalves) သည် တရားတွဲတစ်တွဲကို (၁၅) ရက်ကြာမျှဟောကြားခဲ့ပါသည်။ ထိုတရားတွဲ၏ခေါင်းစဉ်မှာ "ကျမ်းစာတော်မြတ်ကသင့်ကိုအံ့သြစေရန် ခွင့်ပြုပါ" ဖြစ်သည်။ ခေါင်းစဉ်သည် ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းနှင့် ပတ်သက်သည်နည်းတူ ဒံယေလကျမ်းနှင့် ဗျာဒိတ်ကျမ်းပါအကြောင်းအရာများနှင့်လည်း ပတ်သက်ပါသည်။ ညစဉ်ဘာသာပြန်ဖြင့် တစ်နာရီခွဲကြာမျှဟောကြားခဲ့ပါသည်။ သင်ခန်းစာများနှင့်သီချင်းများကို ပေါ်တူဂီဘာသာမှ

ဂျာမန်ဘာသာသို့ ဘာသာပြန်ခဲ့သည်။ ညစဉ်ကောင်းသောကွာယာငယ်များနှင့် တူရိယာတီးမှုတ်ခြင်းရှိခဲ့သည်။ ညစဉ်အစည်းအဝေးကို တရားပလ္လင်မှ ဆက်ကပ်ရန် ခေါ်ဖိတ်ခြင်းနှင့်အဆုံးသတ်ခဲ့ပါသည်။ တံ့ပြန်မှုကောင်းသည့် အတွက် ကျန်ပ်တို့ကျေးဇူးတင်ရှိရပါသည်။ အသင်းဝင်များသည် ပြင်းထန်စွာဆုတောင်းခဲ့ကြသည်။ အထူးသဖြင့် ရက် (၄၀) ဆုတောင်းခြင်းတွင် ပါဝင်သူများအတွက် ဆုတောင်းခဲ့ကြသည်။

ကျန်ပ်တို့အသင်းတော်ဘုရားကျောင်းသည် လူ (၈၀) ဆန့်သော ဘုရားကျောင်းဖြစ်သည်။ သို့သော် လူတစ်ရာကျော်တက်ရောက်ခဲ့ကြသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် လူပြည့်လျှံလျက်ရက်သတ္တပတ်အတွင်း ရက်များမှာ လူ (၆၀) နှင့် ဧည့်သည် (၃၂) ယောက်မှန်မှန်လာကြပါသည်။ ဤသို့လျှင် လူ (၈) ဦး နှစ်ခြင်းမင်္ဂလာခံယူခြင်းနှင့် (၁၄) ဦး နှစ်ခြင်းခံရန်သင်တန်းသို့ ပို့ဆောင်နိုင်ခဲ့သည်။ နှစ်ကုန်ဆုံးသောအခါ (၁၃) ဦး နှစ်ခြင်းမင်္ဂလာခံယူခဲ့ကြပါသည်။

အံ့သြဖွယ်ရာအတွေ့အကြုံများစွာ ကျန်ပ်တို့ရရှိခဲ့ပါသည်။ ဘာသာပြန်ပေးသူတစ်ယောက်ရရန်ခက်ခဲလှပါသည်။ ကက်သလစ်ဆရာမတစ်ဦးက ကူညီရန် လက်ခံခဲ့သည်။ သို့သော် ဆရာမမှာ ကျမ်းစာနှင့်အကျွမ်းမဝင်လှပါ။ ထို့နောက် ပရိုတက်စတင့်ဘာသာပြန်တစ်ဦးရရန်ဆုတောင်းခဲ့ကြသည်။ များမကြာမီမှာပင် စားသောက်ဆိုင်က အမျိုးသမီးတစ်ယောက်နှင့် သိကျွမ်းခွင့်ရခဲ့ပါသည်။ သူမက (Pentecostal) အသင်းတော်မှာ ပေါ်တူဂီမှ ဂျာမန်ဘာသာသို့ ဘာသာပြန်ပေးခဲ့ရသည်ကို အလွန်ပျော်ရွှင်ကြောင်းပြောခဲ့ပါသည်။ တရားဒေသနာစီးရီးအတွက် သူမသည် ကျန်ပ်တို့၏ဘာသာပြန်ဖြစ်လာခဲ့ပြီး၊ နှစ်ခြင်းလည်းခံခဲ့ပါသည်။

ကျန်ပ်တို့ဘာသာပြန် မာရီယာ (Maria) သည် သူ၏သူငယ်ချင်းအဲလီဇာဘက်ကို တရားပွဲသို့လာရန် ခေါ်ဖိတ်၍ရပါသလားဟုမေးခဲ့ပါသည်။ သူမသည် ကိုလုံတွင် အသင်းဝင် (၁၃) ဦးရှိသော (Columbian) အသင်း

တော်မှခေါင်းဆောင်ဖြစ်ပါသည်။ သူတရားပွဲလာသောအခါ သူ့အသင်းဝင်များကိုပါခေါ်လာခဲ့ပါသည်။ ထိုအချိန်မှာပင် နှစ်ဦးနှစ်ခြင်းခံခဲ့ပါသည်။ အဲလီဇဘက်နှင့်မိသားစုဝင်များမှာ ယခုကျမ်းစာပို၍နားလည်ရန်ကျမ်းစာသင်ယူလျက်ရှိနေကြသည်။

အခြားသောအတွဲအကြိုတစ်ခုမှာ ဟုပ်ချန်နယ် (Hope Channel) နှင့်ဆက်စပ်လျက်ရှိသည်။ ဂျာမန်အမျိုးသမီးတစ်ယောက်သည်၊ မျှော်လင့်ခြင်းရုပ်မြင်သံကြားလိုင်းကို တိုက်တိုက်ဆိုင်ဆိုင်ရှာတွေ့ခဲ့သည်။ ၎င်းချန်နယ်မှကြားနာခဲ့ရသောအကြောင်းအရာများ၊ အထူးသဖြင့် ဥပုသ်နေ့နှင့်ပတ်သက်သောအကြောင်းအရာက သူမ၏စိတ်ကို စွဲမှတ်စေသည်။ သူ၏ခင်ပွန်းကို သူမနှင့်အတူနားထောင်ရန် ခေါ်ဖိတ်ခဲ့သည်။ သူမ၏ခင်ပွန်းသည်လည်း သတင်းစကားများ၌မွေ့လျော်ခဲ့သည်။ တစ်နေ့အမျိုးသမီး၏မိခင်ထံသို့အလည်အပတ်သွားသောအခါ အခြားသောလမ်းမှသွားရန် စိတ်မှဖြစ်ပေါ်စေခဲ့သည်။ ထိုလမ်းအတိုင်းသွားနေစဉ် "ကြွလာခြင်းကို မြော်လင့်သောသတ္တမနေ့ဥပုသ်ဘုရားကျောင်း" ဆိုသည့်ဆိုင်းဘုတ်ကိုတွေ့ခဲ့ကြသည်။ ဤဘုရားကျောင်းသည် ဟုပ်ချန်နယ်မှဘုရားကျောင်းဖြစ်သည်ကို သတိထားမိခဲ့ကြသည်။ ဥပုသ်နေ့ရောက်သောအခါ သူမသည် တရားဟောအစီအစဉ်သို့တက်ရောက်ခဲ့သည်။ ထို့နောက် သူမ၏ခင်ပွန်းသည်၊ ထိုနောက်သူမ၏အမေကိုသူနှင့်အတူတက်ရန် ဖိတ်ခေါ်ခဲ့သည်။ ထိုအချိန်မှစ၍ သုံးယောက်လုံးနှစ်ခြင်းမင်္ဂလာခံယူခဲ့ကြပါသည်။

အခြားသောအတွဲအကြိုတစ်ခုက ရုရှား–ဂျာမန် လူမျိုးဖြစ်သောညီအစ်မတစ်ယောက်အကြောင်းဖြစ်သည်။ သူမသည် ရက် (၄၀)၊ ဆုတောင်းခြင်းမှာ ပါဝင်ခဲ့ပြီး ရုရှားစကားပြောသောအိမ်နီးနားချင်းများအတွက်စ၍ဆုတောင်းခဲ့သည်။ သူမ၏အိမ်နီးချင်းအမျိုးသမီးတစ်ယောက်အား သူ့အတွက် သူမဆုတောင်းနေခဲ့သည့်အကြောင်း ပြောပြသောအခါ၊ အိမ်နီးချင်းအမျိုးသမီးက အလွန်အံ့သြပြီး၊ သူမက ကျမ်းစာ၏ဥပုသ်နေ့ကို စောင့်သော

အသင်းတော်ကို သူမလိုက်ရှာခဲ့ကြောင်းပြောပြခဲ့သည်။ တရားပွဲသို့ ထိုအမျိုးသမီးနှင့် အခြားသောအိမ်နီးနားချင်းများတက်ရောက်ခဲ့ရာ နှစ်ယောက်နှစ်ခြင်းမင်္ဂလာခံယူခဲ့ပါသည်။

အခြားသောအတွေ့အကြုံတစ်ခုက ဂျင်းနီ (Jeanne) ဆိုသည့် အမျိုးသမီးအကြောင်းဖြစ်သည်။ သူမက ဘရာဇီးရှိနှစ်ခြင်းအသင်းတော်မှဖြစ်၍ ကိုလုံမှာ ပေါ်တူဂီစကားဖြင့်အသုံးပြုဟောပြောသော ဘုရားကျောင်းကို ယခုရှာဖွေလျက်ရှိနေသည်။ မြော်လင့်ခြင်းအသင်းတော်နှင့်ဆက်သွယ်မိပြီး ကျမ်းစာသင်ယူခဲ့ကာ နှစ်ခြင်းခံခဲ့ပါသည်။ ပြောင်းလဲခြင်းခံရခဲ့ပြီးနောက် ဘရာဇီးမှာရှိသောဆွေမျိုးများကို ဖုန်းဖြင့်ဆက်သွယ်ခဲ့ပြီး သူ၏သတ္တမနေ့ဥပုသ်အသင်းသားဖြစ်သောဦးလေးကို ယခု သူမသည်လည်းမြော်လင့်ခြင်းအသင်းသားတစ်ဦးဖြစ်လာပြီဟု ပြောပြခဲ့သည်။ သူမ၏မိခင်၊ မောင်နှမများနှင့် ယခင်ကသူ၏အသင်းတော်ဖြစ်ခဲ့သော နှစ်ခြင်းအသင်းတော်ဝင်များအတွက် ကြီးမားသောအံ့သြဖွယ်ရာဖြစ်ခဲ့သည်။ သူ၏မိသားစုဝင်များသည်၊ နောက်ပိုင်းတွင် ဘရာဇီး၌ရှိသောမြော်လင့်ခြင်းဘုရားကျောင်းသို့သွားခဲ့ကာ ဥပုသ်နေ့နှင့် ပတ်သက်သောအကြောင်းအရာများကို မေးမြန်းခဲ့ကြသည်။ ဤသို့ဖြင့် သူမ၏မိခင်၊ ညီအစ်မနှစ်ယောက်နှင့် ဆွေမျိုးတော်စပ်သူနှစ်ဦး၊ ပေါင်းငါးယောက်သည် ဘရာဇီး၌ နှစ်ခြင်းမင်္ဂလာခံယူကာ ကြွလာခြင်းကိုမျှော်လင့်၍ သတ္တမနေ့ဥပုသ်စောင့်သောအသင်းဝင်များဖြစ်လာခဲ့ကြပါသည်။ ယခု ဂျင်းနီသည်၊ အာဂျင်တီးနားမှာနေသောသူ့အစ်မအတွက် ဆုတောင်းပေးနေပါသည်။ ဘုရားသခင်၏နိုင်ငံတော်၌ အားလုံးနှင့်အတူတကွနေလိုသောကြောင့်ဖြစ်ပါသည်။

ဘုရားသခင်၏လမ်းပြပို့ဆောင်မှုအောက်၌ အခြားသောအတွေ့အကြုံများစွာကို ရရှိခဲ့ပါသည်။ ပထမနှစ်ခြင်းခံပွဲ၌လူ (၈) ဦး နှစ်ခြင်းခံခဲ့ပါသည်။ တစ်ဦးစီက၊ အီတလီ၊ ဂျာမာဏီ၊ ပီရူး၊ ဘရာဇီး၊ ယူကရိန်း၊ ဗင်နီဇွဲလား၊ ကိုလံဘီယာနှင့် ရုရှား မှဖြစ်ကြပါသည်။

တစ်ဖန်ဆောင်းဦးအချိန်တွင် (၄၀) ရက် ဝတ်ပြုခြင်းနှင့်ပတ်သက်သော တရားဒေသနာအတွဲများကို ဟောပြောသောအစီအစဉ်စတင်ခဲ့ပြန်ပါသည်။ ဘရာဇီးမှဖြစ်သော်လည်း ယခု ယူအက်(စ်)အေမှာနေသော ဆရာကြီး ဂျင်မီခါဒိုစို (Jimmy Cardoso) နှင့်ဇနီးတို့သည် ဤဒေသနာတရားစီးရီးကို ဟောပြောခဲ့ကြသည်။ ဤစီးရီးသည် တစ်ပတ်သာကြာသော်လည်း ချစ်ဖွယ်ကောင်းသောလူလေးယောက်ကို နှစ်ခြင်းမင်္ဂလာပေးနိုင်ခဲ့ပါသည်။ မကြာမီကမှ ကျမ်းစာသင်ယူခဲ့ကြသည်။ ဂျာမန်သုံးယောက်နှင့် အီတာလျံတစ်ယောက်ဖြစ်သည်။

နှစ်ခြင်းခံပွဲနှစ်ခုလုံးသည်၊ ကိုလုံရှိ ပင်မဘုရားကျောင်းတွင်ကျင်းပခဲ့သည်။ ထိုပင်မဘုရားကျောင်းတွင် အသင်းဝင် (၄၀၀) ရှိကာ လှပသောနှစ်ခြင်းခံရန်ရေကန်နှင့်လိုအပ်သောအရာများကို ထောက်ပံ့ပေးနိုင်သောနေရာဖြစ်သည်။

ဤကဲ့သို့ကြီးမားသောနည်းလမ်းများဖြင့် ကျွန်ုပ်တို့ကိုကူညီမစအံ့ဩဖွယ်စေသောဘုရားကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့အတွက်နောက်ထပ်သာ၍ကောင်းသောအတွေ့အကြုံများကို ဘုရားကစောင့်ကြိုစေဦးမည်ဟု ကျွန်ုပ်လက်ခံယုံကြည်မိပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့အတွက်ဆုတောင်းပေးကြပါ။" (Joao Lotze, Cologne, Germany)

အသက်ရှင်မှုအတွက် အချက်အချာဖြစ်စေသောကြားဝင်မှု၊ "(ရက် ၄၀-စာအုပ်) ကို ပထမတွင်ပြီးသည်အထိ လွယ်လွယ်ပင်ဖတ်ခဲ့ပါသည်။ ထို့နောက် ပထမစာရွက်ကိုစဖတ်ကတည်းက ကျွန်ုပ်ကိုစွဲလမ်းစေခဲ့သည်။ တစ်စုံတစ်ယောက်အတွက်ဆုတောင်းပေးရုံသာမဟုတ်ဘဲ၊ သူတို့ကိုမေတ္တာဖြင့် ကျွန်ုပ်တို့ဂရုစိုက်ကြရမည်။ ဤတွင်ကြားဝင်မှုကို ရှင်သန်စေပါသည်။ ကံမကောင်းစွာဖြင့် အလျင်ကကြားဝင်မှုကို ဤသို့ကျွန်ုပ်တစ်ခါမျှမမြင်မိပေ။ သင်၏ယုံကြည်ခြင်းအတိုင်း အသက်ရှင်ပါ။ ဆုတောင်းပေးသောသူအတွက် အရေးကြီးသကဲ့သို့ ဆုတောင်းပေးခြင်းခံရသောသူအတွက်လည်း အရေးကြီးသည်ဟု ကျွန်ုပ်ယုံကြည်လက်ခံမိသည်။ အလားတူစွာ အစကတည်းက

အသင်းတော်အတွင်း ပေါင်းသင်းဆက်ဆံခြင်း ပို၍အားကောင်းလာစေမည်ဟု ကျွန်ုပ်လက်ခံယုံကြည်ခဲ့ပါသည်။ စာအုပ်၏နောက်ဆုံးအခန်းမှာ ပါရှိသည့်အတိုင်း ထိုသို့သောပေါင်းသင်းဆက်ဆံမှုဖြစ်လာမည်ဟု ကျွန်ုပ်မျှော်လင့်မိပါသည်။ ရိုးသားစွာဝန်ခံရမည်ဆိုသော်၊ ထိုသို့သောပေါင်းသင်းဆက်ဆံမှုကို ကျွန်ုပ်သည်ကြာမြင့်စွာတမ်းတခဲ့သောကြောင့် ကျွန်ုပ်သည် မျက်ရည်ကျခဲ့မိပါသည်။ "ကျွန်ုပ်အတွင်းရှိခရစ်တော်" စာအုပ်သည် ကျွန်ုပ်တို့ကိုပြုစုပျိုးထောင်ပေးပြီး ကျွန်ုပ်တို့၏ကိုယ်ပိုင်အောင်မြင်ခြင်းမှလွတ်မြောက်စေသည်ဟု ကျွန်ုပ်ယုံကြည်လက်ခံခဲ့ပါသည်။ "ကျွန်ုပ်အတွင်းရှိခရစ်တော်" နှင့်ပတ်သက်သောစာအုပ်အချို့ကို ဖတ်ဖူးသော်လည်း ယခုစာအုပ်သည် ကျွန်ုပ်အားအကူညီဆုံးဟု ကျွန်ုပ်ထင်မိပါသည်။ ဤရက် (၄၀) စာအုပ်ကိုဖတ်ခြင်းအားဖြင့် သင်၏ဆုတောင်းခြင်းအသက်တာကို ခွန်အားတိုးစေ၍ အသင်းတော်အတွင်း ပေါင်းဖော်ခြင်းပို၍ပြုစုပေးနိုင်သည်သာမက ကြားဝင်မှုမှာ သာ၍ရှင်သန်စေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ ဤစာအုပ်သည် ကျွန်ုပ်ကိုယ်တိုင်အတွက်၊ အသင်းတော်အတွက်နှင့်ကမ္ဘာအတွက် မျှော်လင့်ချက်ပေးပါသည်။ ဤစာအုပ်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ထိုနောက် ရက် (၄၀) အတွက်လမ်းညွှန်စာအုပ်ကို လေ့လာရန်ကြိုစည်ပြီး လေ့လာခြင်းအပေါ် ဆုတောင်းကာ ဘုရားသခင်ပြသသည့်အတိုင်း လုပ်ဆောင်သွားမည်။"

ရက်သတ္တပတ်အနည်းငယ်ကြာပြီးနောက် ဤညီအစ်မထံမှ အခြားအီးမေးတစ်စောင်ရရှိခဲ့ပါသည်။ "သင်သိသည်အတိုင်း ထိုစာအုပ်ကိုပထမ၌ပြီးသည်အထိလွယ်လွယ်ပင်ဖတ်ခဲ့ပါသည်။ သို့သော်လည်း ကျွန်ုပ်၏ဆုတောင်းဖော်နှင့်ဝတ်ပြုခြင်းအကြောင်းများကို လေ့လာရန်အစပြုသည့်အချိန်မှစ၍ ကျွန်ုပ်တွေ့ရှိခဲ့ရသည်မှာ အစကကျွန်ုပ်တွေးထားခဲ့သည်ထက် ၎င်းတို့သည် ပို၍တန်ဖိုးရှိသည်။ ကျွန်ုပ်ကိုယ်တိုင်ဖြင့် မရနိုင်သည့်အရာများကို ကျွန်ုပ်ရရှိခဲ့သည်။ ဆုတောင်းဖော်အတွက်လည်း ဘုရားသခင်အားကျေးဇူးတင်ပါသည်။

သူသည်၊ တက်ကြွစွာနှင့် ကြိုးပမ်းစွာပါဝင်ဆုတောင်းသော ဆုတောင်းဖော် ဖြစ်ခဲ့ပါသည်။" H.K.

နောက်ထပ်မသေချာတော့ပါ။ "Steps to Personal Revival" စာစောင်သည် ကျွန်ုပ်၏စိတ်ကို အထူးတို့ထိစေခဲ့သည်။ မြော်လင့်ခြင်းမိသားစုမှာ မွေးဖွားလာခဲ့သောကြောင့် မှန်ကန်သောလမ်းကို ကျွန်ုပ်လျှောက်လှမ်းသည်ဟု ကျွန်ုပ်ယုံကြည်ခဲ့ပါသည်။ သတို့သမီးဆယ်ဦးအကြောင်းပါသောအခန်းကြီးနှင့် (ရောမ၊ ၈း၉) နောက်ပိုင်းတွင် "ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်" ဟုဖတ်ရသောအခါ ကျွန်ုပ်အမှန်တုန်လှုပ်ခဲ့ပါသည်။ ချက်ချင်းပင် ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိပြီးလား။ ကျွန်ုပ်အတွင်းမှာ သူအလုပ်လုပ်ပါရဲ့လား စသည့်မသေချာမရေရာသောစိတ်ဖြစ်ပေါ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏အသက်တာတွင် ဆီလျော်သောဝိညာဉ်အသီးများဆိုးရွားစွာကင်းမဲ့နေသောကြောင့်ဖြစ်သည်။ ဤဥပုသ်နေ့မွန်းလွဲချိန်တွင် စာအုပ်ငယ်ကို အပြီးသတ်ဖတ်ခဲ့ပြီးနောက်၊ လေးနက်၍အတိုင်းအဆမရှိသောဝမ်းနည်းခြင်းသည် ကျွန်ုပ်ကိုလွှမ်းခြုံခဲ့ပါသည်။ ထိုနောက်စာအုပ်အဆုံး၌ရှိသောဆုတောင်းချက်ကို ကျွန်ုပ်ဖတ်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိရန်၊ ကျွန်ုပ်၏စိတ်နှလုံးကို သူပြုပြင်ပြောင်းလဲပေးရန်နှင့် သူ၏အလိုတော်နှင့်အညီ ကျွန်ုပ်ကိုပုံသွင်းပေးရန် ကျွန်ုပ်ဆန္ဒနက်ရှိုင်းစွာဖြစ်ပေါ်ခဲ့ပါသည်။---A.P.

ဘုရားသခင်အားသိကျွမ်းခြင်း၊ "လွန်ခဲ့သောအချိန်အနည်းငယ်၌ ကျွန်ုပ်သည် သင်ရေးထားသောနိုးကြားခြင်းအကြောင်းအရာကို ဖတ်ခဲ့ပါသည်။ ဤခေါင်းစဉ်အတွက် (၃) နှစ်ကြာမျှအချိန်ကိုမြှုပ်နှံခဲ့ပါသည်။ ယခု "Steps to Personal Revival" "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်ငယ်ကို စတင်ဖတ်ရှုခဲ့ပါသည်။ ၎င်းအတွက် အာမင်ဟု ခေါ်ဆိုနိုင်ပါသည်။ ဤစာမျက်နှာများတွင် ကျွန်ုပ်၏ကိုယ်ပိုင်အတွေး

အခေါ်များကို တွေ့ခဲ့ရသဖြင့် ကျွန်ုပ်ဝမ်းသာမိပါသည်။ ကျွန်ုပ်တို့၏ အသင်းတော်တွင် ကျွန်ုပ်တို့ပန်းတိုင်ကိုမီရန် တစ်လက်မမျှလိုနေသည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ လိုအပ်နေသောအရာများကို ကျွန်ုပ်တို့မျက်ခြည် ပြတ်နေသည်ဟူသောခံစားချက်ကို ကျွန်ုပ်မခါထုတ်နိုင်ခဲ့ပါ။ မကြာခဏ "သမ္မာတရားဆိုသည်မှာ အဘယ်အရာနည်း၊" "မည်သို့နေထိုင်ရမည်၊" "အနာဂတ်ဟောကိန်းမည်မျှအရေးကြီးသည်၊" စသည်တို့ကိုသာဟောပြော ကြသည်။ ဤသို့ပြုလုပ်ခြင်းကို မှားသည်ဟုကျွန်ုပ်မဆိုလိုပါ။ သို့သော် ဘုရားသခင် ကျွန်ုပ်တို့ကိုပေးသောအရာများကို ကျွန်ုပ်တို့သည်အဘယ် ကြောင့်လျစ်လျူရှုကြပါသနည်း။ သမ္မာတရား၏ရည်ရွယ်ချက်သည်၊ ဘုရား သခင်နှင့်ပြီးပြည့်စုံသောပေါင်းဖော်ခြင်းမဟုတ်ပါလား၊ ဤအရာများသည် ဘုရားသခင်ကိုအမှန်သိကျွမ်းရန် ကျွန်ုပ်တို့အားအထောက်အကူပေးသော အရာများမဖြစ်သင့်ဘူးလား။ အနာဂတ်ဟောကိန်း၏ရည်ရွယ်ချက်သည်၊ ဘုရားသခင်၏ကြီးမြတ်ခြင်းနှင့် အနန္တတန်ခိုးနှင့်ပြည့်စုံခြင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြု၍ ဤကမ္ဘာတစ်ခုလုံးကို သူ၏လက်ထဲတွင် ဆွဲကိုင်ထားပြီး ၎င်းကို လမ်းညွှန်ပြသည်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်သကဲ့သို့ ထိုနည်းတူစွာ ကျွန်ုပ်တို့ကို ဘုရားသခင်သည် လမ်းပြနိုင်၍ ကျွန်ုပ်တို့၏ အသက်တာကို ပုံသွင်းပုံဖော်နိုင်သည်ကိုပြသခြင်း မဟုတ်ပါလား။ ထာဝရ အသက်ကားအဘယ်အရာနည်း။ (ယောဟန်၊ ၁၇း၃) က "ထာဝရအသက်ဟူ မူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကို လည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်း တည်း။" သတို့သမီးဆယ်ဦးပုံပမာတွင်၊ သတို့သားက မိုက်သောသတို့သမီး ငါးယောက်အား၊ "သင်တို့ကိုငါမသိ" ဟု ပြောခဲ့သည်။ ကျွန်ုပ်တို့၏ယုံ ကြည်ခြင်း၏ရည်ရွယ်ချက်မှာ ဘုရားသခင်ကိုသိကျွမ်းရန်၊ သူနှင့်ပေါင်း ဖော်ခြင်းရှိရန်ဖြစ်သည်။ သို့မှသာ ဟိုတုန်းက ဘုရားသခင်၏ဘုန်းတော်

သည် ဗိန်မာန်တော်ကို ဖြည့်ပေးသကဲ့သို့ ကျွန်ုပ်တို့ကိုလည်းဖြည့်ပေးနိုင်ပါသည်။ (ဖရာ၊ ၅း၁၃–၁၄)။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲမှာစီးဆင်း၍ ကျွန်ုပ်တို့တစ်ကိုယ်လုံးကိုဖြည့်ပေးသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တိုင်အသက်ရှင်ခြင်းမဟုတ်တော့ဘဲ၊ ခရစ်တော်သည်၊ ကျွန်ုပ်တို့အထဲမှာ အသက်ရှင်ခြင်းပင်ဖြစ်သည်။" (အယ်ဒီတာသာသိသောစာရေးဆရာ)

ကြားဝင်ဖျန်ဖြေမှုအတွက်အဲ့ဖွယ်အဖြေများ

ကျွန်ုပ်အတွက် ဒီစမစ်(သ်) ၏ ရက် (၄၀) ဒုတိယစာအုပ်သည် ယုံနိုင်စရာမရှိအောင် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်ဆုတောင်းပေးသောလူအချို့သည် သူတို့အသက်တာ၌ ဒီဂရီ ၁၈၀ လုံးအပြောင်းအလဲဖြစ်သည့် အတွေ့အကြုံများကို ကြုံတွေ့ခဲ့ကြရသည်။

ရက် (၄၀) အတောအတွင်း၊ မိတ်ဆွေတစ်ဦးနှင့်ကျွန်ုပ်သည် လေးနက်သော ဝိညာဉ်ရေးရာနှင့်ပတ်သက်၍ အပြန်အလှန်စကားပြောခဲ့ကြသည်။ သူက သူ၏အခြေအနေသည် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်မှာ အပြောင်းအလဲရှိခဲ့သည်ဟုဆိုခဲ့ပါသည်။ ဆုတောင်းရန်သာ၍လိုအပ်သည့် ဆန္ဒ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပို၍တွေးတောဆင်ခြင်ခြင်းနှင့် အလျင်ကသူ့အတွက် တန်ဖိုးကြီး၍တပ်မက်သောအရာများကို စွန့်လွှတ်လိုက်နိုင်ကြောင်းကို သူပြောပြခဲ့သည်။ ကျွန်ုပ်လည်းအားယူ၍ ရဲရင့်စွာဖြင့်ရက် (၄၀) စာအုပ်အကြောင်းကိုပြောပြခဲ့ပြီး လူငါးယောက်အတွက် ကျွန်ုပ်ဆုတောင်းပေးရာမှာ သူသည်လည်းတစ်ယောက်အပါအဝင်ဖြစ်ကြောင်းပြောပြခဲ့ပါသည်။ ထိုနောက် သူကအကောင်းဘက်မှ အံ့သြခြင်းနှင့်ပြန်ဖြေသည်မှာ "သည်လိုဆိုလျှင် ဤအရာအားလုံး၏တရားခံက သင်ပဲဖြစ်သည်" ဟုပြောခဲ့သည်။

မိန်းကလေးတစ်ဦးသည် ဘုရားသခင်ထံတော်သို့ မိမိအသက်တာကို ၁၀၀% အပြည့်ဆက်ကပ်အပ်နှံရန်ဆုံးဖြတ်ခဲ့ပါသည်။ ငယ်စဉ်ကလေးဘဝ

ကပင် ယုံကြည်သူတစ်ယောက်ဖြစ်ခဲ့သော်လည်း၊ ဘုရားမပါသော အသက်ရှင်ခြင်းမျိုးနှင့်နေခဲ့သည်။ ယုံကြည်ခြင်း၌စိတ်ဝင်စားမှုမရှိခဲ့။ ဇာတိပကတိအကျင့်၌ လုံးလုံးထောင်ချောက်ထဲကျဆင်းခဲ့ပါသည်။ ယခုမှာ လုံးလုံးလျားလျားပြောင်းလဲသွားခဲ့သည်။ သူ့ကိုသိခဲ့သောသူများ ယခုသူ့ကို တွေ့မြင်သောအခါ အံ့သြကြရသည်။ ကျွန်ုပ်နှင့်အတူကျမ်းစာကိုသင်ယူလျက် ရက် (၄၀) အစီအစဉ်မှာလည်း ကျွန်ုပ်တို့၏အသင်းတော်မှာပါဝင်နေ၍ သူသည်အခြားသူများကို သာ၍တည်ကြည်လေးနက်သောယုံကြည်ခြင်း အသက်တာကိုရရန် အားပေးလိုသောဆန္ဒရှိနေပါသည်။

အခြားကျွန်ုပ်ဆုတောင်းပေးသော မိန်းမငယ်တစ်ဦးမှာ ရက်သတ္တပတ်များစွာကြာသောသင်တန်းတစ်ခုတက်ခဲ့၍ ထိုသင်တန်းတက်ရောက်သူများနှင့် လိုက်လျောညီထွေပြီးသင့်သင့်တင့်တင့်နေရန်လိုအပ်ပါသည်။ သူမသည်အကျမ်းမဝင်သောဤသူများနှင့်အတူ အချိန်ကုန်လွန်ရာ၌ အဆင်မပြေမှာကိုပူပန်ခဲ့သည်။ တစ်နေ့ သင်တန်းအတွက်မထွက်ခွာမီ ကျွန်ုပ်သည်သူ့အားဆုတောင်းခြင်းဖြင့်အားပေးခဲ့ပြီး သူ့အတွက်ရက်အတော်ကြာဆုတောင်းနေခဲ့သည့် အကြောင်းကိုပြောပြခဲ့သည်။ ဘုရားသခင်သည် သူ့အားငြိမ်သက်ခြင်းပေး၍ ဤအတွေ့အကြုံအားဖြင့် ဘုရားသခင်ဆုတောင်းခြင်းကိုအဖြေပေးဖို့ရန် ကျွန်ုပ်ဆုတောင်းပေးခဲ့သည်။ ထိုသင်တန်းအတောအတွင်း ကျွန်ုပ်ကိုခေါ်၍ ဘုရားသခင်သူ့အတွက်မယုံနိုင်သောအရာများပြုလုပ်ပေးခဲ့သည်ဟု စိတ်တက်ကြွစွာပြောပြခဲ့ပါသည်။ ဘုရားသခင်က သူမအားစိတ်၏ငြိမ်သက်ခြင်းပြည့်စုံစွာပေးသည်သာမက၊ ဒစ္စကိုအကများနှင့်အရက်သေစာသောက်သုံးသောညချမ်း ပျော်ရွှင်စွာဖျော်ဖြေမှုများမှာ မတက်ရောက်မပါဝင်ရန် ဘုရားသခင်က သူ့ကိုခွန်အားပေးခဲ့ကြောင်းပြောပြခဲ့ပါသည်။

ရက် (၄၀) ပြီးဆုံးသောအခါ၌ပင်လျှင် ဤသူများအတွက် ကျွန်ုပ်ဆက်လက်၍ ဆုတောင်းပေးခဲ့ပါသည်။ ဘုရားသခင်သည် ကောင်းသော

နည်းလမ်းများဖြင့် ဆုတောင်းခြင်းများ၏အဖြေကိုပေးကြောင်း ကြားခဲ့ရမြင်ခဲ့ရသောအချိန်မှစ၍ သူတို့အတွက် ဆက်လက်၍ဆုတောင်းခဲ့ပါသည်။ A.M.

ကြားဝင်မှုအားဖြင့် ဘုရားသခင်အလုပ်လုပ်ဆောင်ပုံ

လွန်ခဲ့သောငါးနှစ်အတွင်း၊ ကျွန်ုပ်အတွက်အရေးကြီးသော လူတစ်ဦးနှင့် လုံးဝအဆက်ပြတ်သွားခဲ့သည်။ ကျွန်ုပ်ပို့သောသတင်းများကို သူလျစ်လျူရှုခဲ့ပုံပေါ်ပါသည်။ လွန်ခဲ့သောသုံးနှစ်အတွင်း ဘုရားကျောင်းမတက်တော့ကြောင်း (အသင်းတော်တွင်ကြီးပြင်းခဲ့သူဖြစ်သည်) နှင့် ခရစ်ယာန်မဟုတ်သည့် အမျိုးသမီးတစ်ယောက်နှင့် မေတ္တာသက်ဝင်သောဆက်ဆံမှုရှိခဲ့သည်ဟု ကြားသိခဲ့ရသည်။ ကျွန်ုပ်နှင့်သူကီလိုမီတာ (၆၀၀) ဝေး၍ ကျွန်ုပ်ကိုတစ်ခါမျှမဖြေကြားခဲ့သောကြောင့်သူနှင့်ပြန်၍ဆက်သွယ်ရန် မဖြစ်နိုင်ဟုထင်ခဲ့ပါသော်လည်း ကျွန်ုပ်၏ဆုတောင်းပေးသူများစာရင်းတွင် သူ၏နာမည်ကို ကျွန်ုပ်ထည့်ထားခဲ့ပါသည်။ သို့ဖြစ်ပါလျက်၊ "အသက်ရှင်ခြင်းလက္ခဏာ" တစ်ခုအတွက် ကျွန်ုပ်ဆုတောင်းခဲ့ပါသည်။

ကြေညာချက်အတိုအထွာတစ်ခု၌ သူ၏ညီငယ်နှစ်ခြင်းမင်္ဂလာခံယူမည့်အစီအစဉ်ကို မထင်မှတ်ဘဲတွေ့ခဲ့သည်။ နှစ်ခြင်းခံမည့်နေရာသည် ကျွန်ုပ်နေသောနေရာနှင့်မဝေးပါ။ နှစ်ခြင်းခံမည့်ရက်စွဲသည်လည်း ရက် (၄၀) ဆုတောင်းခြင်းအတောအတွင်းဖြစ်နေသည်။ (မူလရက်စွဲမဟုတ်တော့)။ ကျွန်ုပ်၏မိတ်ဆွေနှင့်တွေ့ဆုံရန်၊ ထိုနှစ်ခြင်းခံပွဲသို့သွားရန် ကျွန်ုပ်ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်ုပ်တို့နှစ်ယောက်သည်လေးနက်သောဆွေးနွေးခြင်းကို ပြုလုပ်နိုင်ခဲ့သည်။ သူသည် ဘုရားသခင်ထံပြန်လာရန်အရေးကြီးလိုအပ်နေသည့်ခံစားချက်အတော်ကြာရှိနေခဲ့သော်လည်း သူ၏နေပုံထိုင်ပုံစားပုံသောက်ပုံကိုပြောင်းလဲပစ်ရန် သူ့မှာခွန်အားမရှိဟုပြောပြခဲ့သည်။ ကျွန်ုပ်ကလည်းလွန်ခဲ့သောရက် (၂၀) တွင် သူ့အတွက်စိတ်ပါလက်ပါဆုတောင်းခဲ့သည့်အပြင်

ကျွန်ုပ်၏ဆုတောင်းပေးသူစာရင်းတွင် သူ့နာမည်ရှိခဲ့ကြောင်းပြောပြခဲ့ပါသည်။ ဤတွင် သူ့မှာမှင်သက်မိ၍ စကားပင်မပြောနိုင်အောင်ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ဆုတောင်းပေးသောအချိန်သည် သူ့အထဲ၌ ဘုရားသခင်အလုပ်လုပ်သောအချိန်နှင့် တစ်ထပ်တည်းဖြစ်ခဲ့သောကြောင့် ဖြစ်သည်။

ဝိညာဉ်ရေးရေနှစ်ခြင်းမင်္ဂလာနှင့် စပ်ဆိုင်သောဝတ်ပြုပွဲ၌ သူ့စိတ်အလွန်လှုပ်ရှားခဲ့သောကြောင့် တရားဟောဆရာက တရားနာများဆက်ကပ်ရန် မေတ္တာရပ်ခံသောအခါ သူ့အထဲမှာလွန်ဆွဲနေသည်ကို ကျွန်ုပ်ခံစားနေခဲ့ရကာ ကြာမြင့်စွာရန်းကန်လှုပ်ရှားမှု၏နောက်မှာ သူသည်ဒူးထောက်ချကာ ငိုကြွေးခဲ့ပါသည်။ ဘုရားသခင့်ထံတော်သို့ နောက်တစ်ဖန်ပြန်၍အပ်နှံဆက်ကပ်ခဲ့သည်။ အစည်းအဝေးပြီးဆုံးသောအခါ သူကဘုရားကျောင်းမှန်မှန်ပြန်တက်ပြီး သူ၏နေပုံထိုင်ပုံကိုပြောင်းပစ်မည်ဟု ကျွန်ုပ်ကိုပြောပြခဲ့သည်။ ဤရက်သတ္တပတ် ယခုကဲ့သို့ကုန်ဆုံးလိမ့်မည်ဟု သူမထင်ခဲ့ပါ။

နောက်ရက်သတ္တပတ်အနည်းငယ်မှာ သူ့ကိုလူငယ်လူရွယ်အစည်းအဝေးကြီး၌ တွေ့ခဲ့ပါသည်။ ထိုအစည်းအဝေးကြီးသည် သူ့ကိုခွန်အားပေးကာတည်ဆောက်ခြင်းဖြစ်စေခဲ့သည်။ ချစ်ရခင်ရသောသူတစ်ဦးအား နောင်တသို့ပို့ဆောင်ပေးသောဘုရားအား ကျွန်ုပ်ကျေးဇူးတင်ပါသည်။

(LUDWIGSBURG/ BADEN-WUERTTEMBERG, GERMANY

တွင်ရှိသောအသင်းတော်

"ပထမဦးစွာ အတွဲတစ်တွဲကဲ့သို့ ရက် (၄၀) စာအုပ်ကိုလေ့လာခဲ့ကြရာ၊ ဆုတောင်းသောအချိန်အတွင်း တစ်ဦးစီ၌ကြီးမားသောအကျိုးကျေးဇူးနှင့်ကောင်းချီးမင်္ဂလာကို တွေ့ကြုံခံစားခဲ့ကြရသည်။ နောက်ပိုင်းတွင် အသင်းဝင်များနှင့် ဘုရားကျောင်းတွင်တစ်ပတ်မှာ နှစ်ကြိမ်ဆုတောင်းရန်၊ ထိုစာအုပ်ကိုဖတ်ရန် အဖွဲ့ဖွဲ့စည်းခဲ့သည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာနှင့်

လမ်းပြမှုကို ထင်ရှားစွာကြုံတွေ့ခဲ့ကြရကာ ရက် (၄၀) အတွင်းအံ့ဖွယ်အမှုများစွာနှင့်ကြုံတွေ့ခံစားခဲ့ရသည်။ အသင်းတော်တစ်ခုအနေနှင့် ကျွန်ုပ်တို့ကို ပြန်လည်လန်းဆန်းစေ၍ ပြန်လည်အသက်ဝင်လှုပ်ရှားစေသည်။ ယခင်က သူစိမ်းများနှင့် စကားမပြောရဲခဲ့သောအသင်းဝင်များသည်၊ ရုတ်တရက် သူတို့၏ကိုယ်စွမ်းကိုယ်စဖြင့် သူစိမ်းများနှင့်ပြောဆိုဆက်ဆံလာခဲ့ကြသည်။ အတူဆုတောင်းခြင်းအားဖြင့် အတူတကွနီးကပ်စွာရှိသောအသင်းတော်တစ်ခုအဖြစ် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချည်နှောင်ထားလျက်ရှိသည်။ ကျွန်ုပ်တို့သည်ရက် (၄၀) အတောအတွင်းကြားဝင်ဆုတောင်းပေးခြင်းအားဖြင့် ပံ့ပိုးပေးခဲ့သော လူငါးယောက်၏အထူးအတွေ့အကြုံကို အခွင့်ထူးအဖြစ်ရရှိခဲ့ပါသည်။ ဤလူများ၏အသက်တာတွင် အထူးနည်းလမ်းတစ်ခုဖြင့် ဘုရားသခင်အလုပ်လုပ်ခဲ့ပါသည်။ တစ်ဖန်ပြီးတစ်ဖန်၊ လမ်းပေါ်ကလူများသည် ရုတ်တရက်ရောက်ချလာပြီး ဥပုသ်နေ့များတွင် တရားဒေသနာဟောကြားသောအစီအစဉ်ကို တက်ရောက်ခဲ့ကြပါသည်။ ဤမိသားစုများထဲမှ မိသားစုတစ်စုကို ကျွန်ုပ်တို့ကျမ်းစာသင်ကြားပေးနေပါသည်။ သူတို့သည် အင်တာနက်မှ ဗီဒီယိုများအားဖြင့်သော်လည်းကောင်း၊ အကောင်းအဆိုးတိုက်လှန်ပွဲစာအုပ်အားဖြင့်သော်လည်းကောင်း၊ ဥပုသ်နေ့ကိုသိရှိလာပြီး၊ ဥပုသ်နေ့ကိုစောင့်ထိန်းသော သူတို့၏ဘုရားကျောင်းကို အတော်ကြာရှာခဲ့သောသူများဖြစ်ကြပါသည်။" လူဝစ်ဘတ်(ဂ်) ရှိ (S.D.A) အသင်းတော်ဘုရားကျောင်းမှ ခတ်ဂျာနှင့် ခရစ္စယာန်ရှင်းဒလာ။ (အတိုချုံးထားသောပုံစံ)

ရက် (၄၀) အတွေ့အကြုံ

"တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်အပေါ်နှိုးနှောဖလှယ်ပွဲတစ်ခုကို အရာရာ၌စတင်ခဲ့ကြပါသည်။ ထိုအချိန်တွင် ကျွန်မ၏အသက်တာမှာ ဘုရားသခင်နှင့်အတွေ့အကြုံရရှိရန် ကျွန်မ၏စိတ်နှလုံးထဲမှာ ဆန္ဒကြီးထွားလျက်ရှိသောအချိန်ဖြစ်ခဲ့သည်။ ထိုနောက်ရက် (၄၀)

ဆုတောင်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းအကြောင်းကို ကျွန်မကြားခဲ့ပါသည်။ ကျွန်မအတွက် ချက်ချင်းပင်ထင်ရှားစွာသိခဲ့ရသည်မှာ ဤစွန့်စားခန်းမှ ကျွန်မအတွေ့အကြုံရရှိရန် ပြုလုပ်စမ်းသပ်ကြည့်ချင်ခဲ့သည်။ အမှန်မှာ ကျွန်မ ဘာလုပ်ခဲ့သည်ကိုပင် ကျွန်မမသိခဲ့ပါ။ သင့်လျော်သောဆုတောင်းဖော် (အစီအစဉ်တွင်ပါဝင်သောအပိုင်းတစ်ခု) တစ်ဦးကို ရှာရန်မခက်ခဲခဲ့ပါ။ ကျွန်မအတွက်စိန်ခေါ်ချက်မှာ ရက် (၄၀) အတွင်းနေ့စဉ်တွေ့ဆုံနိုင်သော အချိန်ကို တစ်ဦးနှင့်တစ်ဦးအတွက် သတ်မှတ်ရမည့်ကိစ္စဖြစ်သည်။ သူနာပြု တစ်ယောက်အတွက် ပုံမှန်အလုပ်ချိန်မရှိပါ။ ၎င်းအကြောင်းကို ကျွန်မစဉ်းစားခဲ့ခြင်းမရှိပါ။ မည်သို့ပင်ဖြစ်စေ၊ အစအဦးကပင် ကျွန်မ၏ဆုံးဖြတ်ချက်ကို ဘုရားကောင်းချီးပေးခဲ့ပါသည်။ ကျွန်မတို့သည် စာအုပ်ပါခေါင်းစဉ်အကြောင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံရန်အကြောင်းကို နှီးနှောဖလှယ်ရန်တန်ဖိုးရှိလှသော မိနစ်နာရီကို တောင့်တသောစိတ်ဖြင့် စောင့်မျှော်ခဲ့ကြပါသည်။ ကျွန်မတို့၏အသက်တာများ၌ရှိသော အရာတစ်စုံတစ်ခုကို ဆုတောင်းခြင်းကပြောင်းလဲပေးခဲ့ကြောင်း ကျွန်မတို့တွေ့ရှိခဲ့ပါသည်။ ၎င်းကို ကျွန်မတို့အတွက်သာမလျှို့ဝှက်ထားနိုင်ခဲ့ပါ။ အခွင့်အရေးရောက်ရှိလာတိုင်း သူတစ်ပါးအား အကြောင်းအရာတစ်ခုခုအကြောင်းကို ဝေမျှပေးလိုသောစိတ်ပြင်းပြလျက်ရှိခဲ့ပါသည်။ အခြားသူများကို တူညီသော အတွေ့အကြုံမျိုးကိုရရှိရန် တိုက်တွန်းနှိုးဆော်ပေးခြင်းသည်၊ ကျွန်မအတွက် အရေးကြီးပါသည်။ ရရှိသောအကျိုးဆက်က အရှုံးမရှိကြောင်းမြင်ခဲ့ကြရသည်။ အချို့အသင်းသူအသင်းသားများသည်၊ ကျွန်မတို့၏စိတ်အားထက်သန်ခြင်း အကူးစက်ခံခဲ့ကြရသည်။ လျင်မြန်စွာပင် အသစ်သောဆုတောင်းဖက်များစုရုံးလာခဲ့ကြတော့သည်။ ကျွန်မတို့သည် အပတ်တိုင်းတွေ့ကြုံခဲ့သော အဖြစ်အပျက်များကို ဝေငှကြရန်စောင့်မျှော်နေခဲ့ကြပါသည်။ ဤဗိုင်းရပ်(စ်)ပိုးသည် ကျွန်မတို့လူငယ်အနည်းငယ်ကိုလည်း ကူးစက်ခံခဲ့ကြရသည်။ ရက် (၄၀) သည်၊ လျင်မြန်လွန်းလှစွာကုန်ဆုံးခဲ့ပါသည်။ ကျွန်မတို့မကုန်ဆုံး

စေချင်သေးပါ။ ရပ်ရန်လည်းမလုပ်နိုင်ခဲ့ပါ။ ထို့ကြောင့် အယ်လင်ဝိုက်ရေးခဲ့သော (Maranatha) –သခင်ကြွလာမည်ဆိုသည့်စာအုပ်ကို ဝတ်ပြုချိန်မှာ ဖတ်ခဲ့ကြပါသည်။ ဘုရားသခင်သည် ကျွန်မတို့ကိုကြာကြာမစောင့်နေစေခဲ့ပါ။ ရက် (၄၀) အတွင်း ကျွန်မတို့၏ဆုတောင်းခြင်းအတွက် အံ့ဖွယ်အဖြေကိုပေးခဲ့သေးသည်။ လူတစ်ဦးသည် သူ့အတွက်ကျွန်မတို့ဆုတောင်းပေးသောအတောအတွင်းမှာ အသင်းတော်နှင့်ကြာမြင့်စွာဝေးကွာခဲ့သော်လည်း ယခုပြန်လည်၍အဆက်အသွယ်ပြုခဲ့သည်။ ကျွန်မတို့အလွန်မှဝမ်းသာခဲ့ကြပါသည်။ ကျွန်မပတ်ဝန်းကျင်မှာရှိသောသူများသည်၊ ကျွန်မအတွက်ပို၍အရေးပါလာခဲ့သည်။ သူများနှင့်ဘုရားသခင်၏မေတ္တာအကြောင်းဝေငှရန်ဆန္ဒသည်သာ၍ထက်သန်လာခဲ့သည်။ ကျွန်မ၏အသက်တာပြောင်းလဲခဲ့ပြီ။ အများသောကျွန်မတို့သည် တစ်ဦးနှင့်တစ်ဦးပို၍သိလာနားလည်လာခဲ့ကြသည်။ တစ်ဦးစီ၏အသက်တာ၌ပါဝင်လာ၍ တစ်ဦးအတွက်တစ်ဦးရှိပေးနေခဲ့ကြသည်။ ပေါင်းသင်းဆက်ဆံခြင်းသည်လည်း အသစ်သောပြီးပြည့်စုံသောအဓိပ္ပါယ်ကိုဆောင်လာခဲ့သည်။ ဒဲနစ်စမစ် (Dennis Smith) ရေးသားသော ရက် (၄၀) ဆုတောင်းခြင်းနှင့်ဝတ်ပြုခြင်းစာအုပ်သည် ကျွန်မအတွက် ကြီးမားသောအထောက်အကူဖြစ်ခဲ့သည်။ ထင်ထားသည်ထက်ဆုတောင်းဖော်ကိုရှာရသည်မှာ သာ၍လွယ်ကူကာ ဘုရားသခင်နှင့်အတွေ့အကြုံရယူရန်လည်းပို၍လွယ်ကူပါသည်။ ကျွန်မတို့နှင့်ရင်းနှီးချစ်ခင်သောသူများက ကျွန်မတို့ကို ကျေးဇူးတင်နေပါလိမ့်မည်။" (Hildegard Welker, Crailsheim Seventh-Day Adventist Church သည် ခွဲစိတ်ဆောင်မှ သူနာပြုတစ်ဦးဖြစ်သည်။ (အတိုချုံးထားသည်)။

ကျွန်ုပ်တို့၏စံနမူနာယေရှု

အရာခပ်သိမ်း၌ယေရှုသည် ကျွန်ုပ်တို့၏အကြီးမားဆုံးသောစံနမူနာသို့မဟုတ် စံပြဖြစ်သည်။ လုကာ ၃း၂၁-၂၂ မှာ "လူအပေါင်းတို့သည်

ဗတ္တိဇံခံကြသောအခါ၊ ယေရှုသည်လည်း ဗတ္တိဇံကိုခံတော်မူ၍ ဆုတောင်းစဉ်တွင်၊ ကောင်းကင်ဖွင့်လှစ်သဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ကိုယ်ထင်ရှားလျက်၊ ကိုယ်တော်အပေါ်၌ဆင်းသက်တော်မူ၍၊.... " ဟုရေးထားပါသည်။

အယ်လင်ဝိုက်သည် ဤအဖြစ်အပျက်အကြောင်းရေးခဲ့သည်မှာ– "သူ၏ခမည်းတော်ထံသို့ဆုတောင်းခြင်း၏တံ့ပြန်ချက်မှာ ကောင်းကင်ဖွင့်လှစ်၍သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်လာကာ၊ သူ့အပေါ်မှာနေခဲ့သည်။" E. G. White, Ye Shall Receive Power (1995), p. 14.4

သူ၏အမှုဆောင်စဉ် အံ့ဖွယ်အရာများဖြစ်နေခဲ့သည်။ "နံနက်တိုင်းသူ၏ခမည်းတော်နှင့်အဆက်အသွယ်ပြုခဲ့ကာ နေ့စဉ်ခမည်းတော်ထံမှသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်သောလတ်ဆတ်သောဗတ္တိဇံကိုခံယူရရှိနေပါသည်။" E. G. White, Signs of the Time, Nov. 21, 1895 ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်သောဗတ္တိဇံကိုနေ့စဉ်လိုအပ်လျှင် ကျွန်ုပ်တို့သည် သာ၍မလိုအပ်ပေဘူးလား။

–o–

အခန်း ၇

စိတ်ဝင်စားမှုနှင့်ဝေမျှခြင်း။

ကျွန်ုပ်တို့ပေးသောဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏
စိတ်နှလုံးများထဲသို့ပြန်လာပါမည်။
(ဂျာမန် စကားပုံ)။
ကျွန်ုပ်သည် ''အသက်နှင့်ပြည့်စုံစေခြင်း ၄၇''
(ယောဟန် ၁၀း၁၀) အခြားသူများအား
ကိုယ်တွေ့သိရှိရန် မည်သို့ကူညီနိုင်သနည်း။

ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာတစ်ခုတွင်
စိတ်ဝင်စားမှုရှိလာရန် မည်သို့လှုံ့ဆော်မည်နည်း။

ခေါင်းဆောင်များနှင့်အသင်းတော်များသည်၊ မည်သည့်အရာများကို လုပ်ပေးနိုင်ပါသနည်း။ ဤတွင် ခေါင်းဆောင်များ (ဥပမာ ဥက္ကဋ္ဌ၊ ပါစတာ၊ အသင်းတော် သို့မဟုတ် သာသနာအတွင်းရေးမှူး၊ အဖွဲ့အစည်းများ၏ခေါင်းဆောင်များ၊ သို့မဟုတ် အဓိကပုဂ္ဂိုလ်များ) အနေဖြင့် အသင်းတော်ဘုတ်အဖွဲ့၊ အသင်းတော်များ၊ အုပ်စုများနှင့်ပူးပေါင်း၍ ကျွန်ုပ်တို့ဘာလုပ်နိုင်သည်ကို ပြသသောဖြစ်နိုင်သည့်အရာများအနည်းငယ်ရှိပါသည်။

ဖြစ်နိုင်သည့်အရာများ

၁။ **နှစ်ယောက်တစ်တွဲဝတ်ပြုခြင်း၊** ရက် (၄၀) ဝတ်ပြုကိုးကွယ်ခြင်းကို ဇနီးမောင်နှံနှစ်ဦး၊ သို့မဟုတ် အခြားဆုတောင်းဖော်တစ်ယောက်နှင့်လေ့လာပါ။ ဒဲနစ်စမစ် (Review and Herald) ၏ ရက် (၄၀) ပထမ စာအုပ်ဖြစ်သည့် "ဒုတိယအကြိမ်ကြွလာခြင်းအတွက်ပြင်ဆင်ရန် ဆုတောင်းခြင်းနှင့် ဆက်ကပ်ခြင်း" စာအုပ်နှင့်အစပြု၍လေ့လာပါ။ ထိုနောက်သင့်လျော်ပါက ရက် (၄၀) ဒုတိယစာအုပ်ဖြစ်သည့် "ဘုရားသခင်နှင့်သင်၏အတွေ့အကြုံကို ပြည်လည်ဆန်းသစ်ရန် ဆုတောင်းခြင်းနှင့်ဆက်ကပ်ခြင်း" ကို အသုံးပြုလေ့လာပါ။ ဇနီးမောင်နှံစုံတွဲသည်၊ အတူတကွဝတ်ပြုကိုးကွယ်သောအခါ၊ အကျိုးရှိ၍ အထောက်အကူဖြစ်သောအပြန်အလှန်မေတ္တာမျိုးရှိလာသည်။ သဘာဝအားဖြင့်အခြားသောသူတစ်ယောက်နှင့်လည်း ဝတ်ပြုကိုးကွယ်နိုင်ပါသည်။ ကိုယ်တိုင်ကိုယ်ကျအတူတကွပါဝင်လျှင် အသင့်လျော်ဆုံးဖြစ်သော်လည်း၊ တယ်လီဖုန်းဖြင့်၊ စကိုက်ဖြင့်၊ သို့မဟုတ် အခြားမီဒီယာဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ နှစ်ယောက်တစ်တွဲဝတ်ပြုခြင်းသည်၊ အထိရောက်ဆုံးဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်က နှစ်ယောက်တစ်တွဲဆုတောင်းခြင်းကိုထောက်ခံပါသည်။ (မဿဲ ၁၈း၁၉)။ နှစ်ယောက်တစ်တွဲအလုပ်လုပ်ခြင်းကိုလည်း ထောက်ခံပါသည်။ (လုကာ ၁၀း၁)။ ဤဝတ်ပြုကိုးကွယ်ခြင်းနည်းလမ်းသည်၊ အခြားသောသူများအား ထိုနည်းအတိုင်းလုပ်ဆောင်ရန် အကောင်းဆုံးသောလိုအပ်ချက်ဖြစ်ပါသည်။

၂။ **စာပေများကိုမိတ်ဆက်ပေးခြင်း သို့မဟုတ် ဝေငှခြင်း။** ဥပမာ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်ငယ်ကို (အခမဲ့ ရရှိနိုင်သည်။ သို့မဟုတ် တန်ဖိုးနည်းနည်းဖြင့်ဘာသာအမျိုးမျိုးနှင့် ပြန်ပြီးသောစာအုပ်များကို ဝေငှရောင်းချပေးသည်။)

ဤစာအုပ်ငယ်ကို ဖတ်ရှုသူများ၏ (၈၀) မကသောသက်သေခံချက်များနှင့် ရာချီသောပြောပြချက်များသည် ဤစာအုပ်အား အထူးကျေးဇူးတင်ရှိကြောင်း အောက်ပါအကြောင်းအရာများအားဖြင့် ပြသလျက်ရှိပါသည်။

- ကယ်တင်ခြင်းရရှိသည်ဖြစ်စေ၊ ဆုံးရှုံးသည်ဖြစ်စေ၊ သူတို့၏ဝိညာဉ်ရေးအခြေအနေကိုသိရန် ဤစာအုပ်က သူတို့၏မျက်စိများကို ဖွင့်ပြပေးခဲ့ပါသည်။ (အခန်း ၂ တွင် ပို၍ဖော်ပြထားပါသည်။)
- ဝိညာဉ်ရေးအသက်တာတစ်ခုသို့ ပို့ဆောင်ပေးသည့်လိုအပ်သောလှေကားထစ်များကို သူတို့သည်နားလည်ခဲ့သည်။
  နေ့စဉ်ခရစ်တော်ထံသို့ဆက်ကပ်အပ်နှံခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိရန် နေ့စဉ်တောင်းခံခြင်း။ (DA 676.2)
  အခြားသောတစ်ကိုယ်ရေလှေကားထစ်အားလုံးကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖော်ပြထားခဲ့သည်။ (အခန်း ၃ တွင် ပို၍ဖော်ပြထားပါသည်)။
- ကျမ်းစာ၏ကတိတော်များနှင့် ဆုတောင်းခြင်းအားဖြင့် သူတို့သည်သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိပြီးဖြစ်သောအာမခံချက်ကို ရရှိခဲ့ကြသည်။ (အခန်း ၅ တွင် ပို၍ပါရှိပါသည်)။
- သူတို့၏ကြီးမားသောဝမ်းမြောက်ခြင်းသည်၊ သူတို့အားမျက်မြင်သက်သေခံများနှင့် စာအုပ်ငယ်ကိုဖြန့်ဝေပေးသောသူများဖြစ်လာစေသည်။

လူအများ၏အတွေ့အကြုံအားဖြင့် "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်နှင့်အတူ ပထမနှင့်ဒုတိယ ရက် (၄၀) စာအုပ်များကို အသုံးပြုခြင်းသည် အကောင်းဆုံးသောရလဒ်သို့ပို့ဆောင်ပေးကြောင်း ကျွန်ုပ်တို့သိခဲ့ကြရပြီ။ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်သည်၊ မျက်စိများကိုဖွင့်ပေး၍

ချက်ချင်းစဖတ်ရန်အလွန်အစွမ်းထက်သော အထောက်အကူတစ်ခုဖြစ်ပါသည်။ ရက် (၄၀) စာအုပ်များသည် ဝိညာဉ်ရေးအသက်တာကို ကျယ်ပြန့်စေ၍ ပို၍အားရှိလာရန်ကူညီပေးပါသည်။ ထို့အပြင် ၎င်းတို့သည် တစ်ကိုယ်ရေနံနက်ယံဝတ်ပြုခြင်းသို့လည်းကောင်း၊ များစွာသော ဆုတောင်းချက်ကို အဖြေပေးခြင်းသို့လည်းကောင်း ပို့ဆောင်ပေးပါသည်။

၃။ **ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အတောအတွင်း၌ တိုတောင်းသော ဖတ်ကြားခြင်း။** တရားဒေသနာဟောကြားခြင်းမစမီ သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် အသက်ရှင်ခြင်းအကြောင်းနှင့်ပတ်သက်သော ရွေးချယ်ထားသည့်စာပိုဒ်များကို အချိန်အနည်းငယ်ယူ၍ ဖတ်ရှုနိုင်ပါသည်။ (၎င်းမိနစ်မှဆယ်မိနစ်) ထောက်ခံပေးထားသောစာပေမှ စာပိုဒ်များကို နောက်နံပါတ်၌စာရင်းပြုလုပ်ထားပါသည်။ ခဏအကြာတွင်၊ နှစ်ယောက်တစ်တွဲအုပ်စုဖွဲ့ရန် လူများအားတိုက်တွန်း၍ ရက်ပေါင်း (၄၀) ၏သဘောတရားများကို အကောင်အထည်ဖော်ရန်အားပေးနိုင်ပါသည်။

၄။ **ကျွန်ုပ်တို့၏စာပေမှစာပိုဒ်များကို** ဘုရားကျောင်း၏သတင်းလွှာတွင် ပုံနှိပ်နိုင်သကဲ့သို့ ကြေညာချက်များကိုကြေညာသောအခါ ၎င်းတို့ကိုဖတ်ရန် ထောက်ခံနိုင်ပါသည်။

- The Desire of Ages, ch.73: "Let your heart not be troubled."
- The Acts of the Apostles, ch.5 "The Gift of the Spirit"
- Christ's Object Lessons, ch.12 "Asking to Give"
- Testimony Treasures volume 3, The Promise of the Spirit, pp. 209-215
- Thoughts from one day from the EGW worship book "Ye Shall Receive Power" (available at your local Adventist Book Center)

၅။ **အတွေ့အကြုံဗဟုသုတများကိုမျှဝေခြင်း။** ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အတောအတွင်း တက်နိုင်သမျှဝိညာဉ်ရေး၏အတွေ့အကြုံဗဟုသုတ

များကို ဝေငှကြပါ။ တစ်ကိုယ်ရေအတွေ့အကြုံများ၊ သို့မဟုတ် အခြားအသင်းဝင်များ သို့မဟုတ် အခြားအသင်းတော်များမှ အသင်းဝင်များ၏ အတွေ့အကြုံများကို မျှဝေခံစားစေနိုင်ပါသည်။ သင်သည် သက်သေခံချက်များကို (www. steps-to-personal-revival.info မှာရှာနိုင်ပါသည်။ "Testimonies" ကို နှိပ်ရုံဖြင့်ဖတ်ရှုနိုင်ပါသည်။

၆။ ဥပုသ်နေ့လုံ့ဆော်မှုတစ်ခုအဖြစ် အပိုင်းလေးပိုင်းရှိနှီးနှောဖလှယ်ပွဲ။

ဤနည်းသည် အသင်းတော်တစ်ခုလျင်မြန်စွာစိတ်ဝင်စားမှုဖြစ်ပေါ်စေရန် အထိရောက်ဆုံးသောနည်းလမ်းဖြစ်ကောင်းဖြစ်နိုင်သည်။ ဤသည်မှာ အထူးဥပုသ်နေ့တစ်နေ့တွင် တင်ဆက်မှု ၃–၄ ခုကို သောကြာနေ့ညနေမှ အစပြု၍၊ ဥပုသ်နေ့ဝတ်ပြုကိုးကွယ်ချိန်အတွင်းနှင့် မွန်းလွဲချိန်မှာ တစ်ဖန် တင်ဆက်နိုင်သောအစီအစဉ်ဖြစ်သည်။ အလားအလာရှိသောအထွေထွေ ခေါင်းစဉ်သည်၊ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" အစီအစဉ်ဖြစ်နိုင်သည်။ www.steps-to-personal-rivival.info ကိုကြည့်ပါ။

- သောကြာနေ့ညနေသည်၊ ဗဟုသုတအတွေ့အကြုံဝေငှရန် ရက်သတ္တပတ်၏ အကောင်းဆုံးသောအချိန်ဖြစ်ပါသည်။ ထို့ကြောင့် အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသော အတွေ့အကြုံကိုဝေငှပါ။ ဖြစ်နိုင်လျှင် စကားပြောသူ၏ကိုယ်ပိုင်အတွေ့အကြုံဖြစ်သင့်ပါသည်။ အခြားဖြစ်နိုင်သောအကြောင်းအရာမှာ "ယေရှုထံသို့ဆက်ကပ်အပ်နှံခြင်း" အကြောင်းကိုပြောပါ။ သင်သည် အကြံပေးချက်များကို "ယေရှုခွင့်တည်နေခြင်း" စာအုပ်၏အခန်း (၂) မှ "ယေရှုထံသို့ဆက်ကပ်အပ်နှံခြင်း" တွင်တွေ့ရှိနိုင်ပါသည်။
- ဝတ်ပြုကိုးကွယ်မှုအစီအစဉ်အတွင်း "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်မှအဓိကစဉ်းစားရန်အချက်ကို

ဟောပြောရန် ထောက်ခံခဲ့ကြသည်။ ပို၍အတိအကျဖြစ်ရန် စကားချီးမှ သန့်ရှင်းသောဝိညာဉ်တော်လိုအပ်ကြောင်း ကိုးကားထားသောအပိုဒ် ၂ ပိုဒ် ၃ ပိုဒ် ကိုဝေငှပါ။ ဆက်လက်၍ အခန်း ၁ မှ အဓိကစဉ်းစားရန်အချက်ဖြစ်သည့် "သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ယေရှုမည်ကဲ့သို့သွန်သင်ခဲ့ပါသနည်း" နှင့် အခန်း ၂ မှ "ကျွန်ုပ်တို့၏ ပြဿနာများ၏ဗဟိုချက်သည် မည်သည့်အရာဖြစ်သနည်း" ကို ဟောပြောပါ။ (အချိန် ၂ နာရီကိုခွဲ၍ဟောပြောနိုင်သည်)

- ပထမမွန်းလွဲပိုင်းအစည်းအဝေးအတောအတွင်း အခန်း ၃ မှ "ကျွန်ုပ်တို့၏ပြဿနာများ– ၎င်းတို့ကိုဖြေရှင်းနိုင်ပါသလား။ မည်ကဲ့သို့နည်း" ရှိ အဓိကစဉ်းစားရန်အချက်ကိုဝေငှပါ။
- ဒုတိယမွန်းလွဲပိုင်းအစည်းအဝေးအတွင်း အခန်း ၅ မှ "လက်တွေ့အတွေ့အကြုံအတွက်သော့ချက်" ရှိအဓိကစဉ်းစားစရာအချက်ကို ဝေငှပါ။

"တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်ကို ပထမအကြိမ်နှိုးနှောဖလှယ်ပွဲပြုလုပ်ပြီးခဲ့သော ဘုရားကျောင်းများတွင် အခြားသောဥပုသ်နေ့လှုံ့ဆော်မှု သို့မဟုတ် နှိုးနှောဖလှယ်ပွဲကို အခြားစာအုပ်ဖြစ်သော "Abide in Jesus," "ယေရှုဌ်တည်နေခြင်း" မှ ခေါင်းစဉ်များကို အသုံးပြု၍ကျင်းပနိုင်ပါသည်။ နောက်တစ်ဖန် အခန်း ၄ ခန်းမှ အစိတ်အပိုင်း ၄ ပိုင်းရှိနိုင်ပါသည်။

ဥပုသ်နေ့လှုံ့ဆော်မှုအတွက်ပြင်ဆင်ရာတွင်၊ အချိန်မတိုင်မီကြိုတင်၍သက်ဆိုင်ရာစာပေများနှင့် ၎င်းတို့ကိုသေချာစွာလေ့လာနိုင်ရန် အကြံပေးချက်များနှင့်အတူ လက်ကမ်းစာအဖြစ်ကမ်းလှမ်းထားလျှင် အကျိုးရှိပါသည်။ ဥပုသ်နေ့လှုံ့ဆော်မှုပြီးသည့်နောက်တစ်နေ့တွင် ရက် (၄၀) ဆုတောင်းချိန်တစ်ခုကိုစတင်လျှင် အကျိုးရှိကြောင်းလည်းသက်သေ

ပြခဲ့ပြီ။ (နံပါတ် (၁၂) ကိုကြည့်ပါ။) သို့မဟုတ် "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လေ့ကားထစ်များ" စာအုပ်မှတစ်ပတ်လျှင်ရွေးချယ်ထားသောအခန်းတစ်ခန်းကိုဖတ်ကြားလျှင် အကျိုးရှိကြောင်းသက်သေပြခဲ့ပြီးပါပြီ။ (နံပါတ် (၇) ကိုကြည့်ပါ)

၇။ ညှိနှိုင်းထားသော သို့မဟုတ် ရွေးချယ်ထားသောစာကို ဖတ်ကြားခြင်း။ တစ်ပတ်လျှင်တစ်ခန်း။ လွယ်ကူပြီးအထောက်အကူဖြစ်သောဖြစ်နိုင်ခြေတစ်ခုမှာ– "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လေ့ကားထစ်များ" သို့မဟုတ် "ယေရှုခ္ရစ်တည်နေခြင်း" သို့မဟုတ် "ရက် (၄၀) စာအုပ်များထဲမှတစ်အုပ်" မှအပတ်တိုင်းအခန်းတစ်ခန်းကျဖတ်ရန်ဖြစ်သည်။ ဤအခန်းကိုတစ်ကြိမ်မကဖတ်လျှင် သာ၍ကောင်းပါသည်။ အစပြုရန်ရက်စွဲကိုအုပ်စုတစ်စု သို့မဟုတ် အသင်းတော်တစ်ခုလုံးမှရှိသောသူများကသဘောတူသတ်မှတ်နိုင်ပါသည်။ ဤပြင်ဆင်မှုကို အပိုင်း ၄ ပိုင်းရှိနိုးနှောဖလှယ်ပွဲအတွက်ဖြစ်စေ၊ သို့မဟုတ် ဥပုသ်နေ့လုံဆော်မှုပြီးနောက်မှဖြစ်စေ လုပ်ဆောင်နိုင်ပါသည်။ (နံပါတ် (၆) ကိုကြည့်ပါ။) လူတစ်ဦးချင်းစီသည် သူတို့တစ်ဦးတည်း၊ သို့မဟုတ် အခြားတစ်ယောက်နှင့် သို့မဟုတ် အုပ်စုနှင့်ဖတ်လိုပါက သူကိုယ်တိုင်ဆုံးဖြတ်နိုင်ပါသည်။ ဥပုသ်နေ့တွင် သက်ဆိုင်ရာအခန်းမှ အဓိကစဉ်းစားရန်အချက်ကို ငါးမိနစ်မျှဖတ်ပြီးနောက် လူများ၏ကိုယ်တိုင်သက်သေခံချက်ကိုဝေငှပေးရန် ခေါ်ဖိတ်လျှင်ကောင်းပါသည်။ ကိုယ်ပိုင်သက်သေခံချက်မရှိပါက ရေးထားသောအခြားသူတစ်ယောက်၏သက်သေခံချက်ကို ဖတ်ကြားနိုင်ပါသည်။ (အချိန်မရောက်မီကြိုတင်၍ ပြင်ဆင်ထားပါ။ "သက်သေခံချက်များ" တွင်ရှာကြည့်ပါ။) ထို့နောက် လာမည့်အပတ်အတွင်းဖတ်ရမည့်အခန်းကိုကြေညာပါ။ ရက် (၄၀) စာအုပ်များကို www.spiritbaptism.org မှာသင်မှာယူနိုင်ပါသည်။

၈။ **တရားပွဲများကျင်းပပါ။** သန့်ရှင်းသောဝိညာဉ်တော်နှင့် အသက်ရှင်ခြင်းအကြောင်းကို ဟောပြောပါ။ သို့မဟုတ်လျှင်အခြားသူတစ်ဦးအား ဟောပြောရန်တောင်းဆိုပါ။ ဒွိုက်နယ်လ်ဆင် (Dwight Nelson) ၏ အလွန်ကောင်းသော တရားဟောချက်များဖြစ်သည့် သုည‌မြေပြင်နှင့် အသစ်ပြုပြင်ပြောင်းလဲရေး။ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် မည်ကဲ့သို့ ဗတ္တိဇံခံယူခြင်းဖြင့် ခေါင်းစဉ်တပ်ထားသည်။ စက်တင်ဘာ (၂) ရက်မှ စတင်ဟောကြားသောတရားဒေသနာနှင့် သူ၏ဘလော့မှသြဂုတ် ၃၀ ရက်နှင့် စက်တင်ဘာ ၁၃ ရက် တရားများကို www.pmchurch.tv/sermons မှာ ကြားနာနိုင်ပါသည်။

၉။ **ကျမ်းစာသင်ကြားခြင်းပြုရန်။** သန့်ရှင်းသောဝိညာဉ်တော်နှင့်အသက်ရှင်ခြင်းကို သင်ကြားပေးပါ။ သို့မဟုတ် အသံထွက်ဖတ်ပါ။

၁၀။ **အုပ်စုငယ် သို့မဟုတ် ဆုတောင်းသောအုပ်စုဖွဲ့ပါ။** ဤသူများသည် သက်ဆိုင်သောစာပေကိုဖတ်၍ ဆွေးနွေးနိုင်ပါသည်။ အတူတကွ ဆုတောင်းနိုင်ပါသည်။ ဖြည့်စွက်ရန်မှာ– (၂) ယောက်တစ်တွဲအုပ်စုဖွဲ့၍ ရက် (၄၀) ဝတ်ပြုကိုးကွယ်ခြင်းကို အပြီးတိုင်ပြုလုပ်သောသူများဖြစ်ရန် အားပေးတိုက်တွန်းပေးသင့်သည်။ ထို့နောက် အုပ်စုတစ်စုလုံးသည် တစ်ပတ်လျှင်တစ်ကြိမ်၊ ဆွေးနွေးရန်၊ အတွေ့အကြုံဖလှယ်ရန်နှင့် အတူတကွဆုတောင်းရန် တွေ့ဆုံနိုင်ပါသည်။ (နံပါတ် (၁၂) ကိုကြည့်ပါ။)

၁၁။ **သာသနာပြုသောဥပသ်နေ့။** သန့်ရှင်းသောဝိညာဉ်တော်ပါရှိသည့် အသက်တာတစ်ခုသည် ကျွန်ုပ်တို့အားသာသနာပြုများဖြစ်လာရန် လုပ်ပေးသည့်အချိန်မှစ၍ တည်မြဲသောအခြေခံပေါ်မှာ သို့မဟုတ် တိကျသောအချိန်ကာလအတွက် သာသနာပြုသောဥပသ်နေ့များကိုပြန်လည် တည်ဆောက်ရန် ကောင်းသောဖြစ်နိုင်သည့်အရာတစ်ခုဖြစ်သည်။

ဤအရာသည် ကျွန်ုပ်တို့၏ရှေ့ဆောင်လမ်းပြများ၏ အခြေခံကျသော လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ဘိုးဘေးများသည် လစဉ်လတိုင်း၏ပထမဥပုသ်ကို သာသနာပြုသောဥပုသ်နေ့တစ်နေ့အဖြစ် လမ်းညွှန်ကျင်းပခဲ့ကြသည်။ ဆက်ကပ်အပ်နှံသူတစ်ဦးဖြစ်စေ၊ သို့မဟုတ် အုပ်စုငယ်တစ်ခုဖြစ်စေ၊ ဆုတောင်းခြင်း၏ပြင်ဆင်မှုအတွက်နှင့် အကောင်အထည်ဖော်မှုအတွက်တာဝန်ယူသင့်ပါသည်။ ဤအရာကိုအထက်မှ ဖော်ပြထားသောဖြစ်နိုင်ခြေများနှင့် ပေါင်းစပ်လိုက်လျှင်၊ ဥပုသ်နေ့၏ပျော်ရွှင်ဖွယ်ရာအချိန်နာရီများအတွက် ၎င်းသည်တည်ဆောက်ရန်ကူညီနိုင်သည်။ ဖြည့်စွက်ရလျှင်၊ ၎င်းသည် သာသနာပြုရန် စိတ်ဓာတ်ကိုနှိုးထစေသော အရာတစ်ခုသို့ ပို့ဆောင်ပေးနိုင်သည်။

၁၂။ **ရက် (၄၀) ၏သဘောတရားကို လေ့လာ၍ဆွေးနွေးပါ။** ဤသဘောတရား သို့မဟုတ် အယူအဆကို ရက် (၄၀) စာအုပ်တွဲ ၁၊၂ နှင့် ၃ တွင်ရှိသောနိဒါန်းနှင့်သုံးသပ်ချက်များတွင် တင်ဆက်ထားခဲ့ပါသည်။ နောက်ပိုင်းတွင် အသင်းတော်ဘုတ်အဖွဲ့၊ သာသနာဘုတ်အဖွဲ့နှင့် ကွန်ဖရင့်ဘုတ်အဖွဲ့တွင်ဆွေးနွေးနိုင်ပါသည်။ ဤသဘောတရားကို ပါစတာများအစည်းအဝေး၊ အသင်းလူကြီးများ၏အစည်းအဝေး၊ သာသနာပြုများ၏အစည်းအဝေးနှင့် လူငယ့်အစည်းအဝေးများ၌ ဆွေးနွေးတင်ပြနိုင်သကဲ့သို့ အပန်းဖြေစခန်းတွင်သော်လည်းကောင်း၊ ခရီးအစည်းအဝေးများနှင့်၊ သာသနာပြုကျောင်းများ၌သော်လည်းကောင်း ဆွေးနွေးနိုင်ပါသည်။ ဤအယူအဆသဘောတရားသည် အောက်ပါနေရာများ၌ ကူညီပေးပါသည်။

- သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယေရှုနှင့်ရင်းနှီးသောဆက်ဆံရေးရရှိရန် ကူညီပေးသည်။
- ဆုတောင်းခြင်းအသက်တာကိုခိုင်မာရန် ကူညီပေးသည်။ (တစ်ဦးတည်း၊ အတွဲနှင့် သို့မဟုတ် အုပ်စုနှင့်)

- ကျွန်ုပ်တို့၏တစ်ကိုယ်ရေဆက်ဆံရေးများကို ပို၍နက်ရှိုင်းစေရန် ကူညီသည်။
- သန့်ရှင်းသောဝိညာဉ်တော်နှင့် ရက် (၄၀) ကိုးကွယ်ဝတ်ပြုခြင်းအားဖြင့် ဝိညာဉ်အသက်တာကို ခိုင်ခံ့ရန်ကူညီပေးသည်။
- ပျောက်ဆုံးသောသူများနှင့် လက်လှမ်းမမီသောသူများအတွက် ကြားဝင်ဖျန်ဖြေမှုကိုလွယ်ကူစေ၍ သူတို့နှင့်ဆက်သွယ်ရန် လွယ်ကူစေသည်။
- တရားဒေသနာလုပ်ငန်း၊ စောင့်ရှောက်မှုအုပ်စုများ သို့မဟုတ် ကျမ်းစာသင်ကြားလေ့လာမှုများကို ထောက်ပံ့ပေးသည်။

ဤအရာတို့ကို ဝိညာဉ်ရေးလှေကားထစ်သုံးထစ်ဖြင့် အောင်မြင်စေသည်။

- နှစ်ယောက်တစ်တွဲအုပ်စုတွင် ရက် (၄၀) ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် တစ်ကိုယ်ရေဝိညာဉ်ရေးပြန်လည်ရှင်သန်စေသည်။
(စာအုပ်များတွင်ပါရှိသော "ဆွေးနွေးမှုမေးခွန်းများ" ကိုဆွေးနွေးခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်အတွက် "ဆုတောင်းခြင်း၌ အာရုံစူးစိုက်ခြင်း" အတိုင်းနေ့စဉ်ဆုတောင်းရန်)
- ဝိညာဉ်တော်နှင့်ပြည့်ဝသောကြားဝင်ဖျန်ဖြေခြင်းနှင့် လူတစ်ဦးလျှင် လက်လှမ်းမမီနိုင်သောလူငါးယောက် သို့မဟုတ် ဝိညာဉ်အားနည်းသောအသင်းတော်ရှိအသင်းသားငါးယောက်နှင့် ဆက်သွယ်ရန်။
- သာသနာပြုခြင်း၏လုပ်ရှားမှုများ။ (တင်ဆက်ခြင်းများ/နှီးနှောဖလှယ်ပွဲများ၊ သာသနာစိတ်ရှိသောစောင့်ရှောက်မှုအုပ်စုများ၊ ကျမ်းစာသင်ကြားလေ့လာမှုများ။ အသေးစား သို့မဟုတ် အလတ်စားထိတွေ့ခြင်း။ ဥပမာ ကျန်းမာခြင်း၊ ဖန်ဆင်းခြင်း သို့မဟုတ် ပုရောဖက်ပြုချက်ဖော်ထုတ်ခြင်း)

အဖွဲ့အစည်း၌ အလုပ်လုပ်နေသူများအတွက် 40-Day-Instruction.pdf. ကိုနှိပ်လိုက်သည်နှင့် "လမ်းညွှန်လက်စွဲ" ဟုခေါ်သည့် ရက် (၄၀) အယူအဆ သို့မဟုတ် သဘောတရားကို ရရှိနိုင်ပါသည်။ အသီးသီးသော ရက် (၄၀) အတွေ့အကြုံသို့ ပို့ဆောင်သော လိုအပ်သည့်လှေကားထစ်များအားလုံးပါရှိပါသည်။ အကြံပေးထားခဲ့သောနည်းလမ်းသည် အစီအစဉ်ဆွဲထားသောဧဝံဂေလိတရားတွဲအတွက် အကောင်းဆုံးသောပြင်ဆင်မှုဖြစ်ပါသည်။ ဤနည်းအားဖြင့် အသင်းတော်မှခေါင်းဆောင်များနှင့် အသင်းဝင်များသည် တစ်ဦးချင်းဝိညာဉ်ရေး၌ ပြင်ဆင်ထားပြီးသားဖြစ်ပါသည်။ ကြားဝင်ဖျန်ဖြေခြင်းနှင့် လူတစ်ဦးလျှင်လက်လှမ်းမမီသောလူငါးယောက်နှင့် ဆက်သွယ်ခြင်းအားဖြင့် သာသနာ့လယ်ပြင်သည် ဧဝံဂေလိတရားတွဲအတွက် ပြင်ဆင်ထားပြီးဖြစ်ပါသည်။ ကွဲပြားခြားနားသောဧဝံဂေလိတရားအမျိုးအစားကို အသုံးပြုနိုင်ပါသည်။ ဒဲနစ်စမစ် ၏ ရက်(၄၀) စာအုပ်များအတွက်မှာယူရန် www.spiritbaptism.org ကိုဆက်သွယ်ပါ။

၁၃။ အသင်းတော်ရှိအသင်းဝင်များကို ရက် (၄၀) ဆုတောင်းခြင်းအစီအစဉ်ရေးထားသော သတင်းအချက်အလက်စာစောင်ကို ဝေပေးပါ။ ထပ်၍ဖြည့်စွက်ကာ သင်၏ဘုရားကျောင်းတွင် ရက် (၄၀) အတွက် အစပြုမည့်ရက်စွဲကို ဖိတ်စာပြုလုပ်၍ထည့်သွင်းရန် အကြံပြုထားပါသည်။

၁၄။ ဘုရားကျောင်းရှိကြော်ငြာဆိုင်းဘုတ်၊ ကွန်ဖရင့်ကြော်ငြာဆိုင်းဘုတ်၊ ယူနီယံကြော်ငြာဆိုင်းဘုတ်၊ စာနယ်ဇင်းများ၊ အသင်းတော်ကွန်ရက်များ၊ အသင်းတော်၏သတင်းလွှာများနှင့် ကွဲပြားသောအခြားအသင်းတော်ဌာနဆိုင်ရာများမှသတင်းလွှာများတွင် သင့်လျော်သောဆောင်းပါးများထည့်သွင်းပုံနှိပ်ပါ။

၁၅။ **ခြုံငုံသုံးသပ်ချက်။** သန့်ရှင်းသောဝိညာဉ်တော်အကြောင်း၏ ခေါင်းစဉ်ဖြင့် တင်ဆက်မှုတစ်ခုကို တင်ဆက်ပြီးသည့်နောက် အမည်မဖော်ဘဲ သုံးသပ်ချက်ရေးရန်အတွက် စက္ကူချပ်ပြားကလေးများကိုဝေပေးပါ။

- တစ်စုံတစ်ဦးကမကြာခဏ သို့မဟုတ် နေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိရန်ဆုတောင်းခဲ့လျှင် သူတို့သည်အမှတ်အသားတစ်ခုကို ခြစ်ထားနိုင်သည်။
- လူတစ်ဦးချင်းသည် နေ့စဉ်ကတိတော်များဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိရန်ဆုတောင်းလျှင် သူတို့သည်အမှတ်အသားနှစ်ခုကို ခြစ်ထားနိုင်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည်၊ ဤနေရာ၌ လက်ရှိအခြေအနေမည်ကဲ့သို့ရှိနေသည်ကိုဆုံးဖြတ်နိုင်ရန် ကောင်းသောနည်းလမ်းတစ်ခုဖြစ်သည်။

အထက်မှာဖော်ပြခဲ့သည့် ဖြစ်နိုင်သောအရာများအားလုံးအတွက် ဆုတောင်းခြင်းနှင့် ပြင်ဆင်မှုအရေးပါသကဲ့သို့ ၎င်းဖြစ်နိုင်သောအရာများကို ပြုလုပ်နေစဉ်ဆုတောင်းခြင်းသည်လည်း အရေးပါပါသည်။ တစ်ဦးချင်းဆုတောင်းသူများကဲ့သို့၊ သတ်မှတ်ထားသောအသင်းဝင်များ၊ ဆုတောင်းဝိုင်းများနှင့်အသင်းတော်တစ်ခုလုံးအား၊ တိကျသောတောင်းဆိုမှုအတွက်၊ တိကျသောကြားဝင်ဖျန်ဖြေအသနားခံခြင်းအတွက်နှင့် ၎င်း၏အကောင်အထည်ဖော်မှုနှင့်အကျိုးသက်ရောက်မှုအတွက် ဆုတောင်းရန်တောင်းဆိုခြင်းသည်၊ တန်ဖိုးမဖြတ်နိုင်သောအရာဖြစ်ပါသည်။

နိုးကြားမှုစာပေများဖြန့်ဝေရန်နည်းလမ်းရည်မှန်းချက်။

တစ်ချိန်ကညီအစ်ကိုတော်တစ်ဦးကပြောခဲ့သည်။ "ဤသတင်းစကားသည်၊ ကမ္ဘာတစ်ဝန်းရှိ မြော်လင့်ခြင်းအိမ်ထောင်စုတိုင်းသို့ရောက်ရှိရန် လိုအပ်

ပါသည်။ ကျွန်ုပ်လုပ်ရန်ရှိသည့်အစိတ်အပိုင်းကို ကျွန်ုပ်လုပ်မည်။" သူသည် ပြောခဲ့သည့်အတိုင်း အပြင်းအထန်လုပ်နေပါသည်။ ညီမတော်တစ်ဦးကလည်း ရေးခဲ့သည်။ "ဤစာအုပ်ကို အဓိကဘာသာစကားအားလုံးသို့ဘာသာပြန်ရန် သင့်ပါသည်။ သို့မဟုတ် ဘာသာစကားအားလုံးသို့ပြန်လျှင် အကောင်းဆုံး ဖြစ်ပါသည်။" သူမသည် သူမ၏ကွန်ဖရင့်တွင်ဟောပြောရာ၌ အနိုင်ယူနိုင် သည်သာမက ယခုဤခေါင်းစဉ်နှင့်ပတ်သက်သော အကြောင်းအရာများကို ခရိုင်တစ်လျှောက်လုံးရှိနေရာတိုင်းတွင် ဟောပြောလျက်ရှိနေသည်။ ထို့အပြင် ဘုရားသခင်၏လမ်းညွှန်မှုအားဖြင့် ယခင်ကခရစ်ယာန်ယုံကြည်ခြင်းကိုလက် မခံခဲ့သည့်အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံထဲသို့ သူမသည်ထောင်ပေါင်းများစွာသော ဤစာအုပ်များကိုသယ်ဆောင်ပေးခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှုနှင့်ငွေရေးကြေးရေး

ဘုရားသခင်၏ဦးဆောင်လမ်းညွှန်မှုအားဖြင့် မြော်လင့်ခြင်းမိသားစုအားလုံးသို့သူတို့၏ဘာသာစကားဖြင့်အခမဲ့ သို့မဟုတ် အနည်းဆုံး ဈေးနှုန်းဖြင့်ဖြန့်ဝေသွားမည်ဖြစ်သည်။ တရားဟောဆရာပါစတာများ၊ မြောက်မြားစွာသောကွန်ဖရင့်များနှင့် ယူနီယံများ၏အကူအညီဖြင့် သူတို့နှင့် သက်ဆိုင်သောခရိုင်များရှိမိသားစုများသို့ စာအုပ်များကိုအခမဲ့လက်ဆင့်ကမ်း ဝေပေးခဲ့ပြီ။ လမ်းပြမီးတုတ်များ (trail blazers) သည်၊ ဩစတြေးယားတိုင်းပြည်ရှိဩစတြေးယန်းယူနီယံ၊ ဆွစ်ဇလန်နိုင်ငံရှိစွိ(စ်)–ဂျာမန်ကွန်ဖရင့်နှင့် ဂျာမနီနိုင်ငံရှိ ဘောဒန်းဝူးထင်းဘတ် (ခေါ်) ကွန်ဖရင့်မှဖြစ်သည်။ ဤစီမံကိန်း သည် ဘုရားသခင်၏ကွဲပြားခြားနားသောအစပြုခြင်းဖြင့် တည်ဆောက်ခဲ့သည်။ ဘုရားသခင်၏ဩဇာလွှမ်းမိုးမှုနှင့် သူ၏ကျေးဇူးတော်ကြောင့် ၂၀၁၇ ခုနှစ် အထိ ဤစာအုပ်အုပ်ရေခြောက်သိန်းကျော်ဖြန့်ဝေခဲ့ပြီးပြီ။ ဤစီမံကိန်း ဆက်လက်လုပ်ဆောင်နိုင်ရန်၊ ကျွန်ုပ်တို့ကိုဘုရားသခင်က ဆက်လက်၍လမ်း

ပြဿနာလိုအပ်သောအရာများကို ပြင်ဆင်ပေးရန် ဘုရားသခင်ထံတော်သို့ ဆုတောင်းပေးရန်သင့်အားဖိတ်ခေါ်လိုပါသည်။ ပုံမှန်အားဖြင့် ကျွန်ုပ်တို့သည်၊ ပုံနှိပ်ရန်ကုန်ကျစရိတ်၏ထက်ဝက်ကိုကာမိစေရန် ခိုင်မာသောငွေရေးကြေးရေးများကိုကွန်ဖရင့်များ သို့မဟုတ် ယူနီယံများမှရန်ပုံငွေတောင်းခံတတ်ပါသည်။ အခြားသူများအတွက် အထူးသဖြင့်သာသနာပြုသူများအတွက် ဘုရားသခင်၏ကူညီမစခြင်းဖြင့် အရာခပ်သိမ်းအတွက် ကျွန်ုပ်တို့ကသာငွေကြေးအတွက်ထောက်ပံ့လိုပါသည်။ သို့သော် နောက်ဆုံးအသုံးပြုသူသည်၊ ပစ္စည်းကိုအခမဲ့ သို့မဟုတ် တန်ဖိုးနည်းနည်းဖြင့် သာ၍များသောအရေအတွက်၌ပင် အမြဲရရှိမည်ဖြစ်သည်။

တစ်ဦးချင်းခိုင်လုံသောလိုအပ်ချက်တစ်ခု

သင်သည်အခြားသူများထံသို့လက်လှမ်းမီအောင် လက်ကမ်းပေးရန် ကျွန်ုပ်တို့အလိုရှိပါသည်။ မျှဝေရန် ခိုင်လုံသောလိုအပ်ချက်တစ်ခုသည် ဤသတင်းစကားမှ လူတစ်ဦးချင်းကောင်းချီးမင်္ဂလာခံစားရ၍ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သင်၏စိတ်နှလုံးအထဲ၌ ခရစ်တော်သည် နေ့စဉ်တည်ရှိနေခြင်းဖြစ်သည်။ ကျေးဇူးပြု၍ {The Desire of Ages, p. 676.2 (egwwritings.org)} ကိုဖတ်ပါ။ ယေရှုသခင်၏နှုတ်ထွက်အဖိုးတန်ရည်ညွှန်းထားသည့်စကားကို ယောဟန် ၁၅း၄ တွင် တွေ့ရသည်။

"ငါ၌တည်နေကြလော့။ ငါသည်လည်းသင်တို့၌တည်နေမည်။" ဤအရာတွင် အဓိပ္ပါယ်နှစ်မျိုးရှိပါသည်။

- ဘုရားသခင်၏ဝိညာဉ်တော်ကိုအဆက်မပြတ်ရရှိခြင်းတစ်ခု။
- ဘုရားသခင်၏အမှုတော်၌ လုံးလုံးလျားလျားဆက်ကပ်အပ်နှံသောအသက်တာတစ်ခု။

အဘယ်ကြောင့် ဤသဲလွန်စကိုယေရှုပေးခဲ့ပါသနည်း။ "သင်တို့၌ငါဝမ်းမြောက်စရာ (ယေရှု၏ဝမ်းမြောက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏

အသီးတစ်လုံးဖြစ်သည်။ ဂလာတိ ၅း၂၂) အကြောင်းတည်စေခြင်းငှါ လည်းကောင်း၊ သင်တို့ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှာလည်းကောင်း၊ ဤစကားကို သင်တို့အားငါဟောပြောဏ်" (ယောဟန် ၁၅း၁၁)။

ဖြန့်ဝေရန်ဖြစ်နိုင်ခြေများ

ဆုတောင်းခြင်း

လူတစ်စုံတစ်ဦးနှင့် ဧဝံဂေလိသတင်းစကားဝေငှခြင်းပြုလုပ်လျှင် ကြားဝင်ဆုတောင်းပေးခြင်းအားဖြင့် ပြင်ဆင်ထားရန်လိုအပ်ပါသည်။ (E.G White) က (Evangelism, p. 341.3) မှာပြောခဲ့သည်။ "ဆုတောင်းခြင်းများစွာအားဖြင့် ဝိညာဉ်များအတွက် ကြိုးစားအားထုတ်ရမည်။ ဤအရာသည် နှလုံးသားများသို့ သင်လက်လှမ်းမီရောက်ရှိနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။"

စာအုပ်ငယ်ကိုဖြန့်ဝေခြင်း

လက်ခံရရှိသူများအားသင်၏ဆွဲဆောင်မှုများနှင့် အတွေ့အကြုံများကို ဝေငှပြီးစာအုပ်ကိုဝေပေးပါ။ ဤသူများသည်၊ သူငယ်ချင်းများ၊ ခေါင်းဆောင်များဖြစ်နိုင်သကဲ့သို့၊ အသင်းတော်များ၊ ကွန်ဖရင့်များနှင့်ယူနီယံများ၊ ပုံနှိပ်တိုက်များ၊ သာသနာပြုစီမံကိန်းများနှင့် အခြားအဖွဲ့အစည်းများမှ အဓိကပုဂ္ဂိုလ်များလည်းဖြစ်နိုင်ကြပါသည်။ အခြားသောတန်ဖိုးရှိသောအခွင့်အရေးတစ်ခုမှာ စီစဉ်စည်းရုံးရေးမှူးများ၏ခွင့်ပြုချက်ဖြင့် ရုံကြီးများတွင်အစည်းအဝေးများကျင်းပစဉ်အတောအတွင်း သို့မဟုတ် လူထုအားဝေမျှဖြန့်ဖြူးခြင်းအတောအတွင်း စာအုပ်များကိုဝေငှဖြန့်ဖြူးပေးနိုင်ပါသည်။ မြော်လင့်ခြင်းမိသားစုတိုင်း စာအုပ်တစ်အုပ်စီကိုအခမဲ့ သို့မဟုတ် တန်ဖိုးနည်းနည်းဖြင့် ရရှိရမည်ဟု သင်၏စိတ်ထဲတွင်ထားထားပါ။

စာအုပ်လက်ခံယူမည့်သူထံသို့ စာတိုက်မှပို့ပေးနိုင်ပါသည်။ သို့မဟုတ် လက်ခံရယူမည့်သူကို ကိုယ်တိုင်တွေ့ဆုံဖူးသောသူများမှတစ်ဆင့် ပို့ပေးနိုင်ပါသည်။

အင်တာနက်မှတစ်ဆင့်ဖြန့်ဝေပေးခြင်း

အကြီးမားဆုံးသောဖြန့်ဝေခြင်းနည်းလမ်းမှာ ခေတ်ပြိုင်နည်းလမ်းဖြစ်သည့် အီးမေးလ်အားဖြင့်သတင်းစကားကိုဖြန့်ဝေရန် နည်းလမ်းဖြစ်သည်။ သတင်းစကားကို ဩစတြေးလျသို့ပို့ခဲ့၍ ထိုမှတစ်ဆင့် အိန္ဒိယရှိမိဖို့ရမ်သို့ ဆက်လက်၍ပို့ခဲ့သည်။ ၎င်းသတင်းသည်ဘရာဇီးမှ ပါကစ္စတန်သို့ရောက်ရှိသွားခဲ့သည်။ (www.schritte-zur-personlichen-erweckung.info) မှာ ထိုသတင်းစကားကို သင်ဖတ်ရှုနိုင်ပါသည်။ သင်သည် ၎င်းကိုပုံနှိပ်သည်ဖြစ်စေ၊ ရိုးရိုးလင့်(ခ်) တစ်ခုအဖြစ်အားဖြင့်ဖြစ်စေ လူတစ်ဦး သို့မဟုတ် လူအများထံသို့ ဘာသာပြန်ပြီးသားဘာသာစကားများဖြင့်ပို့ပေးနိုင်ပါသည်။ ဝက်ဘ်ဆိုက်၌ အင်္ဂလိပ်ဘာသာဖြင့် (www.steps-to-personal-revival.info မှာ ဖတ်နိုင်ကြောင်း သင်သည်လူများအားသတိထားမိစေရန် ပြုလုပ်ပေးနိုင်ပါသည်။ ၂၀၁၆ နှစ်ဆုံးလောက်တွင် ဘုရားသခင်၏ကူညီစောင့်မခြင်းနှင့် မိမိတို့၏အချိန်ကိုမြှုပ်နှံဆက်ကပ်သော ဘာသာပြန်တို့၏ထောက်ပံ့မှုကြောင့် ဤသတင်းစကားကို ဘာသာစကားပေါင်း (၂၀) ဖြင့် ရနိုင်မည်ဖြစ်ပြီး မကြာမီနောက်မှာ ဘာသာစကား (၈) မျိုးဖြင့်ဆက်လက်၍ဖတ်ရှုနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏ကူညီမစခြင်းဖြင့် အမှန်တကယ်နောက်ထပ်များစွာသောဘာသာစကားဖြင့် ရရှိနိုင်ဦးမည်ဖြစ်သည်။

(Ebooks) E- စာအုပ်များမှတစ်ဆင့်ဖြန့်ဝေခြင်း

ဤဝက်ဘ်ဆိုက်ရှိ (epub) နှင့် (mobi) ပုံစံများမှ e- စာအုပ်ကို အခမဲ့ရရှိနိုင်ပါသည်။ အမေဇွန် (Amazon) မှတစ်ဆင့် e- စာအုပ်ကို €1.00 နှုန်းဖြင့် သင်မှာယူနိုင်ပါသည်။

လူမှုကွန်ရက်မှတစ်ဆင့်ဖြန့်ဖြူးခြင်း

ဤဝက်ဘ်ဆိုက် သို့မဟုတ် လင့်(ခ်) တစ်ခု၏မာတိကာများကို (PDF) စာအုပ်များရှိသူငယ်ချင်းများနှင့် ရင်းနှီးသူများထံသို့ (facefbook, google+, Twitter နှင့် WhatsApp ကဲ့သို့သောကွန်ရက်များမှတစ်ဆင့် ဝေငှပေးပို့သည့်နည်းလမ်းသည်၊ အလွန်ထိရောက်သောနည်းလမ်းတစ်ခု ဖြစ်သည်။ ဝေမျှခြင်းနှင့်ဖိတ်ခေါ်ခြင်းအားဖြင့် သင်၏တစ်ဦးချင်းဆက်သွယ်သောသူများကို ဆက်သွယ်နိုင်သကဲ့သို့ အခြားတိုင်းပြည်များနှင့်တိုက်များမှ အသစ်သောသူများကိုလည်း သင်ဆက်သွယ်နိုင်မည်ဖြစ်သည်။

တရားဒေသနာများဟောပြောခြင်းနှင့်နှီးနှောဖလှယ်ပွဲများမှတစ်ဆင့် ဖြန့်ဖြူးခြင်း

ပါစတာများအားလုံးနှင့် သာမန်တရားဟောဆရာများတွင် ဤသတင်းစကားကို တရားဒေသနာတစ်ပွဲ သို့မဟုတ် မြောက်မြားစွာသောတရားပွဲများဖြင့် အသင်းတော်များ၌ ဟောပြောဝေမျှရန်အခွင့်အရေးကောင်းများရှိကြပါသည်။ သင့်ကိုယ်ပိုင်လေ့လာမှုများအားဖြင့်သော်လည်းကောင်း၊ ဤစာအုပ်ငယ်မှာပါသောအကြောင်းအရာများကို အသုံးပြု၍သော်လည်းကောင်း၊ သင်ဟောပြောနိုင်ပါသည်။ "ကျွန်ုပ်သည်၊ အသင်းတော်ကကြားဖူးသော၊ သို့မဟုတ် ဖတ်ဖူးသောအကြောင်းအရာခေါင်းစဉ်များကို မဟောမပြောခဲ့ဖူးပါ။ ပညာရေးသုတေသနမှတစ်ဆင့် ယနေ့ကျွန်ုပ်သည် ဤကဲ့သို့အရေးကြီးသောခေါင်းစဉ်ကို (၆–၁၀) ကြိမ်မျှဖတ်ရန်၊ နားထောင်ရန် အသေအချာလိုအပ်ကြောင်းသိလာရပါပြီ။" (တစ်ကိုယ်ရေအတွေ့အကြုံနှင့် အကြံပေးချက်၊ အစ်ကိုတော် ဟဲလ်မဟောင်ဘီးလ်မှ) ယခု ဤကဲ့သို့ ကျွန်ုပ်သိလာသောအခါ၊ ခေါင်းစဉ်ကိုလူများကြားဖူးသည်ဖြစ်စေ၊ ဖတ်ဖူးသည်ဖြစ်စေ၊ ကျွန်ုပ်ဤခေါင်းစဉ်ကိုဟောပြောရန် မည်သည့်ပြဿနာမျှမရှိတော့ပါ။ သင်အလိုရှိပါက

ဤစာအုပ်မှ အဓိကစဉ်းစားရန်အချက်များနှင့် ကိုးကားချက်များကို သင်အသုံးပြုနေကြောင်းညွှန်ပြနိုင်ပါသည်။

သင်မဟောပြောသော်လည်း အခြားသူများကို သူတို့၏တရားဒေသနာများ၌ ဤခေါင်းစဉ်ကိုအသုံးပြုရန် သင်တောင်းဆိုနိုင်ပါသည်။

ဥပုသ်နေ့နှီးနှောဖလှယ်ပွဲတစ်ခုတွင်၊ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" စာအုပ်မှ အထွေထွေခေါင်းစဉ်မှ အနည်းဆုံးခေါင်းစဉ်သုံးခုပါဝင်ရန် သင့်လျော်ပါသည်။

တရားဒေသနာ

ကျွန်ုပ်တို့၏အဓိကပြဿနာသည် အဘယ်အရာနည်း။

ကျွန်ုပ်တို့၏ပြဿနာများတွင် ဝိညာဉ်ရေးအကြောင်းရင်းတစ်ခုရှိပါသလား။

ကျွန်ုပ်တို့မှာ သန့်ရှင်းသောဝိညာဉ်တော်ချို့တဲ့နေပါသလား။

ကျွန်ုပ်၏ဝိညာဉ်ရေးအသက်တာကို ကျွန်ုပ်မည်ကဲ့သို့ခွဲခြားသိမြင်နိုင်သနည်း။

(ဤအရာများသည် နိဒါန်းမှအဓိကစဉ်းစားရန် အချက်များဖြစ်သကဲ့သို့ အခန်း ၁ နှင့် ၂ မှလည်းဖြစ်ပါသည်။)

၁။ မွန်းလွဲပိုင်းအစီအစဉ်

ကျွန်ုပ်တို့၏ပြဿနာများကို ဖြေရှင်းနိုင်ပါသည်။ သို့သော်– မည်ကဲ့သို့နည်း။

- ကျွန်ုပ်တို့သည်ပျော်ရွှင်စရာကောင်းသော၊ ခိုင်မာသောခရစ်ယာန်အသက်တာကို မည်ကဲ့သို့ဖွံ့ဖြိုးတိုးတက်ရန် လုပ်နိုင်ပါသနည်း။
- ကျွန်ုပ်တို့၏အသက်တာကို သန့်ရှင်းသောဝိညာဉ်တော်က မည်ကဲ့သို့ဖြည့်ပေးသနည်း။ လျှို့ဝှက်စကားလုံးက "နေ့စဉ်" ဖြစ်သည်။ (ဤအရာများသည် အခန်း ၃ မှ အဓိကစဉ်းစားရန်အချက်များဖြစ်သည်။)

၂။ မွန်းလွဲပိုင်း သို့မဟုတ် ညနေပိုင်းအစီအစဉ်
လက်တွေ့ကျသောလျှောက်ထားချက်အတွက် အဓိကအချက်များ/
၎င်းကိုမည်သို့လက်တွေ့ကျင့်သုံးမည်နည်း။ (လက်တွေ့အတွေ့အကြုံ
အတွက်သော့ချက်)

- ကျွန်ုပ်မည်ကဲ့သို့ လက်တွေ့ကျင့်သုံးနိုင်သနည်းနှင့် ကျွန်ုပ်၏ အသက်တာတွင် ဘုရားသခင်၏ဖြေရှင်းပေးခြင်းကို ကျွန်ုပ်မည်ကဲ့သို့လက်တွေ့ခံစားနိုင်သနည်း။
- သန့်ရှင်းသောဝိညာဉ်တော်၏ဖြည့်ပေးခြင်းအတွက် အာမခံရရန် ကျွန်ုပ်မည်ကဲ့သို့ဆုတောင်းရမည်နည်း။
- (ဤအရာများသည် အခန်း ၅ ၏အဓိကစဉ်းစားရန် အချက်များဖြစ်သည်။)

တစ်ကိုယ်ရေသက်သေခံချက်များ

အောက်ပါခေါင်းစဉ်များနှင့်ပတ်သက်သော တစ်ကိုယ်ရေသက်သေခံချက်များသည်၊ အလွန်တန်ဖိုးရှိကြပါသည်။

- စာပေများဖတ်ခြင်းအားဖြင့် တစ်ကိုယ်ရေခံစားချက် သို့မဟုတ် ထိုးထွင်းသိမြင်မှုကို ရရှိနိုင်ကြောင်း။
- ကျွန်ုပ်တို့၏အသက်တာအတွင်းသို့ ဤသတင်းစကားကသက်ရောက်စေသောအကျိုးကျေးဇူးများအကြောင်း။

သင်၏ကိုယ်ပိုင်ဒေသခံဘာသာစကားသို့ဘာသာပြန်ခြင်း

ဤစာအုပ်ငယ်ကို သင်၏ကိုယ်ပိုင်ဒေသခံဘာသာစကားဖြင့် ဘာသာမပြန်ခဲ့သေးလျှင်၊ သင်သည် ဘာသာပြန်နိုင်ကောင်းပြန်နိုင်မည်။ ဆုတောင်းခြင်းနှင့် ဘုရားသခင်၏ထောက်ပံ့မှုအားဖြင့်လည်း ဆန္ဒရှိ၍ဘာသာပြန်နိုင်

သောသူတစ်ဦးကိုသင်တွေ့နိုင်သည်။ သတင်းစကားအားဖြင့် ကိုယ်တိုင်တို့ထိခြင်းခံရသော ဘာသာပြန်သောသူများသည် ကြီးမားသောအားသာချက်အကျိုးကျေးဇူးရှိပါသည်။ ယခုထက်ထိဘာသာပြန်သူသည် ဤသတင်းစကားကို ဖြန့်ဝေခြင်း၌အလွန်စိတ်ဝင်စားသောကြောင့် ဘာသာပြန်ခြင်းအများစုသည် စေတနာအလျောက် ဘာသာပြန်ပေးခြင်းဖြစ်ပါသည်။ သို့သော် တစ်ခါတစ်ရံ ဘာသာပြန်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက်လည်းဖြစ်ပါသည်။ ဤဘာသာပြန်များအား ညီအစ်ကိုကဲ့သို့သောအခကြေးငွေကိုပေးခဲ့ပါသည်။ ဘာသာပြန်ခြင်းအမှုနှင့်ပတ်သက်၍ ဟဲလ်မဟောင်ဘီး(လ်)ကို ကိုယ်တိုင်ဆက်သွယ်လျှင် ကျွန်ုပ်တို့ကျေးဇူးတင်ရှိပါသည်။ သူမှာ ဘာသာစကားတိုင်းသို့ ဤစာအုပ်ကို တူညီသောပုံစံနှင့်ဖြန့်ချိရန် သေချာချင်သောစိတ်နှင့် ကောင်းသောအကြံဉာဏ်ပေးရန်ရှိပါသည်။

–o–

နောက်ဆုံးပိတ်စဉ်းစားရန်အချက်များ

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့မှာ အသက်တာ၏ အခြေအနေအားလုံးနှင့်ခွန်အားအတွက် သူ၏ဘုန်းစည်းစိမ်၏ကြွယ်ဝခြင်းနှင့်အညီပေးသနားနိုင်သော အံ့သြဖွယ်ခေါင်းဆောင်ကြီးတစ်ဦးရှိပါသည်။

ထို့ကြောင့်၊ ကျွန်ုပ်တို့၏အကျင့်စာရိတ္တပြောင်းလဲခြင်းရှိနိုင်ပြီး၊ ဘုရားသခင်၏အမှုတော်အတွက် တန်ဖိုးရှိသောတန်ဆာပလာများ ကျွန်ုပ်တို့ဖြစ်လာနိုင်ပါသည်။ ကျွန်ုပ်တို့၏နေ့စဉ်ဆက်ကပ်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံခြင်းသည် ကျွန်ုပ်တို့၏အသက်တာများတွင် စစ်မှန်သောအောင်မြင်မှုသို့ ပို့ဆောင်ပေးလိမ့်မည်။

ကမ္ဘာ့သမိုင်းတွင်အကြီးမားဆုံးသောအချိန်အတွက် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးရန် ဘုရားသခင်အလိုတော်ရှိပါသည်။ သူ၏ကြွလာခြင်းအတွက် ကျွန်ုပ်တို့တစ်ဦးချင်းအဆင်သင့်ရှိရန် သူလိုလား၍ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်၌ ဧဝံဂေလိတရား၏အလုပ်ကိုပြီးမြောက်အောင်ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့အတူတကွလုပ်ဆောင်ရန်လည်း သူအလိုရှိပါသည်။ ခဲယဉ်းသော အချိန်များကို အောင်မြင်စွာကျော်ဖြတ်နိုင်ရန် ကျွန်ုပ်တို့အားဘုရားသခင်သည် လမ်းပြပို့ဆောင်ပေးချင်ပါသည်။

ဘုရားသခင်သည် သင့်အားနေ့စဉ်ဆက်ကပ်အပ်နှံခြင်းနှင့် နေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံတစ်ခုကိုခံခြင်းအားဖြင့် တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းကိုရရှိရန် ပြုလုပ်ပေးစေပါ။

ပြန်လည်နိုးကြားရန်အတွက် ကျမ်းချက်တစ်ပိုဒ်နှင့်ဆုတောင်းချက်တစ်ခုဖြင့် ကျွန်ုပ်အဆုံးသတ်ချင်ပါသည်။ “.....ငါ့လူတို့သည်၊ ကိုယ်ကိုနှိမ့်ချသဖြင့်၊ ငါ့မျက်နှာကိုရှာလျက်ဆုတောင်းပတ္ထနာပြု၍ အဓမ္မလမ်းကိုလွှဲရှောင်လျှင်၊ ငါသည်ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကိုဖြေ၍ သူတို့ပြည်ကို ချမ်းသာပေးမည်” (၆ရာ၊ ၇း၁၄)။

ဆုတောင်းချက်။ *ကောင်းကင်ဘုံမှအဖဘုရား၊ ကျေးဇူးပြု၍ကျွန်ုပ်တို့အားနှိမ့်ချသောစိတ်နှလုံးကိုပေးပါ။ (မိက္ခာ၊ ၆း၈)။ ဆုတောင်းရန်ပြင်းပြသောဆန္ဒနှင့်ဖဘုရား၏မျက်နှာတော်ကိုရှာရန် ပြင်းပြသောဆန္ဒကို ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်းသွင်းပေးတော်မူပါ။ ကျွန်ုပ်တို့ကို လိုချင်စိတ်ပေးသနားတော်မူ၍ ကျွန်ုပ်တို့၏ဆိုးသွမ်းသောလမ်းများမှပြန်လှည့်ရန် ကျွန်ုပ်တို့ကိုမစသနားတော်မူပါ။ ကျေးဇူးပြု၍ ကျွန်ုပ်တို့အထဲမှာ လိုအပ်ချက်များကို ဖြည့်ဆည်းပေး၍ ဖဘုရား၏ကတိတော်၏အကျိုးရလဒ်အဖြစ် ဖဘုရား၏အဖြေကို ကျွန်ုပ်တို့ကြားရစေပါ။ ကျွန်ုပ်တို့၏အပြစ်အတွက် ကျွန်ုပ်တို့ကိုခွင့်လွှတ်ပေးကာ၊ ကျွန်ုပ်တို့၏နွေးရံ့ရှိမှုနှင့် ဖေါက်ပြန်ခြင်းမှ ကျွန်ုပ်တို့ကိုကုသပျောက်ကင်းစေပါ။ ကျေးဇူးပြု၍ ယေရှုထံသို့ ကျွန်ုပ်တို့ကိုယ်ကိုနေ့စဉ်ဆက်ကပ်အပ်နှံရန်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့်လက်ခံရရှိရန် ကျွန်ုပ်တို့အားကူညီမစတော်မူပါ။ အာမင်။*

"ဆုတောင်းခြင်းအဖြေအပေါ်၌သာ ပြန်လည်နိုးကြားခြင်းတစ်ခုကို မျှော်လင့်ရန် လိုအပ်ပါသည်။" {E.G. White, Selected Messages, Book 1 (1958), p. 121.1} "ပင်တေကုတ္တေနေ့၌ကဲ့သို့သော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဗတ္တိဇံခံခြင်းသည်၊ မှန်ကန်သောဘာသာ၏ပြန်လည်နိုးကြားခြင်းသို့လည်းကောင်း၊ များစွာသောအံ့သြဖွယ်အမှုများကို ပြုလုပ်စွမ်းဆောင်ခြင်းသို့လည်းကောင်း ပို့ဆောင်ပေးပါလိမ့်မည်။" {E.G. White, Selected Messages, Book 2 (1958), p. 57.1}

—o—

နောက်ဆက်တွဲ

ရှေ့ဆက်လေ့လာရန်ဆောက်ခံချက်

အရေးကြီးသောအကြံပေးချက်တစ်ခု။ ဤစာအုပ်ငယ်ကို ဖြစ်နိုင်လျှင် နေ့တိုင်း (၆) ရက် လုံးလုံးဖတ်ပါ။ ပညာရေးဆိုင်ရာသုတေသနက ကျွန်ုပ်တို့ရှင်သန်ရန်လိုအပ်သောခေါင်းစဉ်တစ်ခုကို လူတစ်စုံတစ်ဦးသည်၊ ၎င်းကို ပြည့်စုံစွာနားလည်နိုင်ခြင်းမရှိမီ (၆) ခါမှ (၁၀) ခါအထိ ဖတ်ရန် သို့မဟုတ် ကြားနာရန် လိုအပ်သည်ဟုဖော်ပြခဲ့သည်။ စမ်းသပ်ကြည့်ပါ။ ရလဒ်အကျိုးသည် သင့်ကိုနားလည်စေလိမ့်မည်။

ဆရာတစ်ဦးက စမ်းသပ်ကြည့်ခဲ့သည်။ "'အနည်းဆုံးတစ်ကြိမ် စမ်းကြည့်ပါ။ ရလဒ်အကျိုးသည် သင့်ကိုနားလည်စေလိမ့်မည်' ဟူသော အားပေးစကားများသည်၊ ကျွန်ုပ်ကိုဖမ်းစားခဲ့သည်။ ဤအရာကို ကျွန်ုပ်တွေ့ကြုံခံစားကြည့်ချင်ခဲ့သည်။ တတိယအကြိမ်ရောက်လာခဲ့သောအခါ ၎င်းသည် ကျွန်ုပ်ကိုဖမ်းချုပ်ထားခဲ့၍ ကျွန်ုပ်တို့၏ရွေးနုတ်ရှင်အတွက် ကြီးမားသော မေတ္တာကို ကျွန်ုပ်ခံစားခဲ့ရ၍ ကျွန်ုပ်၏ဘဝအသက်တာတစ်လျှောက်လုံးမှာ တောင့်တခဲ့သောအရာဖြစ်ပါသည်။ နှစ်လအတွင်း စာအုပ်ငယ်ကိုခြောက် ခါဖတ်ခဲ့၍ အကျိုးရလဒ်သည် ထိုက်တန်ပါသည်။ ယေရှုကျွန်ုပ်တို့အနားကို ရောက်လာသောအခါ သူ၏ကြည်လင်၍ သနားကြင်နာသောမေတ္တာမျက်လုံး ထဲသို့ ကျွန်ုပ်တို့ကြည့်နေနိုင်သကဲ့သို့ဖြစ်သည်ဟု ကျွန်ုပ်နားလည်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်၏ကယ်တင်ရှင်အတွက် ဤဝမ်းမြောက်ခြင်းမပါဘဲ နောက်တစ်ဖန်ကျွန်ုပ်မသွားချင်ခဲ့တော့ပါ။" C.P.

သန့်ရှင်းသောဝိညာဉ်တော်ပါရှိသော သူတို့၏အသစ်သောအသက်တာ အကြောင်းနှင့်ပတ်သက်၍ ကျေးဇူးတင်ပြီးစိတ်အားထက်သန်သော သက်သေခံချက်များစွာကို ကျွန်ုပ်လက်ခံရရှိခဲ့ပါသည်။ ထိုသက်သေခံချက်အားလုံးနီးပါးသည် စာအုပ်ငယ်ကို ကြိမ်ဖန်များစွာပြန်ဖတ်သောသူများထံမှဖြစ်သည်။

ရက် (၄၀) သင်ကြားပို့ချမှုလက်စွဲစာစောင်

ရက် (၄၀) ဆုတောင်းခြင်းနှင့်အတူ တရားဒေသနာစီးရီးတစ်ခုကို ဖွဲ့စည်းရန်အတွက် အသုံးဝင်သောအထောက်အကူပစ္စည်းများကိုသော် လည်းကောင်း၊ ထိုနောက်မှ ဒဲနစ်စမစ်(သ်) ရေးသားခဲ့သော ရက် (၄၀) စာအုပ်ကိုအသုံးပြု၍ ရက် (၄၀) လမ်းညွှန်လက်စွဲစာအုပ်ခေါင်းစဉ်အောက်တွင် ရှိသောဝက်ဘ်ဆိုက်ပေါ်မှသော်လည်းကောင်း၊ သင်သည် www.SpiritBaptism.org တွင်ရှာယူနိုင်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ဖြင့်အသက်ရှင်ခြင်းနှင့် အသစ်သောအတွေ့အကြုံများ

ကျွန်ုပ်တို့၏သခင်ယေရှုကပြောခဲ့သည်၊ ".....သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ သင်တို့သည်တန်ခိုးကိုခံရ၍ .....ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။" (တမန်တော်၊ ၁း၈)

အထူးတောင်းဆိုချက်တစ်ခု။ သင်၏ကိုယ်ပိုင်အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်ဖြင့်အသက်ရှင်ခြင်းခ္ဒ အတွေ့အကြုံများကို သင်ရရှိသောအခါသို့မဟုတ် သက်သေခံသောအခါ၊ Missionsbrief (သာသနာလုပ်ငန်းအပေါ် ဂျာမန်လိုရေးထားသောသေးငယ်သောသတင်းစာစောင်) ထဲမှာ သူပြန်၍ ဝေမျှနိုင်ရန် ဟဲလ်မဟောင်ဘီး(လ်) ဆီသို့တိုတောင်းသောအစီရင်ခံစာလေးတစ်စောင်ကို သင်ရေးပို့ပေးနိုင်ခဲ့လျှင် ကျွန်ုပ်တို့အမှန်တကယ်တန်ဖိုးထားကျေးဇူးတင်မှာပါ။ ကျေးဇူးပြု၍သင်၏အစီရင်ခံစာမှာ သင်၏နာမည်အတိုကောက်သာရေးစေချင်သလား၊ သို့မဟုတ် နာမည်အပြည့်အစုံရေးရမည်လားနှင့် သင်ဘယ်အသင်းတော်မှာ ဘုရားကျောင်းတက်သည်ကိုပါ ထည့်ရေးပေးပါ။ သင်၏အတွေ့အကြုံသည် အခြားသူများအား သန့်ရှင်းသောဝိညာဉ်တော်နှင့်

အတူလျှောက်လှမ်းခြင်း၌ ကြီးထွားလာစေရန် ခွန်အားပေးလိမ့်မည်။ သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော်နှင့်ခရီးတစ်ခုကိုသူတို့အစပြုရန် ခွန်အားပေးလိမ့်မည်ကိုကျေးဇူးပြု၍သတိရပေးပါ။

ဆက်သွယ်ရန်။ ဟဲလ်မုဟောင်ဘီးလ် (လိပ်စာ–မျက်နှာဖုံးမှာ)

ရက် (၄၀) သင်ကြားပို့ချမှုလက်စွဲစာစောင် ဤခေါင်းစဉ်အပေါ် အသုံး ပြုသောစာပေ

- 40 Days [Book 1] Prayers and Devotions to Prepare for Second Coming.
- 40 Days [Book 2] Prayers and Devotions to Revive your Experience with God
- 40 Days [Book 3] God's Health Principles for His Last-Day People
- 40 Days [Book 4] Prayers and Devotions on Earth's Final Events Dennis Smith, Review and Herald 2009-2013
- If My People Pray-An Eleventh-Hour Call to prayer and Revival Randy Maxwell, Pacific Press 1995
- Revive Us Again, Mark A. Finley, Pacific Press 2010
- How to Be Filled With the Holy Spirit and Know it Garrie F. Williams, Review and Herald 1991
- The Radical Prayer, Derek J. Morris, Review and Herald 2008



ကြော်ငြာ ၂

တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့

လေ့ကားထစ်များ

ပြီးပြည့်စုံသောဝမ်းမြောက်ခြင်းသို့ပို့ဆောင်သောလမ်း

ယေရှုခွင့်တည်နေပါ

"ငါ၌တည်နေကြလော့။ ငါသည်လည်းသင်တို့၌တည်နေမည်။" ခရစ်တော်၌တည်ရှိနေခြင်းသည်၊ သူ၏ဝိညာဉ်တော်ကို အဆက်မပြတ်ရရှိခြင်းဖြစ်၍၊ သူ၏အမှုတော်၌ လုံးလုံးလျားလျားအပ်နှံသောအသက်တာတစ်ခုဖြစ်သည်ဟု အဓိပ္ပါယ်ရပါသည်။

E . G White, (Desire of Ages, D.A. 676.2)

ယေရှု၌တည်ရှိနေခြင်းသည်၊ ကယ်တင်တော်မူခြင်းကျေးဇူးကို ခံစားရရန် ကျွန်ုပ်တို့သည် လုပ်ယူရမည့်အခြေအနေတစ်ရပ်ကဲ့သို့သောအလုပ်တစ်ခုမဟုတ်ဘဲ၊ ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့အထဲမှာနှင့် ကျွန်ုပ်တို့အားဖြင့် အရာခပ်သိမ်းကိုသူလုပ်ပေးရန် ဘုရားသခင်အားကျွန်ုပ်တို့ကခွင့်ပြုခြင်းဖြစ်သည်။ ကျွန်ုပ်တို့အတွက် သူလုပ်ပေးရသောအလုပ်တစ်ခုဖြစ်၍ သူ၏ရွေးနုတ်ခြင်းရလဒ်နှင့်တန်ခိုးပင်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ရမည့်အပိုင်းက သူ့အားဆက်ကပ်အပ်နှံရန်၊ ယုံကြည်ကိုးစားရန်နှင့် သူ၏ကတိတော်ခံခဲ့သည့်အတိုင်းဖြစ်မြောက်အောင်လုပ်ပေးရန် သူ့ကိုစောင့်ဆိုင်းနေရန်ပင်ဖြစ်သည်။ (Andrew Murray)

အပိုင်း ၁။ ယေရှု၏အဖိုးထိုက်တန်ဆုံးသောလက်ဆောင်

သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ယေရှုကမည်သို့သွန်သင်ခဲ့သနည်း။ သင်သည် ယေရှု၏သြဇာအပြည့်လျှမ်းဆုံးသောမှာကြားချက်နှင့် သိကျွမ်းပါသလား။ သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်များကား မည့်သည့်အရာများဖြစ်သနည်း။

အပိုင်း ၂။ ယေရှုထံသို့ဆက်ကပ်အပ်နှံခြင်း

ဆက်ကပ်အပ်နှံခြင်း၏အဓိပ္ပါယ်ကဘာလဲ။ ကျွန်ုပ်၏ကိုယ်ပိုင်လိုအင်ဆန္ဒကိုဆုံးရှုံးသွားသောအကျိုးဆက်များရှိပါသလား။ ယေရှုထံသို့ ကျွန်ုပ်တို့ကိုယ်ကိုအပ်နှံခြင်းမှ ကျွန်ုပ်တို့ကိုမည်သည့်အရာက ဆီးတားနိုင်ပါသနည်း။

အပိုင်း ၃။ သင့်အထဲ၌ယေရှုတည်နေခြင်း

ကျွန်ုပ်၏အထဲတွင် ယေရှုတည်နေရန်အတွက်လိုအပ်သောအရာများသည်၊ မည်သည့်အရာများဖြစ်သနည်း။ "ကျွန်ုပ်အထဲမှာရှိသောခရစ်တော်" သည်၊ ကျွန်ုပ်၏အသက်တာကို မည်သို့သောအကျိုးဆက်ကိုဖြစ်စေမည်နည်း။ အကြီးဆုံးသောအောင်မြင်မှုသည်၊ ဘုရားသခင်၏ပြီးပြည့်စုံခြင်းကိုလက်တွေ့ခံစားရခြင်းဖြစ်သည်။

အပိုင်း ၄။ ယေရှုအားဖြင့်နာခံခြင်း

ပျော်ရွှင်သောနာခံခြင်း၌ ကျွန်ုပ်မည်ကဲ့သို့နေနိုင်ပါသနည်း။ သစ္စာရှိသော နာခံခြင်း၏ဝိသေသလက္ခဏာများသည် အဘယ်အရာများနည်း။ အဘယ်ကြောင့်နားထောင်ခြင်းသည် ဝမ်းမြောက်ခြင်းဖြစ်ရပါသနည်း။

www.steps-to-personal-revival.info တွင် သင်ဖတ်နိုင်ပြီး၊ ဒေါင်းလုတ်လုပ်နိုင်၍ ၎င်းစာအုပ်ကို သင်၏သူငယ်ချင်းတစ်ဦးထံသို့အခမဲ့ပေးပို့နိုင်ပါသည်။

ချစ်လှစွာသောလုပ်ဖော်ကိုင်ဖက်ခင်ဗျား၊

ကျွန်ုပ်သည် ကယ်လီဖိုးနီးယားရှိဘုရားကျောင်းနှစ်ကျောင်းမှာ လက်ရှိ အသင်းအုပ်ဆရာလုပ်နေပါသည်။ ကျွန်ုပ်သည် ပါစတာဒွိုက်နယ်လ်ဆင်၏ အပတ်စဉ် podcast (အောက်မှာကြည့်ပါ) ကိုနားထောင်ခြင်းအားဖြင့် သင်၏အကြောင်းအရာနှင့် ပထမဦးစွာဆက်သွယ်မိခဲ့ပါသည်။ ကျွန်ုပ်၏ ဝိညာဉ်ကို ပထမဦးစွာလုံးလုံးထိမိစေခဲ့သည်။ အခြားသောသန့်ရှင်းသော ဝိညာဉ်တော်နှင့်ပတ်သက်သောအကြောင်းအရာများကို ကျွန်ုပ်ကြားခဲ့ဖူး သော်လည်း ၎င်းအကြောင်းကိုများစွာဂရုမစိုက်မိခဲ့ကြောင်း ဝန်ခံပါရစေ။ ဘုရားသခင်သည် အကြောင်းတစ်ခုခုကြောင့် ဤလက်ရှိအချိန်ကိုရွေးချယ် ခဲ့ခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပို၍များသောသူများထံသို့ အရောက်လှမ်းနိုင်ရန်ဖြစ်သည်ဟု ကျွန်ုပ်အခိုင်အမာယုံကြည်ပါသည်။ သင်၏ ကြိုးပမ်းခြင်းများမှ ၎င်းအရာကိုရှာတွေ့ခဲ့သောကြောင့် ကျွန်ုပ်အလွန်ဝမ်းသာ မိပါသည်။

သင့်အား ကျွန်ုပ်တစ်ခုသက်သေပြနိုင်ပါသည်။ ပထမဦးဆုံးအခန်း၌ပင် ကျွန်ုပ်တို့၏စိတ်ကိုရပ်၍ ပြန်လည်ဆင်ခြင်ရန်ပြဋ္ဌာန်းစေသော အလွန်တန်ခိုးပါသောအမှန်တရားကို ရိုးရှင်းသောနည်းလမ်းဖြင့် ကျွန်ုပ်တို့ ဖော်ထုတ်နိုင်ခဲ့ပါသည်။ ကြိမ်ပေါင်းများစွာဖတ်သောနည်းစနစ်သည် အလွန် ထိရောက်ပါသည်။ စာအုပ်အကြောင်းကို ကျွန်ုပ်နှင့်စကားပြောသောသူ၊ ဆွေးနွေးသောသူနှင့် တရားဟောသောသူများအားပြောပြသောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းသည် ပို၍ပို၍ဆွဲဆောင်မှုရှိလာပါသည်။ ပထမအကြိမ်ကြားရသကဲ့သို့ ကျွန်ုပ်တို့အတွက်ဖြစ်နေပါသည်။ ကျွန်ုပ်၏ အထဲမှာပင် ကျွန်ုပ်ပြန်တွေ့နေနိုင်သည်။ ၎င်းအကြောင်းအရာကို အနည်းဆုံး သုံးခါဟောပြောခဲ့ခြင်းမတိုင်မီ အခန်းတစ်မှ ကျွန်ုပ်မရွေ့နိုင်ဘဲဖြစ်ခဲ့သည်။ သာ၍ကောင်းအောင်ကျွန်ုပ်မရှင်းပြတတ်သော်လည်း စာအုပ်ဖတ်ခြင်းမှ ကျွန်ုပ် မရပ်တန့်နိုင်ဘဲအကျိုးရလဒ်ကို ကျွန်ုပ်၏ဘုရားကျောင်းများ၌ သိရှိခံစားခဲ့

ကြရသည်။ ကျွန်ုပ်၏အသံဖြင့် ပုံနှိပ်စေသောကြောင့် ဤလွန်ခဲ့သောနှစ်တွင် ကျွန်ုပ်၏ခရိုင်တွင် သိသာထင်ရှားသောကြီးထွားမှုဖြင့်ဖေါ်ပြခဲ့ပါသည်။ အားလုံးသောအရာတို့တွင် ကျွန်ုပ်တို့၏အသင်းဝင်များ၌ ဘုရားသခင်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့က တန်ခိုးခွန်အားပေးသောကြောင့်ဖြစ်သည်။ လာမည့်နှစ်သစ်မှာ ပို၍များသောအကျိုးကိုရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ကြပါသည်။

ကောက်နုတ်ချက်။ D.R. Jan. 2018.

Pioneer Memorial Church- Andrews University မှ သင်းအုပ်ဆရာခေါင်းဆောင်ဖြစ်သော ပါစတာဒွိုက်နယ်လ်စင်က ဤ (တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ) စာအုပ်ငယ်သည်၊ "ကျွန်ုပ်၏အတွင်းလူကို ပြောင်းလဲပေးခဲ့သည်။ အလားတူစွာသင်တို့အတွက် ကျွန်ုပ်ပြုလုပ်ပေးချင်ပါသည်" ဟုပြောခဲ့သည်။

တရားဒေသနာသုံးခုပေါင်းအတွဲကို သူဟောကြားခဲ့သည်။

"သူညမြေပြင်နှင့် အသစ်သောပြုပြင်ပြောင်းလဲရေး။ သန့်ရှင်းသောဝိညာဉ်တော်နှင့်မည်ကဲ့သို့ဗတ္တိဇံခံရန်။" ခေါင်းစဉ်များဖြင့်ဟောကြားခဲ့သည်။ "တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့လှေကားထစ်များ" မှာ ကိုးကားချက်များကို သူအသုံးပြုခဲ့၍ ထိုစာအုပ်အားသူထောက်ခံခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် လေးထောင်မျှဒေါင်းလုတ်ခြင်းနှင့် ထောင်ပေါင်းများစွာသောစာအုပ်ကိုမှာယူခဲ့ကြသည်။ ဤတရားဒေသနာများကို လင့်(ခ်)လုပ်ပါ။ သူ၏ဘလော့(ဂ်)က https://www.pmchurch.tv/sermons (Sept. 2nd, Sept. 9th, Sept. 23rd) ဖြစ်ပါသည်။

သူ၏ကိုယ်ပိုင်သက်သေခံချက်နှင့် တရားဒေသနာသုံးခုကို www.steps-to-personal-revival.info မှာရနိုင်ပါသည်။

တစ်ကိုယ်ရေပြန်လည်နိုးကြားခြင်းသို့
လှေကားထစ်များ

ဟဲလ်မုဟောင်ဘီးလ်သည် လုပ်ငန်းရှင်တစ်ဦးနှင့် ပါစတာတစ်ဦးဖြစ်သည်။ ရေကြောင်းကုမ္ပဏီတစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးအဖြစ် အောင်မြင်စွာအလုပ်လုပ်ပြီးသည့်နောက် အသက် ၃၇ နှစ်တွင်သာသနာအမှုတော်၌ပါဝင်ရန် ဘုရားသခင်၏ခေါ်တော်မူခြင်းကို တုံ့ပြန်ကာပါစတာတစ်ဦးအဖြစ် ၁၆ နှစ်အလုပ်လုပ်ခဲ့သည်။ ထို့နောက် ဂျာမဏီပြည်၊ Bad Aibling ရှိမြော်လင့်ခြင်းဘိုးဘွားရိပ်သာတွင် ဒါရိုက်တာတစ်ဦးဖြစ်ခဲ့ပါသည်။ သူသည်၊ "Missionsbrief" (ဂျာမန်ဘာသာစကားဖြင့်သာသနာ့၊ သတင်းစာ) ၏တည်ထောင်သူနှင့်အယ်ဒီတာတစ်ဦးဖြစ်၍ အငြိမ်းစားယူသည့်အခါမှစ၍ အာရှအလယ်ပိုင်းနှင့်အိန္ဒိယနိုင်ငံတွင် သာသနာလုပ်ငန်းတည်ဆောက်ရာ၌ ကူညီပံ့ပိုးသော၊ ထင်ရှားသောအခန်းကဏ္ဍများမှာပါဝင်သူဖြစ်သည်။

ကျ်အရာသည်၊ ကျွန်ုပ်တို့တန်ခိုးကိုရရှိရန်ဟု အဓိပ္ပါယ်ရလျှင်အဘယ်ကြောင့် ကျွန်ုပ်တို့သည်၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးကို ဆာငတ်ခင်မွတ်ခြင်းမရှိပါသနည်း။ အဘယ်ကြောင့် ၎င်းနှင့် ပတ်သက်၍ မပြော၊ ၎င်းအတွက်ဆုမတောင်း၊ မဟောပြောကြပါသနည်း။

Ellen G. White, Testimonies for The Church, Vol. 8, p. 22